# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

## (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# မှတ်တမ်း

# (ပထမတွဲ)

၂၀၂၀ ပြည့်နှစ် ဇူလိုင်လ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# မှတ်တမ်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **အစည်းအဝေးပထမနေ့ မှတ်တမ်း(၂၁.၇.၂၀၂၀ ) ရက်နေ့** | |
| | (က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| | (ခ) တိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁ |
| | (ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂ |
| | (ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂ |
| | (င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၃ |
| | (စ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံမှ ပေးပို့သောသဝဏ်လွှာ များအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ခြင်း။ | ၃ |
| | (ဆ) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခြင်း။ | ၄ |

(ဇ) တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း(၁)ဦး ကတိသစ္စာ ပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ ၅

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၆

(ည) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန် မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၂

(ဋ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၆

(ဌ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၂၀

(ဍ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာကို ရေးရာကော်မတီအတွင်းရေးမှူး ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၂၃

(ဎ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၃၀

## ၂။ အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း (၂၂.၇.၂၀၂၀)ရက်နေ့


(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၃၂

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၃၂

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၃၃

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၃၃

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၃၄

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက် မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးက ဖြေကြားခြင်း။ ၃၄

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးက ဖြေကြားခြင်း။ ၄၀

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးက ဖြေကြားခြင်း။ ၄၄

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးက ဖြေကြားခြင်း။ ၄၉

(ည) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၅၉

(ဋ) ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၆၃

(ဌ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၆၄

၃။ **အစည်းအဝေး တတိယနေ့ မှတ်တမ်း (၂၃.၇.၂၀၂၀)ရက်နေ့**

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၆၅

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၆၅

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၆၆

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၆၆

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၆၇

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင် မေးမြန်းသည့် မေးခွန်းအား တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ဖြေကြားခြင်း။ ၆၈

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်း(၂) ခုအား တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ဖြေကြားခြင်း။ ၇၁

(ဇ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီအစီရင်ခံစာကို ရေးရာကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၇၆

(ဈ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကော်မတီ အစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၉၂

(ည) ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမား ရေးရာကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးသန်းထိုက်အောင်၊ ဒိုက်ဦး မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၉၈

(ဋ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး(စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၁၀၄

## ၄။ အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း (၂၄.၇.၂၀၂၀)ရက်နေ့

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၀၅

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထ မြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၀၅

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၁၀၆

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၁၀၆

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ ကို မှတ်တမ်းတင်ခြင်း။ ၁၀၇

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၀၇

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၁၄

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၂၁

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၂၃

(ည) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး မေးမြန်းသည့် မေးခွန်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၂၇

(ဋ) တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ပဲခူးတိုင်းဒေသကြီး အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)အား အတည်ပြုပေးပါရန် တင်ပြခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း ၁၃၂

(ဌ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအစီရင်ခံစာ(၃/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း။ ၁၃၃

(ဍ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ပဉ္စမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း။ ၁၃၇

## ၅။ အစည်းအဝေး ပဉ္စမနေ့ မှတ်တမ်း (၂၇.၇.၂၀၂၀)ရက်နေ့

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၃၈

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အထ မြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၃၈

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၁၃၉

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၁၃၉

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ ကို မှတ်တမ်းတင်ခြင်း။ ၁၄၀

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို မေးမြန်းသည့် မေးခွန်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၄၀

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၄၂

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်အောင် မေးမြန်းသည့် မေးခွန်း (၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၄၈

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၅၃

(ည) ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်က လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၁၅၅

(ဋ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီအစီရင်ခံစာ(၄/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း။ ၁၅၆

(ဌ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအတွင်းရေးမှူး ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၁၅၇

(ဍ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဆဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၁၆၃

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

## (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း

| စဉ် | အမည် | မဲဆန္ဒနယ်/တာဝန် |
|---|---|---|
| ၁။ | ဦးခင်မောင်ရင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ လွှတ်တော်ဥက္ကဋ္ဌ |
| ၂။ | ဦးဝင်းသိန်း | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဝန်ကြီးချုပ် |
| ၃။ | ဦးကြည်ဇင် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ |
| ၄။ | ဗိုလ်မှူးကြီးလှမျိုးရွှေ | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး |
| ၅။ | ဦးညွှန့်ရွှေ | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး |
| ၆။ | ဦးအောင်ဇော်နိုင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး |
| ၇။ | ဒေါက်တာစောညိုဝင်း | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး |
| ၈။ | ဦးသန်းဝင်း | ပြင်ပပညာရှင် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| ၉။ | ဦးထွန်းထွန်းဦး | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး |
| ၁၀။ | ဒေါ်ညွှန့်ညွှန့်ငွေ | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) လူမှုရေးဝန်ကြီး |

| | | |
|---|---|---|
| ၁၁။ | ဒေါ်နော်ပွယ်စေး | ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် |
| | | ကရင်တိုင်းရင်းသားရေးရာဝန်ကြီး |
| ၁၂။ | ဦးညွန့်ရွှေ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၃။ | ဦးကျော်မင်းစံ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၄။ | ဦးမျိုးမြင့်အောင် | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၅။ | ဦးမျိုးခိုင် | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၆။ | ဦးမျိုးကြည် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၇။ | ဒေါ်ရီရီထိုက် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၈။ | ဦးအောင်နိုင်ဦး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၉။ | ဦးညီညီထွေး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၀။ | ဦးလင်းလင်းကျော် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၁။ | ဦးသန်းထိုက်အောင် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၂။ | ဦးသူရဇော် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၂၃။ | ဦးဝင်းမြင့် | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၄။ | ဒေါ်လှလှဝင်း | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၅။ | ဦးအေးမင်းဝင်း | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၆။ | ဦးမိုးမခ | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၇။ | ဒေါက်တာကျော်ကျော် | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၈။ | ဦးစည်သူလွင် | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၉။ | ဦးဇော်မင်းဦး(ခ)<br>ဦးတင်ဆန်းဦး | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၀။ | ဦးသက်စိန် | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၁။ | ဒေါ်နွယ်နီဝင်း | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၂။ | ဦးကျော်ဇေယျ | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၃။ | ဦးဌေးလွင် | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၄။ | ဦးခင်မောင်ဝင်း | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၃၅။ | ဦးငွေးလွင် | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၆။ | ဦးသက်ဝင်းလှိုင် | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၇။ | ဦးကျော်ဇေယျ | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၈။ | ဦးသက်မင်းဇော် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၉။ | ဦးဝင်းနိုင် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၀။ | ဒေါ်ဇင်မိုးထိုက် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၁။ | ဒေါ်ပပဟန် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၂။ | ဦးရဲလင်းနိုင် | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၃။ | ဦးဇော်နိုင်ဦး | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၄။ | ဦးဇော်လင်းထိုက် | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၅။ | ဦးညွန့်ဝေ | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၆။ | ဦးအုန်းသွင် | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၄၇။ | ဒေါ်မူမူခင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၈။ | ဦးမောင်မောင်လွင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၉။ | ဦးမျိုးအောင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၀။ | ဦးအောင်အောင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၁။ | ဦးစောသူရအောင် | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၂။ | ဦးဉာဏ်ဝင်း | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၃။ | ဦးထူးခိုင် | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၄။ | ဦးမောင်မောင်ဦး | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၅။ | ဦးကျော်ကျော်နိုင် | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၆။ | ဦးအေးဝင်း | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၇။ | ဦးဝင်းကို | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၈။ | ဦးအောင်ကိုမင်း | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၅၉။ | ဦးစန်းမြင့်(ခ) | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | ဦးဆန်းမြင့် | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၆၀။ | ဗိုလ်မှူးကြီးနေဝင်းအောင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၁။ | ဗိုလ်မှူးလှမိုးသိန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၂။ | ဗိုလ်မှူးအောင်ကျော်မိုး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၃။ | ဗိုလ်မှူးလင်းမင်းလတ် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၄။ | ဗိုလ်မှူးသိန်းထူး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၅။ | ဗိုလ်မှူးရဲဝင်းထွန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၆။ | ဗိုလ်မှူးဖြိုးဟိန်းကျော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၇။ | ဗိုလ်မှူးအောင်မိုးလွင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၈။ | ဗိုလ်မှူးတင်နိုင်ဝင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၉။ | ဗိုလ်မှူးကျော်သူရိန်အောင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၀။ | ဗိုလ်မှူးမျိုးမင်းဇော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၁။ | ဗိုလ်မှူးကျော်မျိုးသန့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၂။ | ဗိုလ်မှူးအောင်ဆန်းလင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၃။ | ဗိုလ်မှူးဝင်းအောင်သန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၄။ | ဗိုလ်မှူးအောင်မျိုးမင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၅။ | ဗိုလ်ကြီးကျော်မင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၆။ | ဗိုလ်ကြီးခင်မောင်ဝင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၇။ | ဗိုလ်ကြီးမင်းသိန်းထိုက် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |

# ဖိတ်ကြား၍ တက်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဟုတ်သည့် ပြင်ပပုဂ္ဂိုလ်များအမည်စာရင်း

| | | |
|---|---|---|
| ၇၈။ | ဦးမောင်မောင်အေး | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် |
| ၇၉။ | ဦးအုန်းမြင့် | တိုင်းဒေသကြီးဥပဒေချုပ် |
| ၈၀။ | ဒေါ်သန်းဝင်း(ခ) | တိုင်းဒေသကြီးစာရင်းစစ်ချုပ် |
| | ဒေါ်သန်းသန်းဝင်း | |
| ၈၁။ | ဦးစိုးသိန်း | အကြံပေးအဖွဲ့ဝင် |
| ၈၂။ | ဒေါက်တာမြသောင်း | အကြံပေးအဖွဲ့ဝင် |
| ၈၃။ | ဦးသိန်းလှိုင် | အကြံပေးအဖွဲ့ဝင် |
| ၈၄။ | ဒေါ်နုနုဆွေ | အကြံပေးအဖွဲ့ဝင် |
| ၈၅။ | ဒေါ်မြင့်မြင့်ကြည် | အကြံပေးအဖွဲ့ဝင် |
| ၈၆။ | ဦးငွေးဝင်း | အကြံပေးအဖွဲ့ဝင် |
| ၈၇။ | ဒေါ်ဇင်မာထူး | အကြံပေးအဖွဲ့ဝင် |
| ၈၈။ | ဒေါ်ကြည်ကြည်တင် | အကြံပေးအဖွဲ့ဝင် |
| ၈၉။ | ဒေါ်သန်းသန်းဆင့် | အကြံပေးအဖွဲ့ဝင် |
| ၉၀။ | ဦးရဲနိုင်ဝင်း | အကြံပေးအဖွဲ့ဝင် |
| ၉၁။ | ဒေါ်ရည်မွန်ငွေး | အကြံပေးအဖွဲ့ဝင် |
| ၉၂။ | ဒေါ်အိချိုဇင်နိုင် | အကြံပေးအဖွဲ့ဝင် |
| ၉၃။ | ဦးဇော်မင်း | အကြံပေးအဖွဲ့ဝင် |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ပထမနေ့ မှတ်တမ်း
# ၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၂ ရက်
# ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၂၁ ရက်
# (အင်္ဂါနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)ကို နံနက် (၁၀:၀၀)နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၇၁ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရေစုစုပေါင်း၏ ၉၃.၄၂ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော် ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)နှင့် ၃၅(ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ၄(ခ)အရ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲဝင်းထွန်း၊ ဗိုလ်မှူးလှမိုးသိန်းနှင့် ဗိုလ်မှူးအောင်ကျော်မိုးတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၂၁.၇.၂၀၂၀)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၅)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ဒီကနေ့ ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၇၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ (၅)ဦး ဖြစ်ပါ တယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော သဝဏ်လွှာများအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈ပုဒ်မခွဲငယ်(ခ)အရ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံမှ ပေးပို့သော မိန့်ခွန်းနှင့်သဝဏ်လွှာများအား မှတ်တမ်းတင်ခြင်းအစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

- (၅-၆-၂၀၂၀)ရက်နေ့ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊
- (၈-၆-၂၀၂၀)ရက်နေ့ မြန်မာ-တရုတ်သံတမန်ဆက်သွယ်မှု ထူထောင်သည့်နှစ်(၇၀)ပြည့် အခါသမယတွင် ဝမ်းမြောက်ကြောင်း ပေးပို့သည့်သဝဏ်လွှာ၊
- (၁၂-၇-၂၀၂၀)ရက်နေ့ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ သံတမန်ဆက်သွယ်မှု ထူထောင် သည့် (၆၅)နှစ်မြောက်အခါသမယတွင် ဝမ်းမြောက်ကြောင်းပေးပို့သည့် သဝဏ်လွှာနှင့်

- (၁၂-၇-၂၀၂၀)ရက်နေ့ မြန်မာနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံတမန်ဆက်သွယ်မှု ထူထောင်သည့် (၆၅)နှစ်မြောက်အခါသမယတွင် ဝမ်းမြောက်ကြောင်း ပေးပို့သည့် သဝဏ်လွှာတို့အားတိုင်းဒေသကြီးလွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အကြံပေးအဖွဲ့ဝင်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှလုံး ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၅)နှစ်တာကာလအတွင်း ယခုဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကျင်းပနိုင်တဲ့အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်အနေဖြင့် ပုံမှန်အစည်းအဝေး (၁၅)ကြိမ်၊ အထူးအစည်းအဝေး(၄)ကြိမ်နှင့် အရေးပေါ်အစည်းအဝေး (၆)ကြိမ်၊ စုစုပေါင်း (၂၅)ကြိမ် ကျင်းပခဲ့ပါတယ်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အသင့်ဖြစ်ပြီး ကြယ်ပွင့်ပြမေးခွန်း (၉၃)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၃၇)ခု၊ စုစုပေါင်း(၁၃၀)တို့ကို တင်သွင်းဆောင်ရွက်မှာဖြစ်သည့်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ (၅)နှစ်တာကာလအတွင်း အဆို (၂၉)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၁၄၁၃)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၁၀၁၃)ခု၊ စုစုပေါင်း (၂၄၅၅)ခု တင်သွင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား (၂)အရလည်းကောင်း၊ ပုဒ်မ ၁၉၀/ ၁၉၁/ ၁၉၂/၁၉၃နှင့် ၁၉၄ တို့အရလည်းကောင်း ဥပဒေပြုခွင့်အာဏာများ အပ်နှင်းထားချက်အရ ၂၀၁၆/ ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ နှစ်စဉ်ဒေသန္တရစီမံကိန်းဥပဒေများ၊ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများ၊ နှစ်စဉ်ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးရသုံးခန့်မှန်းခြေငွေစာရင်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေများအပြင်၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ၊ ပဲခူးတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေ၊ ပဲခူးတိုင်းဒေသကြီးမြေယာခွန်ဥပဒေ၊ ပဲခူးတိုင်းဒေသကြီး အကျိုးတူပူးပေါင်းလယ်ယာစိုက်ပျိုးရေးစနစ်ဥပဒေ၊ ပဲခူးတိုင်းဒေသကြီး အသေးစားငွေချေးလုပ်ငန်းဥပဒေ၊ ပဲခူးတိုင်းဒေသကြီး ယစ်မျိုးခွန်ပြင်ဆင်သည့်ဥပဒေ၊ ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ပဲခူးတိုင်းဒေသကြီး အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဉယျာဉ်နှင့် ရုက္ခဗေဒဉယျာဉ်ဥပဒေများကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ကြောင်း တင်ပြအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော်အနေဖြင့် ဥပဒေပြုရေးတာဝန်များကို ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူကို ကိုယ်စားပြုရေး၊ အပြန်အလှန်ထိန်းကျောင်းရေး တာဝန်များအဖြစ် အဆိုများ၊ မေးခွန်းများ တင်သွင်းမေးမြန်းခြင်း၊ စိစစ်ခြင်း၊ ကြပ်မတ်ထိန်းကျောင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတို့တွင် MSDP " မြန်မာနိုင်ငံ ဟန်ချက်ညီညီ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပဲခူးတိုင်းဒေသကြီးနှင့် ပြည်သူများအတွက် မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော်အနေဖြင့် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သဖြင့် ဥပဒေပြုရေးတာဝန်နှင့်အတူ အပြန်အလှန်ထိန်းကျောင်းရေး၊ ပြည်သူများ ကိုယ်စားပြုရေးတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ကြခြင်းဖြင့် ပြည်သူတစ်ရပ်လုံးမှ လိုလားတောင်းတလျှက်ရှိသော လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်း အနှစ်သာရတို့ တည်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော် တည်ဆောက်ရေးအတွက် ပြုပြင်ပြောင်းလဲတိုးတက်မှုများဆီသို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များသည် ရင့်ကျက်လာပြီဖြစ်သော အတွေ့အကြုံများ၊ အသိပညာများဖြင့် အထူးအလေးထား စံပြုထိုက်သော ကိုယ်စားလှယ်များအဖြစ် နိုင်ငံတော်နှင့် မိဘပြည်သူများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ရှေ့ရှုလျက် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ပြည်သူများနှင့်အတူ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော်တည်ဆောက်ရေး တာဝန်များကို ဆက်လက်ပြီး အစဉ်တစိုက်အလေးဂရုပြုဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

## တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း(၁)ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ (၉-၇-၂၀၂၀)ရက်စွဲပါ ကြေညာချက်အမှတ် (၁၃၀/၂၀၂၀)အရ ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းအစားထိုး ပြောင်းလဲခံရသူ ကြည်း ၃၈၁၀၂ ဗိုလ်မှူးတင်နိုင်ဝင်းအား ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ၅(ဂ)အရ လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်အား ယူဆောင်လျက် ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် နေရာယူ

ပေးဖို့ ဖြစ်ပါတယ်။ ကတိသစ္စာပြုချက်ကို လွှတ်တော်ဥက္ကဋ္ဌမှ ဖတ်ကြားပေးပါ့မယ်။ ကတိသစ္စာပြုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ကို လက်နှစ်ဖက်ဖြင့် စနစ်တကျကိုင်တွယ်၍ ကတိသစ္စာပြုမည်ဖြစ်ပါတယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထား၍ တက်ရောက်ကြသူများအားလုံး မတ်တပ်ရပ်ပေးကြရန် ဖြစ်ပါတယ်။

**တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်**

**ကတိသစ္စာပြုချက်**

**[နည်းဥပဒေ ၅ (ဂ)]**

"ကျွန်ုပ်ဗိုလ်မှူးတင်နိုင်ဝင်းသည် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။

(ကတိသစ္စာပြုလွှာပေါ်တွင် တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း ကြည်း ၃၈၁၀၂ ဗိုလ်မှူးတင်နိုင်ဝင်းက လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်သည်။)

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ယခု လွှတ်တော်ကိုယ်စားလှယ် (၃)ဦးကမေးမြန်းသည့် မေးခွန်း(၄)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးကျော်ဇေယျ၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“လိုင်စင်မဲ့ယာဉ်များ၊ စည်းကမ်းမဲ့ မောင်းနှင်သောယာဉ်များ ဥပဒေနှင့်အညီ တားဆီးပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ အုတ်တွင်းမြို့နယ်အတွင်းရှိ မော်တော်ယာဉ်များ သုံးဘီးယာဉ်များ၊ မော်တော်ဆိုင်ကယ်များသည် လိုင်စင်များမရှိခြင်း၊ သတ်မှတ်အရှိန်ထက် ပိုမောင်းခြင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများအား မလိုက်နာခြင်းကြောင့် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပေါ်ပြီး အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးခြင်း၊ ကိုယ်လက်အင်္ဂါများဆုံးရှုံးခြင်းများ ဖြစ်ပွားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အုတ်တွင်းမြို့နယ်အတွင်းရှိယာဉ်များအား လမ်းစည်းကမ်း ယာဉ်စည်းကမ်းများနှင့်အညီ အမြန်ဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းအပ်ပါသည်။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“သဲကုန်းမြို့နယ် ရပ်ကွက်(၁)၊ အရှေ့မြို့ပတ်လမ်းရှိ အကွက် အမှတ်(၃၀) မြို့မီးရထားမြေ၊ ဦးပိုင်အမှတ် (၆၄) ဧရိယာ (၁.၂၉၉) ဧကနှင့် ဦးပိုင်အမှတ် (၆၅) ဧရိယာ (၀.၂၃၀)ဧက၊ စုစုပေါင်း (၁.၅၂၉)ဧကအား အစိုးရ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ (State Land)အဖြစ် ပြန်လည်စွန့်လွှတ်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ၁၉၇၄ခုနှစ်ကတည်းက ဆောက်လုပ်ခဲ့သော အလျား ၁၄၄’၊ အနံ ၅၀’၊ အမြင့် ၁၂’ ရှိသောကုန်သွယ်လယ်ယာဂိုဒေါင် (၄)လုံးရှိသည့် အဆိုပါမြေနေရာအားသဲကုန်းမြို့နယ်၏ ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရန်လည်းကောင်း၊ မြို့နယ်စုပေါင်းရုံးဆောက်ရန်လည်းကောင်း၊ အများပြည်သူအပန်းဖြေအနားယူရန် မြို့ကျက်သရေဆောင်ပန်းခြံ ဆောက်ရန်လည်းကောင်း၊ ယာဉ်ရပ်နားစခန်းပြုလုပ်ရန်လည်းကောင်း အစရှိသဖြင့် မြို့နယ်အတွက် အသုံးပြုရန်ကိစ္စများစွာ အမှန်တကယ်မြေလိုအပ်လျက်ရှိပါသည်။

ယခင် ကုန်သွယ်လယ်ယာဂိုဒေါင်၊ နောက်ပိုင်းစားသုံးသူရေးရာဦးစီးဌာနမှတစ်ဆင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ထံသို့ လွှဲပြောင်းပေးခဲ့ပြီးနောက် ယနေ့အချိန်တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်က မည်သို့မျှသုံးစွဲခြင်းမပြုသည့်အပြင် ၎င်းဂိုဒေါင်ပတ်လည်နှင့် ဂိုဒေါင်ကြားတို့တွင် ချုံနွယ်ပိတ်ပေါင်းထူထပ်၍ မြက်ခြောက်များဖြင့် နှစ်စဉ်ပိတ်ဆို့ဝန်းရံနေသဖြင့် နွေအခါမီးဘေးအန္တရာယ် စိုးရိမ်ရမှုများရှိနေပါသည်။ ကျွန်တော်လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင် ခ.လ.ရ (၈၀) တပ်ရေးဗိုလ်ကြီးဦးထွန်းရွှေထံသို့ နှစ်စဉ်တယ်လီဖုန်းဆက်၍ အမှိုက်များ၊ ချုံနွယ်ပိတ်ပေါင်းများကိုရှင်းလင်းပေးပါရန် အကြောင်း

ကြားနေရသည့်အပြင် မြို့ပေါ်၌ ခိုး၊ ဆိုး၊ နှိုက်နှင့် အဖျက်သမား၊ မသမာသူများပင် ခိုအောင်းနေနိုင်သော အနေအထားလည်းဖြစ်နေပါသည်။

ဖော်ပြပါအနေအထားများအရ လက်ရှိတွင်လည်း အသုံးပြုခြင်းမရှိတော့သည့် သဲကုန်းမြို့ ရပ်ကွက်(၁) အရှေ့မြို့ပတ်လမ်းရှိ ကုန်သွယ်လယ်ယာဂိုဒေါင်များရှိသော အကွက်အမှတ် (၃၀)ဦးပိုင် အမှတ် (၆၄)နှင့် (၆၅) ဧရိယာစုစုပေါင်း (၁.၅၂၉)ဧကအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အစိုးရ၏ စီမံ ခန့်ခွဲပိုင်ခွင့်မြေ (State Land) အဖြစ် ပြန်လည်စွန့်လွှတ် လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် သဲကုန်း မြို့နယ်တွင် လိုအပ်လျက်ရှိသောကိစ္စများအတွက် မြေနေရာအသုံးချနိုင်ရေးအတွက် ရည်ရွယ်၍ မေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ ဦးကျော်ဇေယျ၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"လိုင်စင်မဲ့ ယာဉ်များ၊ စည်းကမ်းမဲ့ မောင်းနှင်သောယာဉ်များ ဥပဒေနှင့်အညီ တားဆီးပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့နယ်မြေ အတွင်းလိုင်စင်မဲ့ယာဉ်များ၊ စည်းကမ်းမဲ့မောင်းနှင်နေသော ယာဉ်များအားဥပဒေနှင့်အညီ ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိပါသည်။ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့နယ်မြေအတွင်းခရိုင်(၄)ခရိုင်၊ မြို့နယ် (၂၈)မြို့နယ်ရှိပြီး ခရိုင်ရုံးစိုက်ရာမြို့နယ်များဖြစ်သည့် ပဲခူးမြို့နယ်၊ တောင်ငူမြို့နယ်၊ ပြည်မြို့နယ်နှင့် သာယာဝတီမြို့နယ်တို့တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များမှ ယာဉ်စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ပြီး ကျန်မြို့နယ်များတွင် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ စီမံ ခန့်ခွဲမှုဖြင့် မြို့နယ်/ရဲစခန်းများမှ တပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့နယ်မြေအတွင်း ယာဉ်မတော်တဆမှုများဖြစ်ပွားပါက ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၇၉/၃၃၇/၃၃၈/၃၀၄-က တို့ဖြင့် အရေးယူဆောင်ရွက်လျက်ရှိပြီး ၎င်းအမှုများမှ သက်သေခံ မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ်များအားလုံးကို တရားဝင်မှတ်ပုံတင်ထားခြင်း ရှိ/မရှိစိစစ်ပါသည်။ တရားဝင်မှတ်ပုံတင်ထားခြင်း မရှိကြောင်းတွေ့ရှိရသည့် မော်တော်ယာဉ်/ဆိုင်ကယ်များနှင့် စပ်လျဉ်း၍ ပိုင်ရှင်/လက်ဝယ်ထားရှိသူ/အားပေးကူညီသူများအား ပို့ကုန်/သွင်းကုန်ဥပဒေပုဒ်မ ၈/၁၀ဖြင့် အရေးယူ ဆောင်ရွက်ပါသည်။ ပဲခူးတိုင်းဒေသကြီးနယ်မြေအတွင်းသို့ လိုင်စင်မဲ့ယာဉ်များတရားမဝင် သယ်ဆောင် လာပြီး စီးနင်းအသုံးပြုခြင်းများဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် စုပေါင်းဂိတ်နှင့် ရှောင်တခင်စစ်ဆေး ရေးဂိတ်များတွင်လည်း စိစစ်ရှာဖွေဖမ်းဆီးမှုများဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၉ခုနှစ်တွင် လိုင်စင်မဲ့ ယာဉ်(၅၃၆)စီး၊ စည်းကမ်းပျက်ယာဉ် (၂၃၄၆၄)စီးတို့အား ဖမ်းဆီးထားရှိပြီး ၂၀၂၀ပြည့်နှစ်ဇူလိုင်လ

၁၅ရက်နေ့အထိလိုင်စင်မဲ့ယာဉ် (၂၀၉)စီးနှင့် စည်းကမ်းပျက်ယာဉ် (၆၃၄၁)စီးတို့အား ဖမ်းဆီးအရေးယူထားရှိပါသည်။

အုတ်တွင်းမြို့နယ်အတွင်း မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ ပူးပေါင်း၍ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းနှင့် စည်းကမ်းပျက်ယာဉ်များအား စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ အုတ်တွင်းမြို့နယ်အတွင်း ၂၀၁၉ ခုနှစ်တွင် လိုင်စင်မဲ့ယာဉ် (၁၇)စီး၊ စည်းကမ်းပျက်ယာဉ် (၃၆၄)စီးနှင့် ၂၀၂၀ ပြည့်နှစ်အတွင်းလိုင်စင်မဲ့ယာဉ် (၁၀)စီး၊ စည်းကမ်းပျက်ယာဉ် (၈၈)စီးတို့အား ဖမ်းဆီးအရေးယူထားရှိပါသည်။

အမှတ်(၃)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ(ပဲခူး) ကွပ်ကဲမှုအောက်ရှိ အမှတ်(၁၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (တောင်ငူ)တွင် အရာရှိ(၆)ဦး၊ အခြားအဆင့် (၂၈)ဦး၊ စုစုပေါင်း (၃၄)ဦးရှိပြီး အောက်ပါအတိုင်း လုပ်ငန်းတာဝန်များအားနေ့စဉ်ဆောင်ရွက်လျက်ရှိပါသည်-

- တာဝန်မှူး/တာဝန်ကြပ် — အရာရှိ(၁)ဦး၊ အခြားအဆင့် (၃)ဦး
- မီးပွိုင့်(၅)ခုနှင့် လမ်းဆုံလမ်းခွ(၁)ခု — – ၊ အခြားအဆင့် (၆)ဦး
- စည်းကမ်းပျက်စစ်ဆေးအရေးယူခြင်း — အရာရှိ(၁)ဦး၊ အခြားအဆင့် (၅)ဦး
- လှည့်လည်၍ ယာဉ်ကြောရှင်းလင်းခြင်း — အရာရှိ(၁)ဦး၊ အခြားအဆင့် (၂)ဦး
- အဝေးပြေးယာဉ်များစစ်ဆေးအရေးယူခြင်း — အရာရှိ(၁)ဦး၊ အခြားအဆင့် (၃)ဦး
- ယာဉ်/လမ်းစည်းကမ်းအသိပညာပေးရေးအဖွဲ့ — အရာရှိ(၁)ဦး၊ အခြားအဆင့် (၄)ဦး
- ရုံးတာဝန် — အရာရှိ(၁)ဦး၊ အခြားအဆင့် (၅)ဦး

တောင်ငူမြို့ပေါ်တွင် မီးပွိုင့်(၅)ခု၊ ရေတာရှည်မြို့တွင် မီးပွိုင့်(၂)ခု၊ ဖြူးမြို့တွင် မီးပွိုင့် (၁)ခု၊ အုတ်တွင်းမြို့တွင် မီးပွိုင့် (၁)ခု၊ တောင်ငူခရိုင်အတွင်းစုစုပေါင်း (၉)ခု တပ်ဆင်ထားရှိပါသည်။ လက်ရှိအနေအထားအရ ခရိုင်ရုံးစိုက်ရာမြို့နယ်မှအပ အခြားမြို့နယ်များသို့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ဖြန့်ခွဲတာဝန်ချထားခြင်းမရှိသော်လည်း တောင်ငူခရိုင်အတွင်းရှိ အခြားမြို့နယ်များသို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအသိပညာပေးခြင်းနှင့် စည်းကမ်းပျက်ယာဉ်များအား စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် တောင်ငူခရိုင်အတွင်း၌ ၂၀၁၉ခုနှစ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ် (၃)စီး၊ စည်းကမ်းပျက်မော်တော်ယာဉ်(၆၆)စီး၊ ထော်လာဂျီ(၅၉)စီး၊ သုံးဘီးဆိုင်ကယ် (၂)စီး၊ မော်တော်ဆိုင်ကယ် (၃၃၂၄)စီး၊ စုစုပေါင်း (၃၄၅၄)စီး၊ ၂၀၂၀ပြည့်နှစ်၊ မတ်လ(၂)ရက်နေ့အထိ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး၊ စည်းကမ်းပျက်မော်တော်ယာဉ်(၂)စီး၊ ထော်လာဂျီ(၁)စီး၊ သုံးဘီးဆိုင်ကယ် (၁)စီး၊ မော်တော်ဆိုင်ကယ် (၇၆၅) စီး၊ စုစုပေါင်း (၇၇၀)စီးတို့ အရေးယူဆောင်ရွက်ခဲ့ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အုတ်တွင်းမြို့နယ်၊ ရန်ကုန်-မန္တလေးပုံမှန်ကားလမ်း၊ သစ်တောကျေးရွာ အနီးတွင် လိုင်စင်မဲ့ယာဉ်များစစ်ဆေးအရေးယူခြင်း၊ စည်းကမ်းပျက်မောင်းနှင်သော မော်တော်ယာဉ် များအား စစ်ဆေးအရေးယူခြင်းနှင့် ပညာပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

အုတ်တွင်းမြို့အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များ၊ စည်းကမ်းမဲ့မောင်းနှင်သော ယာဉ်မောင်း များအား အမှတ်(၁၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(တောင်ငူ)မှ အရာရှိဦးစီးအင်အားထုတ်နှုတ်၍ အုတ်တွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့နှင့် ပူးပေါင်း၍ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၁၃)ရက်နေ့မှစ၍ တစ်ပတ်လျှင်(၂)ရက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာ ပေးခြင်းနှင့် စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့နယ်မြေအတွင်း လိုင်စင်မဲ့ယာဉ်များအား လက်ဝယ်ထားရှိမှုမရှိစေရေး ၂၀၂၀ ပြည့်နှစ် မေလ ၂၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆ ဖြင့် ပြဋ္ဌာန်းထား ရှိသည့် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအား နားလည်လိုက်နာစေရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ခုနှစ်တွင် ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးဟောပြောမှု အကြိမ်ရေ (၉၇၆)ကြိမ်၊ တက်ရောက်အင်အား (၇၀၉၃၀)ဦး၊ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁၅ ရက်နေ့ထိ ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးဟောပြောမှုအကြိမ်ရေ (၂၇၉) ကြိမ်၊ တက်ရောက်အင်အား(၁၈၉၄၉)ဦးတို့ဖြင့် အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ထားရှိ ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“သဲကုန်းမြို့နယ် ရပ်ကွက်(၁)၊ အရှေ့မြို့ပတ်လမ်းရှိ အကွက် အမှတ်(၃၀) မြို့မီးရထားမြေ၊ ဦးပိုင်အမှတ် (၆၄) ဧရိယာ (၁.၂၉၉) ကေနှင့် ဦးပိုင်အမှတ် (၆၅) ဧရိယာ (၀.၂၃၀)ကေ၊ စုစုပေါင်း (၁.၅၂၉)ကေအား အစိုးရ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေ (State Land)အဖြစ် ပြန်လည်စွန့်လွှတ်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့၊ ရပ်ကွက်(၁)၊ အရှေ့မြို့ပတ်လမ်းရှိအကွက်အမှတ်(၃၀)၊ မြို့မီးရထားမြေ၊ ဦးပိုင်အမှတ် (၆၄)ဧရိယာ (၁.၂၉၉)ကေနှင့် ဦးပိုင်အမှတ်(၆၅)ဧရိယာ(၀.၂၃၀)ကေ၊ စုစုပေါင်း(၁.၅၂၉)ကေအား အစိုးရ၏ စီမံခန့်ခွဲ ပိုင်ခွင့်ရှိသောမြေ (State Land)အဖြစ် ပြန်လည်စွန့်လွှတ်လွှဲပြောင်းပေးရန် ကြယ်ပွင့်ပြမေးခွန်း မေးမြန်း လာခြင်းနှင့်ပတ်သက်၍ ဤဝန်ကြီးဌာနမှ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ၂၀၂၀ပြည့်နှစ် ဇူလိုင်လ ၉ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၃၅၀/လုံ-နယ်/၂၀၂၀ဖြင့် အဆိုပါ ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားပေး ပါရန် တင်ပြထားရှိပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဖြေကြားချက်ရရှိလာပါက စာဖြင့်ပြန်လည်ဖြေကြား ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား-ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား- ဒီမေးခွန်းနဲ့ပတ်သက်လို့ ၂၀၁၉ခုနှစ် ဩဂုတ်လ ရက်စွဲ ၂၉ ရက်စွဲနဲ့ စာအမှတ် ၄၆၃/ လုံနယ်/ ၂၀၁၉ စာနှင့်လည်း တောင်ပိုင်းတိုင်း စစ်ဌာနချုပ်ကို တင်ပြတောင်းခံထားတယ်ဆိုတာ သိရှိရ တဲ့အတွက် အခုဖြေတဲ့အဖြေမှာ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၉ ရက် ရက်စွဲပါ စာအမှတ် ၃၅၀/ လုံနယ်/ ၂၀၂၀ ဆိုတော့ ပထမတင်ပြထားတဲ့စာနဲ့ အခုမှ တစ်ခါထပ်ပြီး တင်ပြသည့်စာဟာ (၁၁)လကြာပါပြီ၊ ဒါအဖြေ မဟုတ်သေးပါဘူး တင်ပြတာပဲ ရှိပါသေးတယ်။ အဲ့တော့ ကျွန်တော့်အနေနဲ့ ဒီနေရာမှာ ဆွေးနွေးချင် တာကတော့ မြန်မာ့တပ်မတော်ဟာ တိကျတယ်၊ သေချာတယ်၊ စည်းကမ်းမြန်ဆန်တယ်၊ ဒါကျွန်တော်တို့ စံနမူနာထားစရာဖြစ်ပါတယ်။ ရုံးလုပ်ငန်းနဲ့ပတ်သက်လို့ ဒီစာတစ်စောင်အကြောင်းပြန်ဖို့ (၁၁)လတောင် ကြာနေပြီဆိုတော့ ဘယ်လိုအကြောင်းကြောင့် ကြာတာလဲ၊ ဒါမှမဟုတ် ပြည်သူလူထုက ပြင်းပြတဲ့ ဆန္ဒနဲ့တင်ပြတောင်းဆိုလာသည့် အခက်အခဲဖြစ်နေတဲ့ ဒီမြေနေရာကို ဘယ်လိုကြောင့် လွှဲပြောင်းပေး နိုင်တယ်။ သို့တည်းမဟုတ် လွှဲပြောင်းမပေးနိုင်ဘူးဆိုတဲ့ တိကျတဲ့အဖြေတစ်ခုကိုတော့ မြို့ခံလူထုက အင်မတန်သိချင်လှပါတယ်။ ဒါကြောင့် လွှတ်တော်မှာ စာလေးနဲ့ပြန်ဖြေပေးပါ့မယ်ဆိုပြီးတော့ နှစ်သိမ့်တဲ့ သဘောမျိုးလောက်နဲ့ ဖြေပြီးတော့ ပြန်လည်မတုန့်ပြန်ခြင်းတွေဟာ အင်မတန်မှခံရခက်ပါတယ်။ ဒါကြောင့် ဒီမေးခွန်းနဲ့ပတ်သက်လို့ လျင်မြန်စွာအကြောင်းပြန်ကြားပေးဖို့ ရှိ/မရှိ ကျွန်တော်အနေနဲ့ မေးခွန်းမေးမြန်း အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်နိုင်ဦး မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]** ။ ။ အားလုံးပဲ မင်္ဂလာပါ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆက်စပ်မေးခွန်း မေးမြန်းသွားတာ မှန်ပါတယ်။ ကျွန်တော်တို့ (၂၉.၈.၂၀၁၉)ရက်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဌာန၏ စာအမှတ် ၄၆၃/ လုံနယ်/ ၂၀၁၉ ဖြင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကို ပထမအကြိမ် မေးမြန်း ခဲ့ပြီး ဖြစ်ပါတယ်။ ဒုတိယအကြိမ် ထပ်မံမေးမြန်းခဲ့တာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသွားတဲ့ အခြေအနေနဲ့ပတ်သက်ပြီးဘာကြောင့် ကြန့်ကြာနေရတယ်ဆိုသည်ကို မိမိအနေဖြင့်

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုမေးမြန်းတင်ပြပြီး ရရှိလာတဲ့အခါမှာ စာဖြင့်အသေးစိတ်ပြန်လည် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ (ဦးဇော်နိုင်ဦး မေးမြန်းသည့် ဆက်စပ်မေးခွန်းအပေါ် စာဖြင့်ပြန်လည်ဖြေကြားမှုအား နောက်ဆက်တွဲဖြင့်ဖော်ပြပါမည်။)

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“ပန်းတောင်းမြို့နယ်၊ သူရဲတန်းအုပ်စု၊ သူရဲတန်းရွာတွင် မီးသတ်စခန်း(ခွဲ) ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **“ပန်းတောင်းမြို့နယ်အတွင်းရှိ စားသောက်ဆိုင်၊ ကေတီဗွီ၊ အနှိပ်ခန်း၊ တည်းခိုခန်း လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်နေသူများအား မည်သို့အရေးယူ ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်းနှင့် လုပ်ငန်းလိုင်စင်ဖြင့် လုပ်ကိုင်နေသူများစာရင်းနှင့် လုပ်ငန်းလိုင်စင်မရရှိဘဲ လုပ်ငန်းလုပ်ဆောင်နေသူများစာရင်းအား သိရှိလိုပါကြောင်း”** နှင့်စပ်လျဉ်းသည့်မေးခွန်း(၂)ခုတို့ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်တွင် တိုက်နယ်(၆)ခုရှိသည့်အနက် သူရဲတန်းအုပ်စုသည်လည်း တိုက်နယ်တစ်ခုအဖြစ် သတ်မှတ်ခံထားရပါသည်။ ကျောထောက်နောက်ခံနယ်မြေတွင် အုပ်စု(၆)အုပ်စုပါရှိပါသည်။ အရံမီးသတ်တပ်ခွဲ တပ်စု(၄)နှင့် ဖွဲ့စည်းထားပါသည်။ အရံအင်အား(၁၄၀)ဖြင့် မီးဘေးကြိုတင် ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးများကိုစဉ်ဆက် မပြတ်ဆောင်ရွက်နေပါသည်။ အုပ်စု(၆)အုပ်စုတွင် အရံမီးသတ်တပ်ဖွဲ့ အင်အားများရှိပါသော်လည်း မီးငြိမ်းသတ်ရန် ကား၊ ယာဉ်များမရှိပါ။ မီးလောင်မှုဖြစ်ပွားပါက ကျားအို အရံမီးသတ်စခန်းနှင့် (၁၁)မိုင်ခန့်၊ ထုံးဘိုမီးသတ်စခန်းနှင့်(၁၂)မိုင်ခန့်၊ ဥသျှစ်ပင်မီးသတ်စခန်းနှင့် (၁၄) မိုင်ခန့်၊ ပန်းတောင်းမြို့နယ်မီးသတ်စခန်းနှင့် (၃၂)မိုင်ခန့် ကွာဝေးမည်ဖြစ်ပါသည်။ ယခုအခါ မီးသတ်ရေ သယ်ယာဉ် (၇ဃ/၄၆၃၈)နှင့်အတူ အရံမီးသတ်စခန်းတွင် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၃)ဦးအားလည်း တာဝန်များချထားပြီးဖြစ်ပါသည်။ မီးသတ်စခန်း(ခွဲ)ဖွင့်လှစ်မည်ဆိုပါကလည်း ကျေးရွာသူ/ရွာသားများ၏ စည်းရုံးမှုစုပေါင်းအင်အားများကြောင့်လည်း မြေနေရာရရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သူရဲတန်းအုပ်စု၊ သူရဲတန်းရွာတွင် မီးသတ်စခန်း(ခွဲ)ဖွင့်လှစ်ပေးနိုင်ပါရန် ပြည်သူများ လိုလားတောင့်တမှုအရ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးအား မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါသည်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်အတွင်းရှိ စားသောက်ဆိုင်၊ ကေတီဗွီ၊ အနှိပ်ခန်း၊ တည်းခိုခန်းများရှိသည့်အတွက် မကြာခဏခိုက်ရန်ဖြစ်ပွားမှုများ ကြုံတွေ့နေရပါသည်။ လိုင်စင်မရှိဘဲ လုပ်ဆောင်နေမှုများရှိခြင်းဖြင့်လည်း နိုင်ငံတော်၏အခွန်ဘဏ္ဍာ နစ်နာဆုံးရှုံးရပါသည်။

သို့ဖြစ်ပါ၍ ပန်းတောင်းမြို့နယ်အတွင်းရှိစားသောက်ဆိုင်၊ ကေတီဗွီ၊ အနှိပ်ခန်း၊ တည်းခိုခန်း လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်နေသူများအား မည်သို့အရေးယူ ဆောင်ရွက်မည်နှင့် လုပ်ငန်းလိုင်စင်ဖြင့်လုပ်ကိုင်နေသူများစာရင်းနှင့် လုပ်ငန်းလိုင်စင်မရရှိဘဲလုပ်ငန်း လုပ်ဆောင်နေသူများစာရင်းအား သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးအားမေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဒေါ်ပပဟန် မေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပန်းတောင်းမြို့နယ်၊ သူရဲတန်းအုပ်စု၊ သူရဲတန်းရွာတွင် မီးသတ်စခန်း(ခွဲ) ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်တွင် မြို့နယ်မီးသတ်စခန်း(၁)ခု၊ နယ်မြေ မီးသတ်စခန်း(၂)ခု ဖွဲ့စည်းပုံ ခွင့်ပြုထားပြီး ပန်းတောင်းမြို့နယ် မီးသတ်စခန်းတွင် မီးငြိမ်းသတ်ယာဉ်(၄)စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ ဥသျှစ်ပင် နယ်မြေမီးသတ်စခန်းတွင် မီးငြိမ်းသတ်ယာဉ်(၁)စီး၊ ဥသျှစ်ပင်အရန်မီးသတ်စခန်းတွင် မီးငြိမ်းသတ် ယာဉ်(၁)စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ ထုံးဘိုနယ်မြေမီးသတ်စခန်းတွင် မီးငြိမ်းသတ်ယာဉ်(၁)စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ ကျားအိုအရန်မီးသတ်စခန်းတွင် မီးငြိမ်းသတ်ယာဉ်(၁)စီးနှင့် သူရဲတန်းရွာ အရန်မီးသတ်စခန်းတွင် မီးသတ်ရေသယ်ယာဉ်(၁)စီးတို့ဖြင့် ပန်းတောင်းမြို့နယ် မီးဘေးလုံခြုံရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ပန်းတောင်းမြို့နယ်၊ သူရဲတန်းအုပ်စု၊ သူရဲတန်းရွာတွင် မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်မီးသတ်ရေသယ်ယာဉ်(၁)စီးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၃)ဦးအား ယာယီတာဝန်ချထားပေးပြီး ဖြစ်ပါကြောင်းနှင့် သူရဲတန်းကျေးရွာသည် ဖွဲ့စည်းပုံခွင့်ပြုထားခြင်းမရှိသည့်အတွက် မီးသတ်စခန်း(ခွဲ) ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပန်းတောင်းမြို့နယ်အတွင်းရှိ စားသောက်ဆိုင်၊ ကေတီဗွီ၊ အနှိပ်ခန်း၊ တည်းခိုခန်း လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်နေသူများအား မည်သို့အရေးယူ ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်းနှင့် လုပ်ငန်းလိုင်စင်ဖြင့် လုပ်ကိုင်နေသူများ စာရင်းနှင့် လုပ်ငန်း**

**လိုင်စင်မရရှိဘဲ လုပ်ငန်းလုပ်ဆောင်နေသူများစာရင်းအား သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်း၍ ပန်းတောင်းမြို့နယ်၊ ပန်းတောင်းမြို့မရဲစခန်းအပိုင်နယ်မြေအတွင်းစားသောက်ဆိုင် (၇၇)ဆိုင်၊ KTV(၂)ဆိုင်၊ တည်းခိုခန်း(၁)လုံး၊ ဥသျှစ်ပင်နယ်မြေရဲစခန်း အပိုင်နယ်မြေအတွင်းစားသောက်ဆိုင်(၁၉)ဆိုင်၊ KTV(၆)ဆိုင်၊ တည်းခိုခန်း (၅)လုံး၊ ထုံးဘိုနယ်မြေရဲစခန်းအပိုင်နယ်မြေအတွင်းစားသောက်ဆိုင်(၄၁)ဆိုင်၊ တည်းခိုခန်း (၁)လုံးဖွင့်လှစ်ထားရှိပြီး ပန်းတောင်းမြို့နယ်အတွင်း စားသောက်ဆိုင်(၁၃၇)ဆိုင်၊ KTV(၈)ဆိုင်၊ တည်းခိုခန်း (၇)လုံးတို့ရှိပါသည်။ စားသောက်ဆိုင်၊ KTV၊ အနှိပ်ခန်း၊ တည်းခိုခန်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူများအား သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီတို့နှင့် ပူးပေါင်း၍ စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး လိုင်စင်စည်းကမ်း ဖောက်ဖျက်၍ ဆောင်ရွက်လုပ်ကိုင်နေသူများအား သက်ဆိုင်ရာအဖွဲ့များနှင့် ပူးပေါင်း၍ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လုပ်ငန်းလိုင်စင်ဖြင့် လုပ်ကိုင်နေသူများ စာရင်းအား ပူးတွဲပါအတိုင်း ပေးပို့ဖြေကြားအပ်ပါသည်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။ ဒုတိယမေးခွန်းပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ကျွန်မမေးခွန်းထဲမှာ ပါ,ပါတယ် ဥက္ကဋ္ဌကြီးရှင့်၊ လုပ်ငန်းလိုင်စင်ဖြင့်လုပ်ကိုင်နေသူများစာရင်းနှင့် လုပ်ငန်းလိုင်စင်မရရှိဘဲ လုပ်ကိုင်နေသူများ စာရင်းလို့ ကျွန်မတောင်းထားတဲ့ထဲမှာ ပါ,ပါတယ်။ အဲ့တော့ ကျွန်မကိုပေးပို့တဲ့အထဲမှာတော့ လုပ်ငန်း လုပ်ဆောင်နေတဲ့ဟာတွေပဲ ပေးပို့ပြီးတော့ လုပ်ငန်းလုပ်ဆောင်ခြင်းမရှိဘဲနဲ့ လုပ်ကိုင်ဆောင်ရွက်နေတဲ့ လူတွေရဲ့စာရင်းကိုတော့ ပေးပို့ထားခြင်းမရှိပါဘူး။ အဲ့တော့ ktv၊ အနှိပ်ခန်းတွေမှာ ဖွင့်ထားတဲ့ ဆိုင်တွေ မှာကော အရက်လိုင်စင်ပေးထားတာ ရှိလား/မရှိလား ဆိုတာလည်း ကျွန်မတစ်ဆက်တစ်စပ်တည်း သိချင် ပါတယ်။ နောက်တစ်ခုကတော့ ကျွန်မမေးခွန်းနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကနေမေးထားတဲ့ လုပ်ငန်းလိုင်စင် ရှိ/မရှိဆိုတဲ့ဟာမှာလည်းပဲ ဒါလုပ်ငန်းလိုင်စင်မရရှိတဲ့ဟာတွေကိုလည်းဘဲ သိချင် ပါတယ်။ နောက်ပြီးတော့ လွှတ်တော်ကမေးပြီဆိုကတည်းက သူတို့တွေ ဘယ်အချိန်မှာ လုပ်ငန်းလိုင်စင် မရှိတဲ့ဆိုင်တွေကို ဥပဒေကြောင်းအရ လုပ်မယ်ဆိုတာတွေကိုလည်းပဲ တစ်ပါတည်းတန်းပြီးတော့ ကျွန်မ သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဒေါ်ပပဟန် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့် စပ်လျဉ်းသည့် ဆက်စပ် မေးခွန်းကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ အားလုံးပဲ မင်္ဂလာပါ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား– ကျွန်တော်တစ်ခုလောက် မေတ္တာရပ်ခံချင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ပပဟန် မေးမြန်းသွားတာနဲ့ပတ်သက်ပြီးတော့ အသံအနည်းငယ်ကြည်လင်မှု မရှိတဲ့အတွက် ဒုတိယအကြိမ်ပြန်ပြီးတော့ မေးမြန်းပေးစေချင်ပါတယ်။ ကျွန်တော်မှတ်သားပြီး ပြန်ပြီးတော့ ဖြေပေးပါ့မယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ဒေါ်ပပဟန် ထပ်မံမေးမြန်းပေးပါ။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ကျွန်မမေးတဲ့ မေးခွန်းမှာ လုပ်ငန်းလိုင်စင်ဖြင့် လုပ်ကိုင်နေသူများစာရင်းနှင့် လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ကိုင်နေသူများစာရင်းကို ကျွန်မတောင်းခံတာဖြစ်ပါတယ်။ ကျွန်မဆီမှာ ရောက်လာတဲ့စာရင်းတွေက လုပ်ငန်းလိုင်စင် လုပ်ဆောင်ထားတဲ့ စာရင်းတွေသာ ကျွန်မဆီမှာ ရောက်လာပြီးတော့ လုပ်ငန်းလိုင်စင်လုပ်တဲ့စာရင်းတွေက ကျွန်မဆီမှာ ရောက်တာမရှိပါဘူး။ နောက်တစ်ခုက KTVတွေ ဖွင့်လို့ရတဲ့ ဆိုင်တွေမှာဆိုရင် အရက်လိုင်စင်ပေးထားတာ ရှိ/မရှိ ကျွန်မသိချင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်မဆီမှာ ပေးထားတဲ့ အရက်လိုင်စင်နဲ့ပတ်သက်ပြီးတော့ စာရင်းတွေမှာကျတော့ ဒီဆိုင်တွေဟာ ပါလာခြင်းမရှိတာတွေ့ရတယ်။ အဲ့တော့ ဒါတွေကကော အရက်လိုင်စင်ပေးထားတာ ရှိ/မရှိဆိုတာလဲ သိချင်ပါတယ်။ နောက်တစ်ခုက လုပ်ငန်းလိုင်စင်မလုပ်ဘဲနဲ့ လုပ်ဆောင်နေတဲ့သူတွေကိုလည်းပဲ ဘယ်တော့အရေးယူပေးမလဲဆိုတာလည်း ကျွန်မအနေနဲ့ သိချင်ပါတယ်။ ကျွန်မသိချင်တာ အချက်(၃)ချက်ပါ။

**ဥက္ကဋ္ဌ။** ။ဒေါ်ပပဟန် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့် စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ အားလုံးပဲ မင်္ဂလာပါ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ပပဟန်ရဲ့ ဆက်စပ်မေးခွန်းများကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ လုပ်ငန်းလိုင်စင်ရှိတဲ့စာရင်းပဲပါပြီးတော့ လုပ်ငန်းလိုင်စင်မရှိတဲ့စာရင်းမပါဘူးဆိုတဲ့အကြောင်းနဲ့ ပတ်သက်ပြီးတော့ ဒီလုပ်ငန်းလုပ်တဲ့အခါမှာ တရားဝင်လုပ်ငန်းလိုင်စင်ခွင့်ပြုပြီးမှပဲ ဆောင်ရွက်ခွင့်ပေးပါတယ်။ လုပ်ငန်းလိုင်စင်မရှိတဲ့သူတွေကို ဖမ်းဆီးပြီးတော့ အရေးယူဆောင်ရွက်လျက်ရှိတာဖြစ်တဲ့အတွက် ကျွန်တော်တို့မှာ လုပ်ငန်းလိုင်စင်ရှိတဲ့စာရင်းကိုပဲ ကျွန်တော်တို့က တင်ပြတာဖြစ်ပါတယ်။ လုပ်ငန်းလိုင်စင်မရှိဘူးလို့သိတာနဲ့ ကျွန်တော်တို့က ဖမ်းဆီးပြီးတော့ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ဒုတိယမေးခွန်းဖြစ်တဲ့ KTV ဆိုင်များမှာ အရက်လိုင်စင် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီးတော့ KTV ဆိုင်တွေမှာ တစ်ချို့ဆိုင်ကြီးတွေဟာ ကျွန်တော်တို့ အရက်ရောင်းချ

မယ်ဆိုရင် ကျွန်တော်တို့က လိုင်စင်လျှောက်တဲ့အချိန်မှာ အရက်လိုင်စင်ပါတွဲပြီးတင်ရတာဖြစ်ပါတယ်။ အရက်လိုင်စင်တွဲပြီးတင်နိုင်တဲ့ဆိုင်ကိုတော့ အရက်ရောင်းချခွင့်ပေးပြီးတော့ အရက်လိုင်စင်မတင်နိုင်တဲ့ဆိုင်တွေဆိုရင်တော့ အရက်ရောင်းချခွင့်မရှိပါဘူး။ အဲ့တာကို ဝင်ရောက်စစ်ဆေးတဲ့အခါမှာ အရက်လိုင်စင်မရှိဘဲနဲ့ အရက်ရောင်းချတယ်ဆိုရင် ဖမ်းဆီးပြီးအရေးယူဆောင်ရွက်လျက်ရှိပါတယ်။ တတိယမေးခွန်းဖြစ်တဲ့ လိုင်စင်မရှိသောဆိုင်များကို ဘယ်တော့အရေးယူမလဲမေးခွန်းနဲ့ဆက်စပ်ပြီးတော့ တာဝန်ရှိတဲ့ သက်ဆိုင်ရာအဖွဲ့တွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့လိုင်စင်မရှိတဲ့ဆိုင်တွေကို အမြဲတမ်းစစ်ဆေးပြီးတော့ သိရှိတာနဲ့ ဖမ်းဆီးအရေးယူဖို့ ညွှန်ကြားထားတာလဲရှိပါတယ်။ ရံဖန်ရံခါ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်ကြီးများမှသော် လည်းကောင်း၊ ပြည်သူမှသော်လည်းကောင်း သတင်းပေးလာတဲ့အခါမှာလည်း သက်ဆိုင်ရာကို ချက်ချင်းလှမ်းအကြောင်းကြားပြီး ဖမ်းဆီးအရေးယူတာလည်း ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ယခု လွှတ်တော်ကိုယ်စားလှယ်(၂)ဦးကမေးမြန်းသည့် မေးခွန်း(၂)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များကသက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးဉာဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"တိုင်းဒေသကြီး၏ ပြီးခဲ့တဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လူတစ်ဦးချင်း ပျမ်းမျှဝင်ငွေမည်မျှရှိပါသနည်းပါ အချက်(၅)ချက်"**နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီးအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းထား လျာထားချက်ကို ပြည်ထောင်စုအစိုးရ၏ လျာထားသတ်မှတ်ပေးချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့ပဲခူးတိုင်းဒေသကြီး၏ တစ်နှစ်တာကာလအတွင်း လူတစ်ဦးချင်းဝင်ငွေ Per Capita GDP တိုးတက်ပါမှ စီမံကိန်းများတိုးတက်အောင်မြင်မည်ဆိုတာကို ဖော်ပြနိုင်မှာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါအကြောင်းအရာများနှင့်ပတ်သက်၍-

- တိုင်းဒေသကြီး၏ ပြီးခဲ့တဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လူတစ်ဦးချင်း ပျမ်းမျှဝင်ငွေမည်မျှရှိပါသလဲ၊
- ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်တွင် မည်မျှတိုးတက်လာမှာပါလဲ၊
- ခရိုင်(၄)ခရိုင်ရှိသည့်အနက် မည်သည့်ခရိုင်ကတစ်ဦးချင်းဝင်ငွေအနည်းဆုံးဖြစ်ပါသလဲ၊
- မည်သည့်မြို့နယ်ကတစ်ဦးချင်းဝင်ငွေအနည်းဆုံးဖြစ်ပါသလဲ၊

- တိုင်းဒေသကြီးအတွင်း ခရိုင်များ/မြို့နယ်များ တပြေးညီဝင်ငွေတိုးတက်စေဖို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မည်သို့ဆောင်ရွက်ရန် လျာထားပါသလဲသိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးတင်ဆန်းဦး(ခ) ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ကြီးမြို့နယ်နှင့် အခြားမြို့နယ်များတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့ပြီးသော ကျေးလက်လမ်းများကို ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန် ဘဏ္ဍာငွေများချထားစီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ဆန်းဦး(ခ) ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ကြီးမြို့နယ်နှင့် အခြားမြို့နယ်များတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သောလမ်းများကို လမ်းအရည်အသွေး ပိုမိုကောင်းမွန်စေရန် ပြင်ဆင်ထိန်းသိမ်းမှုများ လိုအပ်နေပါသောကြောင့် ဘဏ္ဍာငွေများ ချထားစီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသောကြောင့် မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]**။ ။ဦးဉာဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"တိုင်းဒေသကြီး၏ ပြီးခဲ့တဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လူတစ်ဦးချင်း ပျမ်းမျှ ဝင်ငွေမည်မျှရှိပါသနည်းပါ အချက်(၅)ချက်"**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၏ ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်(စီမံကိန်းရည်မှန်းချက်)တွင် လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး Per Capita GDP ကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ်(၁၇၄၀၉၂၅) ဖြစ်ပေါ်လာရန် ရည်မှန်းထားပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ရှေ့ပြေးအမှန်) အကောင်အထည်ဖော်နိုင်မှုတွင် နှစ်အလိုက် ဈေးနှုန်းအရ ကျပ် (၁၆၈၄၅၂၄) ရရှိနိုင်မည်ဟု ခန့်မှန်းထားပါသည်။

- ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ နှစ်ကုန်(ယာယီ)စာရင်းတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ၅.၆% တိုးတက်ရန် လျာထားလျက်ရှိပါသည်။
- တောင်ငူခရိုင်မှာ လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး Per Capita GDP အနည်းဆုံး ဖြစ်ပါသည်။

- ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂၈)မြို့နယ်တွင် ကျောက်တံခါးမြို့နယ်မှာ လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး Per Capita GDP အနည်းဆုံး ဖြစ်ပါသည်။
- ပဲခူးတိုင်းဒေသကြီးအတွင်း ခရိုင်/မြို့နယ်များ တပြေးညီ ဝင်ငွေတိုးတက်စေရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုကို ပဲခူးခရိုင်တွင် ကျပ်သန်း(၅၃၃၃၀.၃၈၁)၊ တောင်ငူခရိုင်တွင် ကျပ်သန်း(၃၀၁၀၀.၂၆၁)၊ ပြည်ခရိုင်တွင် ကျပ်သန်း (၂၅၂၉၃.၈၃၅)၊ သာယာဝတီခရိုင်တွင် ကျပ်သန်း(၂၅၆၀၈.၃၂၅)၊ စုစုပေါင်းကျပ်သန်း (၁၃၄၃၃၂.၈၀၁) ရင်းနှီးမြှုပ်နှံရန် အဆိုပြုလျာထားပါသည်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]။** ။ ဦးတင်ဆန်းဦး(ခ) ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ကြီးမြို့နယ်နှင့် အခြားမြို့နယ်များတွင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့ပြီးသော ကျေးလက်လမ်းများကို ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဘဏ္ဍာငွေများချထားစီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သောဌာနဖြစ်ပြီး ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ် ၀၄-၀၃ လမ်းများ ငွေစာရင်းခေါင်းစဉ်တွင် ကျေးလက်လမ်းများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် **ကျပ်၁၀၃၈.၆၄၀ သန်း**အား လည်းကောင်း၊ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် **ကျပ်၁၀၃၈.၆၄၀ သန်း** အားလည်းကောင်း ထည့်သွင်းလျာထားပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဥက္ကဋ္ဌကြီးခင်ဗျား- ဝန်ကြီးဖြေသွားတာလည်းပဲကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အားလုံးကို ကျွန်တော်တို့ ညှိနှိုင်းပြီးတော့ စိစစ်နိုင်ဖို့အတွက် တစ်မြို့နယ်ချင်းရဲ့ တစ်ဦးချင်းဝင်ငွေစာရင်းဇယားကို စာနဲ့ပြန်ပြီးတော့ ပေးပို့ပေးနိုင်မလားလို့ ဝန်ကြီးကို မေးချင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးညဏ်ဝင်းမေးမြန်းသည့် ဆက်စပ်မေးခွန်းအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]။** ။ကျွန်တော်လဲ ပြုစုပြီးသားဖြစ်ပါတယ်။ ဒါပြီးလို့ရှိရင် လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ သက်ဆိုင်ရာမေးခွန်းရှင်ကို တစ်မြို့နယ်ချင်းရဲ့ လူဦးရေနောက်တစ်ခါ GDP နောက်တစ်ခါ Per Capita တွေကို စာဖြင့် ပေးပို့ပေးမှာဖြစ်ပါတယ်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]။** ။ (ဦးဉာဏ်ဝင်းမေးမြန်းသည့် ဆက်စပ်မေးခွန်းအပေါ် စာဖြင့်ဖြေကြားချက်ကို ပူးတွဲဖော်ပြပါမည်။)

**ဦးတင်ဆန်းဦး(ခ) ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးတင်ဆန်းဦး(ခ) ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ကျွန်တော်မေးခွန်းမှာတော့ ကျောက်ကြီးမြို့နယ်နှင့် တစ်ခြားမြို့နယ်များအတွင်းမှာ အခုဝန်ကြီးဖြေထားတဲ့ဆီမှာတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ကျပ် (၁၀၃၈.၆၄၀)သန်း ထည့်သွင်းလျာထားတယ်လို့ ဖြေကြားထားပါတယ်။ ကျွန်တော်မေးတဲ့မေးခွန်းမှာတော့ ကျောက်ကြီးမြို့နယ်အတွင်းက ဘယ်ကျေးလက်လမ်းကို ငွေကြေးဘယ်လောက်၊ တခြားမြို့နယ်တွေမှာလည်း ဘယ်လောက်လျာထားတယ် ဆိုတာလေး အသေးစိတ် ထပ်မံပြီးတော့ သိရှိလိုပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးတင်ဆန်းဦးမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]။** ။ ကျေးလက်လမ်းပြင်ဆင်မှု၊ ပြန်လည်ထိန်းသိမ်းမှုနှင့်ပတ်သက်ပြီး လမ်းတွေပြုလုပ်တဲ့အခါမှာ သက်ဆိုင်ရာ ကျေးလက်လမ်းဦးစီးဌာနကနေပြီး တင်သွင်းရပါတယ်။ အဲ့ဒါကို Cabinet မှာတင်ပြပြီးတော့ ဘယ်မြို့နယ်မှာ ဘယ်လိုပြင်ဆင်မှုရှိတယ် အဲ့လိုတင်ပြတောင်းခံတာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ကျွန်တော်တို့က ဖြေကြားချက်ကတော့ တစ်တိုင်းလုံးအတွက် (၂၈)မြို့နယ်လုံးမှာ ကျွန်တော်တို့ ချထားပြီးသားဖြစ်ပါတယ်။ အဲ့ဒီချထားပေးတဲ့ ငွေတွေပေါ်မှာ သက်ဆိုင်ရာမြို့နယ်မှာရှိတဲ့ လုပ်ငန်းလုပ်နေတဲ့ ကျေးလက်လမ်းဦးစီး၊ ကျေးလက်ဖွံ့ဖြိုးရေးစသည့် ပဲခူးတိုင်းဒေသကြီး ဘတ်ဂျက် ၂၀၁၉-၂၀၂၀မှာပါတဲ့ ဌာနများအနေနဲ့ မိမိတို့ရဲ့ ပြင်ဆင်လိုတဲ့ကိစ္စရပ်များကို တင်ပြတောင်းခံရတာဖြစ်ပါတယ်။ ဒီမှာကျွန်တော် တင်ပြတာကတော့ တစ်မြို့နယ်ချင်းမဟုတ်ပါဘူး။ အားလုံးအတွက်ဖြစ်တဲ့အတွက် သက်ဆိုင်ရာ မြို့နယ်ကနေပြီးတော့ သက်ဆိုင်ရာဌာနဆိုင်ရာများကို မေးမြန်းပြီးတော့မှ ကျေးလက်လမ်းတွေ ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ဖို့အတွက် ၂၀၁၉-၂၀၂၀ကလည်း ကျပ်သန်းပေါင်း ၁၀၃၈.၆၄၀သန်း တင်ပြထားပြီးဖြစ်တယ်။ လာမည့် ၂၀၂၀-၂၀၂၁မှာလည်း ၁၀၃၈.၆၄၀သန်းလည်း လျာထားပြီးသားဖြစ်တဲ့အတွက် အဲ့ဒီလျာထားမှုအပေါ်မှာ မိမိမြို့

နယ်မှာ ဘယ်လိုဆောင်ရွက်နေလဲဆိုတဲ့အပိုင်းကို သက်ဆိုင်ရာဌာနများနှင့် သက်ဆိုင်ရာလုပ်ငန်းများကို စိစစ်ပြီးတော့မှ အစိုးရအဖွဲ့ကို တင်ပြလို့ရှိရင် ဘယ်ဌာနမှာ ဘယ်မြို့နယ် ဘယ်လောက်ကျွန်တော်တို့ သုံးစွဲနေတာကို သိမှာဖြစ်တဲ့အတွက် ကျေးဇူးပြုပြီးတော့ မြို့နယ်ကတစ်ဆင့် တင်ပြတောင်းခံမှုရှိ/မရှိကို ပြန်လည်သုံးသပ်ပြီးမှ ဆောင်ရွက်စေချင်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ယခု လွှတ်တော်ကိုယ်စားလှယ် (၂)ဦးကမေးမြန်းသည့် မေးခွန်း(၂)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့နယ်အတွင်း အခြားနည်းသုံးစွဲခွင့်ရရှိသူများ စာရင်းအသေးစိတ်နှင့် အခြားနည်းသုံးစွဲခွင့်မရရှိဘဲ ဆောက်လုပ်ရေး လုပ်ငန်းဆောင်ရွက်နေသူများအား မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)** ။ ။ ပဲခူးမြို့နယ်အတွင်း ပဲခူးဘုရားကြီး လမ်းဘေးဝဲယာများ၊ ပဲခူးသနပ်ပင်လမ်းဘေးဝဲယာများ၊ အနောက်မြို့ရှောင်လမ်း လမ်းဘေးဝဲယာများ၊ ကလိရှမ်းရွာကြီး လမ်းဘေးဝဲယာများ ၎င်းနေရာများတွင် စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အဦများစွာ ဆောက်နေခြင်း၊ မြေဖို့ခြင်း၊ ခြံခတ်ခြင်းများ ဆောင်ရွက်နေသည်များကို တွေ့ရှိနေရပါသည်။ သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်း အခြားနည်းသုံးစွဲခွင့်ရရှိသူများ စာရင်းအသေးစိတ်ကို သိရှိလိုပါသည်။ အခြားနည်း သုံးစွဲခွင့်မရရှိဘဲ ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်နေသူများအား မည်ကဲ့သို့ အရေးယူဆောင်ရွက် ထားကြောင်းကိုလဲ သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဖိတ်ခေါ်ခဲ့ရာ ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သပြေတန်းကျေးရွာမှ ဒိုက်ဦးမြို့သို့ ဆက်သွယ်ထားသည့် မြေသားကုန်ထုတ်လမ်း(၇)မိုင်ခန့်အား (၂၀၂၁-၂၀၂၂) ဘဏ္ဍာနှစ်တွင် ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်၍ လျာထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဒိုက်ဦး မြို့နယ်၊ သပြေတန်းကျေးရွာမှ ဒိုက်ဦးမြို့သို့ဆက်သွယ်သည့် မြေသားကုန်ထုတ်လမ်းသည် အရှည်အားဖြင့်

(၇)မိုင်ခန့်ရှိ၍ ၎င်းလမ်းနှင့်နီးလျက်ရှိသော သပြေတန်းကျေးရွာ၊ ပျဉ်ပုံကျေးရွာ၊ ကြိုးကြာကွင်းကျေးရွာ၊ ခင်တန်းကျေးရွာ၊ ပုလိပ်ကွင်းကျေးရွာ၊ ငှက်သိုက်ပေါက်ကျေးရွာ၊ အုတ်ဝင်းကျေးရွာနှင့် ကျွန်းကုန်းကျေးရွာ စုစုပေါင်း(၈)ရွာတို့ရှိပြီး အိမ်ခြေပေါင်း(၁၇၀၃)အိမ်၊ လူဦးရေ(၈၅၆၂)ဦး၊ လယ်သမားဦးရေ(၆၀၀)ဦးရှိလျက် လယ်ယာမြေကိုအခြေခံ၍ စိုက်ပျိုးလုပ်ကိုင်ပြီး၊ မြေသားကုန်ထုတ်လမ်းအား အဓိကအသုံးပြုလျက် ကျေးရွာများတွင် မှီတင်းနေထိုင်ကြပါသည်။

ထိုကျေးရွာများရှိ ပြည်သူများ အသုံးပြုနေကြသော စပါးတင်ဆွဲနေသည့် Faw ကားနှင့် ထော်လာဂျီအစီး(၃၀)၊ လယ်ထွန်စက်(၁၅)စီး၊ စပါးရိတ်သိမ်းခြွေလှေ့စက်(၁၀)စီး၊ ဆိုင်ကယ်(၅၀၀)စီးရှိပြီး၊ ကွင်းအမှတ်(၁၁)ကွင်း၊ ကေပေါင်း(၆၅၀၀)ကေရှိ၍ မိုးစပါးတင်း(၄၅၅၀၀၀)၊ နွေစပါးတင်း(၅၀၀၀၀)၊ ပဲမျိုးစုံတင်း (၅၀၀၀၀)ပုံမှန်ထွက်ရှိနေသော ဒေသတစ်ခုဖြစ်ပါသည်။

ထိုသို့ ထွက်ရှိနေသော စိုက်ပျိုးသီးနှံများသည် မြေသားလမ်းဖြစ်နေသောကြောင့် စပါး၊ ပဲ အပါအဝင် အခြားသီးနှံထွက်ပစ္စည်းများ ရာသီအချိန်မီမရောင်းချနိုင်ခြင်း၊ ကုန်ကျစရိတ်များခြင်း၊ မြို့သို့ ကုန်ထုတ်ပစ္စည်းများအား အလွယ်တကူမသယ်ယူနိုင်ခြင်းများကြောင့် ဈေးနှုန်းအပြည့်အဝမရရှိခြင်း၊ ကျေးရွာများတွင်လည်း ကုန်ဈေးနှုန်းကြီးမြင့်စွာဝယ်ယူစားသုံးနေရခြင်းစသည့် အခက်အခဲများနှင့် နှစ်စဉ်ကြုံတွေ့ခံစားနေရပါသည်။ အဆိုပါကုန်ထုတ်မြေသားလမ်းအား ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးမည်ဆိုပါက ဒေသနေပြည်သူများ၏ တွေ့ကြုံနေရသောအခက်အခဲများအား အဆင်ပြေချောမွေ့စွာဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သပြေတန်းကျေးရွာမှ ဒိုက်ဦးမြို့သို့ဆက်သွယ်သည့် မြေသားကုန်ထုတ်လမ်းအား (၂၀၂၁-၂၀၂၂)ဘဏ္ဍာရေးနှစ်တွင် ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်၍ လျာထားဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့နယ်အတွင်း အခြားနည်းသုံးစွဲခွင့်ရရှိသူများ စာရင်းအသေးစိတ်နှင့် အခြားနည်း သုံးစွဲခွင့်မရရှိဘဲ ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်နေသူများအား မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်း၍ ပဲခူးမြို့နယ်အတွင်း ပဲခူးဘုရားကြီးလမ်းဘေးဝဲယာများ၊ ပဲခူး-သနပ်ပင်လမ်းဘေးဝဲယာများ၊ မြို့ရှောင်လမ်းဘေးဝဲယာများ၊ ကလိရှမ်းရွာကြီးလမ်းဘေးဝဲယာများ၊ ၎င်းနေရာများ၊ စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အဦများစွာဆောက်နေခြင်း၊ မြေဖို့ခြင်း၊ ခြံခတ်ခြင်းများ၊ ဆောက်လုပ်နေသည့်အတွက် သက်ဆိုင်ရာကျေးရွာအုပ်စု လယ်-စီအဖွဲ့မှ ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ တားမြစ်ထားရှိပြီးဖြစ်ကြောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှလည်း

၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ (၃)ကြိမ်တိတိ တားမြစ်ထားပြီး ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျှက်ရှိကြောင်းနှင့် ပဲခူးမြို့နယ်အတွင်း ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ(၃၀)အရ အခြားနည်းသုံးစွဲခွင့် ခွင့်ပြုမိန့်ရရှိသူများမှာ လယ်ယာမြေဥပဒေ(၃၀-က)အရ လူဦးရေ(၅၃)ဦး၊ လယ်ယာမြေဥပဒေ(၃၀-ခ)အရ လူဦးရေ(၁၇၅)ဦး၊ လူဦးရေပေါင်း(၂၂၈)ဦးအား ခွင့်ပြုချထားပေးပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“သပြေတန်းကျေးရွာမှ ဒိုက်ဦးမြို့သို့ ဆက်သွယ်ထားသည့် မြေသားကုန်ထုတ်လမ်း(၇)မိုင်ခန့်အား (၂၀၂၁-၂၀၂၂) ဘဏ္ဍာနှစ်တွင် ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်၍ လျာထားဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်း၍ ယခုကြယ်ပွင့်ပြ မေးခွန်းပါပဲခူးခရိုင်၊ ဒိုက်ဦးမြို့နယ် သပြေတန်းကျေးရွာမှ ဒိုက်ဦးမြို့သို့ ဆက်သွယ်သည့်လမ်းသည် (၇/၀)မိုင်ရှည်လျား၍ (၁၅)ပေအကျယ်ရှိသော မြေသားလမ်းဖြစ်ပါသည်။ မြေသားလမ်းအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ မြေ(၂)ပေထု+ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက လမ်း၏ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သတ်မှတ်အကျယ်(၂၅)ပေရရှိရန်လိုအပ်ပြီး ရန်ပုံငွေကျပ်သန်း(၄၂၆.၂၃)ခန့် ကုန်ကျမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သပြေတန်းကျေးရွာမှ ဒိုက်ဦးမြို့သို့ ဆက်သွယ်သည့် ကုန်ထုတ်မြေသားလမ်းဘေးဝဲယာရှိ မြေပိုင်ရှင်များ၏ သဘောတူညီချက်များရရှိပါက မြို့နယ် TPICသို့ တင်ပြ၍ စီမံကိန်း လျာထားမှု Plan ရေးဆွဲပြီး ဦးစားပေးအစီအစဉ်အတိုင်း ပြည်ထောင်စု/ တိုင်းဒေသကြီး ရန်ပုံငွေများဖြင့် နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်သွားပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ယခု ကျွန်တော် မေးသွားတဲ့ မေးခွန်းထဲမှာတော့ ဝန်ကြီးအနေနဲ့က လယ်ယာမြေဥပဒေပုဒ်မ (၃၀-က)အရ လူဦးရေ (၅၃)ဦး၊ လယ်ယာမြေဥပဒေပုဒ်မ (၃၀-ခ)အရ လူဦးရေ (၁၇၅)ဦး စုစုပေါင်း (၂၂၈)ဦးကို ခွင့်ပြုပေးထားကြောင်း ဖြေကြားသွားတာဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဒီဟာမှာ ဘယ်သူဟာ အခြားနည်းသုံးစွဲခွင့်ရပြီလဲ၊ ဘယ်သူက အခြားနည်းသုံးစွဲခွင့် မရရှိသေးဘူးလဲဆိုတာကို ကျွန်တော်တို့ ကွဲကွဲပြားပြားသိနိုင်အောင် ကျွန်တော်တို့ အခု ခွင့်ပြုချက်ရရှိပြီးသား လယ်ယာမြေဥပဒေပုဒ်မ (၃၀-က)အရ လူဦးရေ (၅၃)ဦး၊ လယ်ယာမြေဥပဒေ

ပုဒ်မ (၃၀-ခ)အရ လူဦးရေ (၁၇၅)ဦးတို့ရဲ့ အဲ့ဒီအသေးစိတ်စာရင်းများကို စာဖြင့် ပြန်လည်ပေးပို့နိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးညွန့်ရွှေ မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ အားလုံး မင်္ဂလာပါ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးညွန့်ရွှေ မေးမြန်းတဲ့ ဆက်စပ်မေးခွန်းကတော့ ကျွန်တော်တို့လက်ရှိခွင့်ပြုထားတဲ့ (၃၀-က)နဲ့ (၃၀-ခ)ပါ လူဦးရေ တစ်ဦးချင်းစာရင်းကို ကျွန်တော်တို့ပေးပို့နိုင်ဖို့ မေးမြန်းတဲ့မေးခွန်းလို့ ကျွန်တော့်အနေနဲ့မှတ်ယူပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့(၃၀-က)အရ ခွင့်ပြုထားတဲ့ လူဦးရေ(၅၃)ဦးနဲ့ လယ်ယာမြေဥပဒေပုဒ်မ (၃၀-ခ)အရ လူဦးရေ(၁၇၅)ဦး စုစုပေါင်း(၂၂၈)ဦးနဲ့ပတ်သက်တဲ့ အသေးစိတ်စာရင်းအား တိုင်းဒေသကြီးလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြ၍ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ သဘောထားနဲ့အညီ ပြန်လည် ပေးပို့သွားမှာဖြစ်ပါကြောင်း လေစားစွာဖြင့် ဖြေကြားအပ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအတွင်းရေးမှူး ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအတွင်းရေးမှူး ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီမှ (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ (၁/၂၀၂၀)

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်လျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ တောင်တန်း၊ မြေပြန့်၊ လူမျိုး၊ ဘာသာမခွဲခြားဘဲ အခွင့်အရေးများ တန်းတူ ညီမျှစွာ ရရှိရေး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးတို့သည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက် ရှိသည့် နိုင်ငံသူ/နိုင်ငံသားများအတွက် မရှိမဖြစ်လိုအပ်သော အခြေခံအချက်များဖြစ်ပါသည်။ သို့ဖြစ်ပါ၍

လက်ရှိအစိုးရလက်ထက်မှစတင်ကာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနတစ်ခု တိုးချဲ့ဖွဲ့စည်းပြီး တိုင်းရင်းသားများ၏ အရေးကိစ္စရပ်များအား ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အတူ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားများ၏ အရေးကိစ္စရပ်များကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင်လည်း တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအား ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၆၇ (က)၊ (ခ)၊ (ဂ)တို့အရလည်းကောင်း၊ ၂၀၁၃ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅ တို့အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂၊ အပိုဒ်ခွဲ (က)၊ (ခ)တို့နှင့်အညီ ဖွဲ့စည်းထားရှိပါသည်။

**ရည်ရွယ်ချက်**

ဒုတိယအကြိမ် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးအတွင်း နေထိုင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်း၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုအနုပညာများတိုးတက်စေရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတို့တွင် ပါဝင်သော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လိုအပ်ချက်များအား အစီရင်ခံတင်ပြရန်ဖြစ်ပါသည်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏ဆောင်ရွက်ချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ အစီရင်ခံသည့်ကာလအတွင်း ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

- (၄.၁၂.၂၀၁၉) ရက်နေ့တွင် ကနေဒါနိုင်ငံ World Impact Minitries နှင့် ပဲခူးမြို့ရှိ ခရစ်ယာန် ညီအစ်ကိုများမှ ကျင်းပပြုလုပ်သည့် ဆွေသဟာပွဲတော်အကြို မိတ်သဟာပွဲသို့ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များတက်ရောက်ခဲ့ပါသည်။
- (၁၉.၁၂.၂၀၁၉) ရက်နေ့တွင် ပဲခူးမြို့၊ စိန့်ဂျိုးဇက်ဘုရားရှိခိုးကျောင်းတွင် ကျင်းပပြုလုပ်သည့် ခရစ်တော်ဘုရားရှင်မွေးနေ့အား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။
- (၂၅.၁၂.၂၀၁၉) ရက်နေ့မှ (၂၆.၁၂.၂၀၁၉) ရက်နေ့တို့တွင် ပြည်ခရိုင်၊ သဲကုန်းမြို့နယ်တွင် ကျင်းပပြုလုပ်သည့် ပဲခူးတိုင်းဒေသကြီး ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတက်ရောက်ခဲ့ပါသည်။
- (၂၂.၁.၂၀၂၀)ရက်နေ့နှင့် (၂၃.၁.၂၀၂၀)ရက်နေ့တို့တွင် အခြေခံစစ်တမ်းကောက်ယူနိုင်ရေး အတွက် ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါသည်။
- (၂၅.၁.၂၀၂၀) ရက်နေ့တွင် ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့တွင် ကျင်းပပြုလုပ်သည့် (၅၆) ကြိမ်မြောက် ကရင်ရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များတက်ရောက်ခဲ့ပါသည်။
- (၂၉.၁.၂၀၂၀) ရက်နေ့တွင် တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် လည်းကောင်း၊ (၃၀.၁.၂၀၂၀)ရက်နေ့တွင် တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာ စီမံ

ခန့်ခွဲမှုဦးစီးဌာနညွှန်ကြားရေးမှူးတို့နှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးအတွင်း အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးခဲ့ပါသည်။

- (၃.၂.၂၀၂၀)မှ (၅.၂.၂၀၂၀)ရက်နေ့အထိ ပဲခူးခရိုင်အတွင်းရှိ တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံဆွေးနွေးရန်နှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့် နည်းဥပဒေများ အသိပညာပေးဆွေးနွေးရန်အတွက် ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါသည်။
- (၉.၂.၂၀၂၀) ရက်နေ့တွင် ထန်းတပင်မြို့နယ်၊ ကင်းမွန်းချုံဒေသတွင် ကျင်းပပြုလုပ်သည့် (၇၃)ကြိမ်မြောက်မွန်အမျိုးသားနေ့အခမ်းအနားသို့ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။
- (၁၈.၂.၂၀၂၀)ရက်နေ့တွင် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ တိုင်းဒေသကြီး တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ တိုင်းဒေသကြီးတိုင်းရင်းသားအခွင့်အရေးများကာကွယ် စောင့်ရှောက်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများ၊ ပဲခူးခရိုင် တိုင်းရင်းသားစာပေ ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌများနှင့်တွေ့ဆုံ၍ TA/LA ခန့်အပ်ခြင်း၊ တိုင်းရင်းသားစာပေ သင်ကြားမှုအခြေအနေများနှင့် ပတ်သက်၍မေးမြန်းဆွေးနွေးခဲ့ပါသည်။
- (၂၀.၂.၂၀၂၀)ရက်နေ့တွင် ကျောက်တံခါးမြို့နယ်၊ စစ်ဗိုလ်ကြီးကျေးရွာနှင့် အုတ်ဖိုမြို့နယ်၊ ဝင်းသရက်ကျေးရွာများတွင် ကျင်းပပြုလုပ်သည့် (၇၂)ကြိမ်မြောက် ချင်းအမျိုးသားနေ့ ပွဲတော်အခမ်းအနားသို့ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များတက်ရောက် ခဲ့ပါသည်။
- (၂၁.၂.၂၀၂၀)ရက်နေ့တွင် ကျောက်တံခါးမြို့နယ်၊ ကင်မွန်းအင်းကျေးရွာအုပ်စု၊ သပြေတန်း (ပအိုဝ်း)ကျေးရွာတွင် ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံ၍ ဥပဒေအသိပညာပေး ဆွေးနွေးခြင်းနှင့် အခြေခံစစ်တမ်းကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။
- (၂၂.၂.၂၀၂၀)ရက်နေ့တွင် တောင်ငူမြို့၊ ဆောထီသော အသင်းတော်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တောင်ငူမြို့နယ် တိုင်းရင်းသား စကောကရင် စာပေသင်ကြားမှုသုံးသပ်ခြင်းနှင့် ဂုဏ်ပြုခြင်းအခမ်းအနားသို့ ကော်မတီ ဝင်များ တက်ရောက်ခဲ့ပါသည်။
- (၄.၃.၂၀၂၀) ရက်နေ့မှ (၆.၃.၂၀၂၀) ရက်နေ့အထိ ပဲခူးမြို့ ကမ္ဘောဇဟာသ်ာဟိုတယ်တွင် ကျင်းပပြုလုပ်သည့် လူမျိုးနွယ်စုများ၊ တိုင်းရင်းသားဝိသေသများကို ဆန်းစစ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များတက်ရောက်ခဲ့ပါသည်။
- (၈.၃.၂၀၂၀) ရက်နေ့တွင် ထန်းတပင်မြို့နယ်၊ ကြံခင်း-သပြေကွင်းကျေးရွာတွင် ကျင်းပ ပြုလုပ်သည့် (၇၁)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနားသို့ ကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များတက်ရောက်ခဲ့ပါသည်။

- (၁၀.၃.၂၀၂၀) ရက်နေ့မှ (၁၃.၃.၂၀၂၀) ရက်နေ့အထိ တိုင်းရင်းသားအသိပညာပေး ဥပဒေဆွေးနွေးပွဲလုပ်ငန်းစဉ်များ ပြန်လည်ညှိနှိုင်းသုံးသပ်ခြင်းနှင့် အခြေခံအချက်အလက် စစ်တမ်းများပြန်လည်စိစစ်ခြင်းများဆောင်ရွက်ရန် ကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါသည်။
- (၂၂.၆.၂၀၂၀) ရက်နေ့မှ (၂၆.၆.၂၀၂၀) ရက်နေ့အထိ တိုင်းဒေသကြီး တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဘောဂဗေဒနှင့်ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံ၍ ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းများနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းဆွေးနွေးခဲ့ပါသည်။
- (၂.၇.၂၀၂၀) ရက်နေ့တွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးဆိုင်ရာ ကော်မတီနှင့် ပူးပေါင်းအစည်းအဝေးကျင်းပ၍ တိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းပညာရေးမှူးရုံးမှ တာဝန်ရှိသူများ ဖိတ်ကြား၍ တိုင်းရင်းသား စာပေသင်ကြားမည့် အစီအမံများနှင့် TA/LA ခန့်အပ်ထားခြင်း ကိစ္စရပ်များအား ဆွေးနွေး မေးမြန်းခဲ့ကြပါသည်။
- (၃.၇.၂၀၂၀) ရက်နေ့တွင် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌအား ဖိတ်ကြား၍ တိုင်းရင်းသားမဲဆန္ဒရှင်များ စာရင်းပြုစုထားမှုအခြေအနေများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။
- (၆.၇.၂၀၂၀) ရက်နေ့မှ (၈.၇.၂၀၂၀) ရက်နေ့ထိ (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းမည့် ကော်မတီအစီရင်ခံစာရေးသားအတည်ပြုခြင်းဆောင်ရွက်ခဲ့ပါသည်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏တွေ့ရှိချက်များ**

တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ လေ့လာတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- တိုင်းရင်းသားများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပါအခွင့်အရေး၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍သိရှိနားလည်သူနည်းပါးကြောင်းတွေ့ရှိရပါသည်။
- စစ်တမ်းကောက်ယူချက်များအရ အခြေခံစီးပွားရေးအနေဖြင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာနှင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးကြောင်းတွေ့ရှိရပါသည်။
- စစ်တမ်းကောက်ယူချက်များအရ ဒေသအတွင်းဆေးပေးခန်းလိုအပ်ခြင်း၊ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲမှုများရှိခြင်းကြောင့် ကျန်းမာရေးစောင့်ရှောက်မှုခက်ခဲကြောင်း တွေ့ရှိရပါသည်။

- တိုင်းရင်းသားဒေသများတွင် လျှပ်စစ်မီးရရှိရန်ခက်ခဲကြောင်း စစ်တမ်းကောက်ယူချက်များအရ ၄၅.၇၅ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။
- တိုင်းရင်းသားများ၏ မျိုးနွယ်စုအမည်များ နိုင်ငံသားစိစစ်ရေးကတ်ပြားပါ အမည်များလွဲမှားသည်ကိုတွေ့ရှိရပါသည်။
- တိုင်းရင်းသားဒေသများတွင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် လမ်းပန်းဆက်သွယ်ရေး/ရေကောင်းရေသန့်ရရှိရေး၊ လျှပ်စစ်မီးရရှိရေးမြှင့်တင်ပေးရန် လိုအပ်ကြောင်းတွေ့ရှိရပါသည်။
- တိုင်းရင်းသားများအနေဖြင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်နိုင်မှုနည်းပါးကြောင်းတွေ့ရှိရပါသည်။
- စစ်တမ်းကောက်ယူချက်များအရ စက်ချုပ်သင်တန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများမှ ဝင်ငွေတိုးမြှင့်စေခြင်းဆိုင်ရာ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးစေလိုကြောင်းတွေ့ရှိရပါသည်။
- တိုင်းရင်းသားမျိုးနွယ်စုများနှင့် ဝေးလံသောဒေသမှ လူငယ်များကို အထူးအလေးပေးရန်လူငယ်ရေးရာမူဝါဒတွင် ထည့်သွင်းရေးဆွဲထားသည်ကိုသိရှိသူ (၁၆) ရာခိုင်နှုန်းခန့်သာရှိသဖြင့် သိရှိသူနည်းပါးကြောင်းတွေ့ရှိရပါသည်။
- အချို့ဒေသအတွင်း စီမံကိန်းများဆောင်ရွက်မှုရှိသော်လည်း ကြိုတင်ချပြ၍ ကတိကဝတ်ပြုဆောင်ရွက်မှုနည်းပါးကြောင်းတွေ့ရှိရပါသည်။
- တိုင်းရင်းသားစာပေ သင်ကြားမှုနှင့်ပတ်သက်၍ ဆရာ/ဆရာမများ နုတ်ထွက်မှု အခြေအနေများတွင် အစားထိုးခန့်အပ်နိုင်မှုမရှိ၍ သင်ကြားရေးတွင် အခက်အခဲရှိသည်ကိုတွေ့ရှိရပါသည်။
- တိုင်းဒေသကြီးအတွင်း ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိခင်ဝိုင်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် ပဲခူးတိုင်းဒေသကြီး(အရှေ့)တွင် (၃)မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး(အနောက်)တွင် (၄)မြို့နယ် ဖွင့်လှစ်ထားနိုင်ကြောင်းတွေ့ရှိရပါသည်။
- တိုင်းဒေသကြီးအတွင်း ရွှေတောင်မြို့နယ်၊ ပန်းတောင်းမြို့နယ်၊ သနပ်ပင်မြို့နယ်၊ မိုးညိုမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်တို့တွင် Cyclone Shelter ရှိကြောင်းတွေ့ရှိရပါသည်။
- တိုင်းဒေသကြီးအတွင်း မင်းလှမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ရေတာရှည်မြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ညောင်လေးပင်မြို့နယ်နှင့် ရွှေကျင်မြို့နယ်များတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာရန်ပုံငွေမှ စက်ရေတွင်း၊ အိမ်သာ၊ ရေတံကင်တူးဖော်ပေးမှုလုပ်ငန်းများဆောင်ရွက် ပေးထားကြောင်းတွေ့ရှိ ရပါသည်။

- တိုင်းဒေသကြီးအတွင်း သနပ်ပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်နှင့် သာယာဝတီမြို့နယ်တို့တွင် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာရန်ပုံငွေမှ တံတား(၁၃)စင်း တည်ဆောက်ထားရှိကြောင်း တွေ့ရှိရပါသည်။
- တိုင်းဒေသကြီးအတွင်း ညောင်လေးပင်မြို့နယ်၊ မိုးညိုမြို့နယ်၊ ရေတာရှည်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်များတွင် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာရန်ပုံငွေမှ လမ်း(၇)ခု ဆောင်ရွက်ပေးထားကြောင်းတွေ့ရှိရပါသည်။
- တိုင်းဒေသကြီးအတွင်း ကျောက်တံခါးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ထန်းတပင်မြို့နယ်နှင့် ပဲခူးမြို့နယ်တို့တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာရန်ပုံငွေမှ ပန်းတာ၊ မြေထိန်းနံရံ၊ ရေလွှဲတန်းနှင့်တာဖို့ပေးခြင်းများတွေ့ရှိရပါသည်။
- တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိက ရပ်ရှင်ရုံ (၁၂)ရုံ ရှိပြီး သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့ (၁)ရုံမှအပ ကျန်ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ပြသမှုလုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်မှုကဏ္ဍများ လုပ်ဆောင်နေကြောင်းတွေ့ရှိရပါသည်။
- Covid-19ကာလအတွင်း တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ online မှပုံပြင်များထုတ်လွှင့်ပေးခြင်းများ ဆောင်ရွက်ကြောင်းတွေ့ရှိရပါသည်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏အကြံပြုချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီမှ အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါသည်-

- တိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်အတန်းမြင့်တက်လာစေရန်နှင့် အသက်မွေးဝမ်းကျောင်းပညာများ ပိုမိုတတ်မြောက်လာစေရန် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမှ ဝင်ငွေတိုးမြှင့်စေခြင်းဆိုင်ရာ နည်းပညာပေးသင်တန်းများဖွင့်လှစ်သင်ကြားပေးရန်လိုအပ်ပါသည်။
- တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများပိုမိုသိရှိနားလည်လာစေရန် ပညာပေးဟောပြောခြင်းများ ယခုထက်ပိုမိုဆောင်ရွက်ရန်လိုအပ်ပါသည်။
- တိုင်းရင်းသားလူမျိုးများ၏ ဒေသများတွင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ရေကောင်းရေသန့်ရရှိရေးလုပ်ငန်းများ ပိုမိုလျာထား ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။
- တိုင်းရင်းသားလူမျိုးများ၏အမည်၊ လူမျိုး၊ မှားယွင်းနေခြင်းများ ပြင်ဆင်မှုဆောင်ရွက်နိုင်ရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်။
- အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်ပါက တိုင်းရင်းသားလူမျိုးများပါ သိရှိတက်ရောက်နိုင်ရေး ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

- တိုင်းရင်းသားဘာသာရပ်သင် ဆရာ/ဆရာမများ ခန့်အပ်မှု၊ အစားထိုးပြောင်းလဲမှု လုပ်ငန်းစဉ်များ မြန်ဆန်ချောမွေ့စေရေး အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်းတင်ပြဆောင်ရွက်ရန် လိုအပ်ပါသည်။
- တိုင်းဒေသကြီးအတွင်း ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိခင်ဝိုင်းလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ရန် လိုအပ်ပါသည်။
- ရုပ်ရှင်ပြသရေးလုပ်ငန်းများ ဆောင်ရွက်မှုမရှိသေးသည့် သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့ ရုပ်ရှင်ရုံနှင့်ပတ်သက်၍ ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။
- တိုင်းဒေသကြီးအတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေမှဆောင်ရွက်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဘေးအန္တရာယ်လိုအပ်ချက်များ တိုင်းရင်းသားများ၏ အသံများ နားထောင်၍ သဘောထားများ ရယူသွားပါမည်။
- ဒေသအတွင်းရှိ တိုင်းရင်းသားများ၏ အခွင့်အရေးများ၊ ပြဿနာများကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီကို ဆက်သွယ်တင်ပြအကူအညီတောင်းနိုင်ကြောင်းကို ကျယ်ကျယ်ပြန့်ပြန့်သိစေရန် ကွင်းဆင်းဆောင်ရွက်ရန်လိုအပ်ပါသည်။
- တိုင်းရင်းသားလူမျိုးများအပေါ်တွင် အလေးထားဂရုစိုက်ကြောင်းသိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားအခွင့်အရေးများနှင့် ပတ်သက်သော ဥပဒေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခြင်းဖြင့် တိုင်းရင်းသားများအပေါ် နိုင်ငံတော်၏ အလေးထားမှု၊ ဂရုစိုက်မှုများကိုသိစေရန်လိုအပ်ပါသည်။

**ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များ**

တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ ဆောင်ရွက်ရန်ကျန်ရှိသော လုပ်ငန်းများ ဆောင်ရွက်သင့်သည့်ကိစ္စရပ်များနှင့် အရေးကြီးလုပ်ငန်းစဉ်များကျန်ရှိမှုမဖြစ်စေရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်-

- ကော်မတီသည် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များရှိ ကျေးရွာများသို့ ကွင်းဆင်းလေ့လာမှုများပြုလုပ်ပြီး တိုင်းရင်းသားလူမျိုးများ၏ဒေသန္တရလိုအပ်ချက်များ၊ တိုင်းရင်းသားများ၏ အသံများနားထောင်၍ သဘောထားများရယူသွားပါမည်။
- ကော်မတီသည် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်သည့်အခါများတွင် တိုင်းရင်းသားများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ရပိုင်ခွင့်များအား အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်သွားပါမည်။

- ကော်မတီသည် တိုင်းရင်းသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူမှုရေး အခက်အခဲများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊ လွှတ်တော်သို့ တင်ပြခြင်းများ ဆောင်ရွက်သွားပါမည်။
- ကော်မတီသည် တိုင်းရင်းသားများ၏ အရေးကိစ္စရပ်များနှင့် ပတ်သက်၍ စီမံကိန်းရေးဆွဲခြင်း၊ ရသုံးခန့်မှန်းခြေငွေစာရင်းများရေးဆွဲခြင်း၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။
- ကော်မတီသည် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနတို့နှင့် ပူးပေါင်း၍ တိုင်းရင်းသားတို့၏ ဥပဒေပါ အခွင့်အရေး၊ ရပိုင်ခွင့်၊ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံ၊ ပွဲတော်များကို ပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်သွားပါမည်။
- ပဲခူးတိုင်းဒေသကြီးအတွင်းတွင် နေထိုင်လျက်ရှိသော တိုင်းရင်းသားပေါင်းစုံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးဆိုင်ရာများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်များနှင့်အညီ အစွမ်းကုန် ကူညီဆောင်ရွက်သွားပါမည်။

**နိဂုံး**

တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်၊ ခွင့်ပြုချက်များနှင့်အညီ တိုင်းရင်းသားလူမျိုးများအားလုံး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ အင်အားတစ်ခုအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၂၂.၇.၂၀၂၀)ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)ကို (၁၁:၃၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)

ကို ၂၀၂၀ပြည့်နှစ် ဇူလိုင်လ(၂၂)ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ဒုတိယနေ့ မှတ်တမ်း
# ၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၃ ရက်
# ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၂၂ ရက်
# (ဗုဒ္ဓဟူးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို နံနက် (၁၀း၀၀)နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦး ရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၆ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၆.၈၄ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက် တဲ့လွှတ်တော် ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ ခုနှစ် ပဲခူး တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေး အထမြောက် ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ၄(ခ)အရ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင် သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော် အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန]၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး [ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]၊ အုတ်ဖိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ညွန့်ညွန့်ဌေး [ဝန်ကြီး၊ လူမှုရေး ဝန်ကြီးဌာန]၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်လွင်၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအေးဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲဝင်းထွန်းနှင့် ဗိုလ်မှူးအောင်ကျော်မိုး

တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၂၂.၇.၂၀၂၀)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့ (၁၀)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၇၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၀)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု လွှတ်တော်ကိုယ်စားလှယ် (၆)ဦးက မေးမြန်းသည့် မေးခွန်း(၈)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“သဲကုန်းမြို့နယ်အတွင်း Golf Course ပြုလုပ်ရန်အလို့ငှာ တပ်မတော်မှ မြေလွတ် မြေရိုင်း ကေ (၅၀၀) လျှောက်ထားသည့်ကိစ္စကို အစိုးရအဖွဲ့မှ စိစစ်သုံးသပ်၍ မြေလွတ် မြေရိုင်း လုပ်ပိုင်ခွင့်ချပေးခြင်းမပြုစေရေး”**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **“(၂)နှစ်ကျော်ကြာ စိစစ်ဆောင်ရွက်ပေးခြင်းမရှိသော လယ်/စီအမှုကို အမြန်ဆုံး စစ်ဆေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ သဲကုန်းမြို့နယ်အတွင်း တပ်မတော် တပ်ရင်းတပ်ဖွဲ့တစ်ခုဖြစ်သော တပ်မ(၆၆)မှ ရေပြာစမ်းဂေါက်ကွင်း အမှုတွဲအမည်ဖြင့် (၂၀၁၇)ခုနှစ်တွင် မြေလွတ်မြေရိုင်းလျှောက်ထားခဲ့ပါသည်။ ယခု (၂၀၂၀)နှစ်ဝက်တွင် မြေလွတ်မြေရိုင်းလုပ်ပိုင်ခွင့်ရရှိရေး မြေနေရာကွင်းဆင်းကြည့်ရှုခြင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ စိစစ်စေ ခြင်းများ ဆောင်ရွက်လာသည်ကို တွေ့ရှိရပါသည်။

လျှောက်ထားသည့်တည်နေရာမှာသဲကုန်းမြို့နယ်၊ ကျေးသားအုပ်စုနှင့် တံခွန်တိုင်ကျေးရွာအုပ်စု များ အနောက်ဘက်တွင်ဖြစ်၍ လျှောက်ထားသည့်ကေမှာ(၅၀၀)ဖြစ်ပါသည်။

နိုင်ငံတကာဂေါက်ကွင်းများ၏အကျယ်အဝန်းမှာ-

(၁) (၁၈)ကျင်း၊ ပါ (၇၂)၊ ၁၄၀ ကေမှ ၁၈၀ ကေ

(၂) (၉)ကျင်း၊ ပါ (၃၅)၊ ၇၀ကေမှ ၉၀ကေ

ကမ္ဘာ့ထိပ်တန်းဂေါက်ကွင်း(၂)ခု၏အကျယ်အဝန်းမှာ-

(၁) Pine Valley ဂေါက်ကွင်းနယူးဂျာစီပြည်နယ်
ပါ(၇၀)၊ အရှည် (၇၁၈၁)ကိုက်၊ အကျယ် (၁၄၈)ကေ

(၂) Cypress point ဂေါက်ကွင်းကယ်လီဖိုးနီးယားပြည်နယ်
ပါ(၇၂)၊ အရှည် (၆၅၂၄)ကိုက်၊ အကျယ် (၁၃၅)ကေ

မြေလွတ်မြေရိုင်း လျှောက်ထားရာတွင် စိစစ်ရမည့် စည်းကမ်းကန့်သတ်ချက်များတွင် “အမှန် တကယ်လိုအပ်သည့် မြေပမာဏကိုသာ”ဟူ၍ ဖော်ပြပါသည်။

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ (၅)(စ)တွင်မြေယာမဲ့ နိုင်ငံသားများ အတွက်ဟူသောပြဋ္ဌာန်းချက် ထည့်သွင်းထားသော်လည်း ယခုကဲ့သို့ဌာနဆိုင်ရာ အဖွဲ့အစည်းတစ်ခုမှ ကေများစွာဦးယူလျှောက်ထားလာခြင်းကို စိစစ်သုံးသပ်၍ ပယ်ဖျက်နိုင်ရေးအတွက်မေးမြန်းအပ်ပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။သဲကုန်းမြို့နယ်၊ ကြို့ကုန်း ကျေးရွာအုပ်စု၊ ရှမ်းတောကျေးရွာနေဦးပိုက်တင်မှ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ မူလ မှုခင်းဖွင့်လှစ်ပေးရန် တင်ပြတိုင်ကြားထားသည်မှာ(၂)နှစ်ကျော် ကြာမြင့်သည့်တိုင် စစ်ဆေးဆောင်ရွက်

ပေးခြင်းမရှိပါ။ ဦးပိုက်တင်မှ (၁၇.၅.၂၀၁၈)တွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ထံ ထပ်မံတင်ပြ တိုင်ကြားခဲ့ပါသည်။ မြို့နယ်လယ်စီမှ စာအမှတ် (၀၁၉/မြို့နယ် (လယ်-စီ)(၂၀၁၈)ဖြင့် ကျေးရွာအုပ်စု လယ်/စီကို စစ်ဆေးတင်ပြရန် စာထုတ်အကြောင်းကြားခဲ့သော်လည်း ယနေ့တိုင် စစ်ဆေးမှုမရှိပါ။ တိုင်ကြားသူမှာ(၆.၁၂.၂၀၁၉)တွင် ကျေးရွာလယ်စီဥက္ကဋ္ဌထံသို့ ထပ်မံတိုင်ကြားခဲ့ပါသည်။ (၂၇.၆.၂၀၂၀) ရက်နေ့ ဝန်ကြီးချုပ်၏ သဲကုန်းမြို့နယ်ခရီးစဉ်တွင် တိုင်စာပေးပို့တင်ပြခဲ့ပါသည်။ သို့ဖြစ်ပါ၍ အမြန်ဆုံး စစ်ဆေးနိုင်ရေး မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်လင်းထိုက် မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“သဲကုန်းမြို့နယ်အတွင်း Golf Course ပြုလုပ်ရန်အလို့ငှာ တပ်မတော်မှ မြေလွတ် မြေရိုင်းဧက (၅၀၀) လျှောက်ထားသည့်ကိစ္စကို အစိုးရအဖွဲ့မှ စိစစ်သုံးသပ်၍ မြေလွတ်မြေရိုင်း လုပ်ပိုင်ခွင့်ချပေးခြင်းမပြုစေရေး”**နှင့်စပ်လျဉ်း၍ သဲကုန်းမြို့နယ်၊ ကျေးသားကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၃၅)အတွင်း မြေလွတ်မြေရိုင်း ဧရိယာ(၁၅.၄၀)ဧက၊ တံခွန်တိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၄၀)အတွင်း ဧရိယာ(၃၆၅.၀၁)ဧက၊ ကွင်းအမှတ်(၉၄၁-A)အတွင်း မြေလွတ်မြေရိုင်း ဧရိယာ(၁၃၀.၃၅)ဧက၊စုစုပေါင်း မြေလွတ်မြေရိုင်း (၅၁၀.၇၆)ဧကအား အမှတ်(၆၆)၊ ခြေမြန်တပ်မဌာနချုပ်မှ ရေပြာစမ်းဂေါက်ကွင်းမြေနေရာအဖြစ် အသုံးပြုရန် အစိုးရက ခွင့်ပြုသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ပုံစံ(၄)ဖြင့်လျှောက်ထားသည့် မြေဖြစ်ပါသည်။

ရေပြာစမ်းဂေါက်ကွင်းမြေနေရာအဖြစ် အသုံးပြုရန် လျှောက်ထားမှုနှင့်ပက်သက်၍ ပဲခူးတိုင်းဒေသကြီး မြေလွတ်မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ၏ (၂၁.၃.၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) ဆုံးဖြတ်ချက်အပိုဒ် (၃၄)(ဌ)အရ “အမှတ်(၆၆)၊ ခြေမြန်တပ်မဌာနချုပ်မှ ရေပြာစမ်း ဂေါက်ကွင်းမြေနေရာအဖြစ် လျှောက်ထားမှုနှင့် ပက်သက်၍ မြို့နယ်/ခရိုင် မြေလွတ်မြေရိုင်း ကွင်းဆင်းစိစစ်ရေးအဖွဲ့များ၏ သဘောထားမှတ်ချက်ရယူပြီး မြေယာပြဿနာအရှုပ်အရှင်းမရှိပါကဗဟိုကော်မတီသို့ ဆက်လက်ထောက်ခံတင်ပြသွားရန်နှင့် မြေယာပြဿနာအရှုပ်အရှင်းရှိပါက အထူးအဖွဲ့ဖြင့် စိစစ်ဆောင်ရွက်နိုင်ရေး ဗဟိုကော်မတီသို့ ဆက်လက်တင်ပြသွားရန်” ဆုံးဖြတ်ခဲ့ပါသည်။

အဆိုပါကိစ္စနှင့်ပက်သက်ပြီး မြို့နယ်/ခရိုင် မြေလွတ်မြေရိုင်း ကွင်းဆင်းစိစစ်ရေးအဖွဲ့များမှ မြေယာပြဿနာအရှုပ်အရှင်းမရှိကြောင်း သဘောထားမှတ်ချက်ပြု တင်ပြလာမှုအပေါ် ပဲခူးတိုင်းဒေသကြီး မြေလွတ်မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ၏ဆုံးဖြတ်ချက်အရ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြနိုင်ရန် ပဲခူးတိုင်းဒေသကြီးမြေလွတ်မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီမှ (၂၈.၄.၂၀၂၀)

ရက်စွဲပါစာအမှတ်-၁၂၈/ မြေလွတ်မြေရိုင်း/ ၂၀၁၉-၂၀၂၀ဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် သဘောထားမှတ်ချက်ပြုပေးနိုင်ပါရန် အမှုတွဲအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးပို့ထားပြီးဖြစ်ပါကြောင်းနှင့် လျှောက်ထားမှုနှင့်ပက်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်အား ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းရှင်းလင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“(၂)နှစ်ကျော်ကြာ စိစစ်ဆောင်ရွက်ပေးခြင်းမရှိသော လယ်/စီအမှုကို အမြန်ဆုံး စစ်ဆေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့်စပ်လျဉ်း၍ သဲကုန်းမြို့နယ်၊ကြို့ကုန်းကျေးရွာအုပ်စု၊ ရှမ်းတောကျေးရွာ၊ ကွင်းအမှတ်(၇၆၂)၊ ရွာသာလှကွင်း၊ ဦးပိုင်အမှတ်(၁၁၈/၂)၊ ဧရိယာ(၃.၈၈)ဧကရှိ ဦးပိုက်တင်၏လယ်မြေပေါ်တွင် ဦးလှချစ်တို့မှ မတရားဝင်ရောက်လုပ်ကိုင်နေမှုအပေါ်တားမြစ်ပေးပါရန် (၁၀.၅.၂၀၁၈)ရက်နေ့တွင် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ကြို့ကုန်းကျေးရွာအုပ်စုသို့ တိုင်ကြားခြင်းကိစ္စနှင့်ပတ်သက်၍ ရပ်ကွက်/ကျေးရွာအုပ်စုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ (၁၈.၅.၂၀၁၈)ရက်နေ့တွင် တိုင်ကြားသူ ဦးပိုက်တင်နှင့် တိုင်ကြားခံရသူ ဦးလှချစ်တို့အား စိစစ်၍ ထွက်ဆိုချက်များရယူခဲ့ပါသည်။

ကြို့ကုန်းကျေးရွာအုပ်စု၊ ရှမ်းတောကျေးရွာနေဦးပိုက်တင်၏ (၁၇.၅.၂၀၁၉)ရက်စွဲပါ တင်ပြစာနှင့်ပက်သက်၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌမှ (၅.၆.၂၀၁၈)ရက်စွဲပါ စာအမှတ်-၀၁၉/ မြို့နယ်(လယ်/စီ)(၂၀၁၈)ဖြင့် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌသို့ လယ်ယာမြေဥပဒေ ပုဒ်မ-၂၂ အရ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ မူလမြေယာမှုခင်းဖွင့်လှစ်ထားပါသော်လည်း အငြင်းပွားမှုကို အချိန်နှင့်တပြေးညီ စစ်ဆေးဆောင်ရွက်ပေးမှုမရှိသည့်အပေါ် (၁၁.၆.၂၀၁၈)ရက်နေ့အရောက်(မပျက်မကွက်) ပြန်လည်တင်ပြသွားရန် အကြောင်းကြားထားသော်လည်း ရပ်ကွက်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ စစ်ဆေးမှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

ကြို့ကုန်းကျေးရွာအုပ်စု၊ ရှမ်းတောကျေးရွာနေ ဦးပိုက်တင်၏ (၆.၁၂.၂၀၁၉)ရက်စွဲပါ တင်ပြတိုင်ကြားစာနှင့်ပက်သက်၍ ဦးပိုက်တင်မှ ကြို့ကုန်းကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌထံ တင်ပြတိုင်ကြားခဲ့ပါကြောင်း၊ သို့ရာတွင် အမှုအား ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်မှုမရှိကြောင်း တွေ့ရှိရပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ (၁.၄.၂၀၂၀)ရက်စွဲပါ စာအမှတ်-၀၃၀/မြို့နယ်(လယ်/စီ) (၂၀၂၀)ဖြင့် ကြို့ကုန်းကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ (ပထမအကြိမ်) နှိုးဆော် အကြောင်းကြားခဲ့ကြောင်း၊ သို့သော်လည်း ကြို့ကုန်းကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ မူလမှုခင်းဖွင့်လှစ်ပြီး စုံစမ်းစစ်ဆေးမှုမရှိ၍ မြို့နယ်ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ (၈.၇.၂၀၂၀) ရက်စွဲပါ စာအမှတ်-၀၄၉/ မြို့နယ် (လယ်-စီ) (၂၀၂၀)ဖြင့် (ဒုတိယအကြိမ်) ထပ်မံနှိုးဆော် အကြောင်းကြားခဲ့ပါသည်။

မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ နှီးဆော်အကြောင်းကြားမှုအပေါ် ကြို့ကုန်းကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ပြည်လည်တင်ပြရာတွင် တင်ပြတိုင်ကြားသူ ဦးပိုက်တင်သည် (၂၇.၆.၂၀၂၀)ရက်နေ့တွင် ကွယ်လွန်သွားသည့်အတွက် မည်ကဲ့သို့ဆောင်ရွက်ရမည်ကို လမ်းညွှန်မှု ပြုပါရန်တင်ပြလာမှုအပေါ် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ဦးပိုက်တင်နှင့် ပတ်သက်သူဇနီး (သို့မဟုတ်) သား/သမီးနှင့် ဆွေမျိုးသားချင်းတို့မှ မြေယာမှုခင်းအား ဆက်လက်ဖွင့်လှစ်ဆောင်ရွက် သွားနိုင်ပါကြောင်းနှင့် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ အဆိုပါလယ်ယာမြစီမံခန့်ခွဲမှုအဖွဲ့မှ နှီးဆော်အကြောင်းကြားထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ် မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပထမမေးခွန်းနဲ့ ပတ်သက် ပြီးတော့ ဒါကျွန်တော်တို့ ဒီအချိန်ဒီကာလဟာ မြေအရေးကြီးနေတဲ့ ကာလဖြစ်ပါတယ်။ စီးပွားရေး လုပ်ငန်းရှင်တွေအတွက်လည်း မြေလိုနေတယ်။ ရင်းနှီးမြှုပ်နှံသူတွေ လက်လန်သွားတာကလည်း မြေ,ပဲ။ ကျွန်တော်တို့ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒါလိုအပ်နေတာလည်း မြေပါပဲ။ ကျွန်တော်တို့ ဒီအစိုးရ အဖွဲ့အသီးသီးရဲ့ လက်ထဲမှာ စီမံခန့်ခွဲခွင့်ရှိတဲ့ မြေတွေ ရှိနေဖို့ လိုပါတယ်။ ဒါမှ ကျွန်တော်တို့ အဆင်သင့် ဖြစ်မှာပါ။ ကျွန်တော်အခုမေးခွန်းမေးရတာကလည်းပဲ ဒါမြေလွတ်မြေရိုင်းချထားခွင့်မှာကို “အမှန်တကယ် လိုအပ်သော ပမာဏသာလျှင်”ဆိုတာ ပါဝင်ပါတယ်။ နောက်တစ်ချက်ကတော့ တပ်မတော်နဲ့ပတ်သက် ပြီးတော့ ကျွန်တော်တို့ ဒီသဲကုန်းမြို့နယ်အတွင်းမှာ တပ်မတော်က သိမ်းဆည်းထားတဲ့ မြေယာကိစ္စတွေ မှန်သမျှ ဘယ်မြေယာကိစ္စမှ ပြေလည်ခြင်းမရှိသေးပါဘူး။ ဘာမှပြန်လည်စွန့်လွှတ်ခြင်း မရှိပါဘူး။ အဲ့တော့ ဒီလိုအခြေအနေမျိုးမှာ ထပ်ပြီးတော့ ပုံရိပ်ကောင်းတည်ဆောက်နေတဲ့ တပ်မတော်ဟာ ဒီလိုမလိုလား အပ်ပဲနဲ့ ဧကအမြောက်အမြား လျှောက်ထားရယူမယ်ဆိုရင် ပြည်သူ့ကြားမှာ အမှန်တကယ်ပုံရိပ်ကောင်း တည်ဆောက်နိုင်မှာလားဆိုတာ စဉ်းစားသုံးသပ်သင့်ပါတယ်။ ဒါကြောင့် အခုဟာလည်းပဲ ယူတဲ့သူ ကလည်းပဲ ယူချင်နေပြီ။ လှူချင်တဲ့သူကလည်းပဲ လှူချင်နေပြီ။ အဲ့တော့ ကျွန်တော်အနေနဲ့ ဆက်စပ် မေးခွန်း မေးမြန်းလိုတာက ဒါအစိုးရအနေနဲ့ မှန်မှန်ကန်ကန်သုံးသပ်ပြီးတော့ အစိုးရကို တင်ပြထားတယ် လို့ပြောတယ်။ တိုင်းအစိုးရအဖွဲ့နဲ့ မှန်မှန်ကန်ကန်သုံးသပ်ပြီး အမှန်တကယ်လိုအပ်သော ပမာဏကိုသာ ခွင့်ပြုပေးမလားဆိုတာလေးကို ဆက်စပ်မေးခွန်းတစ်ချက်အနေနဲ့ မေးမြန်းချင်ပါတယ်။ နောက်တစ်ချက်က တော့ အဲ့ဒီမြေလွတ်မြေရိုင်းကို ဒေသခံ ကျေးရွာသူ/ကျေးရွာသားတွေ တောင်သူလယ်သမားတွေ လျှောက်ထားလာမယ်ဆိုရင် လက်ခံစဉ်းစားပေးနိုင်မလားဆိုတာ ဒါလေးကို မေးခွန်းနံပတ်(၁)ကို ဆက်စပ်

မေးခွန်းအနေနဲ့ မေးမြန်းချင်ပါတယ်။ နောက်မေးခွန်းနံပတ်(၂)အတွက်ကတော့ ဒါအကြိမ်ကြိမ် ကျွန်တော်တို့ ရပ်/ကျေး လယ်/စီကို သုံးကြိမ်လဲပို့ပြီးသွားပြီ။ အဲ့တော့ ဒီသုံးကြိမ်ကိုမှ စိစစ်ဆောင်ရွက်ပေးခြင်း မရှိဘူးဆိုရင် ရပ်/ကျေး လယ်/စီအဖွဲ့ကို မည်သို့မည်ပုံ အရေးယူဆောင်ရွက်မယ်ဆိုတာလေး ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းချင်ပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ဦးဇော်လင်းထိုက် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ အမှတ်စဉ်(၂)တို့နှင့် စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်တို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇော်လင်းထိုက် မေးမြန်းသည့်မေးခွန်းအမှတ်စဉ် ၅(က) (၁)ရဲ့ ဆက်စပ်မေးခွန်းကတော့ အစိုးရအနေနဲ့ မှန်မှန်ကန်ကန်သုံးသပ်ပြီး အမှန်တကယ်လိုအပ်မှုကိုသာ စိစစ်ခွင့်ပြုမလားဆိုတဲ့ မေးခွန်းလို့ ထင်ပါတယ်။ ကျွန်တော်တို့ ဒီလျှောက်ထားလာတဲ့ မြေဧကဟာ တိုင်းဒေသကြီးမြေလွတ်မြေလပ်နဲ့ မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီကတော့ ကျွန်တော်တို့ကို ဗဟိုကော်မတီကို ဆက်လက်စိစစ်နိုင်ဖို့ အတွက် ကျွန်တော်တို့ ထောက်ခံပေးထားပြီးဖြစ်ပါတယ်။ အဲ့ဒီထောက်ခံချက်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်းပဲ ကျွန်တော်တို့ သဘောထားရယူဖို့ တင်ပြထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်အား ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားထားတာဖြစ်တဲ့အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ သဘောထားမှတ်ချက်ဖြင့် ဥပဒေနှင့်အညီသာ ဆက်လက်ပြီးတော့ တင်ပြဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ နောက်ဒုတိယတစ်ချက်ကတော့ ရပ်/ကျေး လယ်/စီအဖွဲ့ကို ဘယ်လိုအရေးယူမလဲဆိုပြီးတော့ တင်ပြတဲ့ထပ်ဆင့်မေးခွန်းလို့ ကျွန်တော်မှတ်ယူပါတယ်။ အဲ့တော့ ဒီမှာကျွန်တော်တို့ ဒီလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဟာ ၂၀၁၂ လယ်ယာမြေဥပဒေအရ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှု အဆင့်ဆင့်တိုင်းမှာ ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်။ အဲ့တော့ ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့အပေါ်မှာ ကျွန်တော်တို့ စိစစ်ဆောင်ရွက်အရေးယူမှု ကျွန်တော်တို့ အမှုတွဲဖွင့်လှစ်ပေးမှုမရှိတဲ့အပေါ်မှာ အနီးစပ်ဆုံးဖြစ်တဲ့ ကျွန်တော်တို့ မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့က ကျွန်တော်တို့ နှိုးဆော်စာများအကြောင်းကြားပြီးတော့ ထုတ်ပြန်ထားပြီးတဲ့နောက်မှာ အမှန်တကယ်စိစစ်ဖို့ ဆောင်ရွက်လိုက်တဲ့အချိန်ကျတော့ တင်ပြတိုင်ကြားထားတဲ့ ကာယကံရှင် ဦးပိုက်တင်ဟာ ကွယ်လွန်သွားတာဖြစ်တဲ့အတွက် ဆက်လက်ပြီး သူနဲ့ပတ်သက်တဲ့ ဇနီး(သို့)သားသမီး၊ ဆွေမျိုးသားချင်းတို့ကို မြေယာမှုခင်းအရ ဆက်လက်ဖွင့်လှစ်ဆောင်ရွက်သွားနိုင်ပါကြောင်း အကြောင်းပြန်ကြားထားတာဖြစ်တဲ့အတွက် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကနေပြီးတော့မှ ဆက်လက်ပြီး အမှုတွဲကို စိစစ်ဆောင်ရွက်ပြီးတော့ တာဝန်ရှိတဲ့ သားသမီးဇနီးတွေကို လယ်ယာမြေဥပဒေနှင့်အညီ

ဆက်လက်ပြီးတော့ စိစစ်ဆောင်ရွက်သွားဖို့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ အကြောင်းကြားထားပြီးပါကြောင်း ဖြေကြားပြီးဖြစ်တဲ့အတွက် ရပ်/ကျေးလယ်/စီအဖွဲ့ကနေပြီးတော့ ဆက်လက်ပြီး စိစစ်သွားနိုင်ဖို့အတွက် တွန်းအားပေးဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာဖြင့်ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ "ခွင့်ပြုသွားမလား"ဆိုတဲ့ ဆက်စပ်မေးခွန်းနံပါတ်(၁)အတွက် ကျန်သွားပါတယ်။

**ဥက္ကဋ္ဌ။** ။ဒေသခံများက လျှောက်ထားလာပါက စီမံခန့်ခွဲပြီး ချထားနိုင်ခြင်း ရှိ/မရှိ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ အဲ့ဒါကတော့ မြေလွတ်မြေလပ်ဥပဒေနှင့်အညီ စိစစ်ပေးပါ့မယ်။ ဥပဒေအတိုင်းပဲ ဆောင်ရွက်ပေးပါ့မယ်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ညောင်လေးပင်မြို့နယ်၊ ထင်းကုန်းကျေးရွာအုပ်စုအတွင်းရှိ လယ်သမား(၅၄)ဦး လုပ်ကိုင်ဆောင်ရွက်ခဲ့သော လယ်ယာမြေများအား လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ရရှိရေး အမြန်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"မူလက စားကျက်မြေဖြစ်ခဲ့သော်လည်း ၁၉၉၃ ခုနှစ် စားကျက်မြေလက်ကျန်ဇယား စာရင်းများ ပြန်လည်တင်ပြရာ၌ စားကျက်ပယ်ဖျက်ထားခြင်း အမိန့်အမှတ်၊ ရက်စွဲစသည့် ခိုင်လုံသော အထောက်အထားမရှိဘဲ အင်းချောင်ကျေးရွာ အုပ်စုကွင်းအမှတ် (၂၀၇) တံတားကြီးကွင်းစားကျက်အား စားကျက်စာရင်းမှ ချန်လှပ်ခဲ့မှုကို ပြန်လည်စစ်ဆေး ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ထင်းကုန်းကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ် (၃၈၆-က)၊ ကော့ပရိန်းကွင်း၌ ၁၉၈၈ခုနှစ်မတိုင်မီ ပြည်သူ့ကောင်စီလက်ထက်မှစ၍ မြေရိုင်းများအားခုတ်ထွင်ရှင်းလင်းပြီး လယ်မြေများအဖြစ်ဖော်ထုတ်စိုက်ပျိုးလာခဲ့သည်မှာ လက်ရှိအချိန်ထိပင်ဖြစ်ပါသည်။

ယနေ့အချိန်အထိ စုံစမ်းသိရှိရသည်မှာ ထိုလယ်သမား (၅၄)ဦးအား မြေလွတ်မြေရိုင်း လုပ်ကိုင်ခွင့်လျှောက်ထားစေပြီး လျှောက်ထားသည့်အမှုတွဲအားလည်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြထားပြီး ဖြစ်သည်ဟုသိရှိရပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ထင်းကုန်းကျေးရွာအုပ်စုအတွင်းရှိ လယ်သမား(၅၄)ဦး လုပ်ကိုင်ဆောင်ရွက်ခဲ့သော လယ်မြေများအားလယ်ယာမြေ လုပ်ပိုင်ခွင့်ပုံစံ(၇)ရရှိရေး အမြန်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းပါသည်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်၌ ဌာနဆိုင်ရာများအား စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဟု လမ်းညွှန်မှုကြောင့် ညောင်လေးပင်မြို့နယ်အတွင်းရှိ ထွေ/အုပ်၊ မြေ/စာရင်း၊ သ/မ၊ မွေး/ကု၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်း စသည့်ဦးစီးဌာနများမှ တာဝန်ရှိသူများအနေဖြင့် အင်းချောင်ကျေးရွာအုပ်စု အင်းကပ္ပလိတ်ကျေးရွာအနီးရှိ ကွင်းအမှတ် (၂၀၇)တားကြီးကွင်းရှိ စားကျက်မြေများပေါ်၌ ထိုအချိန်က ဌာနတာဝန်ရှိသူများအမည်ဖြင့် ငါးမွေးကန်လိုင်စင်များ လျှောက်ထားဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ ဆောင်ရွက်ခဲ့သော်လည်း ၂၀၁၀ခုနှစ် နောက်ပိုင်းတွင် ဌာနဆိုင်ရာ အသီးသီးအား ယခင်ရယူဆောင်ရွက်ခဲ့သောမြေများအား ပြန်လည်စွန့်လွှတ်ရမည်ဟု ညွှန်ကြားခဲ့သော်လည်း မူလစားကျက်မြေဖြစ်နေခြင်းကြောင့် ထိုအချိန်က မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများအနေဖြင့် ရည်ရွယ်ချက်ရှိရှိ စားကျက်မြေစာရင်းမှ ဖယ်ဖျောက်ထားခဲ့ဟုယူဆရပါသည်။

ယခုအခါ ထိုငါးကန်မြေနေရာများအား အရောင်းအဝယ်များလည်းပြုလုပ်နေသည်ဟု ကြားသိနေရပါသဖြင့် မလိုလားအပ်သောနောက်ဆက်တွဲ ပြဿနာများမဖြစ်ပေါ်စေရေးနှင့် ဒေသခံပြည်သူများ၏ လိုအင်ဆန္ဒများပြည့်ဝစေရေးအတွက် ထိုစားကျက်မြေအား စားကျက်စာရင်းမှ ချန်လှပ်ခဲ့မှုကို ပြန်လည်စစ်ဆေးဖော်ထုတ်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းပါသည်။

**ဥက္ကဋ္ဌ။** ။ ဦးညီညီထွေး မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ညောင်လေးပင်မြို့နယ်၊ ထင်းကုန်းကျေးရွာအုပ်စုအတွင်းရှိ လယ်သမား(၅၄)ဦး လုပ်ကိုင်ဆောင်ရွက်ခဲ့သော လယ်ယာမြေများအား လယ်ယာမြေ လုပ်ပိုင်ခွင့် ပုံစံ(၇)ရရှိရေး အမြန်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ထင်းကုန်းကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ်(၃၈၆-က)၊ ကော့ပရိန်းကွင်းအတွင်းမှ တောင်သူ(၅၂)ဦး၊ ကွင်းအမှတ်(၃၈၆-ခ)၊ ကော့ပရိန်းတောင်ကွင်းအတွင်းမှ တောင်သူ(၃၀)ဦး၊ စုစုပေါင်းကွင်းပေါင်း(၂)ကွင်းမှ တောင်သူ(၈၂)ဦးတို့၏ လုပ်ကွက်ငယ် မြေလွတ်မြေလပ်နှင့် မြေရိုင်းများကို ဒေသခံတောင်သူများမှ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် ပုံစံ(၁)ဖြင့် လျှောက်ထားမှုအပေါ် ပြီးပြည့်စုံသည့် လျှောက်လွှာ(၈၂)စောင်၏ လုပ်ငန်းစာတွဲများအား ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေး

နှင့် စာရင်းအင်းဦးစီးဌာနမှတစ်ဆင့် မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး နည်းဥပဒေအပိုဒ် (၈၉၊၁၀၊၁၁၊၁၂)တို့နှင့်အညီ စိစစ်ဆောင်ရွက်၍ ပြန်လည်တင်ပြရန် ပေးပို့ထားပြီးဖြစ်ကြောင်း၊ တောင်သူ (၈၂)ဦးတို့၏ လျှောက်ထားမှုများနှင့်ပတ်သက်၍ မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေ အပိုဒ်(၈၊၉၊၁၀၊၁၁၊၁၂)တို့နှင့်အညီ စိစစ်ဆောင်ရွက်ပြီးပါက တိုင်းဒေသကြီးမြေလွတ်မြေလပ်နှင့် မြေရိုင်း များစီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် လုပ်ကိုင်ခွင့်များ ချထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်းနှင့် ကိုယ်စားလှယ်ကြီးမေးမြန်းသည့်မြေမှာ မြေလွတ်မြေလပ်နှင့် မြေရိုင်းများသာဖြစ်ပြီး လယ်ယာ မြေမဟုတ်သည့်အတွက် ပုံစံ(၇)ထုတ်ပေး၍ မရပါကြောင်းနှင့် မြေလွတ်မြေရိုင်းများ လုပ်ပိုင်ခွင့်ရရှိပြီး စိုက်ပျိုးမှုတည်မြဲမှသာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)အား ဥပဒေ၊ နည်းဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“မူလက စားကျက်မြေဖြစ်ခဲ့ သော်လည်း ၁၉၉၃ခုနှစ် စားကျက်မြေလက်ကျန်ကေ စာရင်းများ ပြန်လည်တင်ပြရာ၌ စားကျက်ပယ်ဖျက်ထားခြင်း အမိန့်အမှတ်၊ ရက်စွဲစသည့် ခိုင်လုံသောအထောက်အထားမရှိဘဲ အင်းချောင်ကျေးရွာအုပ်စု ကွင်းအမှတ် (၂၀၇) တံတားကြီးကွင်းစားကျက်အား စားကျက်စာရင်းမှ ချန်လှပ်ခဲ့မှုကို ပြန်လည်စစ်ဆေးဖော်ထုတ် ပေး ရန် အစီအစဉ်ရှိ/မရှိ”**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ အင်းချောင် ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၀၇)၊ တံတားကြီးတောကွင်းအတွင်းရှိ မူလစားကျက်မြေဧရိယာ (၁၈၈.၃၈) ကေနှင့် ကွင်းအမှတ်(၂၀၇-ခ)၊ တံတားကြီးအရှေ့ကွင်း၊ မူလစားကျက်မြေဧရိယာ(၁၇၂.၃၁)ကေ၊ စုစုပေါင်း ယခင်မူလ စားကျက်မြေဧရိယာပေါင်း(၃၆၀.၆၉)ကေရှိသော မြေဖြစ်ပါသည်။

အင်းချောင်ကျေးရွာ အုပ်စုအတွင်းရှိ မူလစားကျက်မြေ ဧရိယာ(၃၆၀.၆၉) ကေရှိသည့်အနက် ကွင်းအမှတ်(၂၀၇)၊ တံတားကြီးတောကွင်းအတွင်းရှိ မူလစားကျက်မြေဧရိယာ (၁၈၈.၃၈)ကေအား ပဲခူး တိုင်းဒေသကြီး ပြည်သူ့ကောင်စီရုံး၏ (၃၁.၅.၁၉၈၃)ရက်စွဲပါစာအမှတ်၊ ဖ၄၆/၆၃၂/ပြည်တွင်းအခွန်၈၃/ ၁၈အရ စားကျက်မြေအဖြစ်မှ ပယ်ဖျက်ခဲ့ပြီး (၁၀.၁၀.၁၉၈၅) ရက်စွဲပါစာအမှတ်၊ ၃၁၁၉/ ၅/၂-၇ ညလပ ဖြင့် ငါးမွေးမြူရေးကန်အဖြစ် အသုံးပြုရန် လ/န(၃၉) ခွင့်ပြုချပေးခဲ့ပြီးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ထို့အတူ ကွင်းအမှတ်(၂၀၇-ခ)၊ တံတားကြီးအရှေ့ကွင်းအတွင်းရှိ မူလစားကျက်မြေဧရိယာ (၁၇၂.၃၁) ကေကိုလည်း (၁၉၉၄-၁၉၉၅)ခုနှစ်တွင် ဌာနဆိုင်ရာများအား ငါး/စပါး စိုက်ပျိုးရေးလုပ်ကိုင်ရန်အတွက် စားကျက်မြေ ပယ်ဖျက်ခွင့်ပေးခဲ့သဖြင့် မြေအသုံးချမှုစာရင်းတွင် မူလစားကျက်မြေမှ နုတ်ပယ်ခဲ့ပြီးဖြစ် ပါသည်။ အဆိုပါစားကျက်မြေ ပယ်ဖျက်ပေးခဲ့သည့် စာအမှတ်၊ ရက်စွဲများအား ရှာဖွေမတွေ့တော့ပါ ကြောင်းနှင့် ညောင်လေးပင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ မြေအသုံးချမှု စာရင်းများအရ အင်းချောင်ကျေးရွာရှိ မူလစားကျက်မြေကို ယခင်စားကျက်ပယ်ဖျက်ခွင့် ပြုထားပြီးဖြစ်

သည့်အတွက် ပြန်လည်ဖော်ထုတ်ပေးနိုင်ခြင်းမရှိပါကြောင်းကို ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပေးပို့လာသော ဖြေကြားချက်များအား ရှင်းလင်းတင်ပြဖြေကြားအပ်ပါသည်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား- မေးခွန်းအမှတ်စဉ်(၂)နှင့်ပတ်သက်၍ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဒီမှာ ဖြေကြားထားတဲ့ အဖြေတွေက အသုံးပြုခွင့်၊ စားကျက်ပယ်ဖျက်ခွင့် ပေးခဲ့တဲ့ကွင်းက (၂၀၇)ကွင်းပါ။ (၂၀၇-ခ)ကွင်းကကြတော့ (၁၉၉၄-၁၉၉၅)ခုနှစ် နောက်ပိုင်းမှ ဖြစ်လာတဲ့ပြဿနာပါ။ အဲ့တော့ ၁၉၈၈ မတိုင်ခင် ၁၉၈၃၊ ၁၉၈၅ ခုနှစ်ထဲက စားကျက်ပယ်ဖျက်မိန့်တွေတောင်မှ မှတ်တမ်းကျန်ခဲ့သေးတာကို အခု ဒီဘက်ခေတ်ရောက်လာမှ မှတ်တမ်းတွေ မရှိတော့ပါဘူး။ ရှာလို့လဲမတွေ့တော့ပါဘူးဆိုတဲ့လည်းအခါကျတော့ ၁၉၉၄-၁၉၉၅ ခုနှစ်မှာ တာဝန်ယူဆောင်ရွက်ထားတဲ့ ပုဂ္ဂိုလ်တွေက စီမံခန့်ခွဲမှုအရ ဒါဆိုရင် တော်တော်ညံ့တယ်လို့ဆိုရမှာပဲဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ရက်စွဲတွေ စာအမှတ်တွေ ရှာဖွေမတွေ့တော့တာဟာကို ဘာဖြစ်လို့ စားကျက်မြေအဖြစ် ပယ်ဖျက်လိုက်တယ်လို့ ဖြေရတာဟာလည်း ကျွန်တော့်အနေနဲ့ စဉ်းစားစရာရှိပါတယ်။ အဲ့တော့ သက်ဆိုင်ရာဝန်ကြီးအနေနဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး Special case အဖြစ် အစိုးရအဖွဲ့ကနေပြီးတော့ ဝန်ကြီးပါဝင်တဲ့ ဒီရက်စွဲတွေ ပယ်ဖျက်မိန့်ရှိ/မရှိတော့တဲ့ဟာတွေ တကယ်ပဲ မရှိတာလား၊ တကယ်ကို ရှိခဲ့ပြီးတော့ ပျောက်တာလား၊ ဒါမှမဟုတ်လို့ရှိရင် ပျောက်ချင်ယောင်ဆောင်တာလားဆိုတဲ့ ကိစ္စကို Special case အဖြစ် အစိုးရအဖွဲ့ဝန်ကြီးပါဝင်ပြီးတော့ စစ်ဆေးရေးအဖွဲ့ ဖွဲ့ပြီးတော့ စုံစမ်းပေးနိုင်ခြင်းရှိ/မရှိနဲ့ အခုဖြေတဲ့အဖြေကိုလည်း ဒါကြီးကကျတော့ ယတိပြတ်ကြီးဖြစ်နေပါတယ်။ ဒီအဖြေကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်မှတ်တမ်းမှ ယာယီပယ်ဖျက်ပေးထားနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးညီညီထွေး မေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၂)နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ အားလုံးပဲမင်္ဂလာပါ။ ဦးညီညီထွေးမေးမြန်းသည့် မေးခွန်းအမှတ်စဉ် ၅(ခ) (၂)ရဲ့ ဆက်စပ်မေးခွန်းဖြစ်တဲ့ ၁၉၉၄-၁၉၉၅က စားကျက်မြေပယ်ဖျက်ခဲ့တဲ့ စာအမှတ်ရက်စွဲများကိုရှာဖွေမတွေ့တော့ခြင်းနဲ့ ပတ်သက်

ပြီးတော့ ဒီမှတ်တမ်းများကို အမှန်တကယ်ပျောက်ပျက်တာလား သတင်းထိန်ချန်ထား တာလားစသဖြင့် တင်ပြခြင်းအပေါ်မှာ ကျွန်တော်ဦးဆောင်ပြီး စိစစ်ပေးနိုင်မှုရှိ/မရှိနဲ့ စိစစ်ပေးရင်လည်း စိစစ်ချက်ကို လွှတ်တော်ဥက္ကဋ္ဌကြီးထံကို ပေးပို့ပေးနိုင်ဖို့ကို ကျွန်တော်နားလည်ပါတယ်။ ပထမဦးစွာ ကျွန်တော့် အနေနဲ့ ရှင်းလင်းတင်ပြလိုတာက စားကျက်မြေစီမံခန့်ခွဲမှု အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မူလတာဝန်နဲ့ လုပ်ပိုင်ခွင့်ဖြစ်ပါတယ်။ အဲ့ဒီတာဝန်နဲ့လုပ်ပိုင်ခွင့်မှာ စားကျက်မြေများ ပြဿနာတစ်စုံတစ်ရာတတ်လာတဲ့ အခါမှာ စားကျက်မြေစီမံခန့်ခွဲမှုနဲ့ပတ်သက်ပြီး ကော်မတီအဖွဲ့ ဆောင်ရွက်ဖို့အတွက် ပြည်ထောင်စုဗဟို မြေစစ်အတွင်းရေးမှူးနဲ့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနဲ့ အစည်းအဝေးလုပ်တဲ့အခါမှာ ဒါကို ကော်မတီဖွဲ့ပြီးတော့ သက်ဆိုင်ရာတိုင်းဒေသကြီးအလိုက် ဆောင်ရွက်နိုင်ပါတယ်လို့ ခွင့်ပြုခဲ့တာကြောင့် တိုင်းဒေသကြီးမှာ ဝန်ကြီးချုပ်ကနေပြီးတော့မှ စားကျက်မြေကော်မတီဥက္ကဋ္ဌဆိုပြီးတော့ မိမိကို တာဝန် ပေးပြီးတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးကို အတွင်းရေးမှူးအဖြစ် တာဝန် ပေးဖွဲ့စည်းခဲ့ပါတယ်။ အဲ့ဒီလို ကျွန်တော်တို့ ဖွဲ့စည်းဆောင်ရွက်တဲ့အခါမှာ စားကျက်မြေများနဲ့ပတ်သက်ပြီး ပယ်ဖျက်ရမည့်ကိစ္စ၊ မပယ်ဖျက်ရမည့်ကိစ္စကို puplic consultation များ ပြုလုပ်ဖို့အတွက် မူဝါဒနဲ့ လုပ်ငန်း Procederတွေ ချပေးပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ပယ်ဖျက်ခွင့်နဲ့ ပတ်သက်ပြီးတော့ တင်ပြတဲ့ အခါမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ မူလတာဝန်ရှိတဲ့ ဌာနဖြစ်တဲ့အတွက် စားကျက်မြေစီမံခန့်ခွဲခွင့်နဲ့ ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှာ ကျွန်တော့်အနေနဲ့မူလတာဝန်ကို ဝန်ကြီးချုပ်ထံကို ပြန်လည်ပြီး အပ်နှံခဲ့ပါတယ်။ အဲ့ဒီအပ်နှံတဲ့စာကိုလည်း တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးကို မိတ္တူပေးပို့ထားပြီး ဖြစ်ပါတယ်။ သို့ပါ၍ လက်ရှိတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ မှတ်တမ်းများနဲ့ ဖြေကြား ပေးလာတဲ့မှတ်တမ်းအပေါ်မှာ မိမိအနေနဲ့ ဝန်ကြီးချုပ်ရဲ့ ခွင့်ပြုချက်အရ ဖြေကြားပေးခြင်းဖြစ်ပြီးတော့ လက်ရှိတင်ပြတဲ့ မှတ်တမ်းမှတ်ရာများမရှိတော့ဘူးဆိုတဲ့ ကိစ္စကိုတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှာ တင်ပြပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖွဲ့စည်းပေးတဲ့ အဖွဲ့အစည်းဖြင့် စိစစ်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြပေးသွားမှာဖြစ်ပါကြောင်းကို ဖြေကြားအပ်ပါတယ်။ နောက်တစ်ခု ကတော့ လွှတ်တော်ကတိကဝတ်အဖြစ်ကနေပြီးတော့ ဖြေကြားချက်ကို ပယ်ဖျက်ပေးဖို့နဲ့ ရှင်းလင်း ဖြေကြားချက် စိစစ်ပြီးတော့ရတဲ့အပေါ်မှာ တိုင်းဒေသကြီးလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်သဘောအတိုင်းပဲ ဖြစ်ပါကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမှ လယ်ယာမြေအဖြစ် ပြောင်းလဲခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ၇) ထုတ်ပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လယ်ယာ မြေလုပ်ပိုင်ခွင့်ပြု လက်မှတ်(ပုံစံ၇) ထုတ်ပေးခဲ့သည့် အရေအတွက်မည်မျှရှိ၍ ထုတ်ပေးရန် မည်မျှကျန် ရှိသည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ လယ်ယာမြေဥပဒေ ၂၀၁၂၊ ပုဒ်မ ၃၄ တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့် (သို့) အသုံးပြုခွင့်ပေးထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့်စပ်လျဉ်း၍ အသီးအနှံစိုက်ပျိုးထုတ်လုပ်မှု တည်ငြိမ်သည့်အခါ လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပြီး ဤဥပဒေတွင် အကျုံးဝင်စေရမည်ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။ လယ်ယာမြေနည်းဥပဒေ ၃၅ တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီထံမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်(သို့)အသုံးပြုခွင့်ရရှိထားသူသည် ဤဥပဒေအရ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဖော်ထုတ်စိုက်ပျိုးပြီးနောက် လုပ်ကိုင်ပြီးစီးမှု တည်ငြိမ်သည့် အခြေအနေဖော်ပြသော ဓါတ်ပုံမှတ်တမ်းနှင့်အတူ ခိုင်လုံသော အထောက်အထားပူးတွဲ၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် လျှောက်လွှာ(ပုံစံ-၁၀)ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လျှောက်ထားနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်။

လယ်ယာမြေ နည်းဥပဒေ ၃၆သို့ ဤနည်းဥပဒေ ၃၅ အရ လျှောက်ထားရာတွင် လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက် ယင်းနည်းဥပဒေပါ သတ်မှတ်ချက်များ ပြည့်စုံပြီးဖြစ်ကြောင်း ဖော်ပြချက်နှင့်အတူ နေပြည်တော်ကောင်စီ(သို့)တိုင်းဒေသကြီး(သို့)ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်း အထောက်အကူပြုအဖွဲ့၏ စိစစ်ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း လေ့လာသိရှိရပါသည်။

လယ်ယာမြေ နည်းဥပဒေ ၃၇၊ ၃၈နှင့် ၃၉ တို့ကို အဆင့်ဆင့်ဆောင်ရွက်ရမှာဖြစ်ပါသည်။ ယင်းနည်းဥပဒေ ၄၀ တွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ(ခ)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမှ လယ်ယာမြေအဖြစ်သို့ ပြောင်းလဲသတ်မှတ်ပြီး လျှောက်ထားသူအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ထုတ်ပေးရမည်ဟု ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမှ လယ်ယာမြေအဖြစ်ပြောင်းလဲခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ထုတ်ပေးခဲ့သည့် အရေအတွက်မည်မျှရှိ၍ ထုတ်ပေးရန်မည်မျှကျန်ရှိသည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ထန်းတပင်မြို့နယ်၊ ကျီတော်ကျေးရွာအုပ်စု၊ အောင်မြေယာစံပြကျေးရွာအဖြစ် တည်ဆောက်ထားသော စားကျက်မြေဧရိယာ (၂၃၄.၂၈)ဧကအား မူလစားကျက်မြေအဖြစ်မှ ပယ်ဖျက်၍ ရွာမြေအဖြစ် သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ အောင်မြေယာစံပြကျေးရွာသည် ကျီတော်ကျေးရွာအုပ်စုကွင်းအမှတ်(၄၆၀-က) ကွင်းရှိစားကျက်မြေဧရိယာ (၂၇၄.၄၂)ဧကအနက် ဧရိယာ (၁၁၈)ဧရိယာနှင့် တပြေးကျေးရွာအုပ်စု ကွင်းအမှတ် (၄၆၁-ဂ)ကွင်းရှိ စားကျက်မြေဧရိယာ (၁၁၆.၂၈)ဧက အနက် ဧရိယာ(၁၁၆.၂၈)ဧက စုစုပေါင်း(၂၃၄.၂၈)ဧကကို (၁၉၉၂)ခုနှစ်တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အေးသောင်၏ အမိန့်အရ ရှားစေးဘိုကျေးရွာအုပ်စုအတွင်းရှိ ကရင်တိုင်းရင်းသား ကျေးရွာများဖြစ်သည့် ရှားစေးဘို၊ တောကုန်း၊ ဇီးဖြူကုန်း၊ ရေလျှံနှင့် အရှေ့ရိုးမပေါ်ရှိရွာချောင်းများအား စုပေါင်းပြောင်းရွှေ့ပေးခဲ့ပြီး အောင်မြေယာစံပြကျေးရွာအဖြစ် သတ်မှတ်ပေးခဲ့သည့်မြေနေရာဖြစ်၍ လက်ရှိ ရွာမြေအဖြစ် အသုံးပြုခဲ့သည်မှာ (၂၈)နှစ်ခန့်ရှိပြီဖြစ်ပါသည်။ ၎င်းစားကျက်မြေပေါ်တွင် လူနေအိမ် အဆောက်အဦများ၊ ဘာသာရေးကျောင်းများ၊ ပညာရေး၊ ကျန်းမာရေးဌာနအဆောက်အဦများ အခိုင်အမာ တည်ဆောက်ထားရှိပြီးဖြစ်ပါ၍ မူလစားကျက်မြေအဖြစ်မှ ပယ်ဖျက်၍ ရွာမြေအဖြစ် သတ်မှတ်ပေးပါရန် အောင်မြေယာစံပြကျေးရွာရပ်မိရပ်ဖများနှင့် ကျေးရွာသူ/သားများ၏ တင်ပြတောင်းဆိုချက်အရ ကျေးရွာသူ/ သားများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **“ပဲခူးတိုင်းဒေသကြီးအတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမှ လယ်ယာမြေအဖြစ်ပြောင်းလဲခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ၇) ထုတ်ပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ၇) ထုတ်ပေး ခဲ့သည့် အရေအတွက်မည်မျှရှိ၍ ထုတ်ပေးရန် မည်မျှကျန်ရှိသည်ကို သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်း၍ ၂၀၁၂ခုနှစ် လယ်ယာမြေနည်းဥပဒေ၃၅အရ မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီ ထံမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိထားသူသည် မိမိ လုပ်ကိုင်သော သို့မဟုတ် အသုံးပြုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဧရိယာအားလုံးကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေအရသတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဖော်ထုတ် စိုက်ပျိုးပြီးနောက် စိုက်ပျိုးသီးနှံအမျိုးအစားအလိုက် ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ပြီးစီးမှု တည်ငြိမ်သည့် အခြေအနေဖော်ပြသော ဓါတ်ပုံမှတ်တမ်းနှင့်အတူ ခိုင်လုံသောအထောက်အထား ပူးတွဲ၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် လျှောက်လွှာ(ပုံစံ-၁၀)ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လျှောက်ထားရပြီး လယ်ယာမြေနည်း ဥပဒေ(၃၆၊၃၇၊၃၈၊၃၉)တို့အရ အဆင့်ဆင့်စိစစ်ဆောင်ရွက်ပြီး လယ်ယာမြေ နည်းဥပဒေ-၄၀ အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမှ

လယ်ယာမြေအဖြစ်သို့ ပြောင်းလဲသတ်မှတ်ပြီး လျှောက်ထားသူအား ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေးရပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဖော်ထုတ်စိုက်ပျိုးပြီးနောက် စိုက်ပျိုးသီးနှံအမျိုးအစားအလိုက် ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ပြီးစီးမှု တည်ငြိမ်သည့်အခြေအနေဖော်ပြသော ဓာတ်ပုံမှတ်တမ်းနှင့်အတူ ခိုင်လုံသော ထောက်အထားပူးတွဲ၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် လျှောက်လွှာ(ပုံစံ-၁၀)ဖြင့် လျှောက်ထားသည့် အမှုတွဲပေါင်း (၄၃)တွဲ၊ ဧရိယာ(၉၅၃၅.၃၀)ဧကအနက် အမှုတွဲပေါင်း(၂၃)တွဲ၊ ဧရိယာ(၅၁၇၉.၃၇)ဧကအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များ ထုတ်ပေးပြီးစီးခဲ့ပြီးဖြစ်ပါသည်။ ကျန်ရှိသည့်အမှုတွဲ(၂၀)တွဲ၊ ဧရိယာ(၄၃၅၅.၉၃)ဧကမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဖော်ထုတ်စိုက်ပျိုးခြင်းရှိ/မရှိ ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ဆဲဖြစ်သဖြင့် သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ဖော်ထုတ်စိုက်ပျိုးထားခြင်းရှိပါက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)အား ထုတ်ပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ထန်းတပင်မြို့နယ်၊ ကျီတော်ကျေးရွာအုပ်စု၊ အောင်မြေယာစံပြကျေးရွာအဖြစ် တည်ဆောက်ထားသော စားကျက်မြေဧရိယာ (၂၃၄.၂၈) ဧကအား မူလစားကျက်မြေအဖြစ်မှ ပယ်ဖျက်၍ ရွာမြေအဖြစ်သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိ”**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ကျီတော်ကျေးရွာအုပ်စု၊ အောင်မြေယာစံပြကျေးရွာအဖြစ် တည်ဆောက်ထားသော စားကျက်မြေဧရိယာ (၂၃၄.၂၈)ဧကအား မူလစားကျက်မြေအဖြစ်မှ ပယ်ဖျက်၍ ရွာမြေအဖြစ် သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိနှင့်ပက်သက်၍ ကျီတော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၆၀-က)ကွင်းရှိ စားကျက်မြေဧရိယာ (၂၇၄.၄၂)ဧကအနက် ဧရိယာ(၁၁၈)ဧကနှင့် တပြေးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၆၀-ဂ)ကွင်းရှိ စားကျက်မြေဧရိယာ(၁၁၆.၂၈)ဧကတို့ စုစုပေါင်း(၂၃၄.၂၈)ဧကကို (၁၉၉၂)ခုနှစ်တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ အမိန့်အရ ရှားစေးဘိုကျေးရွာအုပ်စုအတွင်းရှိ ကရင်တိုင်းရင်းသားကျေးရွာများဖြစ်သည့် ရှားစေးဘိုကျေးရွာ၊ တောကုန်း၊ ဇီးဖြူကုန်း၊ ရေလျှံနှင့် အရှေ့ပိုင်းရိုးမပေါ်ရှိ ရွာချောင်းများအား စုပေါင်းပြောင်းရွှေ့ပေးခဲ့ပြီး အောင်မြေယာစံပြကျေးရွာအဖြစ် သတ်မှတ်ပေးခဲ့သည့် မြေနေရာဖြစ်၍ လက်ရှိရွာမြေအဖြစ် အသုံးပြုခဲ့သည်မှာ (၂၈)နှစ်ခန့်ရှိပြီဖြစ်ပါသည်။ ၎င်းမြေပေါ်တွင် လူနေအိမ်၊ အဆောက်အဦများ၊ ဘာသာရေးကျောင်းများ၊ ကျန်းမာရေးဌာနအဆောက်အဦများ အခိုင်အမာတည်ဆောက်ထားပြီးဖြစ်ပါ၍ မူလစားကျက်မြေအဖြစ်မှ ပယ်ဖျက်၍ ရွာမြေအဖြစ်သတ်မှတ်နိုင်ရေးဆောင်ရွက်ပေးသင့်ပါကြောင်း တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဖြေကြားချက်အပေါ် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ ဝန်ကြီးဖြေကြားတဲ့ အထဲမှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းကို လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေအဖြစ် ပြောင်းလဲခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)ထုတ်ပေးခြင်းနှင့် အမှုတွဲပေါင်း (၄၃)တွဲရှိပါတယ်။ အမှုတွဲ(၂၃)တွဲက ပြီးပြတ်ပြီးတော့ ကျန်ရှိတဲ့ အမှုတွဲ(၂၀)ကျန်ရှိတယ်လို့ သိရပါတယ်။ ထပ်ဆင့်မေးခွန်းအနေနဲ့ကတော့ ကျန်ရှိတဲ့အမှုတွဲ (၂၀)ကို ဒုတိယအကြိမ် အစိုးရသက်တမ်းအတွင်းမှာ ပြီးပြတ်အောင်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ဗိုလ်ကြီးကျော်မင်း မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ အားလုံး မင်္ဂလာပါ။ တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးကျော်မင်း မေးမြန်းသည့် အမှတ်စဉ်၅(ဂ)ရဲ့နောက်ဆက်တွဲမေးခွန်းကတော့ မူလအမှုတွဲပေါင်း(၄၃)တွဲမှာ (၂၃)တွဲကို ဆောင်ရွက်ပြီးဖြစ်တဲ့အတွက် ကျန်တဲ့အမှုတွဲ(၂၀)ကို လက်ရှိကျွန်တော်တို့ လွှတ်တော်သက်တမ်းအတွင်းမှာ အပြီးဆောင်ရွက်ပေးရန်ရှိ/မရှိလို့ ကျွန်တော်မှတ်ယူပါတယ်။ အမှုတွဲများနဲ့ပတ်သက်ပြီးတော့ မိမိတို့ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများကော်မတီကတော့ အချိန်နဲ့တစ်ပြေးညီတတ်နိုင်သမျှ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြီးတယ်/မပြီးဘူးဆိုတာကတော့ မူလတင်ပြထားတဲ့ ကာယကံရှင်တွေရဲ့ ဆောင်ရွက်ထားတဲ့ ပြီးစီးမှုအပေါ်မှာပဲ မူတည်ပါတယ်။ ကျွန်တော် တို့အနေနဲ့တော့ ဒီအမှုတွဲတွေကို **Pending** လုပ်ထားတာ မရှိပါဘူး။ တကယ်လို့ အကြောင်းတစ်စုံတစ်ရာ ဥပဒေနှင့်မကိုက်ညီတဲ့ကိစ္စမျိုးရှိရင်သာ ကျွန်တော်တို့ ဒါကို ကော်မတီရဲ့ဆုံးဖြတ်ချက်နဲ့ စိစစ်ဖို့အတွက် ချထားပေးတာဖြစ်ပြီးတော့ အမှုတွဲပြည့်စုံတယ်၊ ကျွန်တော်တို့ သတ်မှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေနဲ့လည်း ကိုက်ညီတယ်ဆိုရင်တော့ ဒီအမှုတွဲတွေကို တင်ပြတဲ့တင်ပြချက်အပေါ်မှာ တတ်နိုင်သမျှအချိန်နဲ့တစ်ပြေးညီတော့ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြား အပ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဝန်ကြီးဖြေကြားသွားတာကတော့ မူလစားကျက်မြေအဖြစ်မှ ပယ်ဖျက်၍ ရွာမြေအဖြစ် သတ်မှတ်နိုင်ရေး ဆောင်ရွက်ပေးသင့်ပါကြောင်း ဒီအပေါ်မှာ ကျွန်တော်တို့ သက်ဆိုင်ရာ အစိုးရအဖွဲ့အနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုတစ်ခုအနေနဲ့ အဖြေတစ်ခုကို ဖြေကြားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့က ဘယ်တော့ဆောင်ရွက်ပေးမှာလဲ၊ လုပ်ငန်းစဉ်က ဘာတွေဆက်ပြီးတော့ ညွှန်ကြားမှာလဲဆိုတဲ့ အဖြေတစ်ခုကို ကျွန်တော့်အနေနဲ့ သိချင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးခင်မောင်ဝင်း မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးခင်မောင်ဝင်းမေးမြန်းသည့် ဒီစားကျက်မြေ ပယ်ဖျက်ခွင့်နဲ့ပတ်သက်၍ ကျွန်တော်ဒီစားကျက်မြေ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌအဖြစ်နဲ့ တာဝန်ယူစဉ်က ဒီစားကျက်ပယ်ဖျက်မှုနဲ့ပတ်သက်တဲ့ပြီးတော့ ပြည်သူလူထုရဲ့သဘောဆန္ဒရယူပါတယ်။ ပယ်ဖျက်မယ်ဆိုရင် ဘယ်လိုလုပ်ရမလဲ၊ မပယ်ဖျက်ဘူးဆိုရင် ဘယ်လိုလုပ်ရမလဲစသဖြင့် စားကျက်မြေကော်မတီရဲ့ မူဝါဒထဲမှာ ချမှတ်ပြီးတော့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များကိုလည်း Public consultationမှာ ပါဝင်ပြီးတော့ ဆောင်ရွက်နိုင်ဖို့အတွက် မူဝါဒထဲမှာ ချမှတ်ပေးထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါကို ပယ်ဖျက်ပေးသင့်ပါတယ်လို့ စားကျက်မြေကော်မတီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ ဖြေကြားပေးပြီးဖြစ်တဲ့အတွက် ကာယကံရှင်များကနေပြီး ပယ်ဖျက်နိုင်ရေးအတွက် ဆက်လက်ပြီးတော့ ကာယကံရှင်များကသာ ဆက်လက်ဆောင်ရွက်ဖို့သာဖြစ်ပါကြောင်းကို လေးစားစွာဖြင့်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပန်းတောင်းမြို့နယ်၊ ကုန်းကလေးအုပ်စု၊ ကွင်းအမှတ် (၂၅၈)၊ ကျားအိုကွင်းဧရိယာ (၄.၂၀)ဧကအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဦးစီးဌာနမှ စွန့်လွှတ်ထားသော်လည်း မြေပြင်တွင် (၃.၅၇)ဧကသာ ပေးအပ်ထားပြီး (၀.၆၃)ဧက ကျန်ရှိနေပါသောကြောင့် ၎င်းကျန်ရှိနေသောအပိုင်းအား မည်သို့ဆက်လက်လုပ်ဆောင်၍ ပြည်သူအား ပြန်ပေးမည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကုန်းကလေးအုပ်စု၊ ကွင်းအမှတ် (၂၅၈)၊ ကျားအိုကွင်းဧရိယာ (၄.၂၀)ဧကအား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဦးစီးဌာနမှ စွန့်လွှတ်ထားသော်လည်း (၄.၉.၂၀၁၉)ရက်နေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးလာရောက်၍ အသုံးပြုရန်မရှိသည့် စွန့်လွှတ်မြေများ နိုင်ငံတော်သို့ ပြန်လည်အပ်နှံထားမှုအား တောင်သူများသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားတွင် (၃.၅၇)ဧကသာပေးအပ်ခဲ့ပြီး (၀.၆၃)ဧကကျန်ရှိခဲ့ပါသည်။ ၎င်းကျန်ရှိနေသော အပိုင်းတွင်လည်း လူနေအိမ် ဆောက်လုပ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၀.၆၃)ဧကအား ဥပဒေနှင့်အညီ မည်သို့ ဆက်လက်လုပ်ဆောင်မည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးအား မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးမြို့ ပန်းလှိုင်ရပ်ကွက်၊ မင်းလမ်းဦးပိုင်အမှတ် (၁၀)၊ ဧရိယာ (၀.၀၄၀၀)ဧကနှင့် ၎င်းမြေပေါ်ရှိ နေအိမ်အဆောက်အဦတို့အား မူလပိုင်ရှင်သို့ လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ပဲခူးမြို့၊ ပန်းလှိုင်ရပ်ကွက်၊ မင်းလမ်းရှိ ဦးပိုင်အမှတ်(၁၀)၊ မြေဧရိယာ (၀.၀၄၀၀)ဧကနှင့် ၎င်းမြေပေါ်ရှိ အိမ်အမှတ် (၄) နေအိမ်အဆောက်အဦကို မူလပိုင်ရှင် ဦးသောင်းရွှေထံမှ (၉.၄.၁၉၆၄)ရက်နေ့တွင် တော်လှန်ရေးကောင်စီက(၁၄/၁၀၁၂)ဖြင့် အဓမ္မသိမ်းဆည်းခဲ့သဖြင့် မူလပိုင်ရှင်၏အကြိမ်ကြိမ် အသနားခံတင်ပြမှုကြောင့် (၂၈.၃.၁၉၇၇)ရက်နေ့တွင် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သော်လည်း လက်ဝယ်ပြန်လည်မရရှိခြင်း ပဲခူးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက်တွင် မူလပိုင်ရှင်၏ဇနီးဖြစ်သူ ဒေါ်ရင်နုထံသို့ ပြန်လည်ပေးအပ်ရန် (၁၉.၅.၁၉၉၅)ရက်စွဲပါစာဖြင့် ညွှန်ကြားခဲ့သော်လည်း လက်ဝယ်သို့ပြန်ရရှိမှုမရှိခြင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် မူလပိုင်ရှင်နစ်နာမှုမရှိရေး ပြန်လည်စိစစ်ဆောင်ရွက်ပေးရန် ညွှန်ကြားသော်လည်း ဆောင်ရွက်ပေးခဲ့ခြင်းများမရှိသည့်အပြင် ပဲခူးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် ပိုင်ရှင်ဒေါ်ရင်နုသို့ အကြောင်းကြားခြင်း၊ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ တင်ပြမြေပေါ်ရှိ အဆောက်အဦအား ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသဖြင့် တင်ပြပါခြံမြေနှင့် မြေပေါ်ရှိ နေအိမ်အဆောက်အဦတို့အား မူလပိုင်ရှင် ဦးသောင်းရွှေ၏ဇနီး ဒေါ်ရင်နုနှင့် သမီးဖြစ်သူ မနွယ်နီရွှေတို့၏ လက်ဝယ်သို့ ပြန်လည်လွှဲပြောင်းရောက်ရှိနိုင်ရေး ဖြေရှင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။**
ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပန်းတောင်းမြို့နယ်၊ ကုန်းကလေးအုပ်စု၊ ကွင်းအမှတ် (၂၅၈)၊ ကျားအိုကွင်းဧရိယာ (၄.၂၀)ဧကအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဦးစီးဌာနမှ စွန့်လွှတ်ထားသော်လည်း မြေပြင်တွင် (၃.၅၇)ဧကသာ ပေးအပ်ထားပြီး (၀.၆၃)ဧက ကျန်ရှိနေပါသောကြောင့် ၎င်းကျန်ရှိနေသောအပိုင်းအား မည်သို့ဆက်လက်လုပ်ဆောင်၍ ပြည်သူအား ပြန်ပေးမည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပန်းတောင်းမြို့နယ်၊ ကုန်းကလေးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၅၈) ကျားအိုကွင်း၊ ဦးပိုင်အမှတ် (၅၂/၂၊ ၅၄/၇၊ ၇၇/၃၊ ၈၀)ရှိ ပြန်လည်စွန့်လွှတ်အပ်နှံသည့် စားသုံးသူရေးရာဦးစီးဌာန အမည်ပေါက် ပုံစံ(၇)ရရှိထားသော မြေဧရိယာ(၄.၂၀)ဧကနှင့်ပတ်သက်၍ ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (မြေ/စစ်ကော်မတီ)မှ (၂၀.၇.၂၀၂၀)ရက်စွဲပါ စာအမှတ်၊ ၂/၁-၈/ဦး၁ (အထဥ)ဖြင့် စိစစ်တင်ပြချက်များအရ စွန့်လွှတ်ရန်ကျန်ရှိသော မြေဧရိယာ(၀.၆၃)ဧကသည် မူလတောင်သူ ဦးမြထွန်း၊ ဒေါ်တုတ်အမည်ဖြင့်မဟုတ်ဘဲ လက်ရှိတောင်သူမှ ကျူးကျော်နေထိုင်စိုက်ပျိုးထားသည်ကို တွေ့ရှိရပါသဖြင့် မြေ/စစ်ကော်မတီအဆင့်ဆင့်မှ မူဝါဒနှင့်အညီစိစစ်ဆောင်ရွက်ပြီးမှသာ မြေအားသက်ဆိုင်ရာဌာနမှစွန့်လွှတ်ပေး၍ မူလပိုင်ရှင်တောင်သူများထံ ယာယီပုံစံ(၃)လုပ်ပိုင်ခွင့်များ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊စားသုံးသူရေးရာ ဦးစီးဌာနမှ ပန်းတောင်းမြို့နယ် ကုန်းကလေးကျေးရွာအုပ်စုကွင်းအမှတ်(၂၅၈)၊ကျားအိုကွင်း၊ဦးပိုင်အမှတ်(၅၂/၂၊၅၄/၇၊၇၇/၃၊၈၀)ရှိ မြေဧရိယာ(၄.၂၀)ဧကအနက် တောင်သူ(၆)ဦးမှ လယ်ယာမြေ(၃.၅၇)ဧကလျှောက်ထားမှုစာရင်း**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်

| စဉ် | ကျေးရွာ အုပ်စု | ကွင်းအမှတ် | ဦးပိုင် အမှတ် | မြေမျိုး | မူလလုပ်ကိုင်သည့် တောင်သူ | လျှောက်ထားသည့် တောင်သူ | ဧရိယာ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ကုန်းကလေး | ၂၅၈/ကျားအိုကွင်း | ၅၂/၂ | လယ် | ဦးစိန်ထွန်း | ဦးဝင်းကြည် | ၁.၃၁ | ဖခင် |
| ၂ | | | ၅၄/၇ | လယ် | ဦးမောင်ရွှေ | ဦးသိန်းထွန်း | ၀.၂၆ | ဖခင် |
| ၃ | | | ၅၄/၇ | လယ် | ဦးသန်းမောင် | ဦးသိန်းအောင် | ၀.၂၄ | ဖခင် |
| ၄ | | | ၇၇/၃ | လယ် | ဦးအုန်းမောင် | ဦးသန်းဋ္ဌေး | ၀.၁၂ | ဖခင် |
| ၅ | | | ၇၇/၃ | လယ် | ဦးအုန်းမောင် | ဒေါ်တုတ် | ၀.၂၄ | ဖခင် |
| ၆ | | | ၈၀ | လယ် | ဦးခင်မောင် | ဦးမြထွန်း | ၁.၄၀ | ဖခင် |
| ယာယီပုံစံ(၃)ပေးအပ်ရန် လျှောက်ထားမြေ | | | | | | | ၃.၅၇ | |

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ပဲခူးမြို့ ပန်းလှိုင်ရပ်ကွက်၊ မင်းလမ်းဦးပိုင်အမှတ် (၁၀)၊ ဧရိယာ (၀.၀၄၀၀) ဧကနှင့် ၎င်းမြေပေါ်ရှိ နေအိမ်အဆောက်အဦတို့အား မူလပိုင်ရှင်သို့ လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိ**”နှင့် စပ်လျဉ်း၍ အဆိုပါကိစ္စနှင့် ပက်သက်၍ အကြိမ်ကြိမ်တင်ပြတောင်းခံခဲ့သဖြင့် (၂.၈.၂၀၀၇)ရက်စွဲပါ စာအမှတ်၊ ၈၈၈၈ / ထောက် - ၂ / ၂၀၀၇ (၂၇၂)ဖြင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ရုံးချုပ်)မှ

**“ပြည်သူပိုင်ဆိုင်ခန်းဖြစ်ပါက လွှဲပြောင်းပေး၍မရပါ၊ အလားတူဆိုင်ခန်းများစွာရှိပါသည်။ ပြန်လည်အပ်နှံရန်ရှိပါက အစိုးရသို့အပ်နှံရန်သာရှိပါသည်”**ဟု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အမိန့်မှတ်ချက်အား ဦးဆောင်ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးမှူးထံသို့ (၁၉.၁၁.၂၀၁၁) ရက်စွဲပါစာအမှတ်-၂/၉-၁/ဦး၄ဖြင့် ကာယကံရှင်အားပြန်လည်ပေးအပ်၍မရကြောင်း အခြေအနေရှင်းပြရန် ပူးတွဲ(၁)(၂)ဖြင့် ညွှန်ကြားထားပါသည်။ ထို့သို့ အကြောင်းကြားစာအား ဒေါ်မာလာရွှေ (၇/ပခန(နိုင်) ၁၅၇၈၈၀)မှ ပူးတွဲ(၃)ဖြင့် လက်ခံထားပါသည်။

ထို့အပြင် ထပ်မံ၍ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ (၂၆.၆.၂၀၁၈)ရက်စွဲပါစာအမှတ်-၆/၃-၉/ ဦး၆ (၅၇၁၉)ဖြင့်ပြန်လည်ရယူနိုင်ရေး ထပ်မံတိုင်ကြားခဲ့ရာ တိုင်းဒေသကြီးဦးစီးမှူးမှ ညွှန်ကြားရေးမှူးချုပ် (စိုက်ပျိုးရေးဦးစီးဌာန)သို့ လမ်းညွှန်မှုခံယူရာ ညွှန်ကြားရေးမှူးချုပ်မှ ပြည်ထောင်စုဝန်ကြီးထံသို့ (၂၄.၁.၂၀၁၉) ရက်စွဲပါ စာအမှတ်-၇၉၀၀/ထောက်/၂၀၁၉(၀၁၄)ဖြင့် (၁၉၈၈နောက်ပိုင်းမြေသိမ်းဆည်းမှုကို ဖြေရှင်းဆောင်ရွက်ရန်မှာ မြေစစ်မူဝါဒနှင့်ကိုက်ညီမှုမရှိကြောင်း) တင်ပြခဲ့သဖြင့် ပြည်ထောင်စုဝန်ကြီးမှ ညွှန်ကြားရေးမှူးချုပ်၏ ပူးတွဲ(၄)ဖြင့်တင်ပြခဲ့မှုအပေါ် ပြည်ထောင်စုဝန်ကြီးရုံးမှ **“၁၉၆၄ ပြည်သူပိုင်သိမ်းများ စွန့်လွှတ်၍မရပါ။ မြေစစ်မူဝါဒနှင့်အညီသာ ဆောင်ရွက်ရန်”**ဟု ပြန်ကြားခဲ့သဖြင့် ညွှန်ကြားရေးမှူးချုပ် စိုက်ပျိုးရေးဦးစီးဌာနမှ (၂၄.၂.၂၀၁၉)ရက်စွဲပါ စာအမှတ်-၇၉၀၀/ ထောက်/၂၀၁၉ (၀၂၆)ဖြင့် ပြည်ထောင်စုဝန်ကြီး၏ စာပြန်ကြားလာမှုအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြပြီးဖြစ်ပါသည်။ ပူးတွဲ(၅)(၆)(၇)

ထို့အပြင် (၁၅.၃.၂၀၁၉)နေ့တွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်သို့ ထပ်မံတိုင်ကြားခဲ့သဖြင့် ညွှန်ကြားရေးမှူးချုပ် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ (၁၉၆၃) ပြည်သူပိုင်သိမ်းအဆောက်အဦများနှင့် ပက်သက်၍ မူဝါဒ(၉)ရပ်၊စိစစ်ရန်(၆)ချက်၊ ဆောင်ရွက်ရန်(၆)ချက်ဖြင့် ပြန်လည်စိစစ်တင်ပြရန် ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးသို့ (၅.၅.၂၀၁၉)ရက်စွဲပါ စာအမှတ်-စမ/တိုင်းဒေသကြီး/ ပြည်နယ်/ ၂၀၁၉ (၂၅၅)ဖြင့် အကြောင်းကြားခဲ့ရာ အထက်ပါအချက်များကိုစိစစ်၍ ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ (၉.၅.၂၀၁၉)ရက်စွဲပါ စာအမှတ်-စမ(၂၀)ရေး/ မြေယာ/၂၀၁၈-၁၉/၉၀၈ ပူးတွဲ(၈)ဖြင့် ပြန်လည်တင်ပြခဲ့ပြီး၊ ဝန်ကြီး(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး)အား ပူးတွဲ(၉)ဖြင့် တင်ပြခဲ့ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကိစ္စအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်မှ (၆.၂.၂၀၂၀)ရက်စွဲပါ စာအမှတ်- ၅/၆-၅/ရေး၃(၀၁၅၁၀)ဖြင့် (၃၀.၁.၂၀၂၀)ရက်နေ့တွင် ကျင်းပပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂/၂၀၂၀) (Cabinet)အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ်(၅)(ဃ)အရ ပြည်သူပိုင်သိမ်း အဆောက်အဦဖြစ်သဖြင့် မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်၍မရကြောင်း တင်ပြလာမှုကို သဘောတူကြောင်း ဆုံးဖြတ်ခဲ့မှုအား ပဲခူးမြို့နယ်ဦးစီးမှူးရုံး စိုက်ပျိုးရေးဦးစီးဌာနမှ ကာယကံရှင် ဒေါ်ရင်နုအား (၉.၈.၂၀၁၉) ရက်စွဲပါ စာအမှတ်-အခ/၂၀၁၈-၁၉/၃၀၁ဖြင့် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။ ပူးတွဲ(၁၀)၊ (၁၁)

သို့ဖြစ်ပါ၍ အဆိုပါမြေနေရာအား ပြည်သူပိုင်သိမ်းယူခြင်း ဆောင်ရွက်ခဲ့မှုနှင့် မူလပိုင်ရှင်မှ ပြန်လည်တောင်းခံလာမှုတွင် ၁၉၆၃ခုနှစ်လုပ်ငန်းတွင် ပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေအရ သိမ်းဆည်းခဲ့သည့် အဆောက်အဦများနှင့်ပတ်သက်၍ ပိုင်ရှင်၏ဆက်ခံသူများ လျှောက်ထားလာခြင်းအား ပူးတွဲပါမူဝါဒများ၊ စိစစ်ရန်အချက်များ၊ ဆောင်ရွက်ရန်အချက်များတို့ဖြင့် ပြန်လည်စိစစ်ပြီးစီးပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးရှင့်- ဆက်စပ်မေးခွန်း မေးမြန်းခွင့် ပြုပါရှင်။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးရှင့်- ကျွန်မနှင့်တကွ ကျွန်မရဲ့ပြည်သူတွေကတော့ ဖြူစင်မှုကို သန့်ရှင်းတဲ့လက်နဲ့ တောင်းခံနေတာဖြစ်ပါတယ်။ အဲ့တော့ မေးခွန်းတွေကို ဖြေကြားတဲ့အပေါ်မှာ လက်ရှိကျူးကျော်နေတဲ့သူရှိတယ်။ လက်ရှိကျူးကျော်နေတဲ့သူကိုလည်းပဲ အစကနေပြန်ပြီးတော့ (၀.၆၃) ဧကကို ပြန်ပြီးတော့ စစ်ရမယ်ဆိုတဲ့ ပုံစံမျိုးကို ဝန်ကြီးက ဖြေထားတာရှိပါတယ်။ အဲ့တော့ (၁၀-၁-၂၀၁၉)ရက်နေ့ စီမံကိန်းအစည်းအဝေးမှာဆိုရင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးကနေပြီးတော့ (၄.၂၀)ဧက စွန့်လွှတ်တယ်ဆိုပြီးတော့ပြောပါတယ်။ (၃-၉-၂၀၁၉)ရက်နေ့မှာတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှာတော့ (၄-၉-၂၀၁၉)ရက်နေ့မှာ ဝန်ကြီးလာရောက်ပေးမယ်ဆိုတော့ (၃)ရက်နေ့မှာ အစည်းအဝေးခေါ်ပါတယ်။ အဲ့တာကတော့ဘာလဲလို့ဆိုတော့ ပြန်ပြီးတော့ စွန့်လွှတ်တဲ့ တောင်သူ(၆)ဦးကော နောက်ထပ်ကျူးကျော်နေတဲ့သူကော အစည်းအဝေးခေါ်ပါတယ်။ ခေါ်ပြီးတော့ ဒီလူတွေနဲ့ပတ်သက်ပြီးတော့ ညှိနှိုင်းဖို့ဆိုပြီးတော့ ပြောပါတယ်။ အဲ့တော့ ညှိနှိုင်းဖို့ဆိုတာ တကယ်တမ်းကျတော့ ကျွန်မတို့အတွက် အဆင်မပြေနိုင်ပါဘူး။ ကျူးကျော်နေတာကို သိသိရက်ကြီးနဲ့ ညှိနှိုင်းဆောင်ရွက်ခြင်းဆိုတဲ့အပိုင်းကို သွားပါတယ်။ အဲ့မှာမှ ကျန်တာကတော့ ဦးညာထွန်း ၀.၄၈ဧကနဲ့ ဦးအုန်းမောင် ၀.၁၅ဧက ဆိုပြီးတော့ ၀.၆၃ ဧက ကျန်တာပါ။ အဲ့တော့ ဦးကိုဌေး ဒီလူဟာ ဒီပေါ်မှာ ကျူးကျော်နေတဲ့သူပေါ့။ အဲ့ဟာကို ညှိနှိုင်းဆောင်ရွက်ပေးရန်ဆိုပြီး ထွေ/အုပ်မှာပြောပါတယ်။ အဲ့တော့

ဒါကိုဥပဒေနဲ့အညီပဲ ဆက်လက်ဆောင်ရွက်ဖို့ဆိုပြီးတော့ အစည်းအဝေးကိုဒီလိုပြောခဲ့ပါတယ်။ တောင်သူများကလည်းပဲ တကယ်တမ်းကြတော့ တောင်သူ(၆)ဦးဟာ ကျေးရွာပိုင်မြေဖြစ်နေပါပြီ။ ဘောလုံးကွင်းဖြစ်နေပြီ။ ဒီတောင်သူ(၆)ဦးကိုလည်း ကျေးရွာကနေပြီး သက်သက်မြေနေရာပြန်ဝယ်ပြီး အစားထိုးပေးပြီးသွားပါပြီ။ သို့သော်လည်းပြန်လည်စွန့်လွှတ်တဲ့အခါမှာတော့ မူလပိုင်ရှင်ကိုပြန်လည် စွန့်လွှတ်တာဖြစ်တယ်။ အဲ့ဒီတော့ ဒါတွေဟာ သူတို့တွေ မြေနေရာရရှိပြီးသားဖြစ်တယ်ဆိုတဲ့အကြောင်းကိုပြောတယ်။ ဒါကိုလည်း အဲ့နေ့မှာ ညှိနှိုင်းတယ်ဆိုတဲ့အကြောင်းပြချက်နဲ့ နောက်တစ်နေ့ ဝန်ကြီးလာတဲ့ (၄-၉-၂၀၁၉) ရက်နေ့မှာတော့ စွန့်လွှတ်တဲ့မြေကတော့ (၃.၅၇)ကေကို ပြန်စွန့်လွှတ်သွားတယ်။ (၀.၆၃)ကေကတော့ ကျန်ရှိနေတယ်။ အဲ့တော့ ၂၀၁၇ခုနှစ် စက်တင်ဘာလမှာတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး လက်မှတ်နဲ့ အစိုးရမှ စီမံခန့်ခွဲခွင့်ရှိသော မြေနေရာအား ကျူးကျော်ဆောင်ရွက်ခြင်းမပြုရန် တားမြစ်သည်ဆိုပြီး စာထွက်ထားတာရှိပါတယ်။ အဲ့လိုမျိုးတွေရှိနေပြီး အစကိုပြန်ရောက်သွား တာဆိုတာမျိုးကတော့ မဖြစ်သင့်ဘူးလို့ ကျွန်မအနေနဲ့ ယူဆပါတယ်။ အဲ့တော့ ကျူးကျော်နေတဲ့သူကို ဘယ်လိုအရေးယူဆောင်ရွက်ပေးမှာလဲ၊ ဝန်ကြီးရဲ့အဖြေမှာလည်းပါတယ်။ ကျူးကျော်နေထိုင်စိုက်ပျိုးထားတာကိုတွေ့ရှိတယ်။ ကျူးကျော်ပြီးတော့လည်းနေတယ်။ စိုက်ပျိုးထားတာကိုလည်းတွေ့နေပါလျက်နဲ့ ဘာ့ကြောင့်အရေးယူဆောင်ရွက်မှုတွေကို မလုပ်တာလည်း၊ အဲ့တော့ကျွန်မအနေနဲ့ မေးခွန်းမေးချင်တာက ကျူးကျော်မှုဟာဥပဒေအရ အရေးယူပိုင်ခွင့်ရှိတယ်။ ကျူးကျော်နေတဲ့သူကို ဘယ်လိုအရေးယူ ဆောင်ရွက်ပေးမှာလဲ၊ ဥပဒေပုဒ်မ ၄၄၇ အရ အမြန်ဆုံးဘယ်အချိန်မှာ အရေးယူဆောင်ရွက်ပေးမလဲဆိုတာကို ဝန်ကြီးအနေနဲ့ အချိန်အတိအကျ ပြန်လည်ဖြေကြားပေးပါရန် ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ ဒါကိုလည်း ဥက္ကဋ္ဌကြီးအနေနဲ့ ထပ်မံပြီးတိုက်တွန်းပေးဖို့ တောင်းဆိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ပပဟန် မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား- လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ အသံကို ကျွန်တော်ရှင်းလင်းစွာ မကြားရပါဘူး။ အဲ့တော့ အချုပ်ဘာကို မေးချင်တာလဲ။ အဲ့ဒါကို ရှင်းရှင်းလင်းလင်းတင်ပြပေးဖို့ ကျွန်တော်အနေနဲ့ မေတ္တာရပ်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ပပဟန်ခင်ဗျား- Mask ဖြုတ်ပြီးတော့ ပြန်ပြီးမေးပါ။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဝန်ကြီးအနေနဲ့ ကျွန်မရဲ့မေးခွန်းကို ပြန်လည်ပြီးတော့ ဖြေကြားထားတာ ကျူးကျော်နေထိုင် စိုက်ပျိုးထားတာကိုတွေ့ရှိရပါတယ်ဆိုပြီး ပြန်ပြီးတော့ ဖြေထားတာတွေ့ရပါတယ်။ အဲ့တော့ မြေစစ်ကော်မတီကိုလည်း ပြန်ပြီးတော့

အဆင့်ဆင့်ဆောင်ရွက်နေအုံးမယ်ဆိုပြီးတော့ ရေးထားတာတွေ့ရပါတယ်။ အဲ့တော့ ကျွန်မတို့အနေနဲ့က ကျူးကျော်ထားတာကိုသိတယ်။ ဒါအစိုးရအနေနဲ့ကော ဌာနဆိုင်ရာတွေအနေနဲ့ကော ကျူးကျော်ထားတာကိုသိတယ် ဘာ့ကြောင့်အရေးယူဆောင်ရွက်မှုတွေကို မလုပ်တာလဲ။ ကျူးကျော်မှုကို ဥပဒေအရ အရေးယူပိုင်ခွင့်မရှိတော့တာလား။ နောက်တစ်ခုက ကျူးကျော်နေတဲ့သူကို ဘယ်လိုအရေးယူပေးမလဲ။ ဥပဒေပုဒ်မ ၄၄၇ အရ အမြန်ဆုံး ဘယ်အချိန်မှာ အရေးယူဆောင်ရွက်ပေးမလဲဆိုတာကို သိရှိလိုပါတယ်။

**ဥက္ကဋ္ဌ။** ။စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ အားလုံးမင်္ဂလာပါ။ ကျူးကျော်ထားတာကတော့ မိမိတို့ဆီမှာ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် ဒေါ်ပပဟာန်မေးမြန်းတဲ့ မေးခွန်းအမှတ်စဉ် ၅(င)ရဲ့ ဆက်စပ်မေးခွန်းဖြစ်တဲ့ ကျူးကျော်ထားတာကို ဘာလို့အရေးမယူတာလဲ၊ ကျူးကျော်မှုကို ဘယ်တော့ အရေးယူမှုရှိမလဲ ဒီလိုမျိုး ကျွန်တော်နားလည်ပါတယ်။ အဲ့တော့ကျူးတာကတော့ ကျွန်တော်တို့ဆီမှာ ကျူး/စိုက်တွေ အများကြီးရှိပါတယ်။ စားကျက်ဆိုလည်း စားကျက်မြေကျူး၊ မြေလွတ်မြေလပ်ဆိုလည်း မြေလွတ်မြေလပ်ကျူး၊ မြို့မြေဆိုလည်း မြို့မြေကျူး၊ လယ်မြေဆိုလည်း လယ်မြေကျူးစသဖြင့် ချောင်းမြေဆိုလည်း ချောင်းမြေကျူး၊ ကျူးပြီးတော့ စိုက်ပျိုးနေတာတွေရှိပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့ ခေတ်အဆက်ဆက်မှာ နိုင်ငံရေး မြေယာစီမံခန့်ခွဲမှုဖြစ်စဉ်အရ ယခင် ကျွန်တော်တို့ ဒါတွေဟာ Goverment own ဆောင်ရွက်ခဲ့တဲ့ စနစ်တုန်းကတော့ ဒီမြေယာတွေဟာ မြေယာမှာ စနစ်အမျိုးမျိုးဆောင်ရွက်ခဲ့ပါတယ်။ ယခင်တုန်းက ကျွန်တော်တို့က မြေအမျိုးအစားပေါ်မူတည်ပြီးတော့ အင်္ဂလိပ်လက်ထက်တုန်းက ဒီမြေတွေကို ဘယ်လိုမြေအမျိုးအစားမှာ စိုက်လို့ရှိရင်တော့ မြေခွန်တော်ဘယ်လောက်ပေးရမလဲဆိုပြီးတော့ ကြေးတိုင်သတ်မှတ်ပြီးတော့ ဆောင်ရွက်ခဲ့တာမျိုးရှိပါတယ်။ ဒီနေ့မှာလည်းပဲ ကျူးပြီးတော့ ဆောင်ရွက်ခဲ့မှုတွေဟာ လက်ရှိလဲရှိနေမြဲဖြစ်ပါတယ်။ အများကြီးလဲရှိပါတယ်။ အဲ့တော့ ဒီနေ့ကျွန်တော်တို့ ဖြစ်စဉ်မှာတော့ ပြန်လည်စွန့်လွှတ်အပ်နှံတဲ့ (၄.၂၀)ကေမှာ ကျန်တဲ့မြေကေတွေကတော့ မူလတောင်သူတွေရှိတာဖြစ်တဲ့အတွက် ယာယီပုံစံ(၃) လွှဲအပ်ပေးပြီးဖြစ်ပြီးတော့ ကျန်တဲ့ (.၆၃)ကတော့ စားသုံးသူရေးရာဦးစီးဌာနက ပုံစံ(၇)အမည်ပေါက်ရယူထားတာဖြစ်တဲ့အတွက် ဒီမြေစစ်မှုဝါဒနဲ့အညီ စွန့်လွှတ်နိုင်ရေးအတွက်ကို ဆက်လက်ပြီးဆောင်ရွက်ပေးနိုင်ပြီးတော့ တကယ်လို့ စားသုံးသူရေးရာဦးစီးဌာနက စွန့်လွှတ်ပေးမှသာ (.၆၃)ကေကို ယာယီပုံစံ(၃)ပေးအပ်ပေးနိုင်မှာဖြစ်တဲ့အကြောင်းနဲ့ ပြန်လည်ရယူမည့် ပုဂ္ဂိုလ်ဟာ မြေစစ်မှုဝါဒမှာပါတဲ့ မူလလက်ငုတ်တောင်သူလား သို့တည်းမဟုတ် အနားလေးရပ်ထောက်ခံတဲ့ မူလပိုင်ဆိုင်ကြောင်း

ထောက်ခံတဲ့ပုဂ္ဂိုလ်လားဆိုတဲ့ မြေစစ်မူဝါဒအပေါ်မှာ စိစစ်ပြီးဆောင်ရွက်သွားရမည့် ကိစ္စဖြစ်ပါကြောင်း ကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးရှင့် ဝန်ကြီးက ကျွန်မ ပထမပိုင်းပြောလိုက်တာကို နားမလည်ဘူးလို့ ထင်ပါတယ်။ ဝန်ကြီးဖြေတာတွေနဲ့ပတ်သက်ပြီးတော့လည်း ကျေးဇူးတင်ပါတယ်။ ဗဟုသုတလည်းအများကြီးရပါတယ်။ ကျွန်မမေးတာက ကျူးနေတဲ့သူရှိတယ်။ ကျူးနေတဲ့သူကို အရေးယူပေးမှာလား၊ အရေးယူဆောင်ရွက်လို့ မရဘူးလားဆိုတဲ့ဟာကို ကျွန်မက မေးတာပါ။ အဲ့မှာမှ ခုနက (၄.၂၀)ကေ က အကုန်လုံးပုံစံ(၇)ထွက်ပြီးသားပါ။ ဝန်ကြီးရဲ့ အဖြေမှာကိုက ပုံစံ(၇)ထွက်တယ်ဆိုတာကို ပါပြီးသား။ အခု (ဝ.၆၃)ကေက ပုံစံ(၇)ထွက်နေတာ မဟုတ်ပါဘူး။ အဲ့တော့ ခုနကလည်းကျွန်မပြောခဲ့ပါတယ်။ Maskတပ်ထားတဲ့အတွက် သိပ်ပြီးတော့ မကြားရဘူးဆိုရင် ထပ်ပြော ပါ့မယ်။ ၂၀၁၇ခုနှစ် စက်တင်ဘာလမှာ မြို့နယ်အုပ်ချုပ်ရေးမှူး လက်မှတ်ထိုးပြီးထုတ်ထားတဲ့စာ ရှိပါတယ်။ အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေနေရာအား ကျူးကျော်ဆောင်ရွက်ခြင်းမပြုရန်တားမြစ်ပါ သည်ဆိုတဲ့ စာထွက်ထားတယ်။ စာထွက်ထားပါလျက်နဲ့အခုအချိန်ထိ သက်ဆိုးရှည်နေတာ ဘာ့ကြောင့် လဲ၊ ကျွန်မတို့ကပြောတယ် ဖြူစင်မှုကို သန့်ရှင်းတဲ့လက်နဲ့ တောင်းနေတာပါဝန်ကြီး၊ အဲ့တော့ (၁၀-၁-၂၀၁၉)မှာလည်းပဲ အစည်းအဝေးမှာလည်း ထွေ/အုပ်ကနေပြီး (၄.၂၀)ကေ စွန့်လွှတ်တယ်လို့ပြောတယ်။ နောက်တစ်ခါ (၃-၉-၂၀၁၉)ရက်နေ့မှာ ညှိနှိုင်းဖို့ဆိုပြီးတော့ အစည်းအဝေးခေါ်တယ်။ ညှိနှိုင်းဖို့ဆိုတာက (ဝ.၆၃)ကေကို ထားခဲ့ပြီးတော့ (၃.၅၇)ကေကိုပဲ ဝန်ကြီးလာတဲ့နေ့မှာပေးအပ်ဖို့ဆိုပြီး ကျွန်မတို့ကို ညှိနှိုင်းတယ်။ (ဝ.၆၃)ကေမှာ ကျူးနေတဲ့ ခုနကပြောတဲ့စာအမှတ်မှာ ဒီလူကို တားမြစ်စာထွက်ထားတာ ရှိပါတယ်။ ဒီကျူးနေတာကို သိသိကြီးနဲ့ ကျွန်မတို့က ဘာကိုညှိနှိုင်းရမှာလဲ၊ ကျူးနေတာကို တရားစွဲ ရမှာပေ့ါ၊ ကျွန်မအနေဖြင့် ဝန်ကြီးက မရှင်းလို့ ပြန်ပြီးပြောခြင်းဖြစ်ပါတယ်။ ထွေ/အုပ်က စာထုတ်ပြီး သားဖြစ်ပါတယ်။ ဘယ်လောက်ကေ စွန့်လွှတ်မယ်ဆိုတာ လာပြီးပြောထား ပြီးသားဖြစ်ပါတယ်။ ကျူးနေတဲ့သူကိုကော ဘယ်လိုအမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးမလဲဆိုတာကိုပဲ ကျွန်မအမြန်ဆုံး သိချင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဒေါ်ပပဟန်မေးမြန်းသည့် ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဒီကျူးကျော်နေတဲ့ သူများအပေါ်မှာ မည်သို့မည်ပုံအရေးယူဆောင်ရွက်မယ်။ နောက်ဒီမြေနဲ့ပတ်သက်ပြီးတော့ မည်သည့် အချိန်အထိ ဘယ်အချိန်အခါမှာဆောင်ရွက်မယ်ဆိုတာနဲ့ ပတ်သက်ပြီးတော့ တိတိကျကျသိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒါကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက တိတိကျကျ ပြန်လည်ရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။အားလုံး မင်္ဂလာပါ။ ကျွန်တော်တို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မေးမြန်းတဲ့မေးမြန်းချက်အပေါ်မှာ ကျွန်တော့်အနေနဲ့ မူလပုံစံ(၇)ရယူထားတဲ့ ကာယကံရှင်ရဲ့ သဘောထားအပေါ်မှာပဲ မူတည်ပါတယ်။ ၎င်းတို့အနေနဲ့ ပုံစံ(၇) ရယူထားပြီးဖြစ်တဲ့အတွက် ၎င်းတို့ပိုင်ဆိုင်မှုအပေါ်မှာ လုပ်ငန်းဆောင်ရွက်ဖို့ အတွက် ရှင်းလင်းဖယ်ရှားဖို့ သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီးတော့ လမ်းညွှန်မှုရှိတဲ့အခါမျိုး သို့တည်း မဟုတ် ဒါကိုကျူးတွေကို ဖယ်ရှားပါဆိုပြီးတော့ ကျူးတွေကတော့ နေရာတိုင်းမှာရှိနေပါတယ်။ လမ်းကျူး၊ ဆောက်လုပ်ရေးဆိုလည်း ဆောက်လုပ်ရေးဘေးမှာရှိပါတယ်။ နေရာတိုင်းမှာ ကျူးရှိတာ ဖြစ်တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ဦးစီးဌာနရဲ့ သဘောထားအပေါ်မှာသာ မူတည်ပါကြောင်းကို ရှင်းလင်းဖြေကြား အပ်ပါတယ်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးမြန်း ခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ကျွန်တော်မေးမြန်းသည့် မေးခွန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြေသွားတာက ဦးစီးဌာနကနေပဲ တင်ပြထားတဲ့ဟာလို့နားလည်ပါတယ်။ ဒီမှာလည်း (၉-၅-၂၀၁၉) စာအမှတ် စမ-၂၀ ရေး / မြေယာ/ ၂၀၁၉ ပူးတွဲ (၈)ဖြင့် တင်ပြခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးအား ပူးတွဲ(၉)ဖြင့် တင်ပြခဲ့တယ်ဆိုတော့ စိုက်ပျိုးရေး ဦးစီးဌာနအနေနဲ့ စိစစ်တင်ပြထားတာပဲ တွေ့ရပါတယ်။ အဲ့တော့ ဒီ issue ပေါ်မှာ ကျွန်တော်တို့ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးအနေနဲ့ အသေးစိတ်နားလည်ပုံမရဘူးလို့ သိပါတယ်။ အဲ့ဒါကြောင့် ဒီမေးခွန်းအပေါ်မှာ တကယ်မူလပိုင်ရှင်က မြန်မာနိုင်ငံသား တကယ်ပိုင်ရှင် ပိုင်ခဲ့တယ်ဆိုတာ အသေးစိတ်တင်ပြပါရစေ။ နောက်တစ်ချက်က လုပ်ငန်းများ ပြည်သူပိုင်လုပ်ခြင်း ဥပဒေပါ။ ပြည်သူပိုင်သိမ်းခြင်း ဥပဒေမဟုတ်ပါဘူး။ ဒီဥပဒေကိုလည်း ဝန်ကြီးအနေနဲ့ အသေးစိတ် လေ့လာဖို့လိုပါတယ်။ (၁၉၆၃)ခုနှစ် လုပ်ငန်းများပြည်သူပိုင် လုပ်ခြင်းဥပဒေပါ။ ပစ္စည်းတွေကို ပြည်သူပိုင် လုပ်ရတာမဟုတ်ပါဘူး။ (၁၉၆၂-၆၃)မှာ တော်လှန်ရေးကောင်စီအစိုးရက ဘာရည်ရွယ်ချက်နဲ့ လုပ်ခဲ့ တာလဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံခြားသား တရုတ်၊ ကုလားတွေက စီးပွားရေးလုပ်ငန်း တော်တော်များများကို စိုးမိုးထားကြတယ်။ မြန်မာနိုင်ငံသား လုပ်ငန်းရှင်တွေက တော်တော်လေးဒုက္ခ ရောက်ပြီး နောက်ကနေရတယ်။ ဒါကြောင့် နိုင်ငံခြားသားပိုင်တဲ့လုပ်ငန်းမှာ ပစ္စည်းတွေ (အတွင်း ပစ္စည်းတွေ မပါပါဘူး) လုပ်ငန်းတွေကို နိုင်ငံတော်ပိုင်သိမ်းယူခြင်း ဖြစ်ပါတယ်။ ပစ္စည်းတွေ သိမ်းလို့ မရပါဘူး။ နိုင်ငံသားပိုင်ဆိုရင် မှားယွင်းပြီးတော့ သိမ်းခဲ့တာရှိပါတယ်။ မင်းလမ်းမှာလည်း ပြန်ပေးခဲ့တာ

ရှိပါတယ်။ နိုင်ငံသားပိုင်ဖြစ်လို့ မှားယွင်းပြီးသိမ်းခဲ့တာဆိုရင် ပြန်ပေးရပါတယ်။ (ပုံစံ -၃)နဲ့ ပြန်ပေးခဲ့တာလည်း နောက်ပြီးအထောက်အထားနဲ့ပြပါမယ်။ အဲ့ဒါကြောင့် ဒီဥပဒေကို ဝန်ကြီးအနေနဲ့ အသေးစိတ်လေ့လာပါ။ နိုင်ငံသားမှန်တယ်ဆိုရင် မှားယွင်းပြီးသိမ်းခဲ့တာဆိုရင် မူလနစ်နာသူကို ပြန်ပေးနိုင်ဖို့ ဆက်လက်စိစစ်ဖို့ လိုအပ်ပါတယ်။ ဝန်ကြီးတင်ပြသွားသည့် မူဝါဒ (၉)ချက် လုပ်ငန်းစဉ် (၆)ချက်တို့ မူဝါဒ(၉)ချက်မှာ မူဝါ(၂)မှာ ဘာပါလဲဆိုတော့ ၂၀၁၉ ဧပြီ ၂၄ ရက်နေ့ကမှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်ပါ။ အမြဲတမ်းအတွင်းဝန် ဇော်သန်းထွန်းလက်မှတ်နဲ့ ထုတ်ပြန်ထားတာပါ။ မူဝါဒ(၂)မှာ ဘာပါလဲဆိုတော့ ၁၉၆၃ခုနှစ်မှာ လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ခြင်း ဥပဒေအရ ပြည်သူပိုင်သိမ်းဆည်းရာတွင် ပြည်သူပိုင်သိမ်းစာရင်းတွင် ပါဝင်ခြင်းရှိ/မရှိ၊ မရှိကြောင်းထင်ရှားလျှင် ပြန်လည်လွှဲပြောင်းပေးအပ်ရန်ဆိုတာ ပါ,ပါတယ်။ ဒီ မူဝါဒ (၂)မှာ ရှင်းရှင်းလေးပါ။ ၁၉၆၃ လုပ်ငန်းများ ပြည်သူပိုင် ပြုလုပ်ခြင်း ဥပဒေအရ ဒီဥပဒေက သိမ်းခွင့်သိမ်းထိုက်ရှိ တယ်ဆိုရင် သိမ်းရမယ်။ ဒီဥပဒေက သိမ်းခွင့်သိမ်းထိုက်မရှိတဲ့ မြန်မာနိုင်ငံသားစစ် မူလပိုင်ရှင်မှန်တယ်ဆိုရင် ပြန်ပေးဖို့ စိစစ်ခိုင်းတာပါ။ ဒီဟာကိုလည်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီး ဌာနကစိစစ်ချက်မှာ ပျက်ကွက်ပါတယ်။ ဒီဟာကိုလည်း အသေးစိတ်ပြန်စိစစ်ပေးဖို့ လိုပါတယ်။ အဲ့ဒါကြောင့် မူလပိုင်ရှင်ရဲ့ အထောက်အထားများကို powerpoint နဲ့ တင်ပြပါ့မယ်။ ဆက်စပ်မေးခွန်း အနေနဲ့ ဝန်ကြီးပြောခဲ့တဲ့ ဒီဟာတွေကို စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စိစစ်ပြီးတင်ပြလာတယ်။ မူလပိုင်ရှင်ကလည်းမှန်တယ်။ ဒီမှာ၁၉၆၃ခုနှစ် လုပ်ငန်းများ ပြည်သူပိုင်သိမ်းခြင်း ဥပဒေအရကြည့်ရင်လည်း ဒီဟာကအကျုံးမဝင်ဘူး။ နိုင်ငံခြားသားလည်းမဟုတ်ဘူး။ နိုင်ငံခြားသားပိုင်တဲ့ ပစ္စည်းသိမ်းခဲ့ရင်တောင်မှ ပစ္စည်းသိမ်းလို့မရပါဘူး။ လုပ်ငန်းကိုသိမ်းပြီးတော့ သူ့မှာရှိတဲ့ အိမ်၊ ပစ္စည်း၊ အဆောက်အဦတွေကို အရစ်ကျနဲ့ နိုင်ငံတော်က ပြန်ပြီးပေးချေရပါတယ်။ ဒီဥပဒေကိုလည်း ဝန်ကြီးအနေနဲ့ အသေးစိတ်လေ့လာပါ။ ပြီးတော့ ဒီမူဝါဒ (၉)ရပ် စောစောက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ၂၀၁၉ ဧပြီ ၂၄ မှာထုတ်လိုက်တဲ့ မူဝါဒ (၉)ချက်ရဲ့ နံပါတ်(၂)မူဝါဒ ၁၉၆၃ ခုနှစ် လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ရေးဥပဒေအရ ပြည်သူပိုင်သိမ်းဆည်းရာတွင် ပြည်သူပိုင်သိမ်းစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ ထင်ရှားလျှင် အဲ့ဒီအချက်ကို သေချာစိစစ်ဖို့ဆိုလျှင် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မလုံလောက်ပါဘူး။ ဒီ issueကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နဲ့ ဝန်ကြီးများအားလုံး ဦးတိုက်တင်ပြထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ Cabinet အနေနဲ့ ဒီကိစ္စကို သေချာပြန်လည်စိစစ်သုံးသပ်ပြီး မူလပိုင်ရှင် တကယ်နစ်နာသူလက်ထဲကိုရောက်အောင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးခိုင် မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ အားလုံး မင်္ဂလာပါ။ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီဥက္ကဋ္ဌလည်းဖြစ်တဲ့ ဦးမျိုးခိုင်မေးမြန်း ထားတဲ့ မေးခွန်းအမှတ်စဉ်၅(စ) ဆက်စပ်မေးခွန်းနဲ့ အထောက်အထား တင်ပြချက်တွေအပေါ်မှာ ကျွန်တော့်အနေနဲ့ ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒါပေမဲ့လည်းကျွန်တော်တို့အနေဖြင့် ရှင်းလင်းတင်ပြတဲ့ အခါမှာ လက်ရှိတင်ပြတဲ့ တင်ပြချက်က Personal case ဖြစ်နေတာကတစ်ကြောင်း နောက်တစ်ခု ကတော့ ကျွန်တော်တို့အနေနဲ့ ဒီမြေယာတွေကို ပြန်လည်ပေးအပ်ခြင်း၊ ရယူခြင်းဆိုတဲ့ အခွင့်အလမ်း မျိုးနဲ့ ဆောင်ရွက်ရတာမဟုတ်ဘဲနဲ့ သက်ဆိုင်ရာဌာနတွေမှာ ကျွန်တော်တို့နဲ့ စိစစ်ဆောင်ရွက်ချက် ပေါ်မှာသာလျှင် တင်ပြဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့က ဒီကိစ္စဒီအမှုဟာ လက်ရှိသက်ဆိုင်ရာ ဒီမြေယာနဲ့ပတ်သက်ပြီး ရယူပိုင်ဆိုင်ထားတဲ့ ဌာနမှာရှိတဲ့အထောက် အထားများ၊ သက်ဆိုင်ရာ ကာယကံရှင်မှာရှိတဲ့အထောက်အထားများကို တင်ပြပြီး တရားရုံးရဲ့ အဆုံးအဖြတ်ကိုသာ ရယူသင့်တဲ့ကိစ္စမျိုးဖြစ်ပါတယ်။ မိမိအနေနဲ့ကတော့ ဒါပြည်ထောင်စုဝန်ကြီးဌာန ကနေပြီးတော့ စီမံ ခန့်ခွဲ ဆုံးဖြတ်ထားတဲ့ ဆုံးဖြတ်ချက်တွေအပေါ်မှာ တင်ပြခြင်းဖြစ်၍ လိုအပ်တဲ့ တရားရုံးအဆုံးအဖြတ် များနှင့်သာလျှင် ဆောင်ရွက်သင့်ပါကြောင်းကို အကြံပြုရှင်းလင်းတင်ပြအပ်ပါ တယ်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော်ကိုယ်စားလှယ် (၂)ဦးကမေးမြန်းသည့် မေးခွန်း(၂)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်သည့် အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ဦးတင်ဆန်းဦး(ခ) ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **“ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျောက်ကြီးမြို့နှင့် မုန်းမြို့ကြားတောင်ခြေ ဒေသများတွင် တရားမဝင်ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည်ကို သိရှိရပါသဖြင့် တရားဝင်စိစစ်အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်ဆန်းဦး(ခ) ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **“ပဲခူးတိုင်း ဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျောက်ကြီးမြို့နှင့် မုန်းမြို့ကြားတောင်ခြေဒေသများတွင် တရားမဝင်ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည်ကို သိရှိရပါသဖြင့် တရားဝင်စိစစ် အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့်စပ်လျဉ်း၍ ကျောက်ကြီးမြို့နယ်၊ ကျောက်ကြီးမြို့နှင့် မုန်းမြို့ကြားတောင်ခြေဒေသများတွင် တရားမဝင် ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေ

သည့်ကို သိရှိရပါသောကြောင့် မည်သူ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေကြောင်းနှင့် တရားဝင်စိစစ် အရေးယူဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသောကြောင့် မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **“ကြို့ပင်ကောက်မြို့ပေါ် (၁၀)ရပ်ကွက်တွင်ရှိသော ပြည်သူ(၂၂၉၅၄)ဦးအတွက် JICA ချေးငွေမယူဘဲ ရိုးရိုးဆည်ရေသန့်ကို သောက်သုံးရေရရှိရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက် ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေမှ ထောက်ပံ့ကူညီပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ **“ကြို့ပင်ကောက် မြို့ပေါ် (၁၀)ရပ်ကွက်တွင်ရှိသော ပြည်သူ(၂၂၉၅၄)ဦးအတွက် JICA ချေးငွေမယူဘဲ ရိုးရိုးဆည်ရေသန့်ကို သောက်သုံးရေရရှိရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေမှ ထောက်ပံ့ကူညီပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့်စပ်လျဉ်း၍ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်သည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း (၂၈)မြို့နယ်တွင် သောက်သုံး ရေအရှားပါးဆုံး မြို့တစ်မြို့ဖြစ်ပါသည်။ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် ရေမရှားသော်လည်း မြို့ပေါ်(၁၀)ရပ်ကွက်ရှိ အိမ်ထောင်စုပေါင်း (၅၇၂၈) အိမ်ထောင်စုရှိပြီး လူဦးရေ (၂၂၉၅၄)ဦးတို့မှာ မိုးတွင်းအခါသာ သောက်သုံးရေအဆင်ပြေသော်လည်း မိုးလွန်ကာလ၊ ဆောင်းရာသီ အလယ်လောက်မှ စ၍ နောက်နှစ်မိုးမကျမီကြား ကာလ(၆)လခန့်လောက်တွင် ရေအခက်အခဲနှင့် ရင်ဆိုင်နေကြရပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကြို့ပင်ကောက်မြို့ အနောက်ဖက် (၂)မိုင် (၄)ဖာလုံ ကွာဝေး သော ဘုကြီးအုပ်စု၊ ဘုကြီးရွာမှ မြေအောက်ရေတူးပြီး ရေဖြန့်ဝေပေးပါသော်လည်း မြို့ပေါ်ရပ်ကွက် (၅)ရပ်ကွက်ခန့်လောက်သာ ရေပေးဝေနိုင်ပြီး ရေခွန်၄၈၉၀၀၀၀ (လေးဆယ့်ရှစ်သိန်းကိုးသောင်းခန့် ကောက်ခံရရှိပါသည်။ မြို့ပေါ်(၁၀)ရပ်ကွက်စုံအောင် ရေမဖြန့်ဝေနိုင်ပါ။ လွန်ခဲ့သော (၅)နှစ်ခန့်မှစ၍ ရေရှားပါးသောကာလများတွင် ကြို့ပင်ကောက်မြို့ အရှေ့ဘက်(၁၄)မိုင်ကွာ ဘော်ဘင်ဆည်မှ စိုက်ပျိုးရေ ဖြန့်ဝေပေးနေသော ဆည်ရေကို ရေနုတ်မြောင်းများမှတစ်ဆင့် ကြို့ပင်ကောက်မြို့ပေါ်ရှိ ရေကန်ပေါင်း (၂၅)ကန်ကို ရေသွင်းပြီး မြို့ပေါ် (၁၀) ရပ်ကွက်ရှိ ပြည်သူလူထုနှစ်သောင်းခွဲခန့်မှာ ကိုယ်တိုင်ခပ်ယူခြင်း၊ ရေသယ်ယူရောင်းချသူများထံမှ တစ်ဆင့်ရယူခြင်းတို့ဖြင့် ရေအခက်အခဲကို ဖြေရှင်းနေကြရပါသည်။

လွန်ခဲ့သော (၂)နှစ်ကျော်ခန့်မှစ၍ Japan နိုင်ငံ JICA အဖွဲ့မှ ချေးငွေအစီအစဉ်ဖြင့် သောက်ရေ သန့်ရအောင် ဆောင်ရွက်ပေးမည်ဟု ကြားသိရ၍ မြို့ပေါ်(၁၀)ရပ်ကွက်ရှိ ပြည်သူလူထုတို့မှာ အတိုင်း မသိဝမ်းသာပီတိဖြစ်ကြရပါသည်။ လွန်ခဲ့သော(၂)နှစ်ကျော်ကာလအတွင်း မြို့နယ်စည်ပင်သာယာရေး အဖွဲ့၏ တာဝန်ရှိသူများမှာ JICA ရေသန့်စီမံကိန်းအတွက် တိုင်းအစည်းအဝေး၊ နေပြည်တော်အစည်း အဝေးများကို အကြိမ်တက်ရောက်ခဲ့ရပြီး တိုးတက်မှုရှိသည်ဟု ကြားသိရပါသည်။

သို့ရာတွင် ယခုနောက်ဆုံးအကြိမ် (၂၉.၆.၂၀၂၀)နေ့ ကြို့ပင်ကောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ခန်းမတွင် JICA အဖွဲ့မှ ဂျပန်ကိုယ်စားလှယ် ပြည်ထောင်စုအဆင့် တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်နှင့် ဆက်စပ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလာရောက် ရှင်းလင်းဆွေးနွေးရာတွင် တည်ဆောက်ပေးမည့် ကြို့ပင်ကောက်မြို့နယ်အတွက် သောက်ရေသန့်စီမံကိန်းများ (၈ဘီလီယံကျော်) ၈၂၄၃၉၆၂၈၂၉ ကုန်ကျမည့် စီမံကိန်းဖြစ်သော်လည်း မြို့ပေါ်(၁၀)ရပ်ကွက်အားလုံး ရေမရရှိနိုင်ပါ။ (၆)ရပ်ကွက်သာ ရေရှိမည့် စီမံကိန်းဖြစ်နေပါသည်။ ရရှိမည့်ရေကတော့ သောက်ရေသန့်ဟု ဆိုပါသည်။

JICA ရေသန့်စီမံကိန်းဆောင်ရွက်လျှင် ကုန်ကျမည့်၈ဘီလီယံကျော်ကို အတိုးနှုန်း ၀.၀၁ ရာခိုင်နှုန်းဖြင့်သာ ပေးဆပ်ရမှာဖြစ်ပြီး နှစ်(၄၀)အတွင်း အကျေဆပ်ရမည်ဖြစ်ပါသည်။ ပထမ (၁၀)နှစ်တွင် အတိုးသာဆပ်ရမည်ဖြစ်ပြီး တစ်နှစ်(၈)သိန်း ပြန်ဆပ်ရမည်ဖြစ်ပါသည်။ ကျန်နှစ် (၃၀)အတွင်း အတိုးအရင်းနှစ်ရပ်ပေါင်းဆပ်ရမည်ဖြစ်ပြီး တစ်နှစ်လျှင် ကျပ်သိန်းပေါင်း(၂၇၀၀)ကျော် ပြန်ဆပ်ရပါသည်။ ထိုသို့ ပြန်ဆပ်ရန်မှာ ရေဖြန့်ဝေ၍ ရရှိသောငွေစုစုပေါင်းနှင့် မြို့နယ်စည်ပင်သာယာ၏ အခွန်အရပ်ရပ်ပေါင်းမှာ ဝန်ထမ်းလစာ ရုံးစရိတ်(သာမန်အသုံးစရိတ်)နှုတ်ပြီး ကျန်ငွေအားလုံးကို ပေါင်းစပ်၍ ကြွေးဆပ်ရမည်ဖြစ်နေပါကြောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ တာဝန်ရှိသူမှ ရှင်းပြဆွေးနွေးသွားပါသည်။ ပေးဆပ်ရမည့် ကာလမှာ နှစ်သုံးဆယ်ဖြစ်ပြီး နှစ်(၃၀)လုံးလုံး မြို့နယ်စည်ပင်သာယာဖွံ့ဖြိုးရေးလုပ်ငန်းများ လုံးဝမလုပ်ဆောင်နိုင်တော့ပါ။ သို့ပါ၍ JICA အဖွဲ့၏ ချေးငွေစီမံကိန်းဖြင့် ဆောင်ရွက်ပေးမည့်ရေသန့်စီမံကိန်း (၈)ဘီလီယံကျော်မှာ ကြို့ပင်ကောက်မြို့အတွက်" ဆင်၏ ဦးခေါင်းကို ခွေးမချီနိုင်" ဆိုသကဲ့သို့ ဖြစ်နေပါသည်။

JICA အဖွဲ့၏ ချေးငွေအကူအညီကို မယူတော့ဘဲ မြို့၏ အရှေ့မြောက်ဒေါင့် ကြို့ပင်သာယာရပ်ကွက်၏ အစွန်တွင်ရှိနေသော၊ စည်ပင်သာယာပိုင်၊ ရေကန်(၂)ကန်ကို အခြေခံထားပြီး ထပ်မံချဲ့ထွင်၍ ရေစစ်ကန်များ တည်ဆောက်ကာ အနီးဆုံးနေရာမှ ဆည်ရေသွင်းပြီး မြို့ပေါ် (၁၀)ရပ်ကွက် ရေဖြန့်ဝေပေးနိုင်မည့် ရေစင်တည်ဆောက်၍ သောက်ရေသန့်မဟုတ်သော်လည်း ရိုးရိုးရေသန့်ကို ရေမီတာဖြင့် ဖြန့်ဝေမည်ဆိုပါက စည်ပင်သာယာတွင်လည်း ရေခွန်ရ၊ မြို့ပေါ် (၁၀)ရပ်ကွက်လည်း ရေရ၊ ဆည်မြောင်းဦးစီးဌာနသို့ ရေခွန်ပေးဆောင်ခြင်းဖြင့် သုံးဦးဖလှယ်အကျိုးရှိသော သားရွှေအိုးထမ်းလာသော ကိန်းမျိုးရရှိနိုင်ပါသည်။

အထက်ပါနည်းအတိုင်း သောက်ရေသန့်စီမံကိန်းပြုလုပ်မည့်အစား ရိုးရိုးရေစီမံကိန်း ဆောင်ရွက်မည်ဆိုပါက JICA အဖွဲ့၏ကုန်ကျမှုတွက်ချက်သော ဇယားမှ ရေသန့်စက်ရုံတည်ဆောက်မှု (၁.၁၈၁) ဘီလီယံ လျှပ်စစ်သွယ်တန်းမှု (၀.၃၅၅)ဘီလီယံ ဆည်မှမြို့သို့(၁၄)မိုင် ရေပိုက်သွယ်မှု (၄.၈၇၄)ဘီလီယံ မမျှော်မှန်းနိုင်သော ကုန်ကျစရိတ် (Contingency10%) (၀.၇၅၀) ဘီလီယံ စုစုပေါင်း(၇.၁၆) ဘီလီယံ ကုန်ကျရန် မလိုတော့ဘဲ သက်သာနိုင်ပါသည်။

သို့ပါ၍ (၈)ဘီလီယံကျော် (၈.၂၄၄)ဘီလီယံခန့် ကုန်ကျမည့် သောက်ရေသန့်စီမံကိန်း JICA ၏ အကူအညီချေးငွေကိုမယူပါပဲ (၁)ဘီလီယံကျော်သာ ကုန်ကျနိုင်မည့် ရိုးရိုးဆည်ရေသန့်ကို မြို့ပေါ်(၁၀)

ရပ်ကွက်သို့ဖြန့်ဝေပြီး ကြို့ပင်ကောက်မြို့ပေါ် (၁၀)ရပ်ကွက်တွင်ရှိသော ပြည်သူ (၂၂၉၅၄)ဦး၏ နှစ်စဉ်ကြုံတွေ့နေရသော ရေရှားပါးမှု ဘေးဒုက္ခမှကင်းလွတ်စေရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေမှ ထောက်ပံ့၍ပေးရန် အစီအစဉ်ရှိ/မရှိ၊ ကြို့ပင်ကောက်မြို့ပေါ် (၁၀)ရပ်ကွက်ရှိ ပြည်သူလူထုကိုယ်စား မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)အား သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]။** ။ ဦးတင်ဆန်းဦး(ခ) ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ **"ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျောက်ကြီးမြို့နှင့် မုန်းမြို့ကြား တောင်ခြေဒေသများတွင် တရားမဝင်ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည်ကို သိရှိရပါသဖြင့် တရားဝင်စိစစ်အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့မှ ထန်းတပင်မြို့နယ်၊ ကျောက်ကြီးမြို့နယ်နှင့် ရွှေကျင်မြို့နယ် (၃)မြို့နယ်အား (၁၅.၃.၂၀၁၉)ရက်စွဲပါ ရုံးအမိန့်အမှတ်၊ ၃၈/၂၀၁၉ဖြင့် "မြို့နယ် ဓါတ်သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ကွက် စိစစ်ချထားပေးရေးနှင့် ကြီးကြပ်မှုကော်မတီ"ကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါသည်။ ထိုကော်မတီတွင် လွှတ်တော်၏ ခွင့်ပြုချက်အရ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များလည်း ပါဝင်ဖွဲ့စည်းထားပါသည်။

ကျောက်ကြီးမြို့နယ်နှင့် မုန်းမြို့ကြား တောင်ခြေဒေသများတွင် စက်ယန္တရားကြီးများဖြင့် တရားမဝင်ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည်ကို သိရှိပါက တရားဝင်ဓါတ်သတ္တုလုပ်ကွက်လျှောက်ထားစေရေးကို ကော်မတီများမှ အသိပေးအကြောင်းကြားရမည်ဖြစ်ပြီး တရားမဝင်ဆက်လက်ဆောင်ရွက်နေပါက မြန်မာ့သတ္တုတွင်းဥပဒေအရ အမှုဖွင့်အရေးယူ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]။** ။ ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကြို့ပင်ကောက်မြို့ပေါ် (၁၀)ရပ်ကွက်တွင်ရှိသော ပြည်သူ(၂၂၉၅၄)ဦးအတွက် JICA ချေးငွေမယူဘဲ ရိုးရိုးဆည်ရေသန့်ကို သောက်သုံးရေရရှိရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေမှ ထောက်ပံ့ကူညီပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့ ရေပေးရေလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ သဘောတူခွင့်ပြုချက်အရ JICA ODA Loan ချေးငွေဖြင့် ဆောင်ရွက်ရန် စီစဉ်ခဲ့ပါသည်။

ကြို့ပင်ကောက်မြို့ ရေပေးရေးလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် JICA မှ ဒီဇိုင်းတင်ဒါ ခေါ်ယူဆောင်ရွက်ခဲ့ပြီး ဒီဇိုင်းတင်ဒါအောင် WEG Co;Ltd မှ JICA Consultant လမ်းညွှန်မှုဖြင့် Preliminary Design, Detail Design တို့အား ရေးဆွဲတင်ပြခဲ့ပါသည်။ JICA Consultant အတည်ပြုထားသော Detail Designအရ ကြို့ပင်ကောက်မြို့ရေပေးရေးလုပ်ငန်း ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သန်း(၈၂၀၀) ခန့် ဖြစ်ပါသည်။ အဆိုပါ စီမံကိန်းခန့်မှန်းကုန်ကျ ငွေကျပ် (၈၂၀၀)သန်းအား JICA သို့ နှစ်(၃၀)စာ အတိုးနှင့်အရင်း ပြန်လည်ပေးဆပ်ရာတွင် (၁)နှစ်လျှင် ကျပ်(၂၇၅)သန်းခန့် ပြန်လည်ပေးဆပ်ရမည် ဖြစ်ပြီး ရေဖိုးရေခအဖြစ် (၁)ယူနစ်လျှင် (၈၄၄)ကျပ်ခန့် ကျသင့်ကောက်ခံရမည်ဖြစ်သည့်အတွက် စီမံကိန်း ကုန်ကျစရိတ်များပြားလွန်းသဖြင့် မြို့နေလူထုအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်သောကြောင့် ဆောင်ရွက်ရန် မသင့်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များနှင့် စည်ပင်သာယာရေးကော်မတီတို့မှ သဘောတူဆုံးဖြတ်ခဲ့ ပါသည်။

ကြို့ပင်ကောက်မြို့ပေါ် (၁၀)ရပ်ကွက် ရေလုံလောက်စွာရရှိစေရန် ကျောင်းကုန်းကျေးရွာအနီး ဘော်ဘင်ဆည်မြောင်း လက်တံ(RDY-3) မှ ရေသွယ်ယူ၍ မြေသားရေကန်(၃)ကန် တူးဖော်၍ မိုးရေ၊ ဆည်ရေသိုလှောင်ပြီး ရေဖြန့်ဝေခြင်းလုပ်ငန်း၊ ဘုကြီးကျေးရွာရှိ အဖွဲ့ပိုင်မြို့ရေပေးရေး ရေစက်ရုံအတွင်း တွင် ၁၀'' Ø စက်ရေတွင်း ထပ်မံတူးဖော်၍ ရေပေးဝေခြင်းတို့ဖြင့် တိုးချဲ့မြို့ရေပေးရေးလုပ်ငန်းကို ဆောင်ရွက်ရန် စီစဉ်ထားပါသည်။ အဆိုပါလုပ်ငန်းများအတွက် စုစုပေါင်းခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သိန်း (၅၅၀၀)ခန့် ဖြစ်ပါသည်။

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေမှာ ကျပ်သိန်း(၄၀၀၀)ခန့် ဖြစ်ပါသဖြင့် မြို့တိုးချဲ့ရေပေးရေးလုပ်ငန်းအတွက် ကုန်ကျစရိတ်ကို အဖွဲ့ဝင်ငွေဖြင့် ဆောင်ရွက်ရန် လုံလောက်မှု မရှိပါ။ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်တွင်လည်း ထည့်သွင်းလျာထားခဲ့ခြင်း မရှိခဲ့ကြောင့် ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ်မှစတင်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့်လည်းကောင်း နှစ်အလိုက်တောင်းခံရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး တရား လွှတ်တော် တရားသူကြီးချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်အေး [တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်]။** ။ (ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၂၄.၇.၂၀၂၀)ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(တတိယနေ့) ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို (၁၂:၂၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)ကို၂၀၂၀ပြည့်နှစ် ဇူလိုင်လ(၂၃)ရက် (ကြာသပတေးနေ့) နံနက်(၁၀:၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်းကြေညာပါတယ်။

**[ဩဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# တတိယနေ့ မှတ်တမ်း
# ၁၃၈၂ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်
# [၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက်]
# (ကြာသပတေးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀:၀၀နာရီ အချိန်၌ စတင် ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၅.၅၃ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်း နှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွား ပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါ တယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး တတိယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ် များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ ကဝမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ [ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန]၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းဦး [ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]၊ အုတ်ဖိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ညွန့်ညွန့်ငွေ [ဝန်ကြီး၊ လူမှုရေး

ဝန်ကြီးဌာန]၊ ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ပွယ်စေး [ဝန်ကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန]၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲဝင်းထွန်းနှင့် ဗိုလ်မှူးအောင်ကျော်မိုးတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၂၃-၇-၂၀၂၀) ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ၎င်းတို့(၁၁)ဦး၏ ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၁၁ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြု ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော်ကိုယ်စားလှယ် (၂)ဦးကမေးမြန်းသည့် မေးခွန်း(၃)ခုသည် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပေါင်းတည်မြို့နယ် တရားရုံးမြေနေရာနှင့် တရားရုံးအသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပေါင်းတည်မြို့နယ် တရားရုံးမြေနေရာနှင့် တရားရုံးအသစ်ဆောက်လုပ်ရန် အစီအစဉ်ရှိ/မရှိသိရှိလို၍ မေးခွန်းမေးမြန်းခြင်းဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ ပေါင်းတည်မြို့နယ်တရားရုံးသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင်မြေပေါ်၌ ဆောက်လုပ်ထားပါသည်။ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးမဏ္ဍိုင်များသည် တစ်ခုနှင့်တစ်ခု အမှီအခိုကင်းရန် လိုအပ်ပါသည်။ ထို့ကြောင့် ပေါင်းတည်မြို့နယ် တရားရုံးအဆောက်အဦအသစ် တည်ဆောက်ပေးနိုင်ရန် တရားရုံးပိုင်မြေ လိုအပ်သကဲ့သို့ ထိုမြေပေါ်တွင် တရားရုံးသစ်တစ်ရုံး ဆောက်လုပ်ပေးရန် လိုအပ်နေပါသည်။ ထို့ကြောင့် တရားရုံးမြေနေရာရရှိရန်နှင့် တရားရုံးသစ်တစ်ရုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးရဲလင်းနိုင်မေးမြန်းသည့် မေးခွန်းအား တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်အေး[တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်]**။ ။ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင် မေးမြန်းသည့် **“ပေါင်းတည်မြို့နယ် တရားရုံးမြေနေရာနှင့် တရားရုံးအသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပေါင်းတည်မြို့နယ်တရားရုံးသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် အဆောက်အဦတွင် တစ်လလျှင် (၅၀၀၀၀)ကျပ်ဖြင့် ငှားရမ်း၍ တရားရုံးဖွင့်လှစ်အသုံးပြုနေရသောရုံး ဖြစ်သည်မှာ မှန်ကန်ပါသည်။

တရားရုံးမြေနေရာရရှိရေးနှင့်ပက်သက်၍ ၂၅.၄.၂၀၁၉ ရက်နေ့တွင် ပေါင်းတည်မြို့၊ မင်းကွက် (၁)ရပ်ကွက်၊ ဘိုးဘွားရိပ်သာစိန်ရတုခန်းမ၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာများ ပြည်သူများနှင့်တွေ့ဆုံပွဲတွင် ကိုယ်ပိုင်မြေနေရာမရှိသော ဌာနဆိုင်ရာများမှ ဌာနပိုင်မြေနေရာရရှိရေး အတွက် တင်ပြခဲ့ရာ ယင်းကိစ္စနှင့်ပက်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဆောင်ရွက်ထားရှိမှုအခြေအနေတင်ပြရန် ညွှန်ကြားခဲ့ကြောင်း၊ ဝန်ကြီးချုပ်၏ ညွှန်ကြားချက်အရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၅.၆.၂၀၁၉ ရက်စွဲပါ စာအမှတ် ၃/၆-၁/ဦး၆ ဖြင့် ပေါင်းတည်မြို့၊ အမှတ်(၉၃)သစ်စက်မြေ ဧရိယာ (၃၀.၀၁)ဧကအနက်မှ (၅.၀၀)ဧကအား ကိုယ်ပိုင်မြေမရှိသည့်ဌာနဆိုင်ရာများ၊ အသစ်ဖွင့်လှစ်မည့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်း အိမ်ရာများ ဆောက်လုပ်ရန်အတွက် လျာထားထားရှိမှုအား ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြထားသည်ဟု သိရကြောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၂.၁၀.၂၀၁၉ ရက်စွဲပါ စာအမှတ် ၃/၁၆-၁/ဦး၆ ဖြင့် ကိုယ်ပိုင်မြေမရှိသည့် ဌာနဆိုင်ရာများနှင့် ပက်သက်၍ အဆိုပါမြေ (၅.၀၀)ဧကအတွင်း ရုံးဆောက်လုပ်ရန် မြေနေရာလျာထား-ထားရှိမှုအပေါ် ကိုယ်ပိုင်မြေနေရာရယူ လိုခြင်းရှိ/မရှိ သဘောထားမှတ်ချက်ပြန်လည်တင်ပြရန် အကြောင်းကြားလာသဖြင့် အဆိုပါမြေနေရာတွင် ပေါင်းတည်မြို့နယ်တရားရုံးနှင့် တရားရုံးအချုပ်ခန်း အဆောက်အဦ တည်ဆောက်ရန် မြေ(၁.၀၀)ဧက နှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် သင့်တင်သောမြေဧကတို့ကို ခွဲဝေချထားပေးရန် မြို့နယ်တရားရုံး၏ ၂၃.၁၀.၂၀၁၉ရက်စွဲပါစာအမှတ် ၉၂၀/အဆောက်အဦ/၂၀၁၉ဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနသို့ တင်ပြတောင်းခံခဲ့သော်လည်း ခွဲဝေချထားပေးခြင်းမရှိသေးကြောင်း ပေါင်းတည်မြို့နယ် တရားရုံး၏ ၁၀.၇.၂၀၂၀ရက်စွဲပါစာအမှတ် ၆၉၈/ အဆောက်အဦ/ ၂၀၂၀ဖြင့် တင်ပြချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ ပေါင်းတည်မြို့နယ်တရားရုံးဆောက်လုပ်ရန်အတွက် မြေနေရာရရှိခြင်း မရှိသေးသဖြင့် လောလောဆယ်တွင် ပေါင်းတည်မြို့နယ်တရားရုံး အဆောက်အဦအသစ် ဆောက်လုပ်ရန် အစီအစဉ် မရှိသေးပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ် မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ တရားလွှတ်တော် တရားသူကြီးချုပ်က ကျွန်တော်မေးမြန်းထားတဲ့ အခမ်းအနားအစီအစဉ် ၅(က)မှာပါတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားချက် ပေါ်မှာ ဆက်စပ်မေးခွန်းအနေနဲ့ အဖြေထဲမှာတော့ မြို့နယ်ရုံးကနေပြီးတော့ တိုက်ရိုက်ဆောင်ရွက် နေတာ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာမြို့နယ်တရားရုံးရဲ့ အခြေခံအချက်အလက်များနှင့်

အတူ တရားလွှတ်တော် တရားသူကြီးချုပ်မှတိုက်ရိုက် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အမြန်ဆုံးတင်ပြပေးရန် အစီအစဉ်ရှိ/မရှိ၊ တရားရုံးမြေနေရာနဲ့ တရားရုံးအဆောက်အဦ ရရှိရေးအတွက် အမြန်ဆုံးတင်ပြပေးရန် အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးရဲလင်းနိုင်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်အေး[တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်]**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆက်စပ်မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ပေါင်းတည်မြို့နယ် တရားရုံးကနေပြီးတော့ သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေ မြေနေရာ ရယူလိုခြင်းရှိ/မရှိ မေးမြန်းချက်အပေါ် ရယူလိုတဲ့မြေတစ်ကွက်နဲ့ ဝန်ထမ်းအိမ်ရာဆောက်လုပ်ဖို့ တရားရုံးအဆောက်အဦရယ် အချုပ်ခန်းရယ် ဆောက်လုပ်ဖို့ မြေ(၁)ကွက်နှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ဖို့ မြေတစ်ကွက် ခွဲဝေချထားပေးဖို့ တောင်းခံထားခဲ့ရာမှာ လက်ရှိအခြေအနေမှာ မရသေးဘူးဆိုတာ သိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့လည်း မြို့နယ်အောက်ခြေအဆင့်မှာ တောင်းထားတဲ့ အခြေအနေပေါ်ကို အခြေခံပြီးတော့မှ ဆက်လက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ မြို့နယ်မှာရှိတဲ့ အဖြေပေါ် မူတည်ပြီးတော့ ဆက်လက်ဆက်သွယ်တောင်းခံသွားမည်ဖြစ်ကြောင်း ဆက်စပ်မေးခွန်းအား ဖြေကြားအပ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ တရားသူကြီးချုပ်ကို ကျွန်တော်က ဆက်စပ်မေးခွန်းအနေနဲ့ မေးတာက တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တိုက်ရိုက်တင်ပြပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းတာပါ။ ခုနက ဖြေသွားတာက မြို့နယ်ကို အခြေခံပြီးတော့ တင်ပြသွားမယ်ဆိုတာက ကျွန်တော်တို့ တရားသူကြီးချုပ်အနေနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ကိုယ်တိုင်တိုက်ရိုက်တင်ပြမယ်ဆိုရင် ပိုပြီးတော့ မြန်ဆန်ပြီး လုပ်ထုံးလုပ်နည်းတွေ အမြန်ဆုံးသွက်လက်ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းတည်မြို့နယ် တရားရုံးမြေနေရာ အမြန်ဆုံး ရရှိနိုင်ဖို့ အခွင့်အလမ်းရှိပါတယ်။ ဒါကြောင့်မို့လို့ တိုက်ရိုက်တင်ပြပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ တရားသူကြီးချုပ်အနေနဲ့ တိုက်ရိုက်တင်ပြပေးရန် အစီအစဉ်ရှိ/မရှိလေး ဖြေကြားပေးစေလိုပါတယ်။

**ဦးမောင်မောင်အေး[တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်]**။ ။ ဟုတ်ကဲ့ပါ ခင်ဗျာ။ ကျွန်တော်ပြောတာက ပေါင်းတည်မြို့နယ်မှာ လျှောက်ထားတာရှိတော့ အဲဒါလေးကို အခြေခံပြီး အစိုးရအဖွဲ့ကို တင်ပြပြီး လျှောက်ထားသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပဲခူးတိုင်းဒေသကြီးအတွင်း အဆင့်ဆင့်သော တရားရုံးများတွင် (၁.၉.၂၀၁၈)မှ (၂၀၂၀) (၆)လပိုင်းအထိ မည်သည့်အမှုအမှတ်၊ မည်သူအား မည်မျှသက်သေစရိတ် ထုတ်ပေးခဲ့ကြောင်း အသေးစိတ်စာရင်းပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"ပြည်မြို့နယ် တရားရုံးအသစ် အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း(၂)ခုတို့ကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီးအတွင်း အဆင့်ဆင့်သောတရားရုံးများတွင် (၁.၉.၂၀၁၈)မှ(၂၀၂၀)(၆)လပိုင်းအထိ မည်သည့်အမှုအမှတ်၊ မည်သူအား မည်မျှသက်သေစရိတ်ထုတ်ပေးခဲ့ကြောင်း အသေးစိတ်စာရင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ယခင်(၁)ကြိမ် (၂၀၁၇-၂၀၁၈)ခုနှစ်နှင့် (၂၀၁၈) mini ဘဏ္ဍာရေးနှစ် မည်သည့်ရုံး၊ မည်သည့်အမှုအမှတ်၊ မည်သူအား မည်မျှ သက်သေစရိတ်ငွေ ထုတ်ပေးကြောင်း အသေးစိတ်စာရင်းတောင်းခဲ့ရာ (၁-၄-၂၀၁၇)မှ (၃၁-၃-၂၀၁၈)ထိ သက်သေဦးရေနှင့် သက်သေစရိတ်၊ (၁-၄-၂၀၁၈)မှ (၃၁-၈-၂၀၁၈)ထိ သက်သေဦးရေနှင့် သက်သေစရိတ်တို့၏ အသေးစိတ်စာရင်းများ ပေးပို့ခဲ့ပါသည်။ ထိုစာရင်းများကို ပန်းတောင်းမြို့နယ်၌စိစစ်ရာ သက်သေများထံသက်သေစရိတ်ပေးခြင်း မရှိဘဲ ထုတ်ပေးထားကြောင်း တွေ့ရှိရသဖြင့် ကာယကံရှင်များမှ တိုင်ကြားရာ နိုင်ငံ့ဝန်ထမ်းဥပဒေအရ လစာလျှော့ချသည့်ပြစ်ဒဏ်ကို ချမှတ်ခဲ့ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ တရားစီရင်ရေးမဏ္ဍိုင်အား ထိန်းကြောင်းနိုင်ရန် ပဲခူးတိုင်းဒေသကြီးအတွင်း အဆင့်ဆင့်သော တရားရုံးများတွင် (၁.၉.၂၀၁၈)မှ (၂၀၂၀) (၆)လပိုင်းအထိ မည်သည့်အမှုအမှတ်၊ မည်သူအား မည်မျှသက်သေစရိတ်ထုတ်ပေးခဲ့ကြောင်း အသေးစိတ်စာရင်းပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပြည်မြို့နယ်တရားရုံးအသစ် အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ပြည်မြို့နယ်တရားရုံးသည် လွတ်လပ်ရေးမရမီကတည်းကပင် ဆောက်လုပ်ခဲ့သော တရားရုံးဖြစ်ပြီး ခန့်မှန်းခြေ အလျား(၁၀၀') အနံ(၄၀') အမြင့် (၂၀') အနက်အုတ်၊ သွပ် (၁)ထပ် (၁၀)ခန်းရှိပါသည်။ တရားခွင်(၅)ခုအတွက် ရုံးခန်း(၅)ခန်းနှင့် ဘိလစ် အခန်း (၁)ခန်းအတွက် (၁)ခန်းချင်း အကျယ်အဝန်းမှာ အလျား(၁၀') အနံ (၃၀')ခန့်ရှိပါသည်။ ကျန်(၄)ခန်းဖြစ်သော ရှေ့နေနားနေခန်း၊ စီမံရုံးခန်း၊ မြို့နယ်တရားသူကြီးနားနေခန်းနှင့် ရုံးအုပ်ရုံးခန်းတို့မှာ အလျား (၁၀)ပေ၊ အနံ (၁၅)ပေခန့်ရှိပါသည်။ အခန်းများသည်ကျဉ်းပြီး လေဝင်လေထွက်ဆိုးဝါးမှုမှာ ယခု Covid -19

ကာလတွင် အလွန်အခက်အခဲများနှင့် ကြုံတွေ့ရပါသည်။ ပြည်မြို့နယ်၏ အမှုဖြစ်ပွားမှုများမှာ (၂၀၁၇) ခုနှစ်တွင် ရာဇဝတ်မှု(၅၅၀၀)ကျော်၊ တရားမမှု(၂၃၀)ကျော်၊ စုစုပေါင်း (၅၈၀၀)ကျော်ခန့်၊ (၂၀၁၈) ခုနှစ်တွင် ရာဇဝတ်မှု(၄၀၀၀)ကျော်၊ တရားမမှု(၂၆၀)ကျော်၊ စုစုပေါင်း (၄၂၀၀)ကျော်ခန့်၊ (၂၀၁၉) ခုနှစ်တွင် ရာဇဝတ်မှု(၅၆၀၀)ကျော်၊ တရားမမှု(၂၈၀)ကျော်၊ စုစုပေါင်း (၅၉၀၀)ကျော်ခန့်ဖြစ်ပြီး တစ်နေ့တစ်နေ့ အမှုများစွာ၊ ဖြစ်စဉ်များစွာ၊ ရာဇဝတ်၊ တရားမများကို အခန်းကျဉ်းထဲတွင် နှစ်ဖက်ရှေ့နေ၊ အမှုသည်၊ တရားသူကြီးတို့မှာ အပူဒဏ်၊ လေဝင်လေထွက်မကောင်းမှုများကိုခံစားလျက် နေ့စဉ်ဖြတ်သန်းနေရပါသည်။

သို့ဖြစ်ပါ၍ မြို့အင်္ဂါရပ်နှင့်အညီ ပြည်မြို့နယ်တရားရုံးအသစ် အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်အေး[တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်]**။ ။ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့် **“ပဲခူးတိုင်းဒေသကြီးအတွင်း အဆင့်ဆင့်သော တရားရုံးများတွင် (၁.၉.၂၀၁၈)မှ (၂၀၂၀) (၆)လပိုင်းအထိ မည်သည့်အမှုအမှတ်၊ မည်သူ့အား မည်မျှသက်သေစရိတ် ထုတ်ပေးခဲ့ကြောင်း အသေးစိတ်စာရင်းပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်း အဆင့်ဆင့်သောတရားရုံးများသည် ရာဇဝတ်မှုများတွင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူ့ဝန်ထမ်းများမှအပ တရားရုံးသို့ သက်သေအဖြစ် လာရောက်အစစ်ခံသော သက်သေများကို တစ်ဦးလျှင် တစ်နေ့အတွက် စားစရိတ် ၄၈၀၀/- ကျပ်နှင့် တရားရုံးသို့ လာရောက်သက်သေခံရာတွင် အမှန်ကုန်ကျသည့် ခရီးစရိတ်တို့ကို သက်သေစရိတ်အဖြစ် တွက်ချက်ထုတ်ပေးလျက်ရှိပါသည်။

ကိုယ်စားလှယ်ကြီး တောင်းခံသည့် ၁.၉.၂၀၁၈မှ ၃၀.၆.၂၀၂၀ထိ စစ်ဆေးခဲ့သည့် သက်သေဦးရေနှင့် သက်သေစရိတ်ထုတ်ပေးမှုအခြေအနေကို ပူးတွဲနောက်ဆက်တွဲဇယား(၁)(၂)တို့ဖြင့် ဖော်ပြထားပါကြောင်း ဖြေကြားအပ်ပါသည်။

လူတစ်ဦးချင်းအမည်နှင့် မည်သူ့အား သက်သေစရိတ်ထုတ်ပေးခဲ့ကြောင်း အသေးစိတ်စာရင်းကို ကျွန်တော်မြို့နယ်သက်ဆိုင်ရာတရားရုံးများသို့ တောင်းခံထားဆဲဖြစ်ပြီး အရေအတွက်များတဲ့အတွက် ဆက်လက်ပြီး ရုံးအဖွဲ့မှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်ကြီးထံ ပေးပို့သွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

နောက်ဆက်တွဲဇယား(၁)

## ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တရားရုံးများမှ စစ်ဆေးခဲ့သော သက်သေဦးရေနှင့် သက်သေစရိတ် ထုတ်ပေးမှုအခြေအနေ (၁.၉.၂၀၁၈)မှ (၃၀.၆.၂၀၂၀)အထိ

| စဉ် | လအမည် | စစ်ဆေးသည့် သက်သေဦးရေ | ထုတ်ပေးသည့်ငွေ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၉/၂၀၁၈ | ၇၅၇၀ | ၄၁၃၆၈၀၀ | |
| ၂ | ၁၀/၂၀၁၈ | ၄၆၈၁ | ၃၀၇၄၆၀၀ | |
| ၃ | ၁၁/၂၀၁၈ | ၄၅၈၈ | ၃၂၅၇၆၀၀ | |
| ၄ | ၁၂/၂၀၁၈ | ၅၃၉၆ | ၄၃၈၁၃၆၀ | |
| ၅ | ၁/၂၀၁၉ | ၅၁၀၁ | ၄၃၄၉၉၀၀ | |
| ၆ | ၂/၂၀၁၉ | ၄၁၁၆ | ၃၄၄၃၈၀၀ | |
| ၇ | ၃/၂၀၁၉ | ၅၀၂၆ | ၃၈၄၉၅၀၀ | |
| ၈ | ၄/၂၀၁၉ | ၄၄၄၂ | ၂၉၄၈၃၀၀ | |
| ၉ | ၅/၂၀၁၉ | ၆၂၃၉ | ၃၂၀၃၆၂၀ | |
| ၁၀ | ၆/၂၀၁၉ | ၅၁၂၅ | ၃၀၈၀၈၆၀ | |
| ၁၁ | ၇/၂၀၁၉ | ၅၉၁၂ | ၃၉၉၅၀၆၀ | |
| ၁၂ | ၈/၂၀၁၉ | ၆၂၉၀ | ၄၅၁၃၈၀၀ | |
| ၁၃ | ၉/၂၀၁၉ | ၆၀၉၂ | ၅၇၀၂၆၅၀ | |
| ၁၄ | ၁၀/၂၀၁၉ | ၄၅၈၁ | ၂၉၉၄၃၀၀ | |
| ၁၅ | ၁၁/၂၀၁၉ | ၅၀၁၀ | ၃၆၅၇၉၀၀ | |
| ၁၆ | ၁၂/၂၀၁၉ | ၅၃၄၁ | ၄၀၁၇၄၀၀ | |
| ၁၇ | ၁/၂၀၂၀ | ၅၃၃၁ | ၃၉၈၉၆၀၀ | |
| ၁၈ | ၂/၂၀၂၀ | ၄၈၂၂ | ၄၉၀၃၅၆၀ | |
| ၁၉ | ၃/၂၀၂၀ | ၃၇၄၅ | ၂၉၆၀၁၄၀ | |
| ၂၀ | ၄/၂၀၂၀ | ၈၈၀ | ၅၃၂၄၀၀ | |
| ၂၁ | ၅/၂၀၂၀ | ၃၄၆၅ | ၂၄၁၃၈၀၀ | |
| ၂၂ | ၆/၂၀၂၀ | ၅၇၁၂ | ၄၄၅၀၆၀၀ | |
| **စုစုပေါင်း** | | **၁၀၉၄၆၅** | **၇၉၈၅၇၅၅၀** | |

**နောက်ဆက်တွဲဇယား(၂)**

**ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တရားရုံးများမှ စစ်ဆေးခဲ့သော သက်သေဦးရေနှင့် သက်သေစရိတ် ထုတ်ပေးမှုအခြေအနေ(၁.၉.၂၀၁၈)မှ (၃၀.၆.၂၀၂၀) အထိ**

| စဉ် | တရားရုံးအမည် | စစ်ဆေးသည့် သက်သေဦးရေ | စရိတ်ထုတ် ပေးသည့် သက်သေဦးရေ | စရိတ်မထုတ် ပေးသည့် သက်သေဦးရေ | ထုတ်ပေး သည့်ငွေ | မှတ် ချက် |
|---|---|---|---|---|---|---|
| ၁ | ပဲခူးခရိုင်နှင့်မြို့နယ် တရားရုံးများ | ၄၄၁၃၃ | ၄၃၅၇ | ၃၉၇၇၆ | ၂၃၀၁၂၅၅၀ | |
| ၂ | တောင်ငူခရိုင်နှင့် မြို့နယ်တရားရုံးများ | ၂၄၆၂၄ | ၃၄၂၂ | ၂၁၂၀၂ | ၁၇၇၇၄၆၀၀ | |
| ၃ | ပြည်ခရိုင်နှင့် မြို့နယ်တရားရုံးများ | ၁၇၆၈၀ | ၂၂၆၁ | ၁၅၄၂၀ | ၁၂၁၀၈၁၀၀ | |
| ၄ | သာယာဝတီခရိုင်နှင့် မြို့နယ်တရားရုံးများ | ၂၃၀၂၈ | ၄၉၀၃ | ၁၈၁၂၅ | ၂၆၉၆၂၃၀၀ | |
| **စုစုပေါင်း** | | ၁၀၉၄၆၅ | ၁၄၉၄၃ | ၉၄၅၂၃ | ၇၉၈၅၇၅၅၀ | |

**ဦးမောင်မောင်အေး[တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်]။** ။ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့် **"ပြည်မြို့နယ် တရားရုံးအသစ် အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပြည်မြို့နယ်၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ဦးပိုင်အမှတ်-၄၃၊ ဧရိယာ ၁.၀၉၁ ဧက အကျယ်အဝန်းရှိမြေပေါ်၌ ပြည်ခရိုင်တရားရုံးနှင့် ပြည်မြို့နယ်တရားရုံးတို့ကို ဆောက်လုပ်ထားရှိပြီး မြေလွှဲမိန့်ရရှိရေးအတွက် သမ္မတရုံး၏ခွင့်ပြုမိန့်ရရှိရန် တင်ပြဆောင်ရွက်ထားဆဲဖြစ်ပါသည်။

ပြည်မြို့နယ်တရားရုံးသည် "က"အဆင့် မြို့နယ်တရားရုံးဖြစ်၍ "က"အဆင့် တရားရုံး၏ဖွဲ့စည်းပုံ၊ အင်္ဂါရပ်များနှင့်အညီ ဆောက်လုပ်ရမည်ဖြစ်၍ လက်ရှိပြည်ခရိုင်တရားရုံးတည်ရှိရာ မြေနေရာဝန်းအတွင်း၌ ဆောက်လုပ်ရန်မှာ မြေနေရာလုံလောက်မှုမရှိကြောင်း တိုင်းတာတွက်ချက်မှုအရ တွေ့ရှိရပါသည်။

သို့ပါ၍ ပြည်မြို့နယ်တရားရုံးအသစ်ဆောက်လုပ်နိုင်ရေးအတွက် သင့်လျော်သည့် မြေနေရာ ခွဲဝေချထားပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြတောင်းခံပြီး မြေနေရာရရှိပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေတောင်းခံ၍ ဆောက်လုပ်သွားမည် ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးရှင်။ ပထမမေးခွန်းနှင့် ပတ်သက်ပြီးတော့ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ တရားသူကြီးချုပ်အနေနဲ့ ကျွန်မကို စာနဲ့ရေးသားပြီး ဖြေထားတဲ့အထဲမှာ နှုတ်နဲ့ဖြေထားတဲ့အဖြေတွေမပါတာ တွေ့ရှိရပါတယ်။ အဲဒါတွေက မြို့နယ်တွေကို တောင်းခံထားတာဖြစ်တဲ့အတွက် မြို့နယ်တွေကရောက်ရှိလာတဲ့အချိန်မှာ ပေးပို့သွားမယ် ဆိုပြီးတော့ အသေးစိတ်စာရင်းကို ဖြေကြားထားတာရှိပါတယ်။ အဲ့ဒီအခါမှာ တရားသူကြီးချုပ်အနေနဲ့ မြို့နယ်တွေ ခရိုင်တွေကို အသေးစိတ်စာရင်းတွေကို ဘယ်နေ့နောက်ဆုံးထားပြီးတော့ တိုင်းအဆင့် တရားလွှတ်တော်ကိုပေးပို့ရန် အကြောင်းကြားထားပြီးတော့ နောက်ဆုံးသတ်မှတ်ထားတဲ့ရက်ကနေပြီးတော့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကို ဘယ်ရက်လောက်အတွင်းမှာ အသေးစိတ်စာရင်းတွေကို ပေးပို့နိုင်ဖို့နဲ့ ပတ်သက်ပြီးတော့ တိတိကျကျလေးဖြေကြားပေးဖို့အတွက် ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းအား တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်အေး[တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်]။** ။ ခရိုင်တို့ မြို့နယ်တို့ တရားရုံးကို ဖုန်းဆက်ပြီးတော့ တောင်းထားပါတယ်။ တစ်ချို့လည်း သက်သေမှတ်ပုံတင်စာအုပ်ကို မိတ္တူ လုပ်ပြီးတော့ ပေးရတဲ့အတွက်ကြောင့် ဆောလျင်စွာပဲ ရရှိရင် ပို့ပါမယ်။ ဆရာမပြောတဲ့အတိုင်းဆို (၁၀)ရက် အတွင်း ရောက်အောင်ပို့ပေးပါမယ်ဆိုတဲ့အကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီး တရားလွှတ်တော်အနေနဲ့ ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အဆင့် ဆင့်သော တရားရုံးများမှ (၁.၉.၂၀၁၈)မှ (၃၀.၆.၂၀၂၀)ထိ အမှုအမှတ်၊ သက်သေအမည်၊ သက်သေ စရိတ် အသေးစိတ်စာရင်းကို (၁၀)ရက်အတွင်း ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်မှတစ်ဆင့် ပေးပို့ ပေးရန် အသိပေးအပ်ပါတယ်။

**ဦးမောင်မောင်အေး[တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်]။** ။ (ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့်ဆက်စပ်မေးခွန်းအပေါ် စာဖြင့်ဖြေကြားသည့် ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်(၂၈)မြို့နယ် အတွက် ရာဇဝတ်မှတ်ပုံတင်(၃)စာအုပ်မိတ္တူ(၁)စုံစီကို သက်ဆိုင်ရာကိုယ်စားလှယ်ထံ ပေးပို့ထားပြီး ဖြစ်ပါသည်။)

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကော်မတီအစီရင်ခံစာကို ရေးရာကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအစီရင်ခံစာကို ရေးရာကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်သို့ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီမှ (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ (၁ /၂၀၂၀)

**နိဒါန်း**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သယံဇာတ၊ သစ်တောနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီသည် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းမည့် အစီရင်ခံစာအားရေးသားခြင်းဖြစ်ပါသည်။

**ရည်ရွယ်ချက်**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သယံဇာတ၊ သစ်တောနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီသည် မိမိတို့ကော်မတီဝတ္တရားရှိသည့်အတိုင်း သစ်တော၊ သဘာဝ ပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေးအတွက် သစ်ထုတ်လုပ်ခြင်း၊ ဓာတ်သတ္တု တူးဖော်ခြင်း၊ မြစ်/ သဲ/ ကျောက်ထုတ်လုပ်ခြင်း၊ မြေနီထုတ်လုပ်ခြင်း၊ အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်ခြင်း စသော လုပ်ငန်းကဏ္ဍပေါင်းစုံမှ နိုင်ငံတော်အတွက်ရရှိမည့် အခွန်အခများကို ရသင့်သလောက်ရရှိရန် ဆိုသည်ထက် အမှန်တကယ်တွင် အနာဂါတ်တိုင်းပြည်၏ ရေ၊ မြေ၊ သဘာဝတော/တောင်၊ မြစ်ချောင်း၊ အင်း/ အိုင်၊ ပင်လယ်ကမ်းရိုးတန်းအစရှိသည့် ရူပပထဝီအနေအထားနှင့် အနာဂါတ်နိုင်ငံသူ/ နိုင်ငံသား၊ လူသားများအားလုံးအတွက် ကောင်းမွန်သောပတ်ဝန်းကျင်တစ်ခုကို နောင်လာနောင်သားများအတွက် အမွေအဖြစ် ထားခဲ့နိုင်ရေးရည်ရွယ်ပါသည်။

**ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးနှင့် ယခုကျင်းပနေသော (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအချိန်ထိ အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ ပါသည်-

- (၂၉.၁.၂၀၂၀) ရက်နေ့မှ (၃၀.၁.၂၀၂၀) ရက်နေ့အထိ ရေနံနှင့်ရေနံထွက်ပစ္စည်း ဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၏ (၅.၉.၂၀၁၉) ရက်စွဲပါ စာအမှတ်၊ MOEE -၁/၂၀၁၉(ကြီးကြပ်-၂) (၁၈၁၈၁)/၂၀၁၉နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ အမိန့်အမှတ်၊ ၅၂၁ / ၂၀၁၉ အရ ကျေးရွာသုံး စက်သုံးဆီအရောင်းဆိုင်လိုင်စင်ဆိုင်ရာအမိန့်နှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာလုပ်ငန်းရှင်များ အမြန်ဆုံးသိရှိနိုင်ရေးအတွက် အစိုးရအဖွဲ့မှ ဆောလျင်စွာ ချပြ နိုင်ရေး အတွက်လည်းကောင်း၊ (၅.၂.၂၀၂၀) ရက်နေ့မှ (၇.၂.၂၀၂၀) ရက်နေ့အထိ ရက် များတွင် (၂၀၁၉/၂၀၂၀) ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ တောင်းခံလွှာများနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့၏ ငွေစာရင်းတောင်းခံလွှာများကို စိစစ်ခြင်းဖြင့် လည်းကောင်း၊ (၁၆.၃.၂၀၂၀) ရက်နေ့မှ (၁၇.၃.၂၀၂၀)ရက်နေ့အထိရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးဌာန တိုင်းဦးစီးမှူးနှင့်အဖွဲ့အား ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့၊ တပင် ရွှေထီးရပ်ကွက်နေ ဦးဇော်မြင့်ဦး၏ တိုင်ကြားစာနှင့်ပတ်သက်၍ ကြားနာခြင်းအား လည်းကောင်း၊ (၄.၅.၂၀၂၀) ရက်နေ့မှ (၁၉.၅.၂၀၂၀) ရက်နေ့အထိ ရက်များတွင် (၂၀၂၀-၂၀၂၁)ခုနှစ် ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းလျာထားချက်များမှ မိမိတို့ ကော်မတီတာဝန်ယူစိစစ်ရသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် သစ်တော ဦးစီးဌာနတို့၏ လျာထားငွေများကို စိစစ်ခဲ့ပါသည်။ ၎င်းနောက် (၁၉.၆.၂၀၂၀) ရက်နေ့မှ (၇.၇.၂၀၂၀) ရက်နေ့အထိရက်များတွင် ဒုတိယအကြိမ် ပဲခူးတိုင်းကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကြီးသို့ တင်သွင်းရန်အတွက် အစီရင်ခံစာအား ရေးသားခဲ့ပါသည်။

**အုတ်လုပ်ငန်း**

အုတ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်တော့မည်ဆိုလျှင် လုပ်ငန်းလုပ်ကိုင်မည့် လုပ်ငန်းရှင်တိုင်းသည် သတ်မှတ်ထားသော စည်းကမ်းချက် (၂၃)ချက်ကို ကောင်းမွန်စွာ သိရှိလေ့လာပြီးမှ တိကျစွာ လိုက်နာရန် လိုအပ်ပါသည်။ လိုက်နာရမည့် စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- အုတ်ထုတ်လုပ်ခွင့်လုပ်ငန်းလိုင်စင် လျှောက်ထားသူများသည် မိမိတို့အမှန်တကယ် ထုတ်လုပ်မည့်နေရာများကို သက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနတွင် တည်နေရာပြမြေပုံ (၁၀၅၊ ၁၀၆) လျှောက်ထားရယူပြီး နှစ်စဉ်အောက်တို ဘာလမှ စတင်လျှောက်ထားရန်၊
- လိုင်စင်လျှောက်ထားခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်နှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုနေ လုပ်ငန်းလိုင်စင်လျှောက်ထားသည့် တည်နေရာပါ အလားလေးရပ်ပိုင်ဆိုင်သူများ၏ သဘောထားထောက်ခံချက် ပြည့်စုံစွာပါရှိရန်၊

- ထုတ်လုပ်ခွင့်လိုင်စင်ရရှိသည့် ကွင်းအလိုက်လုပ်ကိုင်ရရှိသူအမည်၊ ကွင်းအမည်၊ ဦးပိုင်အမှတ်၊ ထုတ်လုပ်သည့်ဧရိယာ၊ ကျင်းအရေအတွက်၊ ခွင့်ပြုချက်ရှိသည့်နေ့ရက် စသည့်အချက်များပါဝင်သော ဗွီနိုင်းဆိုင်းဘုတ်များကို အများမြင်သာသောနေရာတွင် စိုက်ထူထားရှိရန်၊
- လယ်ယာမြေ၊ ရွာမြေများတွင် ဆောင်ရွက်ခြင်းမပြုရန်နှင့် လူနေအိမ်များနှင့် ပေ(၃၀၀) အကွာ၊ စည်ပင်သာယာနယ်နိမိတ်နှင့်(၁)မိုင်အကွာ၊ လမ်းမကြီးနှင့် ပေ(၆၀၀) အကွာ၊ မြေ(OA)တွင်သာ လုပ်ငန်းဆောင်ရွက်ရန်၊
- မိမိလုပ်ကိုင်ခွင့်ရရှိသည့် အုတ်လုပ်ငန်းများ၏ သတ်မှတ်အရေအတွက်အတိုင်းသာ ထုတ်လုပ်ရန်နှင့် မြန်မာ့စီးပွားရေးဘဏ်သို့ အခွန်အပြည့်အဝပေးသွင်းရန်၊
- တိုင်းဒေသကြီးသယံဇာတ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ အကြံပြုချက်များအတိုင်းဆောင်ရွက်ရန်၊
- လျှောက်ထားဆဲကာလအတွင်း မိမိလျှောက်ထားသည့်မြေကွက်အတွင်း ဝင်ရောက်၍မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ တဲထိုးခြင်း၊ စမ်းသပ်ထုတ်လုပ်ခြင်းများ လုံးဝမပြုလုပ်ရန်၊
- ခွင့်ပြုလုပ်ကွက်ဧရိယာပြင်ပသို့ ကျူးကျော်ထုတ်လုပ်ခြင်းမပြုလုပ်ရန်၊
- ကော်လိတ္တော်အရာရှိမှ လိုင်စင်ထုတ်ပေးပြီး လုပ်ငန်းလိုင်စင် လက်ဝယ်ရရှိမှသာ အုတ်ထုတ်လုပ်ခြင်းလုပ်ငန်းအား လုပ်ကိုင်ရန်နှင့် အခွန်ငွေပေးသွင်းခြင်းမပြုလုပ်မီ စမ်းသပ်ထုတ်လုပ်ခြင်းမပြုလုပ်ရန်၊
- အငြင်းပွားမှု၊ တိုင်ကြားမှုများရှိလာပါက စည်းကမ်းဖောက်ဖျက်သည့် လုပ်ငန်းရှင်အား သက်ဆိုင်ရာဌာနများ၏ ဥပဒေအရအရေးယူခြင်းခံရမည့်အပြင် လုပ်ငန်းရပ်စဲခံရမည်ဖြစ်ပြီး ပေးထားသော အခွန်ငွေကို ပြန်လည်ထုတ်ယူခွင့် မပြုကြောင်းသိရှိစေရန်၊
- သတ်မှတ်ထားသည့်ကာလအတွင်း ထုတ်လုပ်မည့် လိုင်စင်ပါ အရေအတွက်အတိုင်းထုတ်လုပ်ပြီး၊ လိုင်စင်ပါ အရေအတွက်ပြည့်သည့်နေ့တွင် လုပ်ငန်းလုပ်ကိုင်ခွင့် ရပ်ဆိုင်းမည်ကို သိရှိစေရန်၊
- အုတ်ထုတ်လုပ်ခွင့်လိုင်စင်ကို မူလခွင့်ပြုထားသူမှအပ အခြားသူတစ်ဦးသို့ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လဲလှယ်ခြင်းမပြုရန်၊
- လုပ်ငန်းဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ရန်၊ အုတ်ဖုတ်လုပ်ငန်းအတွက် အသုံးပြုသည့် ဖွဲ၊ ထင်းများနှင့် အခြားလောင်စာများအား မီးဘေးအန္တရာယ်မဖြစ်စေရေးအတွက် သေချာစွာထားသိုသိမ်းဆည်းရန်၊

- အုတ်ဖုတ်လုပ်ကိုင်ခြင်းကြောင့် အနီးဝန်းကျင်ရှိဒေသခံများ၏ ကျန်းမာရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်အပေါ်ထိခိုက်မှုလျော့နည်းစေရန်နှင့် အနည်းဆုံးဖြစ်စေရန်အတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ သဘောထားများ ရယူဆောင်ရွက်သွားရန်၊
- အုတ်များရောင်းချအသုံးပြုသော မော်တော်ကားလမ်း ဝဲယာရှိလူနေရပ်ကွက်များ၊ ကျေးရွာများနှင့် မြို့များရှိ ပြည်သူလူထုများအား အုတ်သယ်ကားလမ်းများ ဖြတ်သန်းမောင်းနှင်မှုများကြောင့် အသံဆူညံ၍ ညဘက်အိပ်မရခြင်း၊ လမ်းဖုန်ထ၍ အသက်ရှူကြပ်ခြင်း၊ လမ်းမျက်နှာပြင်ပျက်စီးခြင်းများကြောင့် ထိခိုက်နစ်နာမှု မဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ရန်၊
- လျှောက်ထားတင်ပြလာသည့် မြေတည်နေရာသည် လယ်မြေဖြစ်ပါက အခြားနည်း အသုံးပြုခွင့်ရရှိမှသာလျှင် အုတ်လုပ်ငန်းကို စတင်လုပ်ကိုင်ဆောင်ရွက်ရန်၊
- မြေနှင့်မြေထွက်ပစ္စည်းများက တူးဖော်ထုတ်လုပ်သည့်အခါ ဆုံးရှုံးမှုအနည်းဆုံး၊ အထိရောက်ဆုံးဖြစ်အောင် အလေးထားဆောင်ရွက်ရန်၊
- အုတ်ထုတ်လုပ်ခွင့်ပြုထားသောမြေနှင့် မြေထွက်ပစ္စည်းအမျိုးအစားအပြင် အခြားမြေနှင့် မြေထွက်ပစ္စည်းအမျိုးအစား၊ သတ္တုများတွေ့ရှိပါက သတ္တုတွင်းဝန်ကြီးဌာနသို့ ချက်ချင်းအကြောင်းကြားခြင်း၊
- အုတ်ထုတ်လုပ်ငန်းလျှောက်ထားသည့် မြေနေရာတွင် အခြားတွင်းထွက်ပစ္စည်းများ (ကျောက်မီးသွေး) အသုံးပြုကြောင်း စိစစ်တွေ့ရှိပါက ၎င်းတွင်းထွက်ပစ္စည်းများအား ရယူ/ဝယ်ယူထားသည့်စာချုပ်၊ စာတမ်း/ သဘောထားထောက်ခံချက်နှင့် ရောင်းချသည့် ကုမ္ပဏီအား သတ္တုတွင်းဝန်ကြီးဌာန၏ လုပ်ငန်းလိုင်စင်ချထားပေးသည့် အထောက်အထား စာရွက်/စာတမ်းများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြ ဆောင်ရွက်သွားရန်၊
- ထုတ်လုပ်ခွင့်ပြုထားသောလိုင်စင်ကို သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း(၃၀)အတွင်း အသစ်လဲလှယ်ခွင့် လျှောက်ထားရန်၊
- သတ်မှတ်ထားသောစည်းကမ်းများကို လိုက်နာရန်ပျက်ကွက်ပါက (သို့တည်းမဟုတ်) ဖောက်ဖျက်ပါက သက်ဆိုင်ရာဌာနများ၏ ဥပဒေအရအရေးယူခြင်းကိုခံရမည့်အပြင် ထုတ်ပေး ထားသောလိုင်စင်ကို ပြန်လည်ရုပ်သိမ်းခံရမည်ဖြစ်ကြောင်းနှင့် အခွန်ငွေကို ပြန်လည်ထုတ်ယူခွင့်မပြုကြောင်း သိရှိလိုက်နာဆောင်ရွက်သွားရန်၊
- မြို့နယ် အုတ်၊ သဲ၊ ကျောက်စရစ်ထုတ်လုပ်မှု ကွင်းဆင်းစစ်ဆေးကြပ်မတ်ရေးအဖွဲ့မှ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးပါက စစ်ဆေးခံနိုင်ရေး ဆောင်ရွက်ထားရှိရန်နှင့် အခါအားလျော်စွာထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကိုပါ လိုက်နာဆောင်ရွက်ရန်တို့ဖြစ်ပါသည်။

အထက်ပါစည်းကမ်းချက်များမှ အမှတ်စဉ်(၄)သည် အလွန်အရေးကြီးပြီး လူနေအိမ်များနှင့် ပေ(၃၀၀)အကွာဆိုသောအချက်ကို ကျယ်ပြန့်စွာစဉ်းစားလျှင် **"လူနေအိမ်"**နှင့်ဟု ဖော်ပြခြင်းထက် **"အဆောက်အဦတစ်ခု"**နှင့်ဟု ဖော်ပြပြီး ပိုမိုသင့်တော်မည်ဟု မိမိတို့ကော်မတီမှယူဆမိပါသည်။ အဘယ်ကြောင့်ဆိုသော် အချို့နေရာများတွင် လုပ်ငန်းလုပ်မည့်မြေကွက်သည် ဥပမာ– ဘုန်းကြီးကျောင်း၊ ဘုရားဓမ္မာရုံ၊ စစ်တပ်ခြံစည်းရိုး၊ စစ်တပ် Barrack ၊ တံတားစသဖြင့်တွေ့ရှိနိုင်ပါသောကြောင့် **"လူနေအိမ်များနှင့်ပေ(၃၀၀)အကွာ"** ဟုဆိုမည့်အစား **"အဆောက်အဦတစ်ခုနှင့် ပေ(၃၀၀)အကွာ"** ဟု သတ်မှတ်ဖော်ပြမည်ဆိုပါက ပိုမိုကောင်းမွန်မည်ဟု အောက်ခြေမြေပြင် ကွင်းဆင်းတွေ့ရှိချက်များအရ တင်ပြရခြင်းဖြစ်ပါသည်။ အမှတ်စဉ် (၁၃) သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ရန် ဆိုရာတွင်လည်း မိမိလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် လုပ်ကွက်အနီးပတ်ဝန်းကျင်တဝိုက်နှင့် ယာဉ်အသုံးပြုမည့် လမ်းတလျှောက်တွင် ဆူညံသံ၊ အနံ့ဆိုး၊ အခိုးအငွေ့၊ အမှုံအမွှားများ မသက်ရောက်စေရမည့် အပြင် ဘေးပတ်လည်တွင် မြေပြိုခြင်း၊ ရေစီးရေလာပိတ်ဆို့စေခြင်း၊ ဖွဲ့ပြာ၊ ဖွဲ့မှုံများ လွင့်စင်ကျရောက်မှုကြောင့် အနီးရှိ စိုက်ပျိုးမြေများ ပျက်စီးထိခိုက်မှုများမရှိအောင် အထူးဂရုစိုက်ဆောင်ရွက်ရမည ်ဖြစ်ပါသည်။ အထက်ဖော်ပြပါ အမှတ်စဉ်(၁၃)အချက်ကြောင့် အမှတ်စဉ်(၁၅)ကို ကြိမ်းသေပေါက် ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ပါသည်။ အမှတ်စဉ်(၁၇)အချက်သည် အုတ်လုပ်ငန်းလုပ်ကိုင်သူများ အထူးသဘောပေါက်နားလည်ရမည့် အရေးကြီးဆုံးအချက်ဟု ဆိုနိုင်ပါသည်။ မိမိလုပ်ကိုင်မည့် မြေအမျိုးအစားသည် လယ်ယာမြေဖြစ်ပါက လယ်ယာမြေအခြားနည်း အသုံးပြုခွင့် လျှောက်ထားပြီး ခွင့်ပြုချက်ရယူပြီးမှသာ အုတ်လုပ်ငန်းကို စတင်ဆောင်ရွက်ရန်ဟု ပါရှိပါသဖြင့် လုပ်ငန်းရှင်က တိတိကျကျလိုက်နာရန် လိုအပ်သကဲ့သို့ မလိုက်နာပါက အစိုးရအဖွဲ့ တာဝန်ယူကြီးကြပ်ဆောင်ရွက်သော အဖွဲ့အစည်းကလည်း တိတိကျကျ ပြတ်ပြတ်သားသား ဥပဒေပါအတိုင်း ဆောင်ရွက်ကြရန်လိုပါမည်။

**မြေနီထုတ်လုပ်ငန်း**

မြေနီထုတ်ယူခြင်းလုပ်ငန်းဆောင်ရွက်တော့မည်ဆိုလျှင် လုပ်ငန်းလုပ်ကိုင်မည့် လုပ်ငန်းရှင်တိုင်းသည် သတ်မှတ်ထားသော စည်းကမ်းချက်(၂၁)ချက်ကို ကောင်းမွန်စွာသိရှိလေ့လာပြီးမှ တိကျစွာလိုက်နာရန်လိုအပ်ပါသည်။ လိုက်နာရမည့်စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

- မြေနီထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားသူများသည် မိမိတို့အမှန်တကယ် ထုတ်လုပ်မည့်နေရာများကို သက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် တည်နေရာပြမြေပုံ (၁၀၅၊ ၁၀၆) လျှောက်ထားရယူပြီး နှစ်စဉ် အောက်တိုဘာလမှစတင်လျှောက်ထားရန်၊
- သက်ဆိုင်ရာ၊ ဌာနဆိုင်ရာထောက်ခံချက်များနှင့်အတူ ကိုယ်တိုင်ဝန်ခံချက်ဖြင့်လျှောက်ထားရန်၊

- လျှောက်ထားဆဲကာလအတွင်း မိမိလျှောက်ထားသည့် မြေကွက်အတွင်း ဝင်ရောက်မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ စည်းရိုးကာရံခြင်း၊ တဲထိုးခြင်း၊ မြေကြီးစမ်းသပ်ထုတ်လုပ်ခြင်းများ လုံးဝမပြုလုပ်ရန်၊
- ထုတ်လုပ်ခွင့်ရရှိပြီးပါက ထုတ်လုပ်မည့် ကျင်းအရေအတွက်အတိုင်း မြန်မာ့စီးပွားရေးဘဏ်သို့ ဓာတ်သတ္တုအခွန်ငွေ အပြည့်အဝ ပေးသွင်းရန်၊
- ကော်လိတ္တော်အရာရှိမှ လိုင်စင်ထုတ်ပေးပြီး လုပ်ငန်းလိုင်စင် လက်ဝယ်ရရှိမှသာ မြေထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန်နှင့် အခွန်ငွေပေးသွင်းခြင်းမပြုလုပ်မီ စမ်းသပ်ထုတ်လုပ်ခြင်း လုံးဝမပြုလုပ်ရန်၊
- မိမိလုပ်ကိုင်ခွင့်ရရှိသည့်လုပ်ကွက်၏ သတ်မှတ်နေရာ၊ သတ်မှတ်ဧရိယာအတွင်း၌သာ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်နှင့် အခြားလုပ်ကွက်များတွင် ဝင်ရောက်လုပ်ကိုင်ခြင်း မပြုရန်၊
- သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ချက်များအား အလေးထားဆောင်ရွက်ရန်၊
- သတ်မှတ်ထားသည့် တစ်နှစ်အတွင်း ထုတ်လုပ်ရမည့် လိုင်စင်ပါ ကျင်းအရေအတွက်အတိုင်းသာ ထုတ်လုပ်ရန်နှင့် သတ်မှတ်ကျင်းအရေအတွက် ပြည့်ပြီးသည့်နေ့တွင် လုပ်ငန်းလုပ်ကိုင်ခွင့် ရပ်ဆိုင်းထားရန်၊
- မြေနီလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆောင်ရွက်မည်ဆိုပါက သက်ဆိုင်ရာဌာနများသို့ ကြိုတင်ခွင့်ပြုချက်ရယူရန်၊ ဒေသခံပြည်သူများနှင့် ပြဿနာဖြစ်ပွားမှုမရှိစေရေး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊
- ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို သက်ဆိုင်ရာခွင့်ပြုချက်မရှိဘဲ လုံးဝသုံးစွဲခြင်းမပြုရန်၊
- မြေနီထုတ်လုပ်ခွင့်ပြုမိန့်ရရှိမှသာ မြေထုတ်သယ်ဆောင်ခြင်း ဆောင်ရွက်ရန်၊
- အငြင်းပွားမှု၊ တိုင်ကြားမှုများရှိလာပါက စည်းကမ်းဖောက်ဖျက်သည့် လုပ်ငန်းရှင်အား သက်ဆိုင်ရာဌာနများ၏ ဥပဒေအရအရေးယူခြင်းခံရမည့်အပြင် လုပ်ငန်းရပ်စဲခံရမည် ဖြစ်ပြီး ပေးထားသောအခွန်ငွေကို ပြန်လည်ထုတ်ယူခွင့်မပြုကြောင်း သိရှိစေရန်၊
- လယ်ယာမြေ၊ရွာမြေများတွင် ဆောင်ရွက်ခြင်းမပြုရန်နှင့် လူနေအိမ်များနှင့် ပေ(၃၀၀) အကွာ၊ စည်ပင်သာယာနယ်နမိတ်နှင့်(၁)မိုင်အကွာ၊ လမ်းမကြီးနှင့် ပေ(၆၀၀)အကွာ၊ မြေ(OA)တွင်သာ လုပ်ငန်းဆောင်ရွက်ရန်၊
- သတ်မှတ်ထားသည့် ကာလအတွင်း ထုတ်လုပ်ရမည့်လိုင်စင်ပါ အရေအတွက်အတိုင်း ထုတ်လုပ်ပြီး လိုင်စင်ပါအရေအတွက် ပြည့်သည့်နေ့တွင် လုပ်ငန်းလုပ်ကိုင်ခွင့် ရပ်ဆိုင်းမည်ကို သိရှိစေရန်၊

- ထုတ်လုပ်ခွင့်လိုင်စင်ကို မူလခွင့်ပြုထားသူမှအပ အခြားသူတစ်ဦးသို့ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လဲလှယ်ခြင်းမပြုရန်၊
- အခြားမြေနှင့် မြေထွက်ပစ္စည်းများ၊ သတ္တုများတွေ့ရှိပါက သတ္တုတွင်းဝန်ကြီးဌာနသို့ ချက်ချင်းအကြောင်းကြားခြင်း၊
- ထုတ်လုပ်ခွင့်ပြုထားသောလိုင်စင်ကို သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း(၃၀)အတွင်း အသစ်လဲလှယ်ခွင့် လျှောက်ထားရန်၊
- မြေနီများရောင်းချရန်အသုံးပြုသော မော်တော်ကားလမ်းဝဲ/ ယာရှိ လူနေရပ်ကွက်များ၊ ကျေးရွာများနှင့်မြို့များရှိ ပြည်သူလူထုများအား မြစ်သဲကျောက်သယ်ကားများ ဖြတ်သန်း မောင်းနှင်မှုများကြောင့် အသံဆူညံ၍ ညဘက်အိပ်မရခြင်း၊ လမ်းဖုန်ထ၍ အသက်ရှူ ကြပ်ခြင်း၊ လမ်းမျက်နှာပြင်ပျက်ဆီးခြင်းများကြောင့် ထိခိုက်နစ်နာမှု မဖြစ်ပေါ်စေရေး အလေးထား ဆောင်ရွက်ရန်၊
- မြေနီထုတ်လုပ်ငန်းလျှောက်ထားသည့် မြေနေရာတွင် အခြားတွင်းထွက်ပစ္စည်းများ (ကျောက်မီးသွေး) အသုံးပြုကြောင်းစိစစ်တွေ့ရှိပါက ၄င်းတွင်းထွက်ပစ္စည်းများအား ရယူ/ ဝယ်ယူထားသည့် စာချုပ်/စာတမ်းသဘောထားထောက်ခံချက်နှင့် ရောင်းချသည့် ကုမ္ပဏီအား သတ္တုတွင်းဝန်ကြီးဌာန၏ လုပ်ငန်းလိုင်စင်ချထားပေးသည့် အထောက် အထား စာရွက်စာတမ်းများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြ ဆောင်ရွက်သွားရန်၊
- သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ပါက (သို့မဟုတ်) ဖောက်ဖျက်ကျူးလွန်ပါကထုတ်ပေးထားသောလိုင်စင်ကို အချိန်မရွေး ရုပ်သိမ်းရမည် ဖြစ်ကြောင်းနှင့် အခွန်ငွေကို ပြန်လည်ထုတ်ယူခြင်းမပြုကြောင်း သိရှိလိုက်နာဆောင်ရွက် သွားရန်၊
- မြို့နယ် အုတ်၊ သဲ၊ ကျောက်စရစ်ထုတ်လုပ်မှု ကွင်းဆင်းစစ်ဆေးကြပ်မတ်ရေးအဖွဲ့မှ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးပါက စစ်ဆေးခံနိုင်ရေးဆောင်ရွက်ထားရှိရန်၊ အခါ အားလျော်စွာ ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကိုပါ လိုက်နာဆောင်ရွက်ရန် တို့ဖြစ်ပါသည်။

အထက်ပါစည်းကမ်းချက်များထဲမှ အမှတ်စဉ်(၅)တွင် ကော်လိတ္တော်အရာရှိမှလိုင်စင်ထုတ်ပေးပြီး လုပ်ငန်းလိုင်စင် လက်ဝယ်ရရှိမှသာ လုပ်ငန်းစတင်ရန်နှင့် အခွန်ငွေပေးသွင်းခြင်းမပြုမီ စမ်းသပ် ထုတ်လုပ်ခြင်းလုံးဝမပြုလုပ်ရန်ဟု ပါရှိသော်လည်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို လုပ်ငန်း လိုင်စင်လျှောက်လွှာတင်ပြီး စတင်ထုတ်ယူနေကြသော လုပ်ငန်းရှင်အချို့ရှိနေကြောင်း သိရှိနေပါသဖြင့် အနီးစပ်ဆုံးမြို့နယ် ခုတ်သတ္တုကြီးကြပ်မှုကော်မတီ၊ ရပ်ကျေးခုတ်သတ္တုကြီးကြပ်ကော်မတီ တို့မှ ထိထိရောက်ရောက် တားဆီးနိုင်အောင် အစိုးရဝန်ကြီးဌာနမှ အကာအကွယ်အစောင့်အရှောက်နှင့်တကွ

နယ်မြေကွင်းဆင်းဖမ်းဆီးအရေးယူရန် လိုအပ်ပါသည်။ ဤသို့မဆောင်ရွက်နိုင်ပါက စည်းကမ်းမလိုက်နာသော လုပ်ငန်းရှင်အချို့က ခွင့်ပြုချက်မရသေးဘဲ ခိုးထုတ်နေသလိုဖြစ်နေသည့်အပြင် အခြားမလိုလားအပ်သော ပြဿနာများ ထပ်ဆင့်ရှင်းလင်းနေကြရကြောင်း သိနေရပါသည်။ ထို့ကြောင့် တာဝန်ရှိသူအစိုးရ အဖွဲ့အစည်းဝင်များက ဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း ပြင်းပြင်းထန်ထန်အပြစ်ပေး အရေးယူခြင်း လုပ်ငန်းများ လုပ်ရန်လိုပါသည်။ စည်းကမ်းချက်အမှတ်(၇)တွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ချက်များအား အလေးထားဆောင်ရွက်ရန်ဆိုရာတွင်လည်း မိမိမြေနီထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် လုပ်ကွက်အနီးပတ်ဝန်းကျင် အနားလေးဘက်မထိခိုက်မပျက်စီး စေရေး၊ သယ်ယူပို့ဆောင်ရေးယာဉ် အထူးသဖြင့် (Faw) ကျောက်/မြေသယ်ကားများအသုံးပြုရာလမ်းတစ်လျှောက် လမ်းများပျက်စီးခြင်း၊ တံတားများကျိုးခြင်း၊ ရေထုတ်ပြွန်များပဲ့ခြင်းစသည့် ဖြစ်စဉ်များ မကြာခဏဆိုသလို အကြိမ်ကြိမ်မြင်တွေ့ကြားသိနေရသည့်အပြင် တင်ပြတိုင်ကြားလာသည်များရှိသည့်အတွက် ၎င်းမြေနီထုတ်လုပ်ငန်းရှင်များမှ မည်ကဲ့သို့တာဝန်ယူ ဖြေရှင်းမည်ဆိုသည်တို့ကို လည်းကောင်း၊ ၎င်းမြေနီထုတ်လုပ်ငန်းရှင်များက မည်ကဲ့သို့ တာဝန်ယူဖြေရှင်းပေးမည်ကိုလည်းကောင်း၊ ၎င်းတို့ လုပ်ငန်းကြောင့် သစ်တောနယ်နိမိတ်ကပ်လျှက် လုပ်ဆောင်ခြင်းများကြောင့်တောင်ကမ်းပါးယံများ ပြိုကျခြင်း၊ ချောင်းမြောင်းများကို လမ်းဖို့ပြီး သယ်ယူပို့ဆောင်ရေး ကုန်ထုတ်လမ်းများ လုပ်နေကြသဖြင့် ရေစီးရေလာပိတ်ဆို့ခြင်း၊ လုပ်ငန်းပြီးဆုံးပါက မြေကျင်းအနက်ကြီးများကိုပြန်လည်မြေဖို့ခြင်း၊ သစ်ပင်များ ပြန်စိုက်ပေးခြင်း၊ စသည်တို့ကို မဆောင်ရွက်ကြကြောင်း ကွင်းဆင်းတွေ့ရှိချက်များကြောင့် အစိုးရအဖွဲ့ တာဝန်ရှိသူကော်မတီအဖွဲ့က (ခတ်သတ္တုကြီးကြပ်မှုကော်မတီ)ကဥပဒေပါ စည်းကမ်းချက်အတိုင်း မလိုက်နာကြောင်း အထင်အရှားတွေ့ရှိပါက ထိရောက်စွာ အရေးယူသင့်ကြောင်း အကြံပြုအပ်ပါသည်။ အမှတ်စဉ်(၁၁)တွင် မြေနီထုတ်လုပ်ခွင့်ပြုမိန့်ရရှိမှသာ မြေထုတ်သယ်ဆောင်ခြင်း ဆောင်ရွက်ရန်ဟုပါရှိသော်လည်း အမှန်တကယ်ပြင်ပတွင် လုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်ထားသူ တိုင်း/ မြို့နယ်တိုင်းတွင် ခွင့်ပြုချက်မရရှိသေးခင်က ကြိုတင်ထုတ်ယူနေကြသည်ကိုမိမိတို့ကော်မတီဝင်များအနေဖြင့် လက်တွေ့/မျက်မြင်တွေ့ရှိနေရပါသည်။ သို့ပါသောကြောင့် စည်းကမ်းမလိုက်နာသော အဆိုပါ လုပ်ငန်းရှင်များကို S.O.P ပါပြစ်မှု/ ပြစ်ဒဏ်များပေးပြီးလုပ်ကိုင်ခွင့်ပြုမပေးဘဲဆက်လက်လုပ်ကိုင်ပါက ထိရောက်သော အပြစ်ပေးအရေးယူမှုမျိုးရှိရန် လိုအပ်နေပါကြောင်း အကြံပြုအပ်ပါသည်။ စည်းကမ်းချက်(၁၃)တွင် လူနေအိမ်များနှင့်ပေ (၃၀၀)အကွာ၊ စည်ပင်နယ်နိမိတ်နှင့်(၁)မိုင်အကွာလမ်းမကြီးနှင့် ပေ(၆၀၀)ကွာ၊ မြေအမျိုးအစား (O.A) ဆိုရာတွင် လူနေအိမ်များနှင့် ပေ(၃၀၀)အကွာဆိုမည့်အစား အဆောက်အဦတစ်စုနှင့် ပေ(၃၀၀)အကွာဆိုပါက ပိုမိုကောင်းမွန်မည်ဟု အောက်ခြေမြေပြင်ကွင်းဆင်းချက်များအရ တင်ပြအပ်ပါသည်။ ဥပမာအနေနှင့် စေတီပုထိုး တည်ထားသောနေရာ၊ တောရကျောင်းရှိသောနေရာ၊ စစ်တပ် Barrack ရှိသောနေရာနှင့် စစ်တပ် ခြံစည်းရိုးအုတ်တံတိုင်းနှင့်အစရှိသဖြင့် မလွတ်သော နေရာများတွင် လုပ်ကိုင်နေသည်ကိုတွေ့ရှိ နေရသောကြောင့်ဖြစ်ပါသည်။

## မြစ်၊ သဲ၊ ကျောက်လုပ်ငန်း

မြစ်၊ သဲ၊ ကျောက်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်တော့မည်ဆိုလျှင် လုပ်ငန်းလုပ်ကိုင်မည့် လုပ်ငန်းရှင်တိုင်းသည် သတ်မှတ်ထားသော စည်းကမ်းချက်(၂၄)ချက်ကို ကောင်းမွန်စွာ သိရှိလေ့လာပြီးမှ တိကျစွာလိုက်နာရန်လိုအပ်ပါသည်။ လိုက်နာရမည့်စည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

- မြစ်ကျောက်ထုတ်လုပ်ခွင့်လုပ်ငန်းလိုင်စင်လျှောက်ထားသူများသည် မိမိတို့အမှန်တကယ် ထုတ်လုပ်မည့်နေရာများကို သက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနတွင် တည်နေရာပြမြေပုံ၊ မြေစာရင်းပုံစံ(၁၀၅၊ ၁၀၆)၊ ရေးဆွဲပြီး နှစ်စဉ် ဇူလိုင်လ(၁၅)ရက်နေ့မှ စတင်လျှောက်ထားရန်၊
- လိုင်စင်လျှောက်ထားခြင်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများ၏ထောက်ခံချက်နှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုနေ လုပ်ငန်းလိုင်စင်လျှောက်ထားသည့် တည်နေရာပါ အလားလေးရပ်ပိုင်ဆိုင်သူများ၏ သဘောထားထောက်ခံချက်ပြည့်စုံစွာ ပါရှိရန်၊
- ထုတ်လုပ်ခွင့် လုပ်ငန်းလိုင်စင်ရရှိသည့် ကွင်းအလိုက်လုပ်ကိုင်ရရှိသူအမည်၊ ကွင်းအမည်၊ ဦးပိုင်အမှတ်၊ ထုတ်လုပ်သည့်ဧရိယာ၊ ကျင်းအရေအတွက်၊ ခွင့်ပြုချက်ရရှိသည့် အချက်များ ပါဝင်သော ဗွီနိုင်းဆိုင်းဘုတ်များကို အများမြင်သာသောနေရာတွင် စိုက်ထူထားရှိရန်၊
- မိမိလုပ်ကိုင်ခွင့်ရရှိသည့်လုပ်ကွက်၏ သတ်မှတ်နေရာ၊ သတ်မှတ်ဧရိယာအတွင်း လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်၍ သတ်မှတ်ကျင်းအရေအတွက်အတိုင်း အခွန်အပြည့်အဝ ပေးသွင်းရန်၊
- အခြားလုပ်ကွက်များ၊ခွင့်ပြုချက်ရရှိသည့်လုပ်ကွက်များနှင့် မိမိလုပ်ကွက်ဧရိယာပြင်ပ တို့တွင် ဝင်ရောက်ကျူးကျော်ခြင်းမပြုရန်၊
- မြစ်၊ သဲ၊ ကျောက်စုပ်ထုတ်လုပ်ခြင်းလုပ်ငန်းများအား နံနက်(၆)နာရီမှ ညနေ(၆)နာရီ အတွင်းသာ ဆောင်ရွက်ရန်၊ စည်းကမ်းပျက်ကွက်ပါက လုပ်ငန်းလိုင်စင်အား ရုပ်သိမ်း ခံရမည်ဖြစ်ကြောင်းနှင့် ပေးသွင်းထားသည့် အခွန်ငွေကို ပြန်လည်ထုတ်ယူခွင့်မပြုကြောင်း ကို သိရှိစေရန်၊
- လုပ်ကွက်တစ်ကွက်လျှင် အများဆုံးကျောက်စုပ်ရေယာဉ်(၅)စီးဖြင့်သာ ကျောက်စုပ် လုပ်ငန်းလုပ်ကိုင်ရန်၊
- သတ်မှတ်ထားသည့် တစ်နှစ်အတွင်းထုတ်လုပ်မည့် လုပ်ငန်းလိုင်စင်ပါ ကျင်းအရေအတွက် အတိုင်းသာ ထုတ်လုပ်ရမည်ဖြစ်ကြောင်းနှင့် ကျင်းအရေအတွက် ပြည့်ပြီးသည့်နေ့တွင် လုပ်ငန်းလုပ်ကိုင်ခွင့်ရပ်ဆိုင်းသွားမည်ကိုသိရှိရန်၊
- ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စည်းကမ်းချက်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်သွားရန်၊
- လုပ်ငန်းဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ရန်၊

- အငြင်းပွားမှု၊ တိုင်ကြားမှုများရှိလာပါက စည်းကမ်းဖောက်ဖျက်မှုကြောင့်ဖြစ်လျှင် လုပ်ငန်းလိုင်စင်ရုပ်သိမ်းခံရမည်ဖြစ်ပြီး၊ ပေးသွင်းထားသည့်အခွန်ငွေကို ပြန်လည်ထုတ်ယူခွင့်မပြုကြောင်း သိရှိစေရန်၊
- မြို့တွင်း၊ တံတားဧရိယာအတွင်း သဲ/ ကျောက်စုပ်လုပ်ငန်း ဆောင်ရွက်ခြင်းမပြုရန်နှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ သဘောထားမှတ်ချက်ပေးထားသည့် နေရာတွင်သာ လုပ်ကိုင်ဆောင်ရွက်ရန်၊
- နေ့စဉ်ထုတ်ယူသည့် သဲ / ကျောက်ကျင်းအရေအတွက်စာရင်း၊ သင်္ဘောများ၊ CB တွဲများ၊ စက်လှေများဝင်ထွက်မှုစာရင်းများအား သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရပ်ကွက်/ကျေးရွာ မြစ်သဲကျောက်ထုတ်လုပ်မှု ကြီးကြပ်ရေးကော်မတီသို့ နေ့စဉ်သတင်းပေးပို့တင်ပြရန်၊ မြစ်သဲကျောက်ထုတ်လုပ်တင်ဆောင်မည့် နေရာအား သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် ထုတ်လုပ်မှုစာရင်းအား သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှတစ်ဆင့် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လစဉ်(၁၅)ရက် တစ်ကြိမ်ပေးပို့တင်ပြရန်၊
- လျှောက်ထားဆဲကာလအတွင်း မိမိလျှောက်ထားသည့်မြေကွက်အတွင်း ဝင်ရောက်၍ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ တဲထိုးခြင်း၊ သင်္ဘော၊ CBတွဲ၊ စက်တွဲများမောင်းနှင်ခြင်း၊ စမ်းသပ်ထုတ်ခြင်း လုံးဝမပြုလုပ်ရန်၊
- မြစ်သဲကျောက်ထုတ်လုပ်ခွင့်လိုင်စင်ကို မူလခွင့်ပြုသူမှအပ အခြားတစ်ဦးသို့ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လဲလှယ်ခြင်းမပြုရန်၊
- မြစ်သဲကျောက်လုပ်ငန်းထုတ်လုပ်ခြင်းကြောင့် အနီးဝန်းကျင်ရှိဒေသခံများ၏ ကျန်းမာရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုလျော့နည်းစေရန်နှင့် အနည်းဆုံးဖြစ်စေရေးအတွက် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ သဘောထားများရယူဆောင်ရွက်သွားရန်၊
- မြစ်သဲကျောက်များရောင်းချရန် အသုံးပြုရသော မော်တော်ကားလမ်းဝဲယာရှိ လူနေရပ်ကွက်များ၊ ကျေးရွာများနှင့် မြို့များရှိ ပြည်သူလူထုများအား မြစ်သဲ၊ ကျောက်သယ်ကားများ လမ်းဖြတ်မောင်းနှင်မှုများကြောင့် အသံဆူညံ၍ ညဘက်အိပ်မရခြင်း၊ လမ်းဖုန်ထ၍ အသက်ရှူကြပ်ခြင်း၊ လမ်းမျက်နှာပြင် ပျက်စီးခြင်းများကြောင့် ထိခိုက်နစ်နာမှုမဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ရန်၊ ဖြစ်ပေါ်လာပါက ကျူးလွန်သူမှ မူလအတိုင်း (အလုံးစုံ) ပြန်လည်ပြုပြင်ဆောင်ရွက်ပေးရန်၊
- ထုတ်လုပ်ခွင့်ပြုထားသော လိုင်စင်ကို သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း(၃၀)အတွင်း အသစ်လဲလှယ်ခွင့်လျှောက်ထားရန်၊
- သတ်မှတ်ထားသောစည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ပါက (သို့မဟုတ်) ဖောက်ဖျက်ကျူးလွန်ပါက ထုတ်ပေးထားသောလိုင်စင်ကို အချိန်မရွေးပြန်လည် ရုပ်သိမ်းခံ

ရမည်ဖြစ်ကြောင်းနှင့် အခွန်ငွေပြန်လည်ထုတ်ယူခွင့်မပြုကြောင်း သိရှိလိုက်နာဆောင်ရွက်ရန်၊

- မြို့နယ် အုတ်/ သဲ/ ကျောက် ထုတ်လုပ်မှု ကွင်းဆင်းစစ်ဆေးကြပ်မတ်ရေးအဖွဲ့မှ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးပါက စစ်ဆေးခံနိုင်ရေး ဆောင်ရွက်ထားရှိရန်၊ အခါအားလျော်စွာ ထုတ်ပြန်ထားသောအမိန့်နှင့် ညွှန်ကြားချက်များကိုပါလိုက်နာ ဆောင်ရွက်ရန်၊
- စီမံကိန်းဝင်မြစ်ကူးတံတားကြီးများနှင့် အထက်အောက်(၁)မိုင်၊ အခြားတံတားငယ်များနှင့်တံတားအရှည်၏ အထက်အောက်(၅)ဆအကွာတွင် မြစ်သဲ၊ ကျောက်များထုတ်လုပ်ခွင့်မပြုရန်၊
- ခွင့်ပြုချက်မရှိဘဲ ကြိုတင်ထုတ်လုပ်ပါက ပထမအကြိမ်တွင် ခာတ်သတ္တုခွန်၏ (၃)ဆ၊ ဒုတိယအကြိမ်တွင် ခာတ်သတ္တုခွန်၏ (၅)ဆ ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ပြီး၊ တတိယအကြိမ်တွင် လုပ်ငန်းနှင့်လူပါ Black List ပြုလုပ်သွားမည်ဖြစ်သည်။
- ခွင့်ပြုထားသည့်ကာလထက် ကျော်လွန်ထုတ်လုပ်ပါက ပထမအကြိမ်တွင်ခာတ်သတ္တုခွန်၏ (၃)ဆ၊ ဒုတိယအကြိမ်တွင် ခာတ်သတ္တုခွန်၏ (၅)ဆဒဏ်ကြေးပေးဆောင်ရမှာဖြစ်ပြီး၊ တတိယအကြိမ်တွင် ခာတ်သတ္တုခွန်၏ လုပ်ငန်းနှင့်လူပါ Black List ပြုလုပ်သွားမည်ဖြစ်သည်။
- ခွင့်ပြုထားသည့်ကျင်းအရေအတွက်ထက် ကျော်လွန်ထုတ်လုပ်ပါက ပထမအကြိမ်တွင် ခာတ်သတ္တုခွန်၏(၃)ဆ၊ ဒုတိယအကြိမ်တွင် ခာတ်သတ္တုခွန်၏ (၅)ဆဒဏ်ကြေး ပေးဆောင်ရမှာဖြစ်ပြီး၊ တတိယအကြိမ်တွင် ခာတ်သတ္တုခွန်၏ လုပ်ငန်းနှင့်လူပါ Black List ပြုလုပ်သွားမည်ဖြစ်သည်။
- မြစ်သဲ၊ ကျောက်အမှုတွဲတည်ဆောက်မှု အချိန်ဇယား–

| စဉ် | လုပ်ငန်းစဉ် | စတင်သည့်ရက် | ပြီးဆုံးသည့်ရက် | ကြာရက် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | လုပ်ငန်းရှင်များနောက်ဆုံးလျှောက်ထားရန် | ဇူလိုင်(၁၅) | ဇူလိုင်(၃၀) | ၁၅ | |
| ၂ | မြို့နယ်မြစ်ကျောက်ကော်မတီစိစစ်–ခရိုင်တင်ပြရန် | ဩဂုတ်(၁) | ဩဂုတ်(၁၀) | ၁၀ | |
| ၃ | ခရိုင်မြစ်ကျောက်စီစစ်–မြေစာရင်း | ဩဂုတ်(၁၀) | ဩဂုတ်(၂၀) | ၁၀ | |
| ၄ | မြေစာရင်းလုပ်ငန်း | ဩဂုတ်(၂၀) | စက်တင်ဘာ (၁၃) | ၂၃ | |
| ၅ | မြို့နယ်အထွေထွေ အုပ်ချုပ်ရေး | စက်တင်ဘာ (၁၃) | စက်တင်ဘာ (၁၅) | ၂ | |

| | | | | | |
|---|---|---|---|---|---|
| ၆ | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး | စက်တင်ဘာ (၁၅) | နိုဝင်ဘာ (၇) | ၅၂ | |
| ၇ | ဌာနဆိုင်ရာများ (ငါး/လမ်း/စည်ပင်) | နိုဝင်ဘာ(၇) | နိုဝင်ဘာ (၁၄) | ၇ | |
| ၈ | သဘာဝပတ်ဝန်းကျင် | နိုဝင်ဘာ(၁၄) | နိုဝင်ဘာ (၂၁) | ၇ | |
| ၉ | ခရိုင်ထွေအုပ်အမှုတွဲ ပြင်ဆင်ခြင်း | နိုဝင်ဘာ (၂၁) | နိုဝင်ဘာ (၂၈) | ၇ | |
| ၁၀ | ခရိုင်ထွေအုပ်မှ တိုင်းပို့ရက် | နိုဝင်ဘာ (၂၈) | ဒီဇင်ဘာ(၁) | ၂ | |
| ၁၁ | တိုင်းကော်မတီစိစစ် | ဒီဇင်ဘာ(၁) | ဒီဇင်ဘာ(၃၁) | ၃၁ | |
| ၁၂ | တိုင်းမှခရိုင်သို့ပြန်ပို့ | ဒီဇင်ဘာ(၃၁) | ဇန်နဝါရီ (၁) | ၂ | |
| ၁၃ | ခရိုင်မှလုပ်ငန်းရှင်များသို့ လိုင်စင်ပေး | ဇန်နဝါရီ(၁) | | | |

**သစ်တောကဏ္ဍ**

သစ်တောနှင့်ပတ်သက်သော ကဏ္ဍမှာ သစ်ထုတ်လုပ်မှု (၁၀)နှစ်ရပ်ဆိုင်းထားသော်လည်း ယခင်ထက်ပိုမိုထုတ်ယူလျက်ရှိပါသည်။ ထုတ်လုပ်မှုများသည် တရားမဝင်ထုတ်လုပ်မှုများဖြစ်ပြီး ထိုသို့ထုတ်ယူရာတွင် သစ်တောဝန်ထမ်းများအားနည်းခြင်း အဂတိလိုက်စားမှုများမကင်းရှင်းသောကြောင့် မည်သို့ထိန်းသိမ်းရန် ဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ အမိန့်များ၊ ညွှန်ကြားချက်များ ထုတ်သင့်ပါသည်။ ထို့အတူ မီးသွေးထုတ်လုပ်မှုမှာလည်း ဒေသအတွက် အမှန်တကယ်လိုအပ်ပါသည်။ အသုံးပြုရန် လိုအပ်သော ပဏာမတွက်ချက်ကာ ထုတ်ယူသင့်ပါသည်။ သစ်တောဦးစီးဌာနမှ ထုတ်ယူခွင့်ကုဗတန်အား သတ်မှတ်ထားသော်လည်း အဂတိတရားများမကင်းရှင်းသောကြောင့် သတ်မှတ်ထားသော ပဏာမထက် ပိုမိုထုတ်ယူကြောင်း တွေ့ရှိနေရပါသည်။ ထို့အတူ ဝါးထုတ်လုပ်မှုတွင်လည်း ထုတ်ယူရန် အရေအတွက်ထက် ပိုမိုထုတ်ယူနေကြောင်းတွေ့ရှိနေရပါသည်။ ထို့ကြောင့် ထင်းကိစ္စများကိုလည်း တိတိကျကျကြီးကြပ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ အခြားသစ်တောထွက် ပစ္စည်းများဖြစ်သော သစ်ခွ၊ သစ်စေး လျှော်စသည်တို့လည်းပါဝင်ပါသည်။ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုထင်းစိုက်ခင်းများ အကောင်အထည်ဖော်ရာတွင် ဒေသခံပြည်သူများ စိတ်ပါဝင်စားမှုအားနည်းလျက်ရှိပါသည်။ ဌာနမှလည်း အကောင်အထည်ဖော်ဆောင်ရွက်ရန် လက်တွေ့သင်တန်းများပေးသော်လည်း ဒေသခံပြည်သူများ၏ စားဝတ်နေရေးကို ဦးစားပေး ဆောင်ရွက်နေကြရ သောကြောင့် မအောင်မြင်ပါ။ ဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးကူညီမှုများပေးနိုင်ပါက အောင်မြင်မှုများ ရရှိနိုင် ပါသည်။ သီးထပ်၊ သီးညှပ်များ စိုက်ပျိုးနိုင်သောမြေနေရာအား စီစဉ်ဆောင်ရွက်ပေးနိုင်ပါက ပိုမို ထိရောက်မှုရှိနိုင်ပါသည်။ သစ်တောဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သစ်တောစိုက်ခင်းများမှ ကော်မတီ၏ ကွင်းဆင်းလေ့လာချက်အရ အောင်မြင်လျက်ရှိကြောင်း တွေ့ရပါသည်။ မြို့နယ်အလိုက်ပျိုးပင်များ ထုတ်လုပ်ရာတွင် လိုအပ်သည်ထက်များပြားနေခြင်းကြောင့် ရန်ပုံငွေများ ဆုံးရှုံး

လျက်ရှိနေပြီး လိုအပ်လျက်ရှိသော အရေအတွက်ကို ထုတ်လုပ်အသုံးပြုရန်၊ ထုတ်လုပ်ပြီးသော ပျိုးပင်များကို ထိထိရောက်ရောက်အသုံးပြုရန်၊ ပြည်သူ့လက်ဝယ်သို့ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေနိုင်ရန် ဌာနဆိုင်ရာသစ်ပင်စိုက်ပွဲများ၊ လူထုသစ်ပင်စိုက်ပွဲများကို အခမ်းအနားဖြင့် ဆောင်ရွက်သော်လည်း သစ်ပင်များရှင်သန်နိုင်ရေးကို အလေးထားဂရုပြုရန်လိုအပ်ပါသည်။ စိုက်ပျိုးမည့် နေရာများကိုလည်း ရေရှည်တည်တံ့နိုင်မည့်နေရာများကို ကြိုတင်စဉ်းစားရန် လိုအပ်ပါသည်။ ယခင်အတွေ့အကြုံအရ လမ်းမကြီး ဘေးများ၊ လမ်းသွယ်များ၊ အဆောက်အဦး တည်ဆောက်မည့် နေရာများတွင် စိုက်ခဲ့သောကြောင့် လမ်းများချဲ့ခြင်း၊ အဆောက်အဦးများတည်ဆောက်ခြင်းများ ပြုလုပ်သော အချိန်တွင် စိုက်ပျိုးထားသော အပင်များခုတ်လှဲခြင်းများ၊ ပျက်စီးခြင်းများကြုံတွေ့ခဲ့ကြရပါသည်။ ကုမ္ပဏီများမှ စိုက်ပျိုးထားသော ဧရိယာများကိုလည်း သေချာစွာသတ်မှတ်ပေးရန်လိုအပ်ပြီး အချို့ကုမ္ပဏီများသည် စိုက်ပျိုးဧရိယာများစွာ ယူထားကြသော်လည်း လမ်းဘေးမျက်နှာစာတန်းတွင်သာ စိုက်ပျိုးကြပြီး အတွင်းပိုင်းတွင် လုံးဝစိုက်ပျိုးထားခြင်းမရှိကြပါ သစ်တောဦးစီးဌာနအနေဖြင့် ပြန်လည်စိစစ်ရန် လိုအပ်လျက်ရှိကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**စက်သုံးဆီအရောင်းဆိုင်များကဏ္ဍ**

စက်သုံးဆီအရောင်းဆိုင်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်တော့မည်ဆိုလျှင် လုပ်ငန်းလုပ်ကိုင်မည့် လုပ်ငန်းရှင်တိုင်းသည် သတ်မှတ်ထားသော စည်းကမ်းချက်များကို ကောင်းမွန်စွာ သိရှိလေ့လာပြီးမှ တိကျစွာလိုက်နာရန်လိုအပ်ပါသည်။ လိုက်နာရမည့်စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ (၄.၁၁.၂၀၁၉) ရက်နေ့ နေ့စွဲဖြင့်ထုတ်ပြန်သည့် “ကျေးရွာသုံးစက်သုံးဆီ အရောင်းဆိုင် လိုင်စင်ဆိုင်ရာအမိန့်”နှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးရွာလုပ်ငန်းရှင်များ အမြန်ဆုံးသိရှိနိုင်ရေးနှင့် တိကျမြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်သည့် ဌာနများနှင့် လုပ်ငန်းရှင်များကို ဖိတ်ကြား၍ ပွင့်လင်းမြင်သာမှုရှိရန် လုပ်ငန်းမစတင်မီ ချပြဆွေးနွေးမှုများ ကြိုတင်ဆောင်ရွက်ရန်၊
- ကျေးရွာသုံးစက်သုံးဆီ အရောင်းဆိုင်လုပ်ငန်းဆောင်ရွက်သူများသည် လွဲမှားသော နားလည်မှုဖြင့် သတ္တုတွင်းဦးစီးဌာန၏သိုလှောင်ခွင့်ရရှိသည်နှင့် တစ်ပြိုင်နက်မိမိလုပ်ငန်းလည်ပတ်နိုင်ရေး၊ ရောင်းချနိုင်ရေးအတွက်သာ ဆောင်ရွက်နေမှုများအား တွေ့ရှိရပါသည်။ လုပ်ငန်းလိုင်စင်အဆိုပြုလျှောက်ထားစဉ်တွင် ဌာနများအနေဖြင့် သက်တမ်းတစ်နှစ်ရှိ ကျေးရွာစက်သုံးဆီအရောင်းဆိုင် လိုင်စင်ခွင့်ပြုသည့်နေ့မှ စတင်၍သာ ရောင်းချခြင်းပြုနိုင်မည်ဖြစ်ကြောင်း ထိရောက်စွာ ကြိုတင်အသိပေးနိုင်ရန်၊
- လိုင်စင်သက်တမ်းတိုးမြှင့်ခြင်းဆောင်ရွက်ရာတွင် သက်တမ်းမကုန်ဆုံးမီ နှစ်လအတွင်း လျှောက်ထားနိုင်ရေး ကြိုတင်အသိပေးရန်၊

- လိုင်စင်ရရှိထားသူများအနေဖြင့် လိုင်စင်ရပြီးနှစ်လအတွင်း အခြေခံမီးသတ်သင်တန်း၊ စက်သုံးဆီကိုင်တွယ် ထိန်းသိမ်းခြင်းအခြေခံ သင်တန်းများတက်ရောက်စေရေး၊ မီးသတ်ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေရန်၊
- ကျေးရွာစက်သုံးဆီအရောင်ဆိုင်များအနေဖြင့် မီးလောင်/မီးလန့်မှု၊ ဆီတင်ယာဉ်မတော်တဆမှု၊ ဆီအရည်အသွေးနှင့်အချိန်အတွယ် မပြည့်မီမှုနှင့် တရားမဝင်ဝယ်ယူမှု၊ ပြန်လည်ဖြန့်ဖြူးရောင်းချမှုများဖြစ်ပေါ်ပါက ဥပဒေ/အမိန့်နှင့် ညွှန်ကြားချက်များနှင့် အညီ ထိရောက်စွာအရေးယူနိုင်ရန်၊ Filling Stations Master Plan များနှင့်အညီ ဆောင်ရွက်စေရေးတို့အတွက် စိစစ်ပြီးမှသာ ဖွင့်လှစ်ရောင်းချခွင့်ပြုနိုင်ရန်၊
- ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်များအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေး၊ မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုဖြစ်ထွန်းစေရေး၊ နိုင်ငံတော်အတွက် အခွန်အခများရရှိစေရေး၊ ကြပ်မတ်ပေးနိုင်ရန်၊
- အခွန်အခများပေးသွင်းခြင်းမပြုဘဲအခွန်ရှောင်၍ ဆောင်ရွက်နေသော လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းလိုင်စင်များ တရားဝင်ရယူ၍ အခွန်အခများပေးသွင်းပြီး ဆောင်ရွက်စေသည့် လုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရန်တို့ဖြစ်ပါသည်။

**တွေ့ရှိချက်**

မြစ်၊ သဲ၊ ကျောက်ထုတ်လုပ်သော လုပ်ငန်းများတွင် လုပ်ငန်းရှင်များသည် ဥပဒေအရ လိုက်နာရမည့်စည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန်လိုပါသည်။ လိုင်စင်ရရှိသော လုပ်ငန်းရှင်များသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုထားသော သတ်မှတ်လုပ်ကွက်များအတွင်း လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသော လုပ်ငန်းရှင်တချို့ကို တွေ့ရှိရပါသည်။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုထားသော လုပ်ကွက်နေရာများသည် မြစ်ရေကျသည့် နွေရာသီသဲသောင်မြေပြင်ဖြစ်နေသဖြင့် ကျောက်စရစ်ထုတ်လုပ်၍မရလျှင် ၎င်းကျောက်စရစ်အထွက်နည်းနေလျှင် ၎င်းခွင့်ပြုထားသောလုပ်ကွက်၏ ပြင်ပအခြားနေရာသို့ လုပ်ကိုင်ဆောင်ရွက်မှုတချို့ရှိနေကြောင်းကိုလည်း တွေ့ရှိရပါသည်။ ထိုအခါမြစ်ကမ်းပါးအနီး ပေ(၃၀၀)အတွင်း လုပ်ကိုင်သဖြင့် တောင်သူများ၏ ကိုင်းကျွန်းမြေများကမ်းပြိုမှုများရှိနိုင်သဖြင့် ဒေသခံပြည်သူများနှင့်လည်း အဆင်ပြေမှုများ တချို့ရှိကြောင်းတွေ့ရှိရပါသည်။

ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီသည် အစီရင်ခံသည့်ကာလအတွင်း အောက်ပါအတိုင်း တွေ့ရှိရပါသည်-

- မြစ်သဲကျောက်ထုတ်လုပ်သော လုပ်ငန်းများတွင် လုပ်ငန်းရှင်များသည် ဥပဒေအရ လိုက်နာရမည့် စည်းကမ်းများကိုလိုက်နာဆောင်ရွက်ကြရန်၊

- လိုင်စင်ရရှိသောလုပ်ငန်းရှင်များသည် ရေအရင်းအမြစ်နှင့်မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦး စီးဌာန၏ ခွင့်ပြုပေးထားသော သတ်မှတ်လုပ်ကွက်များအတွင်း လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိသော လုပ်ငန်းရှင်အချို့ကိုတွေ့ရှိရခြင်း၊
- ရေအရင်းမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုထားသော သတ်မှတ်လုပ်ကွက်များသည် မြစ်ရေကျသည့် နွေရာသီတွင် သဲသောင်ပြင်ဖြစ်နေသဖြင့် ကျောက်စရစ်ထုတ်လုပ်၍မရ၊ အထွက်နည်းနေလျှင် ၎င်းခွင့်ပြုထားသောလုပ်ကွက်၏ ပြင်ပအခြားနေရာများသို့ လုပ်ကိုင်ဆောင်ရွက်မှုတချို့ရှိနေခြင်း၊
- မြစ်ကမ်းပါးအနီးပေ(၃၀၀)အတွင်း လုပ်ကိုင်သဖြင့် တောင်သူများ၏ ကိုင်း/ကျွန်းမြေများ ကမ်းပြိုမှုများရှိနိုင်သဖြင့် ဒေသခံပြည်သူများနှင့်လည်း အဆင်မပြေမှုများတချို့ ရှိနေကြောင်း တွေ့ရှိရပါသည်။

## အကြံပြုချက်

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီသည် အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ SOP အရ လုပ်ကွက်အတွင်းမော်တော်အစီးရေ သတ်မှတ်ချက်နှင့် လုပ်ကွက်တစ်ကွက်ချင်းစီ၏ မြစ်သဲ ကျောက်ထုတ်လုပ်သည့် ကျင်းအရေအတွက်သတ်မှတ်ချက်များ နေ့စဉ်စောင့်ကြည့်ထိန်းညှိနိုင်ရန် ကျေးရွာအုပ်စု မြစ်သဲကျောက်ထုတ်လုပ်မှုကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးပြီး ကြပ်မတ် ဆောင်ရွက်ရန်လိုအပ်ပါသည်။ သို့မှသာအဂတိတရားများကင်းရှင်းမည်ဖြစ်ပါသည်။ မြစ်သဲကျောက်စရစ် လုပ်ငန်းများကို စည်းကမ်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ရေလမ်းကြောင်းပြောင်းလဲခြင်း၊ ကမ်းပြိုကမ်းစားမှုများပေါ်ပေါက်ခြင်းများစသော သဘာဝဘေးအန္တရာယ်များလည်း ကြုံတွေ့နိုင်ပါသည်။ ထို့ကြောင့် စည်းကမ်းပျက်လုပ်ငန်းရှင်များအား SOP အရ အရေးယူဆောင်ရွက်သည့်အခါ ပထမအကြိမ် တွင် ခာတ်သတ္တုအခွန်၏(၃)ဆ၊ ဒုတိယအကြိမ်တွင် ခာတ်သတ္တုအခွန်၏ (၅)ဆဟု ဒဏ်ကြေး ပေးဆောင်ရမည်ဟု သတ်မှတ်ထားသဖြင့် ဒဏ်ငွေရိုက်သည့်အခါ ကျောက်ကျင်းအရေအတွက်ကို လျှော့ထားပြီး ပထမအကြိမ်အခွန်ငွေ(၃)ဆဖြစ်၍ တစ်ကျင်းလျှင် (၇၅၀၀)၊ ဒုတိယအကြိမ် (၅)ဆဖြစ်၍ ကျောက်ကျင်းတစ်ကျင်း (၁၂၅၀၀)ဖြစ်ပြီးအပြင် ဒေသပေါက်ဈေးမှာ (၃၀၀၀၀) ဝန်းကျင်ဖြစ်နေ၍ ဒဏ်ငွေပေးဆောင်ရန် ဝန်မလေးတော့သဖြင့် စည်းကမ်းပျက်ရန်လွယ်ကူနေပါသည်။ ထို့ကြောင့် SOPတွင် ဒဏ်ကြေးပေးဆောင်ရမည့်နှုန်းအား ခာတ်သတ္တုခွန်နှုန်းအစား ဒေသပေါက်ဈေးနှုန်းဖြင့် ဒဏ်ကြေး ပေးဆောင်စေရန်လည်း ပြင်ဆင်သတ်မှတ်ပေးသင့်ပါသည်။ ထို့ကြောင့် ခာတ်သတ္တုခွန် ကောက်ခံရန် တာဝန်ရှိသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်၍ ခရိုင်၊ မြို့နယ်၊ ရပ်ကျေးအုပ်စု၊ ကြီးကြပ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းတာဝန်ပေးပြီး အဆင့်ဆင့်ကြီးကြပ် လမ်းညွှန်သွားရန် လိုအပ် ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း အုတ်ဖုတ်လုပ်ငန်း၊ ချောင်းသဲ၊ ကျောက်စရစ်၊ လိပ်သဲကျောက် (လမ်းခင်းကျောက်) ကျောက်စရစ်မြေ၊ ဂဝံမြေ၊ မြေနီထုတ်ယူအသုံးပြုရာတွင် မြစ်ချောင်းများ၌ ကမ်းပြို ကမ်းစားမှုမဖြစ်စေရေး၊ ရေစီးရေလာပိတ်ဆို့ဟန့်တားမှုမရှိစေရေး၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက် ဆိုးရွားမှုမရှိစေရေးတို့ကို သက်ဆိုင်ရာဌာနအလိုက် တာဝန်ယူစိစစ်ပေးရသော တာဝန်ရှိသူများမှ အလေး အနက်ထားပြီး စိစစ်ပြီးမှသာ လုပ်ကိုင်ခွင့်ပြုကြရန်၊ သစ်အလွန်အကျွံခုတ်ယူသုံးစွဲမှုကြောင့် တောများ ပြုန်းတီးကာ အစိုဓာတ်နှင့်ရေကိုမထိန်းသိမ်းနိုင်ခြင်း၊ တောင်ကျရေများအရှိန်အဟုန်ပြင်းစွာ စီးဆင်းခြင်း၊ သတ္တုတူးဖော်ခြင်းများကြောင့် မြေပြိုခြင်းဖြစ်ကာ ချောင်းကြမ်းပြင်များ မြင့်တက်လာပြီး ရေကြီးခြင်း၊ ကမ်းပါးပြိုခြင်း၊ လယ်ယာစိုက်ခင်းများအား သဲများဖုံးလွှမ်းခြင်း၊ သောင်ထွန်းခြင်း၊ ရေလမ်းကြောင်းများ မှုမမှန်ပြောင်းလဲခြင်းစသည့် ဘေးထွက်ဆိုးကျိုးများစွာ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် သဘာဝပတ်ဝန်းကျင် တစ်ခုလုံး ပျက်စီးမသွားစေရန် အထူးအရေးကြီးသည်ကို ဒေသနေပြည်သူများ၊ လုပ်ငန်းလုပ်ကိုင်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး လေးစားလိုက်နာ ထိန်းသိမ်းစောက်ရှောက်လာ နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းရှင်များကို နိုင်ငံတော်မှ စာတွေ့၊ လက်တွေ့ပညာပေးလုပ်ငန်းများကို တစိုက်မတ်မတ်ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာငွေ ခွဲဝေမှုများတွင် ထည့်သွင်းလျာထားခွဲဝေရန်၊ သစ်တောကြိုးဝိုင်း၊ မြေလွတ်၊ မြေရိုင်းများတွင် တရားမဝင် ဂဝံ၊ ကျောက်ရောမြေ၊ မြေနီ၊ လိပ်သဲကျောက် ထုတ်လုပ်နေခြင်းများကို စိစစ်အရေးယူရန်၊ အုတ် လုပ်ငန်းရှင်နှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းအရ ခွင့်ပြုထားသော မြေအမျိုးအစားဖြစ်သည့် (O.A) မြေ၊ ရေအောက်မြေ၊ အင်းကော၊ ချောင်းကောမြေများသည် အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်ရန် မြေပြင်တွင် အမှန်တကယ် လုံလောက်မှုမရှိသည့်အတွက် လုပ်ငန်းရှင်များ မြေနေရာအခက်အခဲများရှိနေပါ၍ စိုက်ပျိုးရေးလုပ်ငန်းကိုလည်း ထိခိုက်မှုမရှိစေသော နည်းလမ်းများဖြင့် ဥပဒေနှင့်အညီလုပ်ကိုင်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခွင့်ပြုပေးနိုင်သည့် ဧရိယာပမာဏအား လယ်ယာမြေ အခြားနည်းသုံးစွဲခွင့် ပြုရေး (သို့မဟုတ်) လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရန်၊ လိုင်စင်မရှိသော စက်သုံးဆီ အရောင်း ဆိုင်များ၊ အုတ်၊ သဲ၊ ကျောက်၊ မြေနီ၊ ဂဝံ ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ တရားမဝင်၊ အခွန်မဆောင်၊ လိုင်စင်မရှိ စည်းကမ်းမဲ့ ပြုလုပ်နေသော ငါးကန်များ၊ ကြက်ခြံ၊ ဘဲခြံများကို စိစစ်အရေးယူဆောင်ရွက် ရန် နိုင်ငံတော်မှ ထုတ်ပြန်ချမှတ်ထားသည့် ဥပဒေစည်းမျဉ်း/ စည်းကမ်း/ ကျင့်ဝတ်များကို လေးစား လိုက်နာသော နိုင်ငံ့သားကောင်းများဖြင့် တည်ဆောက်ထားသည့် အေးချမ်းသာယာပြီး ကောင်းမွန် ဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်ကြီး တစ်ခုအဖြစ်ဖြင့် လက်ဆင့်ကမ်း သယ်ဆောင်သွားနိုင်ရေး ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီမှ အကြံပြု တိုက်တွန်းတင်ပြအပ်ပါသည်။

**နိဂုံး**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီသည် မိမိတို့ နိုင်ငံတွင်နေရာဒေသအသီးသီး၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး

အသီးသီးတို့တွင် တွေ့ကြုံရင်ဆိုင်နေရသော မြေဆီလွှာများပျက်စီးခြင်း၊ သစ်တောများ ပြုန်းတီးခြင်း၊ မုန်တိုင်းဒဏ်ခံရခြင်း၊ မြေလျှောင်လှုပ်ခြင်း၊ မြစ်ချောင်းများကမ်းပါးပြိုခြင်း၊ မြေပြိုခြင်း၊ ရေကြီးခြင်း အစရှိသည့် သဘာဝဘေးအန္တရာယ်ဆိုးများကို နောင်အနာဂတ်နိုင်ငံသားများအတွက် မတွေ့ကြုံ၊ မခံစားစေရန်ရည်ရွယ်၍ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတတ်သော၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်တတ်သော၊ သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားတတ်သော လူ့အဖွဲ့အစည်းဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်မှ တိကျထိရောက်သော လုပ်ထုံး/ လုပ်နည်း/ စည်းမျဉ်း/ စည်းကမ်းများနှင့်အတူ ဘဏ္ဍာငွေခွဲဝေသုံးစွဲရာတွင်လည်း အရေးကြီးကဏ္ဍတစ်ခုအဖြစ် ထည့်သွင်းစဉ်းစားပြီး ဖြစ်ပေါ်လာမည့် အစိုးရအဆက်ဆက်က အလေးဂရုပြုဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကော်မတီ အစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကော်မတီ အစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကော်မတီမှ (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ (၁/၂၀၂၀)

**နိဒါန်း**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကော်မတီသည် ပဲခူးတိုင်းဒေသကြီး လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ နှစ်အလိုက် အသုံးပြုသော ငွေလုံးငွေရင်းအသုံးစရိတ်နှင့်ပြုလုပ်သော လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ၊ ကိုယ်ထူကိုယ်ထ လျှပ်စစ်ဓါတ်အားရယူသုံးစွဲမှုလုပ်ငန်းများ၊ NEP စီမံကိန်းနှင့်ပတ်သက်သော လုပ်ငန်းစဉ်များကို စောင့်ကြည့်ထိန်းကျောင်းခြင်း၊ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်စေရန်နှင့် လတ်တလော အကောင်အထည်ဖော်ရန် မသင့်သေးသောလမ်းများကို အတတ်နိုင်ဆုံးစိစစ်ရန်၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထူးအလေးထားဆောင်ရွက်ရန်နှင့် လုပ်ငန်းစဉ်များအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အတတ်နိုင်ဆုံး ကူညီပံ့ပိုးနိုင်ရန်၊ အရေးကြီးသော တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်အတွက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ရည်ရွယ်ချက်**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဆိုင်ရာကော်မတီသို့ ရောက်ရှိလာသည့် မီးလင်းရေးကော်မတီများနှင့် မီးသုံးစွဲသူပြည်သူများအကြား ဖြစ်ပေါ်နေသော ပြဿနာများနှင့်ပတ်သက်ပြီး အကောင်းဆုံးနည်းဖြင့် ညှိနှိုင်းဖြေရှင်းပေးနိုင်ရန်၊ NEP စီမံကိန်းနှင့်ပတ်သက်၍ လုပ်ငန်းစဉ်များကို ပြည်သူများသိရှိနိုင်ပါရန်နှင့် ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အထများရရှိစေရန်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းများကောင်းမွန်ပြီး ပြည်သူများ အန္တရာယ် ကင်းစွာ သွားလာနိုင်ရန်၊ အိုးအိမ်များဖွံ့ဖြိုးတိုးတက်ပြီး ဆက်သွယ်ရေးလိုင်းများ တိုးတက်ကောင်းမွန် စေရန်နှင့် ပုဂ္ဂလိကယာဉ်လိုင်းများ စနစ်တကျပြေးဆွဲနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ရန် ရည်ရွယ် ပါသည်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏ဆောင်ရွက်ချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကော်မတီသည် အစီရင်ခံသည့်ကာလအတွင်း ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- (၃၀.၁.၂၀၂၀) ရက်နေ့တွင် လမ်းဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့၏ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပိုငွေ စာရင်းများကိုစိစစ်ပြီး သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားရေးမှူးများကို (၆.၂.၂၀၂၀) ရက် နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ ခေါ်ယူတွေ့ဆုံဆွေးနွေးရန်အတွက် ဆုံးဖြတ် ခဲ့သည်။
- (၆.၂.၂၀၂၀) ရက်နေ့ နံနက် (၁၀း၀၀)နာရီအချိန်တွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နံနက် (၁၀း၃၀) နာရီအချိန်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ နံနက် (၁၁:၀၀) နာရီအချိန်တွင် လမ်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံ၍ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပိုငွေစာရင်းများနှင့်ပတ်သက်၍ သိရှိလိုသည်များအား မေးမြန်း ဆွေးနွေးခဲ့ရာ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။
- (၇.၂.၂၀၂၀) ရက်နေ့တွင် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပိုငွေစာရင်းများအား အပြီးသတ်စိစစ်ပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီသို့ ပေးပို့ ခဲ့သည်။
- (၄.၅.၂၀၂၀) ရက်နေ့တွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မူလအရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်၍စိစစ်ခဲ့သည်။
- (၅.၅.၂၀၂၀) ရက်နေ့တွင် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် လမ်းဦးစီးဌာနတို့၏ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် မူလအရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်၍ စိစစ်ပြီး လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ လမ်းဦးစီးဌာနနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး

ဦးစီးဌာနတို့၏ ညွှန်ကြားရေးမှူးများကို (၁၃.၅.၂၀၂၀) ရက်နေ့နှင့် (၁၄.၅.၂၀၂၀) ရက်နေ့များတွင် တွေ့ဆုံဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။

- (၇.၅.၂၀၂၀)ရက်နေ့နှင့် (၈.၅.၂၀၂၀)ရက်နေ့တွင် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး လုပ်ငန်း၊ လမ်းဦးစီးဌာနနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့၏ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် မူလအရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်ပတ်သက်၍ စိစစ်ခဲ့သည်။
- (၁၂.၅.၂၀၂၀) ရက်နေ့တွင် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ လမ်းဦးစီးဌာနနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့၏ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် မူလအရ အသုံး ခန့်မှန်းခြေငွေစာရင်းနှင့်ပတ်သက်သည့် မေးမြန်းဆွေးနွေးမည့်အချက်များကို စာရင်းအင်း လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူအကြံပေးနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေးခဲ့သည်။
- (၁၃.၅.၂၀၂၀)ရက်နေ့ နံနက်(၁၀း၀၀)နာရီအချိန်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့အား လည်းကောင်း၊ နံနက်(၁၀း၃၀)အချိန်တွင် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ တိုင်းအင်ဂျင်နီယာမှူးနှင့် အဖွဲ့အားလည်းကောင်း တွေ့ဆုံ၍ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် မူလအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်၍ သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့သည်။
- (၁၄.၅.၂၀၂၀) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် အဖွဲ့အား ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် မူလ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်၍ သိရှိလိုသည်များမေးမြန်းဆွေးနွေးခဲ့သည်။
- (၁၅.၅.၂၀၂၀) ရက်နေ့တွင် လမ်းဦးစီးဌာန၏ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် မူလ အရအသုံး ခန့်မှန်းခြေငွေစာရင်းများအားစိစစ်၍ လျှော့ချခြင်းများ ဆောင်ရွက်ခဲ့သည်။
- (၁၈.၅.၂၀၂၀) ရက်နေ့တွင် တိုင်းဒေသကြီး လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများ၏ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် မူလ အရအသုံး ခန့်မှန်းခြေငွေစာရင်းများအား စိစစ်လျှော့ချခြင်းများ ဆောင်ရွက်ခဲ့သည်။
- (၁၉.၅.၂၀၂၀) ရက်နေ့နှင့် (၂၀.၅.၂၀၂၀) ရက်နေ့တို့တွင် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေး လုပ်ငန်း၊ လမ်းဦးစီးဌာနနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့၏ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် မူလအရအသုံး ခန့်မှန်းခြေငွေစာရင်းအား အပြီးသတ်စိစစ်လျှော့ချခဲ့သည်။
- (၂၁.၅.၂၀၂၀)ရက်နေ့တွင် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ လမ်းဦးစီးဌာနနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနများ၏ စိစစ်လျှော့ချမှုစာရင်းများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီသို့ ပေးပို့ခဲ့သည်။
- (၂၉.၆.၂၀၂၀)ရက်နေ့နှင့် (၃၀.၆.၂၀၂၀) ရက်နေ့တို့တွင် ကျောက်တံခါးမြို့နယ်၊ ကညင်ကျိုး ကျေးရွာအုပ်စု၊ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီအဖွဲ့ဝင် ဦးနီကွေးပါ (၉)ဦး၏ တိုင်ကြားစာနှင့်ပတ်သက်၍ဆွေးနွေးပြီး (၆.၇.၂၀၂၀)ရက်နေ့တွင် ကျောက်တံခါး

မြို့နယ်၊ ရွှေကျင်မြို့နယ်၊ ကျောက်ကြီးမြို့နယ်များ၏ သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဆိုင်ရာ ကော်မတီ ရေးရာအစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။

- (၆.၇.၂၀၂၀) ရက်နေ့တွင် ကျောက်တံခါးမြို့နယ်၊ ကညင်ကျုံးကျေးရွာအုပ်စု၊ ကိုယ့်အား ကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီအဖွဲ့ဝင် ဦးနီကွေးပါ(၉)ဦး၏ တိုင်ကြားစာ နှင့်ပတ်သက်၍ ကျောက်တံခါးမြို့နယ်၊ရွှေကျင်မြို့နယ်နှင့် ကျောက်ကြီးမြို့နယ်များမှ သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သလို ဆက်လက်ကူညီ ဆောင်ရွက်သွားရန် လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံတင်ပြခဲ့ပါသည်။
- (၇.၇.၂၀၂၀) ရက်နေ့မှ (၉.၇.၂၀၂၀) ရက်နေ့အထိ ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းမည့် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးကော်မတီ၏ အစီရင်ခံစာအား ရေးသား ပြုစုခဲ့သည်။

**ကော်မတီ၏တွေ့ရှိချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ် ဆိုင်ရာကော်မတီသည် အစီရင်ခံသည့်ကာလအတွင်း လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ လမ်းဦးစီး ဌာနနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနများ၏ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် မူလအရအသုံးခန့်မှန်းခြေ ငွေစာရင်းများနှင့်ပတ်သက်၍ စိစစ်ခဲ့ရာတွင် လမ်းဦးစီးဌာနမှ တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ၏ လျာထားရန်ပုံငွေစာရင်းမှ လုပ်ငန်း(၇)ခုမှာ လက်ရှိအချိန် တွင် အရေးကြီးဆောင်ရွက်ရန်မလိုအပ်သေးကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စား လှယ်၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးချက်အရ သိရှိရပါသဖြင့် စိစစ်လျှော့ချ ခြင်းများ ပြုလုပ်ခဲ့သည်။

တိုင်းဒေသကြီး လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် မူလ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်ပတ်သက်၍ စိစစ်ရာတွင် လုပ်ငန်း(၃)ခုမှာ NEP (၃) မိုင် စာရင်းတွင် ပါဝင်နေခြင်း၊ နောက်လုပ်ငန်း (၂)ခုမှာ ပြီးစီးသောလုပ်ငန်းများ ပါရှိလာခြင်း၊ နောက်ထပ် လုပ်ငန်း (၁) ခုမှာလည်း ခေါင်းစဉ်(၂)ခုဖြင့် တင်ပြတောင်းခံလာခြင်းများ တွေ့ရှိရပါသဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးပြီး စိစစ်လျှော့ချ ခြင်းများ ပြုလုပ်ခဲ့သည်။

အစီရင်ခံသည်ကာလအတွင်း ကော်မတီသို့ရောက်ရှိလာသော တိုင်ကြားစာများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကျေးရွာမီးလင်းရေးကော်မတီ တော်တော်များများတွင် ကော်မတီစတင် ဖွဲ့စည်းစဉ်ကပင် အများသဘောကျ ဒီမိုကရေစီနည်းဖြင့် ရွေးချယ်တင်မြှောက်၍ ပေါ်ပေါက်လာခြင်းမျိုး မဟုတ်ခြင်း၊ မီးလင်းရေးလုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို သေသေချာချာ နားမလည်

ခြင်း၊ ပွင့်လင်းမြင်သာမှုအားနည်းခြင်း၊ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်တတ်သည့် အလေ့အကျင့် အားနည်းခြင်း၊ လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ရာတွင် ပြည်ထောင်စုက ထုတ်ပြန်ထားသော လိုက်နာရမည့် မီးလင်းရေးအချက် (၁၂) ချက်နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ကျေးရွာများမီးလင်းရေး ကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်ထားသောစည်းကမ်းချက် (၁၀) ချက်တို့ကို ကျေးရွာမီးလင်းရေး ဆောင်ရွက်နေကြသော ကော်မတီတော်တော်များများကပင် မသိရှိကြကြောင်းနှင့် ကျေးလက်လမ်းဦးစီး ဌာနပိုင် ကျေးလက်လမ်းများ၊ တံတားများတည်ဆောက်ပြုလုပ်ရန်များစွာ ကျန်ရှိနေသေးကြောင်း အစ ရှိသည်တို့ကို စိစစ်တွေ့ရှိခဲ့ရပါသည်။

**အကြံပြုချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကော်မတီမှ အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါသည်-

- စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကော်မတီသည် (၁၃.၁၁.၂၀၁၉) ရက်နေ့မှ (၂၀.၁၁.၂၀၁၉)ရက်နေ့အထိ ကွင်းဆင်းစိစစ်မှုအရ စီမံကိန်းတွင် တင်ပြထားသော လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းနှင့် မြေပြင်တွင် လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းမှာ များစွာကွဲလွဲလျက်ရှိကြောင်း၊ အချို့လုပ်ငန်းများမှာ လက်ရှိဘဏ္ဍာရေးနှစ်တွင် အရေးကြီးဆောင်ရွက်ရန် မလိုအပ်သေးသော လုပ်ငန်းများဖြစ်ကြောင်း တွေ့ရှိရသဖြင့် နှစ်အလိုက်ဘတ်ဂျက်များ စိစစ်ရာတွင် ကွင်းဆင်းဆောင်ရွက်ထားမှုမရှိပါက ဘတ်ဂျက်များစိစစ်ရာတွင် လွန်စွာခက်ခဲသောကြောင့် ကော်မတီများအနေဖြင့် အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် ဒေသများသို့ သက်ဆိုင်ရာကော်မတီအလိုက် ကွင်းဆင်း စိစစ်ရန်၊
- ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းပိုင်းအလိုက် တာဝန်ယူထားသော BOT ကုမ္ပဏီများအား လမ်း၏အရည်အသွေးနှင့် ယာဉ်ဖြတ်သန်းသွားလာခများအား စနစ်တကျနှင့် ပွင့်လင်းမြင်သာမှုရှိစေရန် သက်ဆိုင်ရာလမ်းဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်ပေးရန်၊
- ပဲခူးတိုင်းဒေသကြီးအတွင်း မြို့(၆)မြို့၌ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း လုပ်ဆောင်နေသော ရွှေစွမ်းအင်ကုမ္ပဏီနှင့် ချုပ်ဆိုထားသော စာချုပ်များအား ကော်မတီသို့ တင်ပြပေးရန်၊
- NEP စီမံကိန်းပါဝင်သောကျေးရွာများတွင် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ ခန့်ထားနိုင်ရေး၊ တင်ဒါအောင်ကုမ္ပဏီများအနေဖြင့် စာချုပ်ပါစည်းကမ်းအတိုင်း အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ရေးနှင့် ကျေးရွာများတွင် ဖြစ်ပေါ်နေသော မီးလင်းရေး ပြဿနာများအား နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် တိုင်းဒေသကြီးကျေးရွာ မီးလင်းရေးကြီးကြပ်မှု ကော်မတီအနေဖြင့် အမြန်ဆုံးကြီးကြပ် ဆောင်ရွက်ပေးရန်၊
- တိုင်းဒေသကြီး မီးလင်းရေးကြီးကြပ်မှုကော်မတီအနေဖြင့် တိုင်းဒေသကြီးအတွင်း အသီးသီးသော ကျေးရွာမီးလင်းရေးကော်မတီတို့နှင့် မီးသုံးစွဲသူများအကြား အဆင်ပြေ

စေရန်အတွက် ပြည်ထောင်စု လျှပ်စစ်မီးလင်းရေးမူ (၁၂) ချက်နှင့် ပဲခူးတိုင်းဒေသကြီး ကျေးရွာများမီးလင်းရေးကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်ထားသော မူ(၁၀)ချက်တို့ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်ရန်၊

- ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး ပိုမိုဖွံ့ဖြိုး တိုးတက်စေရန်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအတွက် ရန်ပုံငွေ ပိုမိုခွဲဝေ ချထားပေးရန်၊
- မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် မြို့နယ်များအလိုက် မြေနေရာရရှိမှုအပေါ် မူတည်၍ ဝန်ထမ်းအိမ်ရာများအား စိစစ်ခွင့်ပြုပေးရန်၊

**ကော်မတီ၏ရှေ့လုပ်ငန်းစဉ်**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဆိုင်ရာကော်မတီမှ အောက်ပါလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်-

- ပဲခူးတိုင်းဒေသကြီး ကျေးရွာများမီးလင်းရေး ကြီးကြပ်မှုကော်မတီအနေဖြင့် ပြည်ထောင်စု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုယ်ထူကိုယ်ထမီးလင်းရေး ကော်မတီများ လိုက်နာရမည့်စည်းကမ်းချက် (၁၂)ချက်နှင့် ပဲခူးတိုင်းဒေသကြီး ကျေးရွာများ မီးလင်းရေးကြီးကြပ်မှုကော်မတီက ထုတ်ပြန်ထားသော စည်းကမ်းချက်များ (၁၀)ချက် နှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိသော ကျေးရွာမီးလင်းရေးကော်မတီများအား လိုအပ် သလို ထိရောက်စွာအရေးယူခြင်း၊ အသစ်ပြန်လည်ဖွဲ့စည်းစေခြင်းတို့ကို အချိန်နှင့် တစ်ပြေးညီ မြန်ဆန်စွာဆောင်ရွက်ပေးနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဆိုင်ရာကော်မတီမှ ပူးပေါင်းဆောင်ရွက် သွားပါမည်။
- ပဲခူးတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးများ လျှင်မြန်၊ လွယ်ကူချောမွေ့ စေရန်အတွက် လိုအပ်သလို ကွင်းဆင်းစိစစ်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကော်မတီမှ ပူးပေါင်းဆောင်ရွက်သွားပါမည်။
- ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် လိုအပ်နေသော ဝန်ထမ်းအိမ်ရာများ မြေနေရာရရှိနိုင်ရေးအတွက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက် သွားပါမည်။
- ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆက်သွယ်ရေးလိုင်းများ တိုးတက်ကောင်းမွန်စေရေးနှင့် တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကယာဉ်လိုင်းများ စနစ်တကျပြေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။

**နိဂုံး**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးအတွင်းလိုအပ်နေသော လမ်း၊တံတားများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ လျှပ်စစ်ဓါတ်အားတည်ဆောက်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝန်ထမ်းအိမ်ရာများ ထပ်မံတိုးချဲ့ဆောက်လုပ်နိုင်ရေး၊ ဆက်သွယ်ရေးလိုင်းများ ပိုမိုကောင်းမွန်လာစေရေး၊ တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကယာဉ်လိုင်းများ စနစ်တကျပြေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်ညှိနှိုင်း၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ အစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီမှ (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ(၁/၂၀၂၀)

**နိဒါန်း**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီမှ မိမိတို့ ပဲခူးတိုင်းဒေသကြီးအတွင်း တွေ့ကြုံဖြတ်သန်းခဲ့ရသော ရေးရာကော်မတီဆိုင်ရာ ကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်မှုများ၊ ပြည်သူတို့ရွေးချယ်တင်မြှောက်သော ပြည်သူ့အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲတိုးတက် နိုင်ရန်အတွက် ထပ်မံဆောင်ရွက်ရန် ကျန်ရှိနေသောလုပ်ငန်းများနှင့် ဆောင်ရွက်သင့်သောကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် အစီရင်ခံစာပြုစုတင်ပြရခြင်းဖြစ်ပါသည်။

**ရည်ရွယ်ချက်**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကိစ္စရပ်များကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံဆောင်ရွက်ထားမှုများနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၏ လမ်းညွှန်မှုတို့ ပေါင်းစပ်၍ သက်ဆိုင်ရာကဏ္ဍအသီးသီးရှိ ဥပဒေ၊

လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တို့နှင့်အညီ ပြည်သူလူထုအား နည်းမှန်လမ်းမှန်ဖြင့် အခွင့်အရေးများ၊ အကျိုးခံစားခွင့်များ ရရှိနိုင်စေရန် ရည်ရွယ်ပါသည်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏ဆောင်ရွက်ချက်များ**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီသည် အစီရင်ခံသည့်ကာလအတွင်း အစည်းအဝေးကျင်းပခြင်းနှင့် ကွင်းဆင်းဆောင်ရွက်ခြင်း များကို အောက်ပါအတိုင်း အပိုင်း(၂)ပိုင်းခွဲ၍ တင်ပြမည်ဖြစ်ပါသည်−

- **အစည်းအဝေးကျင်းပခြင်း**
  - ကော်မတီသည် (၂၅.၁၁.၂၀၁၉)ရက်နေ့မှ (၂၇.၁၁.၂၀၁၉)ရက်နေ့အထိ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီခန်းမတွင် အောက်ပါအချက်များကို ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးများ ဆောင်ရွက်ခဲ့ပါသည်−
    - အုတ်ဖိုမြို့နယ် အခြေခံပညာဦးစီးဌာန မြို့နယ်ပညာရေးမှူးရုံး၏ ရာထူးတိုး၊ ရာထူးပြောင်းကိစ္စများအား မူဝါဒနှင့်အညီ ဆောင်ရွက်ခြင်း မရှိသည့်အတွက် ပြန်လည်စိစစ်ပေးရန် (၃၁.၁၀.၂၀၁၉) ရက်စွဲပါ ဦးအောင်ဖြိုးကျော်နှင့် ဦးသိန်းတန်ရီ၏ တိုင်ကြားစာနှင့် ပတ်သက်၍ လည်းကောင်း၊
    - Bellmart အထည်ချုပ်စက်ရုံရှိ အလုပ်သမားများကို ခွဲခြားဆက်ဆံ၍ အချိန်ပိုခိုင်းစေနေသည့်ကိစ္စအား ဖြေရှင်းဆောင်ရွက်ပေးပါရန် (၁၄. ၁၁.၂၀၁၉) ရက်စွဲပါ တိုင်ကြားစာနှင့်ပတ်သက်၍ လည်းကောင်း၊
    - ပြည်မြို့နယ်၊ မြရွာ နဝဒေးသကြားစက်မှ ဦးမင်းကျော်ဦး၏ (၁.၁၁.၂၀၁၉) ရက်စွဲပါ နစ်နာခဲ့သော အချိန်ပို လုပ်ခလစာများအား တရားဥပဒေနှင့်အညီ ပြန်လည်ရရှိရေး ကူညီဆောင်ရွက်ပေးနိုင်ရန် တိုင်ကြားစာနှင့်ပတ်သက်၍လည်းကောင်း၊
    - သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ် လှိုင်မြတ်နွယ် ဇာထိုး၊ ပန်းထိုး စက်ရုံအလုပ်သမားများနှင့် တွေ့ဆုံဆွေးနွေးရန်အတွက် လည်းကောင်း ဆွေးနွေးခဲ့သည်။
  - (၁၆.၁၂.၂၀၁၉) ရက်နေ့တွင် မိုးညိုမြို့နယ် ကျေးလက်ကျန်းမာရေးဌာန ဆင်မနိုင် တိုက်နယ် ကျေးလက်ကျန်းမာရေး စံကိုက်အဆောက်အဦများအား အဆင့်မီတိုးချဲ့ ဆောက်လုပ်မှု သဘောထားမှတ်ချက်တင်ပြရန် ကော်မတီမှ ဆွေးနွေးခဲ့ပါသည်။
  - (၁၁.၁၂.၂၀၁၉)ရက်စွဲပါ ပဲခူးမြို့၊ မဲခုန်ကျေးရွာ မြို့ရှောင်လမ်းဘေး ၆၂၀(ခ) ကွင်းသစ်ကွင်း အမှတ်(၃၄)တွင် တည်ရှိသော Sunforce International Co.,ltd မှ အလုပ်သမား ကိုရန်အောင်ပါ (၂၄)ဦး၏ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူ

စာချုပ် ပုဒ်မ(၁၇) ပုဒ်မခွဲ(က)၊ (၁) (၃)နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမား ရေးရာအဖွဲ့နှင့် နိုင်ငံတကာအလုပ်သမားစံနှုန်းများ ပြဋ္ဌာန်းချက် (၂၉)နှင့် (၁၁၁) တို့ကို ဖောက်ဖျက်ကျူးလွန်နေခြင်းအား တိုင်ကြားစာနှင့် ပတ်သက်၍ တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

- (၃၀.၁၂.၂၀၁၉) ရက်နေ့တွင် ပြည်ခရိုင်၊ ပြည်မြို့နယ် Vivo Smart Phone ရုံးခွဲ၊ (ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်း)မှ အလုပ်သမားများ၏ တိုင်ကြားစာနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။
- (၃၁.၁.၂၀၂၀)ရက်နေ့တွင် ကော်မတီနှင့် သက်ဆိုင်သည့် ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၏ (၂၀၁၉/၂၀၂၀)ဘဏ္ဍာနှစ် ဖြည့်စွက် ရန်ပုံငွေတောင်းခံခြင်းအား စိစစ်ဆွေးနွေးခဲ့ပါသည်။
- (၆.၂.၂၀၂၀)ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် အားကစားနှင့် ကာယပညာဦးစီး ဌာန ဖြည့်စွက်ရန်ပုံငွေအား ဆက်လက်စိစစ်ဆွေးနွေးခြင်းနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပါသည်။
- (၄.၃.၂၀၂၀)ရက်နေ့တွင် ဆင်မနိုင်ဇုန်နယ်ပိုင် ကျေးလက်ကျန်းမာရေးဌာနနှင့် ပက်သက်၍ ကန့်ကွက်ကြောင်း တင်ပြလာခြင်းကိစ္စနှင့် ပတ်သက်၍လည်း ကောင်း၊ အုတ်ဖိုမြို့နယ် လက်ထောက်မြို့နယ်ပညာရေးမှူး၏ အာဏာ အလွဲသုံး မောက်မာ၊ ဆဲဆိုမှုနှင့်ပတ်သက်၍ ဦးအောင်ကျော်မျိုး၏ (၁၃.၂.၂၀၂၀) ရက်စွဲပါ ထိရောက်စွာ အရေးယူပေးပါရန် တိုင်ကြားစာနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပါသည်။
- (၁၂.၅.၂၀၂၀)ရက်နေ့နှင့် (၁၃.၅.၂၀၂၀)ရက်နေ့တို့တွင် မိုးညိုမြို့နယ်၊ ဆင်မနိုင်ဇုံ နယ်ပိုင် ကျေးလက်ကျန်းမာရေးဌာနပိုင်မဟုတ်သော အခြားမြေနေရာသို့ ပြောင်းရွှေ့ ဖွင့်လှစ်ရန် စီမံနေခြင်းကို လုံးဝသဘောမတူ ကန့်ကွက်ပါကြောင်း တင်ပြ လာခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲအား သုံးသပ်ဆွေးနွေးခဲ့ပါသည်။
- (၂၉.၆.၂၀၂၀)ရက်နေ့တွင် ကော်မတီသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီရုံးခန်း၌ Myo Yadanar Khaing Co.,Ltdမှ အလုပ်သမားများ၏ တိုင်ကြားစာနှင့် ပတ်သက်၍လည်းကောင်း၊ (၃၀.၆.၂၀၂၀)ရက်နေ့တွင် မိုးညိုမြို့နယ်၊ ဆင်မနိုင်တိုက်နယ် ကျေးလက်ကျန်းမာရေးဌာန၏ စံကိုက် အဆောက်အဦများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံကိန်းအား ပြန်လည်ရုပ်သိမ်းခြင်း မပြုပါရန် အကြံပြုတင်ပြ စာနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ပါသည်။
- (၂.၇.၂၀၂၀)ရက်နေ့တွင် ကော်မတီသည် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီနှင့် ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာစာပေသင်ကြားရေးကိစ္စနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး

ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးတို့နှင့်တွေ့ဆုံဆွေးနွေးပွဲ ဆောင်ရွက်ခဲ့ပါသည်။

- **ကွင်းဆင်းဆောင်ရွက်ခြင်း**
  - ကော်မတီသည် (၅.၁၂.၂၀၁၉)ရက်နေ့ နံနက်(၀၉:၀၀)နာရီတွင် သာယာဝတီရိုင်၊ သာယာဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်း၌ အလုပ်သမားရေးရာ အကြံပေး ဦးရဲနိုင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး၊ လူမှုဖူလုံရေးအဖွဲ့ တိုင်းတာဝန်ခံတို့နှင့် ပူးပေါင်း၍ မြို့နယ်အဆင့် အလုပ်သမား (၄)ဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။
  - (၅.၁၂.၂၀၁၉)ရက်နေ့ နေ့လယ် (၁၂:၀၀)နာရီတွင် ကြို့ပင်ကောက်မြို့ရှိ လှိုင်မြတ်နွယ် ဇာထိုး၊ ပန်းထိုးစက်ရုံရှိ အလုပ်သမား (၁၄၄)ဦးနှင့် တွေ့ဆုံ၍ အလုပ်သမားများ၏ ရပိုင်ခွင့်၊ အခွင့်အရေးများနှင့် အလုပ်သမားဥပဒေများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။
  - (၆.၁၂.၂၀၁၉)ရက်နေ့တွင် ပြည်မြို့နယ်၊မြရွာရှိ နဝဒေးသကြားစက်အလုပ်သမား များ၊ ကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလုပ်သမားနှင့် သက်ဆိုင်သော တိုင်း အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ခရိုင်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီဝင် များနှင့် အကြံပေးအဖွဲ့တို့ လေးပွင့်ဆိုင် ဆွေးနွေးပွဲ ဆောင်ရွက်ခဲ့ပါသည်။

**အစီရင်ခံသည့်ကာလအတွင်းကော်မတီ၏တွေ့ရှိချက်များ**

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီ၏ တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
  - ကော်မတီသည် ကြို့ပင်ကောက်မြို့နယ် လှိုင်မြတ်နွယ် ဇာထိုး၊ ပန်းထိုးစက်ရုံတွင် ဆိုင်းဘုတ်မရှိခြင်း၊ EC စာချုပ် ချုပ်ဆိုထား၍ WCC ညှိနှိုင်းကာကွယ်ရေးအဖွဲ့ ဖွဲ့စည်း ထားရှိခြင်း၊ လုပ်သားဦးရေနှင့် ကိုက်ညီသော အိမ်သာအရေအတွက် မရှိခြင်းနှင့် ၎င်း လိုအပ်ချက် (၂)ခုလုံးကို ၃လအတွင်း ဆောက်လုပ်ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း တွေ့ရှိခဲ့ပါသည်။
  - ပြည်မြို့နယ် မြရွာရှိ နဝဒေးသကြားစက်သည် (၂၄)နာရီ စဉ်ဆက်မပြတ်လည်ပတ်သော လုပ်ငန်းအမျိုးအစားတွင် ပါဝင်သဖြင့် အလုပ်သမားတို့၏ စိတ်ပျော်ရွှင်မှုရှိရန် လိုအပ်ခြင်း

Dutyနှင့် Functionကို ခွဲခြားသတ်မှတ်ပေးရန် လိုအပ်ခြင်း၊ ပိုင်ရှင်နှင့် အလုပ်သမားတို့ တိုက်ရိုက်ဖြေရှင်းမှုထက် WCC ကြားခံ၍ ဖြေရှင်းသင့်ကြောင်း တွေ့ရှိရပါသည်။

- အုတ်ဖိုမြို့နယ် ရာထူးတိုး၊ ရာထူးပြောင်းကိစ္စ တိုင်ကြားစာနှင့်ပတ်သက်၍ သက်ဆိုင်သူ ဆရာမအား တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ပြစ်ဒဏ်(၂)ခု ထွက်ဆိုထားခြင်းကိစ္စအား ပြစ်ဒဏ်(၁)ခုသာ ပေး၍ ဆောင်ရွက်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။
- (၂၃.၁၂.၂၀၁၉)ရက်နေ့တွင် ကော်မတီသည် Sunforce International Co.,Ltdမှ အလုပ်သမား မောင်ရန်အောင်ပါ (၂၃)ဦး၏ လက်မှတ်ထိုးတိုင်ကြားစာနှင့်ပတ်သက်၍ တိုင်ကြားခံရသူ အလုပ်ရှင်၊ အလုပ်သမားတို့အား ဖိတ်ကြား၍ ညှိနှိုင်းဆွေးနွေးပွဲ ဆောင်ရွက်ခဲ့ရာ အလုပ်ရှင်ဘက်တွင် စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု အားနည်းကြောင်းတွေ့ရှိရသည်။ HR မန်နေဂျာ ခန့်ထားမှုမရှိကြောင်း တွေ့ရှိရသည်။ နိုင်ငံခြားသားမှ တိုက်ရိုက်စီမံခန့်ခွဲမှုကြောင့် ပြဿနာပေါ်ပေါက်ကြောင်း တွေ့ရှိရပါသည်။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီမှ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၏ ပညာရေးနှင့်ပတ်သက်သော အချက်အလက်များပေးပို့ရန် တောင်းခံလျှင် တိုင်းဒေသကြီးပညာရေးဌာနသည် ပဲခူးတိုင်းဒေသကြီး၏ အရှေ့ခြမ်းတွင်ရှိသော တောင်ငူခရိုင်နှင့် ပဲခူးခရိုင်(၂)ခုအတွင်းရှိ မြို့နယ်များ၏အချက်အလက်များသာ ပေးပို့နိုင်ပြီး ပဲခူးတိုင်းဒေသကြီး၏ အနောက်ဘက်ခြမ်းရှိ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များ၏အချက်အလက်များ တစ်ပေါင်းတည်း ပေးပို့နိုင်ခြင်းမရှိပါ။ (၄)ခရိုင်အတွင်းရှိ ပညာရေးဆိုင်ရာ အချက်အလက်များ အပြည့်အစုံမပါရှိ၍ ထပ်မံတောင်းခံမှသာ ပြည်ခရိုင်၊ သာယာဝတီခရိုင်တို့၏ အချက်အလက်များကို ရရှိပါသည်။ ထို့ကဲ့သို့ တောင်းခံရခြင်းမျိုးကို အကြိမ်ကြိမ် ပြုလုပ်ရပါသည်။ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်(၂)ခုကို လက်ထောက်တိုင်းခွဲအဖြစ် ပညာရေးဌာနမှ ကျင့်သုံးနေလျှင်လည်း နောက်နောင်တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ပညာရေးဆိုင်ရာ အချက်အလက်များကို ပေးပို့ရန်တောင်းဆိုလျှင် ပဲခူးတိုင်းဒေသကြီး ပညာရေးဌာနက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်(၄)ခုစလုံး၏ အချက်အလက်များကို စီစဉ်ပေးပို့သင့်ပါကြောင်း တွေ့ရှိရပါသည်။

**အစီရင်ခံသည့်ကာလအတွင်းကော်မတီ၏အကြံပြုချက်များ**

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီ၏ အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ကော်မတီသည် ကြို့ပင်ကောက်မြို့နယ်၊ လှိုင်မြတ်နွယ် ဇာထိုး၊ ပန်းထိုးစက်ရုံတွင် ဆိုင်းဘုတ်မရှိ၊ ECစာချုပ် ချုပ်ဆိုထားရှိ၍ WCC ညှိနှိုင်းကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းထားကြောင်း၊ လုပ်သားဦးရေနှင့် ကိုက်ညီသော အိမ်သာအရေအတွက်မရှိ၍ လိုအပ်ချက်

(၂)ခုလုံးကို ၃လအတွင်း ဆောက်လုပ်ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း အကြံပြုအပ်ပါသည်။

- ပြည်မြို့နယ် မြရွာရှိ နဝဒေးသကြားစက်သည် ညစောင့်အလုပ်သမားများအား ၂၀၁၉ ဒီဇင်ဘာလ (၁)ရက်နေ့မှစ၍ အလုပ်ချိန် (၈)နာရီထက်ကျော်ပါက အချိန်ပိုကြေးပေးရန် ညှိနှိုင်းဆောင်ရွက်သွားရန် အကြံပြုခဲ့ပါသည်။
- အုတ်ဖိုမြို့နယ် ရာထူးတိုး၊ ရာထူးပြောင်းကိစ္စများတွင် ဆရာ၊ ဆရာမများ လစ်လပ်သော နေရာအား တိတိကျကျ တန်းစီဇယား Updateများကို သက်ဆိုင်ရာ ပညာရေးမှူးရုံးများတွင် ပွင့်လင်းမြင်သာစွာ ချိတ်ဆွဲထားရန် ကော်မတီအနေဖြင့် အကြံပြုအပ်ပါသည်။
- (၂၃.၁၂.၂၀၁၉)ရက်နေ့တွင် ကော်မတီသည် Sunforce International Co.,Ltdမှ အလုပ်သမား မောင်ရန်အောင်ပါ (၂၃)ဦး၏ လက်မှတ်ထိုးတိုင်ကြားစာနှင့်ပတ်သက်၍ တိုင်ကြားခံရသူ အလုပ်ရှင်၊ အလုပ်သမားတို့အား ဖိတ်ကြား၍ ညှိနှိုင်းဆွေးနွေးပွဲ ဆောင်ရွက်ခဲ့ရာတွင် EC စာချုပ်ပါစည်းကမ်းများအတိုင်း အတိအကျလိုက်နာဆောင်ရွက်ရန်နှင့် HRမန်နေဂျာကို အမြန်ဆုံးခန့်ထားရန် လိုအပ်ကြောင်း အကြံပြု အပ်ပါသည်။
- ပဲခူးတိုင်းဒေသကြီး တိုင်းဒေသကြီး ပညာရေးဦးစီးဌာနသည် တိုင်းဒေသကြီးတစ်ခုလုံးအတွက် ပညာရေးဦးစီးဌာနများ၏ မြို့နယ်(၂၈)မြို့နယ်များမှ အချက်အလက်နှင့် စီမံခန့်ခွဲမှုများကို ထိန်းချုပ်စီမံဆောင်ရွက်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။
- ကော်မတီသည် ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၏ (၂၀၁၉/၂၀၂၀) ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေ တောင်းခံခြင်းအား စိစစ်ရာတွင် အောက်ပါ အတိုင်း အကြံပြုအပ်ပါသည်-
    - ၂၀၂၀/၂၀၂၁ ဘက်ဂျက်နှစ်အတွင်း မြို့နယ်တိုင်းတွင် ကျင်းပရန် အားကစားနည်း (၁၃)မျိုးဖြင့် ကုန်ကျစရိတ် တစ်မြို့လျှင် သိန်း(၁၀၀)စီ တောင်းခံထားပါသည်။ မြို့နယ်တိုင်းတွင် အားကစားနည်း(၁၃)မျိုးစလုံး ကျင်းပနိုင်ရန် အဆင်မပြေနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ၂၀၁၉/၂၀၂၀ ဘက်ဂျက်နှစ်များတွင် အားကစားနည်းများ ကျင်းပရန် တင်ပြတောင်းခံထားသော်လည်း မြို့နယ်တိုင်းတွင် တင်ပြတောင်းခံထားသော အားကစားနည်းမျိုးစုံအောင် ကျင်းပနိုင်ခြင်းမရှိကြောင်း သိရှိရပါသည်။ (ဥပမာ- Fitness Dance၊ ရိုးရာ လက်ဝှေ့ ပြိုင်ပွဲများ)
    - တင်ပြတောင်းခံထားသော ဘတ်ဂျက်ငွေများကို ဘတ်ဂျက်စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ သုံးစွဲရန်နှင့် တင်ပြတောင်းခံထားသော ပြိုင်ပွဲများ မကျင်းပ မပြုလုပ်နိုင်ပါက ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ဆက်လက် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

**ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များ**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များတွင် မိမိတို့ကော်မတီသည် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံရသော ရေးရာကော်မတီဖြစ်သဖြင့် ကွင်းဆင်းဆောင်ရွက်မှသာ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာများကို သိရှိနိုင်မည်ဖြစ်၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှ ကွင်းဆင်းအစီအစဉ်များ၊ ကြားနာပွဲတစ်စိတ်တစ်ပိုင်းဖြစ်သော တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းများကို ချမှတ်ဆောင်ရွက်ပေးနိုင်ပါရန် ရှေ့လုပ်ငန်းစဉ်များကို တင်ပြအပ်ပါသည်။

**နိဂုံး**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကိစ္စရပ်များကို ပဲခူးတိုင်းဒေသကြီး အုပ်ချုပ်ရေးကဏ္ဍ ဦးဆောင်သူ အစိုးရအဖွဲ့၏ စီမံဆောင်ရွက်ထားမှုများနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၏ လမ်းညွှန်မှု များကို ပေါင်းစပ်၍ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကိစ္စရပ်များ ပြည့်ပြည့်ဝဝ အကျိုးခံစားခွင့်ရရှိစေရန် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို (၁၁:၂၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ (၂၄)ရက် (သောကြာနေ့) နံနက် (၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီ ခင်ဗျား။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
**(၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**
**စတုတ္ထနေ့ မှတ်တမ်း**
**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်**
**[ ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၂၄ ရက် ]**
**(သောကြာနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၈၈.၁၆ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)နှင့် ၃၅(ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(စတုတ္ထနေ့) အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီးဌာန]၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံ၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲဝင်းထွန်းနှင့် ဗိုလ်မှူးအောင်ကျော်မိုးတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် (၂၄.၇.၂၀၂၀)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်

ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၉)ဦးကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ တက်ရောက်ခွင့် ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၉ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုလွှတ်တော်ကိုယ်စားလှယ် (၃)ဦးက မေးမြန်းသည့် မေးခွန်း(၅)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)များအား အမည်ပေါက် နံမည်ပြောင်းလုပ်ရာတွင် လွယ်ကူချောမွေ့စေရန်နှင့် နိုင်ငံတော်သို့ပေးသွင်းရမည့်အခွန်ငွေ မည်မျှကျသင့်သည်ကို ရှင်းလင်းစွာကြေညာပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ **"လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)များအား အမည်ပေါက် နံမည်ပြောင်းလုပ်ရာတွင် လွယ်ကူချောမွေ့စေရန်နှင့် နိုင်ငံတော်သို့ ပေးသွင်းရမည့်အခွန်ငွေ မည်မျှကျသင့်သည်ကို ရှင်းလင်းစွာကြေညာပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)လွှဲပြောင်းခြင်းနှင့် အမည်ပေါက်ပြောင်းခြင်းတို့အတွက် အခွန်ငွေပေးသွင်းမှုအပေါ်တွင် တောင်သူများ အခက်အခဲတွေ့နေရပါသည်။ အချို့တောင်သူများသည် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ဝယ်ယူရန်လည်းကောင်း၊ ပေးကမ်းခြင်းကြောင့်လည်းကောင်း၊ လွှဲပြောင်းပေးခြင်းနှင့် အမွေဆက်ခံပိုင်ခွင့် အရလည်းကောင်း လက်ရောက်ပိုင်ဆိုင်လုပ်ကိုင်နေကြသော်လည်း မိမိတို့အမည်ဖြင့် အမည်ပေါက်မရှိသေးသူများ ရှိကြပါသည်။

ယခုအခါလယ်ယာမြေလုပ်ပိုင်ခွင့်လွှဲပြောင်းခြင်းဆိုင်ရာ စာချုပ်စာတမ်းများအပေါ် အခွန်ပေးဆောင်မှုနှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းပြီး ညွှန်ကြားချက်များထွက်လာသည့်အတွက် တောင်သူများသည် ပုံစံ(၇)အား မိမိအမည်ပေါက်ပြုလုပ်ရန် ဆောင်ရွက်လာကြပါသည်။ ထို့အပြင် နောက်ပိုင်းကာလတွင် စိုက်ဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးရာတွင် ပိုင်ရှင်အမှန်အမည်ပေါက်ပုံစံ(၇) လက်ဝယ်ရှိသူများကိုသာ ထုတ်ချေးတော့မည်ဟု ကြားသိရသဖြင့် မဖြစ်မနေဆောင်ရွက်ရန်လည်း လိုအပ်လာပါသည်။

သို့သော် ထိုသို့ဆောင်ရွက်ရာတွင် လွှဲပြောင်းခြင်းဆိုင်ရာ စာချုပ်စာတမ်းအပေါ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနက သတ်မှတ်သောတံဆိပ်ခေါင်းခွန်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနက သတ်မှတ်သော တံဆိပ်ခေါင်းခွန်စသည်ဖြင့် ရှုပ်ထွေးနေစေပါသည်။ ရောင်းဝယ်ခြင်း၊ လွှဲပြောင်းခြင်းနှင့် အမွေဆက်ခံခြင်းတို့အတွက်လည်း မရှင်းမလင်းဖြစ်နေပါသည်။ ထို့အပြင် ဆောင်ရွက်ရသည့်အဆင့်များအတွက်လည်း ကြန့်ကြာခြင်းများကြောင့် တောင်သူများမှာ စိတ်ပျက်ပြီး မလုပ်ကြတော့သူများလည်းရှိပါသည်။ ထိုအခါ ကာယကံရှင်တောင်သူများအတွက် နစ်နာသလို နိုင်ငံတော်အတွက်လည်း အခွန်ငွေများနစ်နာရပါသည်။

သို့ဖြစ်ပါ၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)များ လွှဲပြောင်းခြင်းဆိုင်ရာ အမည်ပေါက် ပြောင်းလဲပြုလုပ်ခြင်းများအား လွယ်ကူချောမွေ့စေရန် စီစဉ်ဆောင်ရွက်ပေးရန်နှင့် လွှဲပြောင်းခြင်းဆိုင်ရာ အမျိုးအစားအလိုက် ပေးဆောင်ရမည့် ကျသင့်အခွန်ငွေများအား မြို့နယ်ထွေအုပ်ရုံး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး၊ မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာနရုံးများတွင် ရှင်းလင်းစွာကြေညာပေးထားရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"နတ်တလင်းမြို့နယ်၊ ပန်းတင်ကြီးဆည်ရေသောက်စနစ်တွင် JICA ရန်ပုံငွေအရ Protection (အပေါ်အောက် ကျောက်ကြီးစီခြင်း)များကို ချန်ခဲ့ရသောကြောင့် ရေတံခါးများကို မပျက်စီးစေရန် အနည်းငယ်သာလိုအပ်သော စီမံကိန်း(Protection)အပိုင်းအား ပြုလုပ်ပေးရန်အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ **"နတ်တလင်းမြို့နယ်၊ ပန်းတင်ကြီးဆည်ရေသောက်စနစ်တွင် JICA ရန်ပုံငွေအရ Protection (အပေါ်အောက်ကျောက်ကြီး စီခြင်း)များကို ချန်ခဲ့ရသောကြောင့် ရေတံခါးများကို မပျက်စီးစေရန် အနည်းငယ်သာလိုအပ်သော စီမံကိန်း(Protection)အပိုင်းအား ပြုလုပ်ပေးရန်အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ် ပန်းတင်ကြီးဆည်ရေသောက်စနစ်တွင် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ဂျပန်(JICA) စီမံကိန်းဖြင့် ရေတံခါးများ တည်ဆောက်ခဲ့ပါသည်။ ဒေသခံတောင်သူများလည်း အလွန်အကျိုးရှိသော စီမံကိန်းဖြစ်ပါသည်။ သို့သော် (JICA)ရန်ပုံငွေအရ Protection (အပေါ်အောက်ကျောက်ကြီးစီခြင်း)များကို ချန်ခဲ့ရပါသည်။ သို့ပါသောကြောင့် နောက်နှစ်တွင် ကာကွယ်ရေးအပိုင်းမလုပ်ပါက ဆောက်လုပ်ထားသော ရေတံခါးများ ပျက်စီးသွားနိုင်ပါသည်။ သို့ပါသောကြောင့် ယခင်လုပ်ခဲ့သော အောင်မြင်နေသည့် ရေတံခါး များကို မပျက်စီးစေရန်နှင့် ဒေသခံတောင်သူများ ဆက်လက်အောင်မြင်မှုရစေရန် အနည်းငယ်သာ လိုအပ်သော စီမံကိန်း(Proteciton)အပိုင်းအားပြုလုပ်နိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)များ အား အမည်ပေါက် နံမည်ပြောင်းလုပ်ရာတွင် လွယ်ကူချောမွေ့စေရန်နှင့် နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်ငွေ မည်မျှကျသင့်သည်ကို ရှင်းလင်းစွာကြေညာပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ၂၀၁၂ခုနှစ်၊လယ်ယာမြေဥပဒေပုဒ်မ(၉)ပါ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်ခွင့်ပြုပါရန် လိုအပ်သည့် အပြင် ဥပဒေပုဒ်မ-၁၈အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် လယ်ယာမြေတန်ဖိုးကို ဒေသန္တရ အခြေအနေအရ ဆီလျော်သောနှုန်းထားဖြစ်စေရေးအတွက် လယ်ယာမြေတန်ဖိုးကို ဒေသန္တရအခြေအနေ

အရ ဆီလျော်သောနှုန်းထားနှင့်အညီ သတ်မှတ်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အား ခန့်အပ်တာဝန် ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေတန်ဖိုးကို ဒေသန္တရအခြေအနေ အရ ဆီလျော်သောနှုန်းထား ဖြစ်စေရေးအတွက် လယ်ယာမြေတည်ရှိရာ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အဆိုပြုတင်ပြလာသော လယ်ယာမြေများ၏ (၁)ကေဒေသပေါက် ဈေးနှုန်းထားများအား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်ဆောင်ရွက်ပြီး ဗဟိုလယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့၏ (၁၆.၅.၂၀၁၉)ရက်စွဲပါ စာအမှတ်-၁၂/လယ-၂၁(၃၁၆/၂၀၁၉)ဖြင့် ညွှန်ကြားထားရှိချက် အပေါ် သက်ဆိုင်ရာမြို့နယ်များတွင် ကျေးရွာအုပ်စုအလိုက်၊ ကွင်းအလိုက် လယ်ယာမြေများ၏ (၁)ကေ ပေါက်ဈေးနှုန်းထားအား အတည်ပြုသတ်မှတ်ပြီးဖြစ်ပါသည်။

၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေ စီမံ ခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာန ရုံးတွင် မှတ်ပုံတင်ရမည်ဖြစ်ပါသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်အတွက် လွှဲပြောင်းခြင်းများအတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့က အတည်ပြုသတ်မှတ်ထားသည့် ဒေသန္တရတစ်ကေပေါက်ဈေးနှုန်းအပေါ် တံဆိပ်ခွန်ခေါင်းခွန် (၂%)၊ မှတ်ပုံတင်ခ(၀.၅%)နှင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ မြန်မာနိုင်ငံ တံဆိပ်ခေါင်းခွန် အက်ဥပဒေ ပုဒ်မ- ၃(က)အရ တံဆိပ်ခေါင်းခွန်(၂%)၊ စုစုပေါင်း(၄.၅%)အား နိုင်ငံတော်သို့ အခွန်ပေးသွင်းရပါကြောင်း နှင့် လယ်ယာမြေလုပ်ပိုင်ခွင့် ရောင်း/ပေါင်/ငှား/လဲ/ပေးခြင်း ကိစ္စရပ်များ ဆောင်ရွက်ရာတွင် နိုင်ငံတော်သို့ အခွန်ငွေ၏မည်မျှ ပေးသွင်းရမည့်ပြည်သူများ သိရှိနားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြား သွားရန် သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှု အဆင့်ဆင့်အား ညွှန်ကြားထားလျက်ရှိပါကြောင်း လေးစား စွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"နတ်တလင်းမြို့နယ်၊ ပန်းတင်ကြီးဆည် ရေသောက်စနစ်တွင် JICA ရန်ပုံငွေအရ Protection (အပေါ်အောက် ကျောက်ကြီးစီခြင်း)များကို ချန်ခဲ့ရသောကြောင့် ရေတံခါးများကို မပျက်စီးစေရန် အနည်းငယ်သာလိုအပ်သော စီမံကိန်း (Protection)အပိုင်းအား ပြုလုပ်ပေးရန်အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကိုဖြေကြားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ္တလင်းမြို့နယ် တောင်ညိုဆည် ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား JICA(ODA LOAN)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ရေသောက်စနစ်၏ အဓိကရေနုတ်မြောင်းစနစ်အား ပြန်လည်တူးဖော်ရန် စီမံအကောင်အထည်ဖော်

ဆောင်ရွက်ခဲ့ရာတွင် ချောင်းစောက်ချောင်းပေါ်ရှိ ပန်းတင်ကြီးရေတံခါးမှာ ရေလွှဲယူပြီး အသုံးပြုနိုင်သော ပန်းတင်ကြီးရေသောက်စနစ်ဖော်ဆောင်ပေးရန် ဒေသခံများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်အရ ခွဲဝေရရှိသော ရန်ပုံငွေဖြင့် မိုးစပါး(၈၀၀)ကေခန့်အောင် ရေရယူရန်နှင့် နွေစပါး(၂၅၀၀)ကေခန့် စိုက်ပျိုးနိုင်ရန် အထက်ဖော်ပြပါ ရေနုတ်မြောင်းအတွင်း ရေတံခါး(၁၁)ခုကို စိုက်ပျိုးရေရရှိရေးအတွက် ဦးစားပေးဆောင်ရွက်ပေးပါရန် တင်ပြလာပါသဖြင့် အဆိုပါရေတံခါးများ တည်ဆောက်နိုင်ခဲ့ပြီး အဝင်/အထွက် Protection ကျောက်ကြီးစီခြင်းလုပ်ငန်းများကို ချန်လှပ်ထားခဲ့ရပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက်ရမှာ ဖြစ်ပါသည်။

နတ်တလင်းမြို့နယ်၊ ပန်းတင်ကြီး ရေသောက်စနစ်အတွင်းရှိ ပေတိုင်(၃+၇၀၀')၊ (၄+၀၀၀')၊ (၁၁+၀၀၀')၊ (၁၄+၄၀၀')၊ (၁၈+၆၀၀)၊ (၂၂+၀၀၀')၊ (၂၆+၆၀၀')၊ (၃၁+၆၀၀')၊ (၃၇+၅၀၀')၊ (၄၁+၄၀၀') နှင့် (၂+၀၀၀') (ကတက်ကုန်း) Check Structure များတွင် ကျောက်ကြီးစီခြင်းများ ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပြီး စုစုပေါင်းခန့်မှန်းကုန်ကျငွေမှာ ကျပ်(၇၀.၀၀၀)သန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း လျာထားတွက်ချက်ထားရှိပါသည်။

သို့ဖြစ်ပါ၍ တောင်ညိုဆည်ရေသောက်စနစ်သည် ဧက(၅၀၀၀)အထက်ဖြစ်ပါသဖြင့် ရေတံခါးများ အဝင်အထွက်ကျောက်စီခြင်း လုပ်ငန်းများအား ပြည်ထောင်စုအစိုးရသို့ (၂၀၂၁-၂၀၂၂) ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေစာရင်းတွင် လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားနိုင်မှာဖြစ်ပါကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဝန်ကြီးဖြေကြားသွားတဲ့ထဲမှာ တံဆိပ်ခေါင်းခွန်က ၂ ရာခိုင်နှုန်း၊ မှတ်ပုံတင်က ၀.၅ ရာခိုင်နှုန်း၊ ပြည်တွင်းအခွန်များ ဦးစီး ဌာမှာ မြန်မာနိုင်ငံတံဆိပ်ခေါင်းခွန်အတွက် ၂ ရာခိုင်နှုန်း စုစုပေါင်း ၄.၅ ရာခိုင်နှုန်း နိုင်ငံတော်ကို ပေးသွင်းရတယ်လို့ ပြောထားပါတယ်။ တစ်ချို့မြို့နယ်တွေမှာလည်းဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာလည်း တောက်လျှောက် တောင်သူတွေကလာလာပြောကြပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနကနေ ထပ်ပြီးတော့ အခွန်ထပ်ကောက်တယ်လို့ပြောပါတယ်။ အဲ့ဒီအခါမှာ တောင်သူတွေက အခွန်တအားများသွားတဲ့အတွက် နေပါစေတော့ မလုပ်တော့ဘူးဆိုတာတွေ ရှိပါတယ်။ ဝန်ကြီးဖြေသွားတဲ့ အဖြေထဲမှာလည်း ပြည်တွင်းအခွန်များဦးစီးဌာနကနေ ၂ ရာခိုင်နှုန်းပေးထားပြီးသား ဖြစ်တယ်ဆိုရင် ပြည်တွင်းအခွန်များဦးစီးဌာနမှာ တံဆိပ်ခေါင်းသွားဝယ်တဲ့အခါမှာ ထပ်တောင်းတယ်ဆိုရင် ပြည်တွင်းအခွန်များဦးစီးဌာနမှာ

နှစ်ခါပေးသွင်းရတဲ့သဘောမျိုးဖြစ်နေပါတယ်။ ဘယ်လိုကြောင့် အဲ့ဒီလိုအနေအထားမျိုးဖြစ်တယ်ဆိုတာကို ကျွန်တော်သိလိုပါတယ်။

နောက်တစ်ချက်က ကျွန်တော့်မေးခွန်းမှာ ပါပါတယ်။ မြို့နယ်ထွေအုပ်ရုံး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး၊ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနရုံးတွေမှာ အခုဝန်ကြီးပြောတဲ့ ၄.၅ ရာခိုင်နှုန်းသာ ပေးဆောင်ရမယ်ဆိုတာကို ကျွန်တော်မေးတဲ့ထဲမှာ ရှင်းလင်းစွာ ကြေညာပေးရန် ကြော်ငြာစာကပ်ပေးလို့ရ/မရ သိရှိလိုတာကို ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ် မေးခွန်း မေးမြန်းလိုပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးအောင်နိုင်ဦးမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး မေးမြန်းတဲ့ မေးခွန်းအမှတ်စဉ် ၅(က) ဆက်စပ်မေးခွန်းဖြစ်တဲ့ တံဆိပ်ခေါင်းခွန်နဲ့ မှတ်ပုံတင်ခ ပေးဆောင်တဲ့နေရာမှာ တောင်သူများ ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်ဖို့အတွက် ကြော်ငြာကပ်ပေးလို့ ရ/မရနဲ့ ဆက်စပ်တဲ့မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ လယ်ယာမြေ ရောင်း/ဝယ်/ပေါင်/ငှား အခွန် ဆောင်တဲ့အခါမှာ ဌာန(၂)ခုကနေ သတ်မှတ်ထားတဲ့ အခွန်တွေကို ဆောင်ရပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ၂% နဲ့ မှတ်ပုံတင်ခ ၀.၅ ရာခိုင်နှုန်းကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးမှာ အခွန်ဆောင် ရတာ ဖြစ်ပါတယ်။ ကျန်တဲ့အခွန်ငွေကတော့ တံဆိပ်ခေါင်းခွန်အက်ဥပဒေပုဒ်မ ၃(က)အရ အခွန်ရုံးမှာ ပေးဆောင်ရတာဖြစ်တဲ့အတွက် မိမိတို့ ဝန်ကြီးဌာနတွေနဲ့ပတ်သက်တဲ့ ပေးဆောင်ရမယ့်အခွန်ကိုတော့ ပွင့်လင်းမြင်သာဖြစ်ဖို့အတွက် ကျွန်တော်တို့အနေနဲ့ ကြော်ငြာကပ်ပြီးတော့ တောင်သူလယ်သမားများ သိရှိအောင် ပွင့်လင်းမြင်သာဆောင်ရွက်ပေးဖို့ ကြော်ငြာကပ်ပေးထားမှာဖြစ်ကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ (ဦးအောင်နိုင်ဦးမေးမြန်းသည့် ဆက်စပ်မေးခွန်းအပေါ် စာဖြင့်ဖြေကြားမှုအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

**ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဝန်ကြီးဖြေထားတာ ၂၀၂၁-၂၀၂၂ ရန်ပုံငွေမှာဆိုတော့ အဲ့ဒီအထိကို တောင့်မခံနိုင်တော့မယ့် ရေတံခါးတွေရှိပါတယ်။ ခုနကလို ပြိုလဲသွားမယ့် ရေတံခါးတွေရှိမယ်ဆိုရင် လုပ်ထားတဲ့ တန်ဖိုးတွေလည်းဆုံးရှုံးမယ်။ တောင်သူတွေလည်းနစ်နာမယ်။ ဒါကြောင့်အပ်နဲ့ထွင်းရမှာကို ပုဆိန်နဲ့ပေါက်နေရလိမ့်မယ်။ နောက်တစ်ချက်က ဒီမေးခွန်းကို ပြီးခဲ့တဲ့ ၂၀၂၀-၂၀၂၁ မှာလည်း ကျွန်တော် ကြယ်ပွင့်မပြနဲ့ တင်ပြခဲ့ဖူးပါတယ်။ အဲ့ဒီတည်းကဖြစ်နေတာပါ။ အခု ၂၀၂၁-၂၀၂၂ အထိ တောင့်မခံနိုင်တော့မယ့် ရေတံခါးတွေရှိပါတယ်။ ကျွန်တော် အဲ့ဒီကို ရောက်ဖူးပါတယ်။ သွားပါတယ်။ ဒါကြောင့် ဝန်ကြီးအနေနဲ့ သက်ဆိုင်ရာဌာနကို check-in လုပ်ခိုင်းပြီးတော့ အကုန်လုံးမလုပ်နိုင်ရင်တောင်မှပဲ အရေးပေါ်ရန်ပုံငွေတွေထဲကနေ တောင့်မခံနိုင်တော့မယ့် နှစ်ခုလား သုံးခုလား လေးခုလား ရွေးချယ်ပြီးသွားရင် ဌာနနဲ့ပေါင်းစပ်ပြီးတော့ အရေးပေါ်လုပ်ပေးဖို့ အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးမောင်မောင်ဦးမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး မေးမြန်းတဲ့ မေးခွန်းအမှတ်စဉ်၅(ခ)ရဲ့ ဆက်စပ်မေးခွန်းဖြစ်တဲ့ လက်ရှိဆောင်ရွက်ပြီးတဲ့ ရေတံခါးများမှာ တောင့်တင်းခိုင်မာမှုမရှိတဲ့ ရေတံခါးတွေကို အရေးပေါ်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်းကို ဖြေကြားပေးမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- လက်ရှိရေတံခါးများ ဆောင်ရွက်ပေးခြင်းဟာ လယ်ယာကဏ္ဍထုတ်လုပ်ဖို့အတွက် ကျွန်တော်တို့ တိုင်းပြည်ရဲ့၊ တိုင်းဒေသကြီးရဲ့ ဝင်ငွေတိုးတက်ဖို့အတွက် လယ်ယာထုတ်လုပ်မှုမှာ အထောက်အကူဖြစ်တဲ့ စိုက်ပျိုးရေရရှိရေး စီမံချက်များသာ ဖြစ်ပါတယ်။ အဲ့ဒီလိုလုပ်ငန်းမျိုးကို အမှန်တကယ်တော့ တစ်တိုင်းလုံးမှာ စိုက်ပျိုးရေရရှိရေးလုပ်ပေးမယ်ဆိုရင် သီးထပ်၊ သီးညှပ်စွမ်းအားတွေ cropping industry တွေတက်လာပြီးတော့ ကုန်ထုတ်လုပ်မှုတွေ တိုးတက်လာပြီးတော့ ကျွန်တော်တို့ တိုင်းဒေသကြီးအတွက် များစွာအကျိုးရှိမှာ ဖြစ်ပါတယ်။ အဲ့ဒီလိုလုပ်ပေးတဲ့နေရာမှာ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ရရှိတဲ့ဘဏ္ဍာငွေကို လယ်ယာထုတ်လုပ်မှုအတွက် ဆောင်ရွက်ပေးရတဲ့ အခြေခံအဆောက်အအုံတွေ ဆောင်ရွက်ဖို့အတွက် ဘဏ္ဍာငွေရရှိမှု နည်းပါးတာကြောင့် အခုဆောက်လုပ်ထားတဲ့ ရေတံခါးများဟာဆိုရင် complete/ perfect ဖြစ်တယ်လို့ ပြောလို့မရပါဘူး။ အဖိုးနည်းနည်းနဲ့ ကျဲကျဲဝိုင်းပြီး ဖြစ်အောင်ဆိုပြီးတော့ ဆောက်ပေးထားရတာဖြစ်တဲ့အတွက် လိုအပ်တဲ့စိစစ်မှုတွေကိုဆောင်ရွက်ပြီး ကုန်ကျမယ့်ဘဏ္ဍာငွေတွေကို

ကျွန်တော့်အနေနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြပေးပါမယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဘဏ္ဍာငွေထောက်ပံ့ပေးခဲ့မယ်ဆိုရင် နောက်တစ်ခါဆောင်ရွက်ဖို့ မျက်နှာသာပေးခဲ့မယ်ဆိုရင် ဆောင်ရွက်ဖို့အတွက် ကြိုးစားဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ (ဦးမောင်မောင်ဦးမေးမြန်းသည့် ဆက်စပ်မေးခွန်းအပေါ် စာဖြင့်ဖြေကြားမှုအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ စားကျက်မြေပြဿနာများကို (၅)နှစ်တာကာလအတွင်း မည်မျှဖြေရှင်းဆောင်ရွက်ထားပါသလဲ၊ မည်သည့်မြို့နယ်များမှ စားကျက်များအား စားကျက်မြေအဖြစ် ပြန်လည်သတ်မှတ်ထားသည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **"ဝေါမြို့အစွန်၊ သုခိတာရုံဘုန်းတော်ကြီးကျောင်းဘေးရှိ အခြားနည်းသုံးစွဲခွင့် ခွင့်ပြုချက်မရရှိဘဲ ဆောက်လုပ်နေသော အဆောက်အဦနှင့် လယ်ယာမြေပေါ်ကန်တူးဖော်ခြင်းလုပ်ငန်းများကို မြို့နယ်လယ်စီအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တားမြစ်စာအကြိမ်ကြိမ်ပေးပို့သော်လည်း လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခုတို့ကို တစ်ဆက်တည်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **"ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ စားကျက်မြေပြဿနာများကို (၅)နှစ်တာကာလအတွင်း မည်မျှဖြေရှင်းဆောင်ရွက်ထားပါသလဲ၊ မည်သည့်မြို့နယ်များမှ စားကျက်များအား စားကျက်မြေအဖြစ် ပြန်လည်သတ်မှတ်ထားသည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စားကျက်မြေရှိသော မြို့နယ်များတွင် စားကျက်မြေအငြင်းပွားမှု ပြဿနာများစွာရှိသည်ကို သိရှိရပါသည်။ ထို့ကြောင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အဆင့်ဆင့်သော စားကျက်မြေကြီးကြပ်မှုကော်မတီများကို ဖွဲ့စည်းပြီး လူထုဆန္ဒခံယူပွဲများ ဆောင်ရွက်ခဲ့ပြီး စားကျက်မြေများအပေါ် မကျူးကျော်ရန် တားမြစ်စာများ၊ ဆိုင်းဘုတ်များ ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ပဲခူးတိုင်းဒေသကြီး စားကျက်မြေကြီးကြပ်မှုကော်မတီအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ Cabinet အစည်းအဝေးတွင် "စားကျက်မြေအဖြစ် ပြန်လည်ထားရှိပေးပါရန် မည်သည့်မြို့နယ်များမှ စားကျက်မြေမည်မျှကို တင်ပြထားရှိပါသလဲ" Cabinet အစည်းအဝေးဆုံးဖြတ်ချက်အရ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မည်သည့်မြို့နယ်များမှ

စားကျက်မည်မျှကို စားကျက်မြေအဖြစ် ပြန်လည်သတ်မှတ်ထားသည်ကို သိရှိလိုပါ၍ ဒေသခံပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **"ဝေါမြို့အစွန်၊ သုခိတာရုံဘုန်းတော်ကြီးကျောင်းဘေးရှိ အခြားနည်းသုံးစွဲခွင့် ခွင့်ပြုချက်မရရှိဘဲ ဆောက်လုပ်နေသော အဆောက်အဦနှင့် လယ်ယာမြေပေါ်ကန်တူးဖော်ခြင်း လုပ်ငန်းများကို မြို့နယ်လယ်စီအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တားမြစ်စာအကြိမ်ကြိမ်ပေးပို့သော်လည်း လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်း၍ ဝေါမြို့နယ်၊ ဝေါမြို့နယ်အစွန် သုခိတာရုံဘုန်းကြီးကျောင်းဘေးရှိ အခြားနည်းသုံးစွဲခွင့်မရှိဘဲ ဆောက်လုပ်နေသော အဆောက်အဦနှင့် လယ်ယာမြေပေါ် ကန်တူးဖော်ခြင်းလုပ်ငန်းများကို မြို့နယ်လယ်/စီအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ ဆက်လက်မဆောင်ရွက်ရန် အကြိမ်ကြိမ် တားမြစ်စာပေးပို့သော်လည်း လိုက်နာဆောင်ရွက်ခြင်းမရှိသည်ကို တွေ့ရှိရပါသဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ပတ်သက်သည့် **"ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ စားကျက်မြေပြဿနာများကို (၅)နှစ်တာကာလအတွင်း မည်မျှ ဖြေရှင်း ဆောင်ရွက်ထားပါသလဲ၊ မည်သည့်မြို့နယ်များမှ စားကျက် များအား စားကျက်မြေအဖြစ် ပြန်လည်သတ်မှတ်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်း စားကျက်မြေ မူလသတ်မှတ်ဧရိယာ (၁၆၅၉၉၁.၈၁)ဧက၊ ပယ်ဖျက်ပြီး (၃၈၇၀၆.၇၃)ဧက၊ စားကျက်မြေလက်ကျန်(၁၂၇၂၈၅.၀၈)ဧကဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးအတွင်း (၅)နှစ်တာကာလအတွင်း စားကျက်မြေပြဿနာများနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် စားကျက်မြေများကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ၎င်းကော်မတီအဆင့်ဆင့်မှ စားကျက်မြေများအတွင်း ကျူးကျော်စိုက်ပျိုးလုပ်ကိုင်နေသူများ မွေးမြူရေးလုပ်ကိုင်သူများနှင့် အခိုင်အမာကျူးကျော်နေထိုင်မှုများနှင့်ပက်သက်၍ အများပြည်သူတို့၏ဆန္ဒသဘောထားများရယူကာ ၎င်းတို့၏ သဘောထားဆန္ဒများနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များပါဝင်၍ Public Consultation ပြုလုပ်ပြီး ယင်းရလဒ်များအပေါ်မူတည်၍ စားကျက်မြေအဖြစ်မှပယ်ဖျက်ရန် သင့်/မသင့်ကို မြို့နယ်/ ခရိုင် စားကျက်မြေကြီးကြပ်မှုကော်မတီမှ

တိုင်းဒေသကြီး စားကျက်မြေကြီးကြပ်မှုကော်မတီသို့လည်းကောင်း အဆင့်ဆင့်တင်ပြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့၏ Cabinet အစည်းအဝေး ဆုံးဖြတ်ချက်အရ ပယ်ဖျက်ရန် (သို့မဟုတ်) စားကျက်မြေအဖြစ် ပြန်လည်ထားရှိရန် ညွှန်ကြားလာသည့်အတိုင်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးလျက် ရှိပါကြောင်းနှင့် စားကျက်မြေကျူးကျော်မှုများနှင့်ပက်သက်၍ ကွဲ/နွားပိုင်ရှင်များနှင့် ခိုက်ရန်ဖြစ်ပွားမှုများ ဖြစ်ခဲ့ခြင်းကြောင့် ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးမှု ကျဆင်းလာနိုင်ခြင်းတို့ကြောင့် စားကျက်မြေများအတွင်း မလိုလားအပ်သောပြဿနာများ ထပ်မံမဖြစ်ပွားစေရန်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့သို့တင်ပြ၍ ထိရောက်စွာ တားမြစ်အရေးယူနိုင်ရေးအတွက် ရာဇဝတ်ကျင့်ထုံးဥပဒေ ဥပဒေ ပုဒ်မ-၁၄၄ ထုတ်ပြန်၍ ဆောင်ရွက် ပေးလျက် ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိခရိုင်များမှ စားကျက်မြေများ ပယ်ဖျက်ရန်အသီးသီးတင်ပြထားရှိမှု အပေါ် တိုင်းဒေသကြီးစားကျက်မြေကြီးကြပ်မှု ကော်မတီအနေဖြင့်စိစစ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ Cabinet အစည်းအဝေးသို့ တင်ပြခဲ့ပြီး Cabinetအစည်းအဝေး၏ ဆုံးဖြတ်ချက်များအရ အောက်ဖော်ပြပါ စားကျက်အမှုတွဲများအား သက်ဆိုင်ရာမြို့နယ်များမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

- ပဲခူးခရိုင်အနေဖြင့် ကျောက်တံခါးမြို့နယ်၊ လက်ခံကျေးရွာအုပ်စု၊ စားကျက်မြေ (၁၀၇) ကေ၊ ကဝမြို့နယ်၊ နဘဲပင်ကျေးရွာအုပ်စု၊ စားကျက်မြေ(၄၂)ကေ၊ သနပ်ပင်မြို့နယ်၊ ခရမ်း ညောင်ပင်ကျေးရွာအုပ်စု၊ စားကျက်မြေ(၅.၁၂)ကေ၊ ပဲခူးမြို့နယ်၊ ဈေးညောင်ပင်ကျေးရွာ အုပ်စု၊ စားကျက်မြေ(၁၇.၉၇)ကေအနက်မှ (၄.၇၃)ကေခန့်အား စားကျက်မြေပယ်ဖျက် ရန်၊
- တောင်ငူခရိုင်အနေဖြင့် ထန်းတပင်မြို့နယ်၊ မြို့စိုးကျေးရွာအုပ်စု၊ စားကျက်မြေ (၆၁.၃၀) ကေ၊ အုတ်တွင်းမြို့နယ်၊ သံတိုင်လင်ကျေးရွာအုပ်စု၊ စားကျက်မြေ(၁၂.၂၃)ကေအား ပယ်ဖျက်ရန်၊ အုတ်တွင်းမြို့နယ်၊ တောပုကျေးရွာအုပ်စု၊ စားကျက်မြေ(၂၆၃)ကေအား ပယ်ဖျက်ရန် ထန်းတပင်မြို့နယ်၊ တပြေးကျေးရွာအုပ်စု၊ စားကျက်မြေ(၂၀၁.၀၂)ကေ အနက်မှ (၈၂.၆၃)ကေအား ပယ်ဖျက်ရန်နှင့် (၁၁၈.၁၉)ကေအား စားကျက်မြေအတိုင်း ထားရှိရန်၊
- သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ လက်ပံရေကျော်စားကျက်မြေဧရိယာ(၅၃.၇၅) ကေ အနက်(၁၅၄.၄၈)ကေအား ပယ်ဖျက်ရန်နှင့် (၃၈.၂၇)ကေအား မူလစားကျက်မြေ အတိုင်း ထားရှိရန်၊ မင်းလှမြို့နယ်၊ ဝက်လှလေးကျေးရွာအုပ်စု၊ ဝက်လှလေး (ညောင်နီကုန်း စားကျက်မြေ) (၈၇.၉၅)ကေအနက် (၂၇.၉၅)ကေ၊ ဒီလှိုင်းကျေးရွာအုပ်စု၊ ပေါက်ချောင်း စားကျက်မြေ(၃၅.၀၄)ကေ၊ စမ်းဘုတ်ကျေးရွာအုပ်စု၊ စမ်းဘုတ်စားကျက်မြေ (၁၀၃.၉၂) ကေ၊ စီတုန်းကျေးရွာအုပ်စု(ဒဗ္ဗီစားကျက်မြေ) (၅၈.၂၃)ကေနှင့် လင့်စားကျက်မြေ (၁၈၃.၇၀)ကေအား ပယ်ဖျက်ရန် ကြို့ပင်ကောက်မြို့နယ်၊ စေတီကုန်းကျေးရွာအုပ်စု၊

လယ်တီကျေးရွာစားကျက်မြေ(၈၁.၄၈)ဧက၊ မိုးညှိုမြို့နယ်၊ ဝဲကြီးကျေးရွာအုပ်စု၊ လက်ပံခုန် စားကျက်မြေ(၁၆၄)ဧက၊ အုတ်ဖိုမြို့နယ်၊ လိပ်ဥကုန်းကျေးရွာအုပ်စု၊ သာသနရက္ခိတ ကျေးရွာ ရှမ်းတောလေးစားကျက်မြေ (၂၈.၄၉)ဧကအား စားကျက်မြေအဖြစ်မှ ပယ်ဖျက် ရန်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်အစွန်၊ သုခိတာရုံဘုန်းတော်ကြီးကျောင်း ဘေးရှိ အခြားနည်းသုံးစွဲခွင့် ခွင့်ပြုချက်မရရှိဘဲ ဆောက်လုပ်နေသော အဆောက်အဦနှင့် လယ်ယာ မြေပေါ် ကန်တူးဖော်ခြင်း လုပ်ငန်းများကို မြို့နယ်လယ်စီအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တားမြစ်စာ အကြိမ်ကြိမ်ပေးပို့သော်လည်း လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် မည်သို့စီမံဆောင်ရွက် ထားသည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ဝေါမြို့နယ်၊ အရှေ့ဘက်ကမ်းရပ်ကွက်၊ ကွင်းအမှတ်(၇၉၉-က)၊ ဦးပိုင်အမှတ်(၅/၄)၊ ဧရိယာ(၆.၃၉)ဧကအနက် ဧရိယာ (၂.၀၀)ဧကရှိ လယ်မြေအား ဦးခင်သိန်းအမည်ဖြင့် ဆန်စက်နှင့်သိုလှောင်ရုံ အဆောက်အဦမြေနေရာ အဖြစ် အခြားနည်းအသုံးပြုခွင့် လျှောက်ထားလာမှုအပေါ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၂၅.၁၁. ၂၀၁၉)ရက်စွဲပါ စာအမှတ်-၁၅/လယ(၃၀)(၅၈၆/၂၀၁၉)ဖြင့် အခြားနည်းအသုံးပြုခွင့်ရရှိခဲ့ပြီး ၎င်းဧရိယာနှင့် ကပ်လျက် (၀.၁၇)ဧကကို လယ်လုပ်ကိုင်သူ ဦးခင်သိန်းမှ ခွင့်ပြုချက်မရှိဘဲ ကန်တူးဖော်နေသဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ (၂၅.၂.၂၀၂၀)ရက်နေ့နှင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ (၂၈.၂.၂၀၂၀)ရက်နေ့တို့တွင် (ပထမ)အကြိမ် စာဖြင့် ထုတ်ပြန်တားမြစ်ခဲ့သော်လည်း လိုက်နာခြင်းမရှိပါသဖြင့် (၅.၃.၂၀၂၀)ရက်နေ့တွင် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့မှ (ဒုတိယ)အကြိမ် တားမြစ်စာထုတ်ပြန်ခဲ့ပါကြောင်း၊ လက်ရှိအချိန်တွင် ဦးခင်သိန်းအနေဖြင့် ကန်တူးဖော်ခြင်းအား ဆက်လက်လုပ်ကိုင်ခြင်းမရှိဘဲ ရပ်ဆိုင်းထားရှိပါကြောင်း လေးစားစွာဖြင့် ရှင်းလင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးရှင့် မေးခွန်း(၂)ခုလုံးအတွက် ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ကျွန်တော်မေးတဲ့အပိုင်းက စားကျက်မြေ နဲ့ပတ်သက်လို့ မေးခွန်း(၂)ပိုင်းမေးထားပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားထားတာ တစ်ပိုင်းတည်းဖြေကြားထားပါတယ်။ သက်ဆိုင်ရာမြို့နယ်များမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်

များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်ဆိုတော့ ဒီစားကျက်မြေတွေနဲ့ ပတ်သက်တဲ့ လုပ်ထုံးလုပ်နည်းတွေအတိုင်း တိုင်းဒေသကြီး စားကျက်မြေကြီးကြပ်မှုကော်မတီက ဆောင်ရွက်ထားရှိတယ်ဆိုတဲ့ အပိုင်းပဲပါပြီးတော့ မည်သည့်မြို့နယ်များမှ စားကျက်များအား စားကျက်မြေ အဖြစ် ပြန်လည်သတ်မှတ်ထားသည်ကို သိရှိလိုပါကြောင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းတစ်ပိုင်းကျန်ခဲ့ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးစားကျက်မြေကြီးကြပ်မှုကော်မတီအနေနဲ့ ဒီအမှုတွဲတွေ တင်ပြပြီးတဲ့သကာလမှာ ကျွန်တော်တို့သိရှိထားပါတယ်။ Cabinet အစည်းအဝေးဆုံးဖြတ်ချက်အရ ဘယ်မြို့နယ်တွေက ဘယ်စား ကျက်တွေကိုတော့ စားကျက်မြေအဖြစ် ပြန်လည်သတ်မှတ်လိုက်တယ် ဆိုတဲ့အချက်အလက်မပါရှိတဲ့ အတွက် ကျွန်တော်မေးထားတာပါပါတယ်။ ဒါကြောင့် သက်ဆိုင်ရာဝန်ကြီးအနေနဲ့ Cabinet အစည်းအဝေး ဆုံးဖြတ်ချက်အရ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် တွေအားလုံးကသိချင်ပါတယ်။ စားကျက်မြေ ရှိတဲ့ မြို့နယ်တွေက ဘာအမှုတွဲတွေ တည်ဆောက်ထားပြီး ဘယ်မြို့နယ်မှာရှိတဲ့ ဘယ်စားကျက် ကိုတော့ စားကျက်မြေအဖြစ် Cabinet အစည်းအဝေးဆုံးဖြတ်ချက်အရ ပြန်လည်သတ်မှတ်ထားပါသည် ဆိုတဲ့ ဖြေကြားချက်လေးကို ဆက်စပ်မေးခွန်းအနေနဲ့ မေးခွန်းနံပါတ်(၁)ကို မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၂)အနေနဲ့ကလည်း ဖြေကြားချက်မှာ တစ်ပိုင်းပဲပါပါတယ်။ တစ်ပိုင်းမပါလာ ပါဘူး။ အဲ့ဒါက ဘာလဲဆိုတော့ ကန်တူးဖော်ခြင်းနဲ့ လယ်ယာမြေပေါ်မှာ ဆန်စက်သို့လှောင်ရန် ၇၉၉ (က) ကွင်းက ဦးခင်သိန်းအမည်နဲ့ဆိုတာက ကျွန်တော်တို့လည်း သိရှိပါတယ်။ မြေဖို့ထားတဲ့နေရာက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့မြေဖို့ခြင်းဖြစ်တယ်။ သို့သော်လည်း အဲ့ဒီမြေကိုဖို့တဲ့ မြေကိုကျတော့ အဲ့ဒီလယ်ယာမြေနဲ့ တစ်ကွက်ကျော်ကလယ်ကွက်ကို ကန်တူးလိုက်ပြီးတော့ ဘက်ဟိုးနဲ့ ကုပ်ပြီးတော့ မြေဖို့ခြင်းဖြစ်တယ်။ မြေဖို့တဲ့နေရာက ဗဟိုလယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့က ခွင့်ပြုချက်နဲ့ ဆောင်ရွက်တာဖြစ်တယ်။ မြေဖို့ဖို့ယူတဲ့ ဘက်ဟိုးနဲ့တူးတဲ့ အကွက်ကျတော့ လယ်ယာမြေကို ကန်တူး ပစ်လိုက်တာတစ်ပိုင်း၊ ဒါကခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်တဲ့အပိုင်း၊ နောက်ဖြေကြားလွှာထဲမှာ မပါလာ တာက အဲ့ဒီဘေးနားကပ်လျက်မှာ သွပ်မိုးအခိုင်အမာအဆောက်အဦ(၁)လုံး ဝရိန်တွေဆော်ပြီးတော့ ရန်ကုန်-မော်လမြိုင် ကားလမ်းဘေးရဲ့ ၇၉၉(က)ကွင်းရဲ့ ကပ်လျက်မှာတစ်ခု နှစ်ခုမေးတာပါ။ အဲ့ဒီ အဆောက်အဦကို စည်ပင်သာယာကပဲ မြို့နဲ့နီးတဲ့အတွက် အဆောက်အဦဆောက်တာကို သုံးကြိမ် တားပါတယ်။ ဒါပေမယ့် လိုက်နာမှုမရှိဘူး။ အဲ့ဒီအဆောက်အဦဆောက်တဲ့အပိုင်းက ဖြေကြားချက်ထဲမှာ မပါလာပါဘူး။ ဒါကြောင့် အဲ့ဒီအဆောက်အဦကို တားမြစ်စာအကြိမ်ကြိမ် ထုတ်ပြန်ထားရဲ့သားနဲ့ ဆက်လက်ဆောင်ရွက်နေတဲ့အပေါ်မှာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းအရ သက်ဆိုင်ရာဝန်ကြီးဌာနက ဘယ်လို စီမံဆောင်ရွက်ထားပါသလဲ တစ်ချက်ရယ်၊ ခုနမြေဖို့ထားတဲ့အပိုင်းက ဗဟို လယ်/စီရဲ့ ခွင့်ပြုချက် ရရှိပြီးတော့ အဲ့ဒီမြေကြီးကိုယူပြီးတူးလိုက်တဲ့ လယ်ကွက်ကကန်ကြီးကိုက တားမြစ်စာထုတ်ပြန်သော် လည်း ဆက်လက်ဆောင်ရွက်ခြင်းမရှိဘူးဆိုတာ မှားပါတယ်။ ပြီးသွားပါပြီ။ ပြီးစီးလို့တောင် ကြာသွား ပါပြီ။ ကျွန်တော်တို့ လွှတ်တော်ခေါ်တာက သုံးလတစ်ကြိမ်မှ ခေါ်တဲ့အတွက် စောင့်နေရတာ။ အခုမှ

လွှတ်တော်ခေါ်တဲ့အတွက် မေးမြန်းတင်ပြရခြင်းဖြစ်တယ်။ ဒါကြောင့် ကန်ကို ခွင့်ပြုချက်မရှိဘဲတူးတဲ့ အပိုင်းကို ဥပဒေအရ ဘယ်လိုဆောင်ရွက်ထားပါသလဲ။ အဆောက်အဦကို ခွင့်ပြုချက်မရှိဘဲနဲ့ တားမြစ်စာ အကြိမ်ကြိမ်ထုတ်ပြန်ထားသော်လည်း လိုက်နာမှုမရှိတဲ့အတွက် ဥပဒေအရဘယ်လိုတွေ ဆက်လက်ဆောင်ရွက်ထားပါသလဲဆိုတာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများရဲ့ကိုယ်စား သက်ဆိုင်ရာ ဝန်ကြီးဌာနကို မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်မေးမြန်းတဲ့ မေးခွန်းအမှတ်စဉ်(၁) ဆက်စပ်မေးခွန်းမှာ မည်သည့် မြို့နယ်က စားကျက်မြေ မည်သည့်ကေကို ပြန်လည်သတ်မှတ်ပေးပြီးပြီလဲဆိုတဲ့ ဆက်စပ်မေးခွန်း ဖြစ်ပြီးတော့ မေးခွန်းအမှတ်စဉ်(၂)ကျတော့ မေးခွန်းထဲမှာကိုပါတယ်။ ခွင့်ပြုချက်မရှိဘဲနဲ့ ဆောက်တဲ့ အဆောက်အဦရယ် ကန်တူးတာရယ် (၂)ပိုင်းဖြစ်နေတယ်။ အဲ့ဒီ(၂)ပိုင်းနဲ့ပတ်သက်တဲ့ ဆက်စပ် မေးခွန်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဒေါ်ရီရီထိုက်မေးမြန်းတဲ့ ဆက်စပ်မေးခွန်း မေးခွန်းအမှတ်စဉ်(၁)၊ အမှတ်စဉ်(၂) တို့နှင့်ပတ်သက်သည့် ဆက်စပ်မေးခွန်း(၂)ခုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ မေးခွန်းအမှတ်စဉ် ၅(ဂ) (၁)ဖြစ်တဲ့ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီထိုက်မေးမြန်းတဲ့ ဆက်စပ်မေးခွန်းနဲ့ ပတ်သက်ပြီးတော့ မည်သည့်မြို့နယ် များမှာ ပြန်လည်သတ်မှတ်ထားပါသလဲလို့ မေးမြန်းထားပါတယ်။ ကျွန်တော်ဖြေခဲ့တဲ့ထဲမှာလည်း ပါ, ပါတယ်။ ပယ်ဖျက်ရမယ့်စာရင်းတွေလည်းပါသလို ဖြေကြားချက် ၂(ခ)မှာ ထန်းတပင်မြို့နယ်၊ တပြေး ကျေးရွာအုပ်စု၊ စားကျက်မြေ (၂၀၁.၀၂) ကေ အနက်မှ (၈၂.၆၃) ကေဟာ ပယ်ဖျက်ရန်နှင့် (၁၁၈.၃၉) ကေအား စားကျက်မြေအတိုင်း ထားရှိရန်ဆိုပြီးတော့ ပါဝင်ပြီးဖြစ်တဲ့အတွက် စားကျက်မြေ အဖြစ် ထားရှိဖို့အတွက် ဆုံးဖြတ်ထားတဲ့ ဆုံးဖြတ်ချက်ပဲဖြစ်ပါတယ်။ ကျန်တဲ့ဧရိယာတွေအားလုံးကတော့ ပယ်ဖျက်ဧရိယာတွေဖြစ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။

အမှတ်စဉ် ၅(ဂ) (၂) ဖြစ်တဲ့ အနားကအဆောက်အဦကို မဆောက်ဖို့ တားမြစ်ထားတဲ့ ကြားထဲက ဆက်လက်ဆောင်ရွက်နေသဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းအရ ဘယ်လိုဆောင်ရွက် ထားပါသလဲဆိုတဲ့ ဆက်စပ်မေးခွန်းဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- လက်ရှိဖြေထားတဲ့ မေးခွန်းထဲမှာပါတဲ့ ကွင်းနဲ့ကေအပေါ်မှာ အခြေခံပြီးဖြေထားတာဖြစ်တဲ့အတွက် လက်ရှိဆောင်ရွက် နေတဲ့ အဆောက်အဦဟာ ကေအတွင်းမှာ ပါ/မပါဆိုတာကတော့ တင်ပြချက်မှတ်တမ်းမှာ မပါဝင်တာ ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ စိစစ်ပြီးတော့ စာဖြင့် ပြန်လည်ပေးပို့ပေးပါ့မယ်။ တကယ်လို့ တင်ပြပါ အဆောက်အဦဟာ ခွင့်ပြုချက်မရဘဲ ဆောင်ရွက်နေတယ်ဆိုရင်တော့ ၂၀၁၂ လယ်ယာမြေဥပဒေအရ ဆောင်ရွက်ရမှာဖြစ်ပါကြောင်း လေးစားစွာ ဖြင့်ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ (ဒေါ်ရီရီထိုက်မေးမြန်းသည့် ၅(ဂ) (၂)ဆက်စပ်မေးခွန်းအပေါ် စာဖြင့်ဖြေကြားမှုအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီး ဝန်ကြီးကမရှင်းလင်းလို့လား မသိဘူး။ ပထမမေးခွန်းက Cabinet အစည်းအဝေးဆုံးဖြတ်ချက်ကနေ မြို့နယ်တွေကို စာထုတ်လိုက်တာပါ။ ဘယ်မြို့နယ်တွေက ဘယ်စားကျက်မြေကို ဧကဘယ်လောက် စားကျက်မြေအဖြစ် သတ်မှတ်လိုက်တယ်ဆိုတာ စာထွက်တယ်။ အဲ့ဒီစာထွက်ထားရှိထားတဲ့ဥစ္စာကို မေးခြင်းဖြစ်ပါတယ်။ ဝန်ကြီးက လုပ်ထုံးလုပ်နည်းနဲ့လုပ်ထားပြီးတော့ ဆုံးဖြတ်ထားတဲ့အပိုင်းကိုပဲ ဖြေရှင်းထားတာဖြစ်တယ်။ ကျွန်တော့်မေးခွန်းရဲ့ အဓိပ္ပါယ်က ဝန်ကြီးနားမရှင်းလို့နေမယ်။ ဒါကြောင့် ကျွန်တော်က ပြန်လည်ရှင်းပြခြင်းဖြစ်ပါတယ်။ ဥပမာ- ပဲခူးတိုင်းမှာ (၂၈) မြို့နယ်ရှိတယ်။ စားကျက်မြေက (၁၀)မြို့နယ်ရှိတယ်ဆိုပါစို့။ အဲ့ဒီထဲကမှ ဝန်ကြီးက လုပ်ထုံးလုပ်နည်းတွေဆောင်ရွက်ထားတယ် ဖြေသွားတယ်။ သို့သော် Cabinet အစည်းအဝေးဆုံးဖြတ်ချက်ကနေ စာထွက်သွားတယ်။ ဥပမာပေ့ါ က မြို့နယ်က ခ စားကျက်ကို ဧရိယာဘယ်လောက်ကို Cabinet အစည်းအဝေးဆုံးဖြတ်ချက်အရ စားကျက်မြေအဖြစ် ပြန်လည်သတ်မှတ်လိုက်ပါသည်။ အဲ့ဒါကိုမေးခြင်းဖြစ်ပါတယ်။ ဘယ်နမြို့နယ်ဆိုတာကို စာလေးနဲ့ဖြေကြားပေးဖို့ မေတ္တာရပ်ခံတာပါ ဥက္ကဋ္ဌကြီးရှင့်။

**ဥက္ကဋ္ဌ။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဒေါ်ရီရီထိုက်ရဲ့ မေးခွန်းအမှတ်စဉ်(၁)ကို ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ကျွန်တော်အခု တင်ပြတဲ့အထဲမှာ ပယ်ဖျက်လိုက်တဲ့ဧကနဲ့ မြို့နယ်တွေပါပါတယ်။ စားကျက်အဖြစ်ပြန်ထားဖို့က ထန်းတပင်မြို့နယ်မှာပဲရှိပါတယ်။ စားကျက်အဖြစ် ပြန်ထားဖို့။ အခုပြောတာက စားကျက်သတ်မှတ်တယ်ဆိုတဲ့ကိစ္စကတော့ မှတ်တမ်းအနေနဲ့သွားထားတဲ့ အစည်းအဝေးဆုံးဖြတ်ချက် နဲ့ သွားတဲ့ကိစ္စဖြစ်တဲ့အတွက် အသစ်သတ်မှတ်တဲ့စားကျက်ကို ဆိုလိုတာဖြစ်မယ်လို့ ကျွန်တော့် အနေနဲ့ ရှင်းရှင်းလင်းလင်းသိချင်ပါတယ်။ စားကျက်အဖြစ်နဲ့ သတ်မှတ်တဲ့ဟာကိုပြောတာလား။ အသစ်သတ်မှတ်တာလား။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။စားကျက်အဖြစ်သတ်မှတ်လိုက်တာကို ပြောတာ။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ စားကျက်အဖြစ်သတ်မှတ်တဲ့ စားကျက်ရှိ/မရှိကတော့ ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြပြီး စာနဲ့ပေးပို့ ဖြေကြားပေးပါမယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ (ဒေါ်ရီရီထိုက်မေးမြန်းသည့် ၅(ဂ)(၁)ဆက်စပ်မေးခွန်းအပေါ် စာဖြင့်ဖြေကြားချက်ကို ပူးတွဲဖော်ပြပါမည်။)

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်၊ လက်ပန်ကျေးရွာ၊ ကွင်းအမှတ်(၇၅၆) (က) ကွင်းတွင် ယာယီပုံစံ(၃)ဖြင့် လုပ်ကိုင်နေရသော တောင်သူ (၁၄)ဦး၏ (၂၇.၆၇)ကေအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ တည်ဆဲဥပဒေအရ ပုံစံ(၇)များပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **"ဝေါမြို့နယ်၊ လက်ပန်ကျေးရွာ၊ ကွင်းအမှတ် (၇၅၆) (က) ကွင်းတွင် ယာယီပုံစံ(၃)ဖြင့် လုပ်ကိုင်နေရသော တောင်သူ(၁၄)ဦး၏ (၂၇.၆၇) ကေအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ တည်ဆဲဥပဒေအရ ပုံစံ(၇)များပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ လက်ပန်ကျေးရွာ၊ ကွင်းအမှတ်(၇၅၆) (က)ကွင်း တောင်သူ (၁၄)ဦးသည် ယာယီပုံစံ(၃)ကို (၂၇.၆၇)ကေ ရရှိထားပါသည်။ ယာယီပုံစံ(၃)ကို တစ်နှစ်ကျော် ကြာသည်အထိ လယ်ယာလုပ်ငန်းလုပ်ကိုင်နေသည့်အခါ ပုံစံ(၇)မရရှိသေးသည့်အတွက် မြန်မာ့ လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများ မရရှိသည့်အတွက် များစွာနစ်နာနေပါသည်ဟု ဒေသခံ လွှတ်တော်ကိုယ်စားလှယ်ထံ တင်ပြလာကြပါသည်။ ထို့ကြောင့် (၁)နှစ်ကျော်ကြာသည်အထိ ယာယီပုံစံ (၃)ဖြင့် လုပ်ကိုင်နေရသော တောင်သူ(၁၄)ဦး၏ (၂၇.၆၇)ကေအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ တည်ဆဲဥပဒေအရ ပုံစံ(၇)များပြုလုပ်ပေးပါရန် တောင်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်း မေးမြန်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်၊ လက်ပန်ကျေးရွာ၊ ကွင်းအမှတ်(၇၅၆) (က)ကွင်းတွင် ယာယီပုံစံ(၃)ဖြင့် လုပ်ကိုင်နေရသော တောင်သူ(၁၄)ဦး၏ (၂၇.၆၇)ကေအား သက်ဆိုင်ရာ**

**တာဝန်ရှိသူများမှ တည်ဆဲဥပဒေအရ ပုံစံ(၇)များပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ဝေါမြို့နယ်၊ လက်ပံကျေးရွာအတွင်းရှိ ကွင်းအမှတ် (၇၅၆-က) ကွင်းအတွင်းရှိ တောင်သူ(၁၄)ဦး၏ ဧရိယာ(၂၇ .၆၇)ကေအား (၂၀.၁၂.၂၀၁၈)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အစည်းအဝေး အတည်ပြုဆုံးဖြတ်ချက်အရ ယာယီလယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၃)များအား ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ တောင်သူများမှလည်း ပဲအမျိုးမျိုးအား စိုက်ပျိုးလုပ်ကိုင်လျက်ရှိပြီး ခိုင်လုံစွာဖြင့် လုပ်ကိုင်နေသူများဖြစ်ခြင်း၊ ပုံစံ(၃)ရရှိထားသည်မှာလည်း (၁)နှစ်ကျော်ကြာပြီဖြစ်ခြင်းတို့ကြောင့် ပုံစံ(၃)ရရှိထားသည့် တောင်သူများအနေဖြင့် လယ်ယာမြေဥပဒေ ပုဒ်မ(၄)အရ သက်ဆိုင်ရာ ရပ်/ကျေးလယ်စီအဖွဲ့များထံတွင် ပုံစံ(၁)ဖြင့် လျှောက်ထားရန်လိုအပ်ပြီး ပုံစံ(၁)ဖြင့် လျှောက်ထားလာမှသာ ပုံစံ(၇)ရရှိရေးအတွက် လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးရှင့်- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဝန်ကြီးပြောတဲ့လုပ်ငန်းစဉ်ကို တောင်သူ(၁၄)ဦးက ပုံစံ(၁)လျှောက်ထားပြီးပါပြီ။ မြန်ဆန်အောင်လို့ တိုက်တွန်းနှိုးဆော်ပေးဖို့ မြို့နယ်အဆင့်၊ ခရိုင်အဆင့်တို့ကို ဆက်စပ်မေးခွန်း မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ‌ဝှ‌ဋ္ဌ။** ။ဖြေကြားချက်ထဲမှာတော့ ကွင်းနံပါတ် ၅၇၆(က)လို့ပါတယ်။ အဲ့ဒါအမှန်လား။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော်တို့ မှားလို့ဆိုပြီး မြေစာရင်းဦးစီးဌာနက ပြန်ပြင်ပေးထားပါတယ်။ ၇၅၆ ပါ ခင်ဗျာ။

**ဥက္ကဋ္ဌ။** ။ဒေါ်ရီရီထိုက်မေးမြန်းသည့် ဆက်စပ်မေးခွန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။အခုလက်ရှိ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက် မေးမြန်းတဲ့ ဆက်စပ်မေးခွန်းအပေါ်မှာ ပုံစံ(၁) လျှောက်ထားပြီးဖြစ်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ကျွန်တော်တို့အနေနဲ့ တတ်နိုင်သမျှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေပါတယ်။ သီးခြားအနေနဲ့တော့ pending လုပ်ထားခြင်း ဆိုင်းငံ့ထားခြင်းမရှိပါဘူး။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် သိမ်းဆည်းမြေများ ပြန်လည်စိစစ်ရေး ကော်မတီကနေ တာဝန်ပေးအပ်တဲ့ မြေစစ်လုပ်ငန်းများ ပဲခူးက (၈၅၅) တွဲ၊ တိုင်းဒေသကြီးက (၅၀၀) ကျော် စုစုပေါင်း အမှုတွဲပေါင်း တစ်ထောင်ကျော် မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဧက(၉၄၀၀၀) ကို ပြန်လည်ပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်နေရတဲ့လုပ်ငန်းတွေ၊ နောက်တစ်ခုက လယ်ယာမြေ အငြင်းပွားမှုနဲ့ပတ်သက်တဲ့ အမှုတွဲများနဲ့ လယ်ယာမြေပုံစံ(၇) ထုတ်ပေးတဲ့အမှုတွဲတွေ၊ တိုင်ကြားစာများနဲ့ ပတ်သက်ပြီး စိစစ်ရတဲ့ကိစ္စတွေနဲ့ အားလုံးမြေယာလုပ်ငန်းများ ဒါမိခင်ဌာနရဲ့ တာဝန်များဖြစ်ပါတယ်။ ဒါ့အပြင် စားကျက်မြေ၊ မြို့မြေ၊ အခြားသော စက်မှု၊ လက်မှုလုပ်ငန်းမြေစတဲ့မြေများ၊ အင်းမြေများ ဒါတွေကိုတိုင်းတာဖို့ အစိုးရအဖွဲ့ရဲ့တာဝန်ပေးချက်နဲ့အတူဆောင်ရွက်နေရတာဖြစ်တဲ့အတွက် ကျွန်တော်တို့ အနေနဲ့ တတ်နိုင်သမျှအမြန်ဆုံးဖြစ်အောင် ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ် ပါသည်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်ထုတ်လုပ်ခွင့်လိုင်စင်ချထားပေးမှုများ မည်သည့်အတွက်ကြောင့် နှောင့်နှေးကြန့်ကြာနေသည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **"အုတ်ထုတ်လုပ်ခွင့်လိုင်စင်ချထားပေးမှုများ မည်သည့်အတွက်ကြောင့် နှောင့်နှေးကြန့်ကြာနေသည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်း၍ အုတ်ထုတ်လုပ်ခြင်းလုပ်ငန်းသည် နိုဝင်ဘာလမှ ဧပြီလအတွင်း ပွင့်လင်းရာသီ၌ ဆောင်ရွက်ရသော လုပ်ငန်းဖြစ်ပါသည်။ သို့ပါသော်လည်း လုပ်ငန်းလိုင်စင်ချထားပေးရာတွင် သက်ဆိုင်ရာ ဝန်ကြီးမှ (၂၀.၅.၂၀၂၀)နေ့ရက်စွဲဖြင့် တိုင်းဒေသကြီးမြစ်သဲ၊ ကျောက်၊ အုတ်ထုတ်လုပ်ခြင်း၊ ကြီးကြပ်ရေး

ကော်မတီတို့ ခွင့်ပြုချထားခြင်း တွေ့ရှိရပြီး မြို့နယ်အဆင့်လုပ်ငန်း ကြီးကြပ်ရေးကော်မတီသို့ (၁၆.၆.၂၀၂၀)နေ့မှ ခွင့်ပြုမိန့်စာများရောက်ရှိလာသည်ကို တွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် လုပ်ငန်းရှင်များသို့ အခွန်ကောက်ခံရာတွင် လုပ်ငန်းပြီးစီးလုပ်ကိုင်ပြီးမှ ကောက်ခံရသည့်အတွက် အလွန်အခက်အခဲများ ဖြစ်ပေါ်ခဲ့ရခြင်းကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဆွာအထပ်သားစက်ရုံ MKTI ကုမ္ပဏီလီမိတက်ဖျက်သိမ်းပြီး စက်ရုံအဆောက်အဦများ လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုသဘောထားရယူထားခြင်းရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ **"ဆွာအထပ်သား စက်ရုံ MKTI ကုမ္ပဏီလီမိတက်ဖျက်သိမ်းပြီး စက်ရုံအဆောက်အဦများ လေလံတင်ရောင်းချခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုသဘောထား ရယူထားခြင်းရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ရေတာရှည်မြို့နယ်၊ ဆွာမြို့၊ အထပ်သားစက်ရုံသည် နှစ်ပေါင်းများစွာကြာမြင့်သည့်ကာလမှစ၍ နိုင်ငံတော်မှ ထိုအထပ်သားစက်ရုံကို တည်ဆောက်ခဲ့သဖြင့် ဆွာမြို့ဟူသောအမည်မှာ နိုင်ငံအတွင်း ထင်ရှားခဲ့သော မြို့တစ်မြို့ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ဆွာမြို့ရှိ မြို့သူ/မြို့သားများမှ ဆွာမြို့၏ သမိုင်းကြောင်းနှင့်အတူ ပေါ်ထွန်းခဲ့သော ထိုအထပ်သားစက်ရုံအပေါ် အထင်ကရအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ တန်ဖိုးထားစောင့်ကြည့်နေကြသူများဖြစ်ကြပါသည်။ ခေတ်အဆက်ဆက် နိုင်ငံတော်မှ ထိုအထပ်သားစက်ရုံအား ဒေသခံစက်ရုံလုပ်သားများဖြင့် လည်ပတ်ရာမှ နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်ပြောင်းလဲ ဆောင်ရွက်လုပ်ကိုင်ခဲ့သည်မှာ ယခုအချိန်အထိဖြစ်ပါသည်။ ယခုနောက်ဆုံး နိုင်ငံတော်နှင့် ဖက်စပ်ဆောင်ရွက်သည့်ကုမ္ပဏီမှာ MKTI မြန်မာ–ကိုးရီးယား အပြည်ပြည်ဆိုင်ရာ သစ်လုပ်ငန်းလီမိတက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ထိုကုမ္ပဏီသည် ၂၀၁၉ခုနှစ်၊ အောက်တိုဘာလတွင် စက်ရုံထုတ်လုပ်မှုများ ရပ်ဆိုင်းခဲ့၍ စက်ရုံလုပ်သားများအား ဥပဒေနှင့်အညီ လျော်ကြေးများ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

သို့သော် MKTI ကုမ္ပဏီလီမိတက်မှ စက်ရုံရှိအဆောက်အဦများနှင့် ဆက်စပ်ပစ္စည်းများအား လေလံတင်ရောင်းချမှုကို မြို့နယ်အဆင့်ဌာနဆိုင်ရာများ မသိရှိဘဲ လေလံရရှိသူမှ ဖျက်သိမ်းသယ်ယူရောင်းချနေသည်ကို သိရှိရသဖြင့် ဆွာမြို့ ပြည်သူလူထုမှ မိမိတို့မြို့၏ အထင်ကရဖြစ်သော စက်ရုံကြီး၏ အဆောက်အဦများအား ဖျက်သိမ်းနေသည်ကို တွေ့ရှိသဖြင့် တင်ပြတိုင်ကြားလာရာ ၎င်းစက်ရုံသည် ယခင်အစိုးရလက်ထက်မှ ဆောက်လုပ်ခဲ့သော အဆောက်အဦများပါ ဖျက်သိမ်းခံရခြင်းသည် သက်ဆိုင်ရာအစိုးရဌာနမှ ခွင့်ပြုချက်ရရှိခြင်းရှိ/မရှိနှင့် ထိုလေလံရောင်းချမှုမှရရှိသောဝင်ငွေအား နိုင်ငံတော်သို့ မည်ကဲ့သို့ ပြန်လည်ပေးသွင်းခဲ့ခြင်း ရှိ/မရှိတို့ကို သိရှိလိုပါသဖြင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား သယံဇာတ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]**။ ။ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်ထုတ်လုပ်ခွင့်လိုင်စင်ချထားပေးမှုများ မည်သည့်အတွက်ကြောင့် နှောင့်နှေးကြန့်ကြာနေသည် ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ဓာတ်သတ္တုလိုင်စင် (အုတ်)ထုတ်လုပ်မှုလုပ်ငန်းများနှင့်ပက်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရ ပါသည်-

- အုတ်ထုတ်လုပ်မှုလုပ်ငန်းလျှောက်ထားလာသည့် လုပ်ငန်းရှင်များအနေဖြင့် ပဲခူးတိုင်း ဒေသကြီးမြစ်သဲ၊ ကျောက်၊အုတ်ထုတ်လုပ်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီ(SOP) အရလျှောက်ထားမည့် လုပ်ငန်းရှင်များသည် ဇွန်လအထိ လျှောက်လွှာများ နောက်ဆုံး ထားလျှောက်ထားစေပြီး သက်ဆိုင်ရာဌာနများဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ် လမ်း ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ပဲခူးတိုင်း ဒေသကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့၏ ထောက်ခံချက်များ ရယူ ဆောင်ရွက်လျက် လုပ်ငန်းလျှောက်ထားဆောင်ရွက်ရခြင်း၊ လုပ်ငန်းဆောင်ရွက်မည့် သက်ဆိုင်ရာကျေးရွာအုပ်စု/ရပ်ကွက်များတွင် ကန့်ကွက်လွှာခေါ်ယူရခြင်း၊ သက်ဆိုင်ရာ ကျေးရွာအုပ်စု/ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ ထောက်ခံချက်များနှင့် ပတ်ဝန်းကျင် ထောက်ခံချက်များ ရယူဆောင်ရွက်ရခြင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ စိစစ်တင်ပြချက်များ ရယူဆောင်ရွက်လျက် တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနသို့တင်ပြဆောင်ရွက်ကာ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီး မြစ်သဲ၊ ကျောက်၊ အုတ် ထုတ်လုပ်မှု လုပ်ငန်းများကြီးကြပ်မှုကော်မတီသို့ ခွင့်ပြုချက်ရရှိနိုင်ရေး စိစစ်တင်ပြရ ပါသည်။
- ပဲခူးတိုင်းဒေသကြီး မြစ်သဲ၊ ကျောက်၊ အုတ်ထုတ်လုပ်မှုလုပ်ငန်းများ ကြီးကြပ်မှု ကော်မတီ၏ အစည်းအဝေးတွင်အတည်ပြုချက်၊ ခွင့်ပြုချက်ဖြင့် ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်များသို့ အကြောင်းကြား ဆောင်ရွက်ပြီး ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှလည်း ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ အကြောင်းကြားလာမှုအပေါ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ

ခွင့်ပြုလာသည့် လုပ်ငန်းရှင်များမှပေးသွင်းရမည့် အခွန်ငွေများအား ဘဏ်သို့ ပေးသွင်း ဆောင်ရွက်နိုင်ရေး အကြောင်းကြားဆောင်ရွက်ရပါသည်။

- လုပ်ငန်းရှင်များမှလည်း ပေးသွင်းရမည့်အခွန်များအား မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ရေးသွင်းဆောင်ရွက်ပေးသည့် အခွန်ချလန်နှင့်အတူ သက်ဆိုင်ရာ ဘဏ်များသို့ လုပ်ငန်းရှင်များ ကိုယ်တိုင်ပေးသွင်းဆောင်ရွက်ရပါသည်။
- ဘဏ်သို့ပေးသွင်းဆောင်ရွက်ပြီးသည့်ငွေသွင်းချလန်မူရင်းအား ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ တင်ပြစေလျက် ခွင့်ပြုလိုင်စင်ကတ်ထုတ်ယူ ဆောင်ရွက်ရ ပါသည်။

ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် အထက်အပိုဒ်(၁)ပါ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရာတွင် အဆင့်ဆင့်ဆောင်ရွက်ရ၍ တင်ပြချက်များအား တိုင်းဒေသကြီး မြစ်၊ သဲ၊ ကျောက်၊ အုတ်ကော်မတီမှ ထုတ်ပြန်ထားသည့် SOP စည်းကမ်းချက်များနှင့်အညီ OA (အခြားမြေ) အမျိုးအစားများကိုသာခွင့်ပြုပြီး လယ်မြေ/ယာမြေဖြစ်ပါက အခြားနည်းအသုံးပြုခွင့်၊ မြေလွတ်/မြေရိုင်း ဖြစ်ပါက မြေလွတ်/မြေရိုင်းလုပ်ကိုင်ခွင့် ခွင့်ပြုမိန့်ပါရှိပြီး ပြည့်စုံမှန်ကန်၍ ကန့်ကွက်မှုများမရှိပါက လုပ်ငန်းများကြန့်ကြာမှုမရှိအောင် အလေးထားဆောင်ရွက်နေပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန]။** ။ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဆွာအထပ်သားစက်ရုံ MKTI ကုမ္ပဏီလီမိတက်ဖျက်သိမ်းပြီး စက်ရုံအဆောက်အဦများ လေလံတင် ရောင်းချခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုသဘောထားရယူထားခြင်းရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်၊ ဆွာမြို့တွင်တည်ရှိသော Myanmar Korea Timber International Ltd ၏ အထပ်သားစက်ရုံအား ၁၉၆၅-၁၉၆၆ ခုနှစ်တွင် အမှတ်(၃)အထပ်သားစက်ရုံအဖြစ် တည်ဆောက်ခဲ့ပြီး တန်ဖိုးငွေ(၁၀.၄၇)သန်း (တရုတ်ပြည်သူ့သမ္မတ နိုင်ငံချေးငွေ)ဖြင့် စတင်ဆောင်ရွက်ခဲ့ပါသည်။

၁၉၉၁ ခုနှစ်တွင် မြန်မာ့သစ်လုပ်ငန်းမှ အထပ်သားစက်ရုံအား ကျပ်(၃၃.၂၆၃)သန်း တန်ဖိုး သတ်မှတ်၍ MKTI သို့ (မြေသားမပါ) လွှဲပြောင်းရောင်းချပါသည်။ ဖက်စပ်ကုမ္ပဏီအဖြစ် မြန်မာ့သစ် လုပ်ငန်းမှ (၄၅%) ကျပ်(၂.၇)သန်း၊ ကိုရီးယားအဖွဲ့မှ(၅၅%) ကျပ် (၃.၃)သန်း၊ စုစုပေါင်း ကျပ်(၆)သန်း အစုရှယ်ယာထည့်ဝင်၍ စတင်လည်ပတ်ခဲ့ပါသည်။

မူလကရင်းနှီးမြှုပ်နှံခဲ့သော ကိုရီးယားနိုင်ငံဒေဝူးကုမ္ပဏီနှင့် ဆမ်ဝမ်ကုမ္ပဏီတို့မှ ယင်းတို့၏ ရှယ်ယာအား Sunchang Corp; သို့ ၂၀၁၃ ခုနှစ်တွင် လွှဲပြောင်းခဲ့သဖြင့် လက်ရှိအချိန်တွင် ဖက်စပ် ကုမ္ပဏီ၏ အစုရှယ်ယာပိုင်ဆိုင်မှုမှာ မြန်မာ့သစ်လုပ်ငန်းမှ ၄၅% Sunchang Corp; မှ ၅၅% ဖြစ်ပါသည်။

မြန်မာ့သစ်လုပ်ငန်းမှ ဆွာစက်ရုံမြေ (၅၆၀၀၀) စတုရန်းမီတာအားနှစ်စဉ်မြေငှားရမ်းခ US $ (39,200)ဖြင့် နိုင်ငံတော်သို့ နှစ်စဉ်ပေးသွင်းစေခဲ့ပါသည်။

ဖက်စပ်လုပ်ငန်း၏ သက်တမ်းမှာမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်အရ မူလသက်တမ်း နှစ် (၂၀ + ၅) နှစ်သက်တမ်းတိုးနှစ်ကြိမ် (၂၀ + ၅ + ၅) စုစုပေါင်း ၃၀ နှစ်ဖြစ်ပါသည်။ (၇-၁၁-၁၉၉၉)တွင် စာချုပ်သက်တမ်းစတင်သဖြင့် ပထမအကြိမ် နှစ်(၂၀)အား (၆-၁၁-၂၀၁၁)တွင် သက်တမ်းပြည့်ပြီးနောက် (၅)နှစ်သက်တမ်းနှစ်ကြိမ်တိုးပြီး (၆-၁၁-၂၀၂၁)နေ့တွင် လုံးဝသက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။

MKTI (JV Co;) အနေဖြင့် ဆွာအထပ်သားစက်ရုံအား လုပ်ငန်းဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်တော့ပါသဖြင့် မြန်မာ့သစ်လုပ်ငန်းသို့ အကြောင်းကြား၍ သဘောတူညီချက်ရယူပြီး ဖျက်သိမ်းခြင်းလုပ်ငန်းများ စတင်လုပ်ဆောင်ခြင်းဖြစ်ပါသည်။

ပြည်ထောင်စုဝန်ကြီးရုံးမှလည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ထံ သဘောထားမှတ်ချက်ခံယူပြီး ဖျက်သိမ်းနိုင်ကြောင်း သဘောထားမှတ်ချက်များအရ Myanmar Korea Timber International Ltd.,အား ဖျက်သိမ်းနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

MKTI Co; အားဖျက်သိမ်းရန် ဝန်ကြီးဌာနမှ သဘောတူပြီးဖြစ်၍ ဖက်စပ်ကုမ္ပဏီအနေဖြင့် လုပ်သားများအား ဥပဒေနှင့်အညီ လျော်ကြေးပေးအပ်၍ အလုပ်ရပ်ဆိုင်းခြင်း၊ ထုတ်ကုန်များ၊ ကုန်ကြမ်းများနှင့် ပုံသေပိုင်ပစ္စည်း၊ အဆောက်အဦများအား ထုခွဲရောင်းချ၍ စာရင်းရှင်းလင်းခြင်းများကို ကုမ္ပဏီ၏ အစီအစဉ်ဖြင့်သာ ဆက်လက်ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

မြေငှားခသက်တမ်းကုန်ချိန်ဖြစ်သော ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအပြီးတွင် MKTI စက်ရုံမြေနေရာအား မြန်မာ့သစ်လုပ်ငန်းသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရမည်ဖြစ်သဖြင့်လည်း ပြန်လည်လွှဲအပ်ချိန်တွင် မြေနေရာအားရှင်းလင်းထားပြီးဖြစ်ရန် လိုအပ်သဖြင့် စက်ရုံအဆောက်အဦနှင့် စက်ပစ္စည်းများသည် ကုမ္ပဏီစတင်တည်ထောင်သည့် ၁၉၉၁ ခုနှစ် ကတည်းက MKTI Co; သို့ အပြီး အပိုင်လွှဲပြောင်းရောင်းချပြီးဖြစ်ရာ MKTI Co; ပိုင် ပစ္စည်းများဖြစ်သွားသည့်အတွက် Board Of Director အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီအနေဖြင့် ဖျက်သိမ်းခြင်းဖြစ်ပါသည်။

မဖျက်သိမ်းမီ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းသို့ အသိပေးအကြောင်းကြားရန် အားနည်းချက်မှာ ကုမ္ပဏီ၏ အားနည်းချက်သာဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ညောင်လေးပင်မြို့တွင် အမှိုက်စွန့်ပစ်ရန် မြေနေရာအတွက် ခွင့်ပြုမိန့်ချထားပေးပြီး မြေပိုင်ဆိုင်မှုအား စွန့်လွှတ်လွှဲပြောင်းရန် ညွှန်ကြားထားသော်လည်း (၁)နှစ်ကျော်ကြာသည်အထိ ထူးခြားမှုမရှိ၍ အမြန်ဆုံးလွှဲပြောင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ "ညောင်လေးပင်မြို့တွင် အမှိုက်စွန့်ပစ်ရန် မြေနေရာအတွက် ခွင့်ပြုမိန့်ချထားပေးပြီး မြေပိုင်ဆိုင်မှုအား စွန့်လွှတ်လွှဲပြောင်းရန် ညွှန်ကြားထားသော်လည်း (၁)နှစ်ကျော်ကြာသည်အထိ ထူးခြားမှုမရှိ၍ အမြန်ဆုံးလွှဲပြောင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့တွင် အမှိုက် စွန့်ပစ်ရန် မြေနေရာအခက်အခဲဖြစ်နေသည်မှာ အလွန်ကြာပြီဖြစ်ပါသည်။ ထို့ကြောင့် (၁၇.၃.၂၀၁၉) ရက်နေ့ ညောင်လေးပင်မြို့ တိုင်းရင်းဆေးရုံဖွင့်ပွဲအခမ်းအနားသို့လာရောက်သော ဝန်ကြီးချုပ်ခရီးစဉ်တွင်လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၏ တင်ပြချက်အရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စွန့်လွှတ်မြေ ဖြစ်သော ညောင်လေးပင်မြို့နယ်၊ မုက္ခမူကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၇၅-က) ဦးပိုင်အမှတ်(၉)၊ ရေနက်ကွင်း(လယ်မြေ)(၁၅)ကေအား ဝန်ကြီးချုပ်ကိုယ်တိုင် ကွင်းဆင်းကြည့်ရှု၍ အမှိုက်စွန့်ပစ်ရန် နေရာအသုံးပြုရန် ခွင့်ပြုမိန့်ပေးခဲ့ပါသည်။

အဆိုပါကိစ္စမှာ ကြန့်ကြာနေသည့်အတွက် (၂၉.၇.၂၀၁၉)ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ် (၄)ဦး လက်မှတ်ထိုး၍ ဝန်ကြီးချုပ်ထံစာရေးသားပေးပို့၍ ထပ်မံတင်ပြခဲ့ပါသည်။ ထိုသို့တင်ပြချက်အရ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ "မြေပိုင်ဆိုင်မှုအား စွန့်လွှတ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ မြေလွှဲပြောင်းပေးရေး ဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ပြန်လည်တင်ပြရန်"ဟု (၈.၈.၂၀၁၉)ရက်နေ့တွင် အကြောင်းကြားခဲ့ပါသည်။

ဆက်လက်၍ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ (၁၅.၈.၂၀၁၉)ရက်နေ့တွင် ထပ်မံအကြောင်းကြားခဲ့သည်။ ထို့နောက် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (၂၃.၈.၂၀၁၉)ရက်နေ့တွင် ထပ်ဆင့် အကြောင်းကြားခဲ့ပါသည်။

သို့သော် ယနေ့အချိန်အထိ အဆိုပါမြေပိုင်ဆိုင်မှုစွန့်လွှတ်ခြင်း၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့သို့ မြေလွှဲပြောင်းခြင်းကိစ္စများမှာ အကောင်အထည်ဖော်နိုင်ခြင်းမရှိသေးပါ။

သို့ဖြစ်ပါ၍ ညောင်လေးပင်မြို့ အမှိုက်စွန့်ပစ်ရန်နေရာအတွက် ဝန်ကြီးချုပ်မှ ခွင့်ပြုမိန့်ချပြီး သက်ဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်ဖြစ်သော တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဆင့်ဆင့်ညွှန်ကြားပြီးဖြစ်သော်လည်း "မြေပိုင်ဆိုင်မှုအား စွန့်လွှတ်ရန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ မြေလွှဲပြောင်းပေးရေး ဆောင်ရွက်သွားရန်"ကိစ္စမှာ မည်သည့်အတွက် ကြန့်ကြာနေကြောင်း သိရှိလိုပြီး လျှင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးအောင်နိုင်ဦးမေးမြန်းသည့် မေးခွန်းအား သယံဇာတ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]။** ။ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ညောင်လေးပင်မြို့တွင် အမှိုက်စွန့်ပစ်ရန် မြေနေရာအတွက် ခွင့်ပြုမိန့်ချထားပေးပြီး မြေပိုင်ဆိုင်မှုအား စွန့်လွှတ်လွှဲပြောင်းရန် ညွှန်ကြားထားသော်လည်း (၁)နှစ်ကျော်ကြာသည်အထိ ထူးခြားမှုမရှိ၍ အမြန်ဆုံးလွှဲပြောင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိမရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ဖြေကြားချက်မှာ (၂)ပိုင်းဖြေကြားမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဖြေကြားချက်နှင့် တိုင်းစည်ပင်သာယာရေး၏ ဖြေကြားချက်ကို ချိတ်ဆက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။

**(တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)**

အဆိုပါကိစ္စနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စွန့်လွှတ်မြေဖြစ်သည့် မုက္ခမူကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၇၅-က) ဦးပိုင်အမှတ်(၉)၊ ရေနက်ကွင်း၊ လယ်မြေ(၁၅)ဧကကို ညောင်လေးပင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် လယ်ယာမြေပုံစံ(၇) ရရှိထားပြီးဖြစ်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ အမှိုက်ပုံမြေနေရာအဖြစ် အသုံးပြုနိုင်ရေး မူလပုံစံ(၇)အား ပယ်ဖျက်ခွင့်ဦးစွာ တင်ပြရန်လိုအပ်ပါသည်။

ထိုသို့တင်ပြရာ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြ၍ ထိုမှတစ်ဆင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့လည်းကောင်း အသီးသီးတင်ပြရမည်ဖြစ်ပါကြောင်း၊ ထိုသို့တင်ပြပြီးပါက ပုံစံ(၇)ပယ်ဖျက်ခွင့်ရရှိလျှင် မြေနေရာလွှဲပြောင်း လက်ခံလိုသည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၎င်းမြေနေရာတည်ရှိသည့် မုက္ခမူကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် အဆင့်ဆင့် ဆက်လက်လျှောက်ထားသွားရမည်ဖြစ်ပါသည်။

ညောင်လေးပင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပုံစံ(၇)ပယ်ဖျက်ခွင့်အား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက်နေ့တွင် တင်ပြထားရှိပါကြောင်းနှင့် ပုံစံ(၇)ပယ်ဖျက်ခွင့်ရရှိပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ဆက်လက်လွှဲပြောင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနှင့် ဖြေကြားအပ်ပါသည်။

**(စည်ပင်သာယာရေးအဖွဲ့)**

ညောင်လေးပင်မြို့အဝင်ရှိ အမှိုက်ပုံအား သတ်မှတ်မြေနေရာသို့ အမြန်ဆုံးပြောင်းရွှေ့စေရေး နှင့် လက်ရှိအမှိုက်ပုံနေရာအား ရှင်းလင်းဆောင်ရွက်ရန် ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်အရ ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေပိုင်ဆိုင်မှုအား စွန့်လွှတ်ရန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ မြေလွှဲပြောင်းပေးစေရေး ဆောင်ရွက်သွားရန် (၂၃.၈.၂၀၁၇) ရက်နေ့တွင် ညွှန်ကြားခဲ့ပါသည်။

ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စွန့်လွှတ်မြေ(၁၅)ဧကမှ(၅)ဧကအား အမှိုက်စွန့်ပစ်ရန်မြေနေရာအဖြစ်ဆောင်ရွက်ရန် စာချုပ်စာတမ်း၊ အထောက်အထားများအား လွှဲပြောင်း

ပေးအပ်ပါရန် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (၈.၆.၂၀၂၀)ရက်နေ့တွင် တင်ပြဆောင်ရွက်ထားပြီးဖြစ်သော်လည်း ညောင်လေးပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ယနေ့အထိ လွှဲပြောင်းပေးအပ်ခြင်းမရှိသေးပါသဖြင့် ညောင်လေးပင်မြို့နယ် စည်ပင် သာယာရေးအဖွဲ့သို့ အဆိုပါစွန့်လွှတ်မြေ(၅)ကေအား အမြန်ဆုံး လွှဲပြောင်းပေးသင့်ပါကြောင်း၊ ထိုသို့ လွှဲပြောင်းပေးအပ်မှ သာလျှင် ညောင်လေးပင်မြို့အဝင်ရှိ အမှိုက်ပုံကြီးအား မြို့အင်္ဂါရပ်နှင့်အညီ အမြန်ဆုံးပြောင်းရွှေ့ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်စပ်ပြီးဖြေကြားရမည်ဆိုလျှင် အပိုင်း(၂)ပိုင်းဖြစ်သည့် ပုံစံ(၇)ပယ်ဖျက်ခွင့်ကို ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တင်ပြထားပြီး ပုံစံ(၇)ပယ်ဖျက်ခွင့်ကို ဆက်လက်ပြီး ဆောင်ရွက်သွားရန် တိုက်တွန်းဆောင်ရွက်သွားမှာဖြစ်ပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြေပိုင်ဆိုင်မှုကို စွန့်လွှတ်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ မြေလွှဲပြောင်းပေး စေရန် ခရိုင်မှမြို့နယ်သို့ အကြောင်းကြားချက် (၂၃-၈-၂၀၁၉)ရက်နေ့ ညွှန်ကြားချက်ကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဖြေကြားသွားတဲ့အတွက် ဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ဖြေကြားတဲ့ထဲမှာက ပုံစံ(၇)ပယ်ဖျက်ခွင့်ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့ကတည်းက တင်ပြထားတယ်လို့ပြောပါတယ်။ ဒါကတော့ ထွေ/အုပ်နဲ့ ဆိုင်တာပေါ့။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့ကတည်းက တင်ပြထားတာ အခုထက်ထိ လည်း ဘာမှမထူးခြားတဲ့ အနေအထားမှာရှိပါတယ်။

နောက်တစ်ခါ ဝန်ကြီးတို့စည်ပင်က ဖြေတဲ့အဖြေမှာလည်း ညောင်လေးပင်မြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ယနေ့အထိ လွှဲပြောင်းပေးအပ်ခြင်းမရှိသေးဘူးလို့ ဖြေထားပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့မြို့နယ်မှာလည်း သူတို့ချင်းလည်း တိုင်ပတ်နေတယ်။ ထွေ/အုပ်က မေးခွန်းလည်းတင်ရော မြို့နယ်အုပ်ချုပ်ရေးမှူးက ဒီဥစ္စာ ကိုအောင်နိုင်ဦးတို့ အမှိုက်ပစ်မယ်ဆိုရင်လည်း သွားပစ်လို့ရပါတယ်တဲ့။ ကျွန်တော်တို့ လွှဲပြောင်းဖို့က ပြီးတော့မှလုပ်လည်း ရပါတယ်တဲ့ခင်ဗျား ဖြစ်မလား။ တရားဝင် လွှဲပြောင်းဖို့လိုအပ်တယ်။ ဒီအမှိုက်ပုံကြီးကလည်း တော်တော်ဆိုးတဲ့ကိစ္စပါ။ ဝန်ကြီးဖြေတဲ့ထဲမှာ ပါ,ပါတယ်။ မြို့အင်္ဂါရပ်နဲ့ညီဖို့အတွက်ကို ကျွန်တော်တို့က အမြန်ဆုံးပြောင်းရွှေ့မှ ဖြစ်မဲ့အနေအထားမှာ

ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ တောင်းဆိုချက်အနေနဲ့ ကျွန်တော်တို့အစိုးရ သက်တမ်းအတွင်းမှာပဲ မြေလွှဲပြောင်းရေးကိစ္စတွေကို ပြီးစီးအောင်ဆောင်ရွက် နိုင်ခြင်းရှိ/မရှိ ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးအောင်နိုင်ဦးမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]**။ ။ ပြည်သူအတွက် ဆက်စပ်မေးခွန်းမေးမြန်းပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးကို အထူးကျေးဇူးတင်ပါတယ်။ ဆက်စပ်မေးခွန်းမေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးလည်း ပြောပြီးပါပြီ။ အဲ့ဒီမှာ အကြောင်းအရာနှစ်ချက်ပဲရှိပါတယ်။ တစ်ခုက ပုံစံ(၇) ပယ်ဖျက်တာပါ။ တစ်ခုက မြေပိုင်ဆိုင်မှုကို စည်ပင်သာယာရေးအဖွဲ့ကို လွှဲတာပါ။ ပုံစံ(၇)နဲ့ပတ်သက်တဲ့ ကိစ္စကို ဝန်ကြီးချုပ်ရဲ့ခရီးစဉ်ပြီးတဲ့အခါမှာ သက်ဆိုင်ရာမြို့နယ် ရပ်မိရပ်ဖများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်တကွ Cabinet ကို ကျွန်တော်ကိုယ်တိုင်ပဲ တင်ပေးခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အမြန်ဆုံးဆောင်ရွက်ဖို့ ဆိုပြီးတော့ Cabinet မှာဆုံးဖြတ်ချက်ချပြီးတော့ ဆက်လက်ဆောင်ရွက်အကောင်အထည်ဖော်ဖို့ တိုက်တွန်းခဲ့ပြီးသားလည်း ဖြစ်ပါတယ်။ (၂၃.၈.၂၀၁၉)ကတော့ ညောင်လေးပင်မြို့နယ်ခရီးစဉ်နဲ့ မဒေါက်ခရီးစဉ်သွားပြီးတဲ့အခါမှာ ကျွန်တော်ကိုယ်တိုင်ထပ်ပြီးတော့ ဒုတိယအကြိမ် ကွင်းဆင်းကြည့်တဲ့အခါမှာ ဒီမြေနဲ့ပတ်သက်လို့ အမြန်ဆုံးဆောင်ရွက်ဖို့အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အဲ့ဒီအချိန်မှာ မြို့နယ်အုပ်ချုပ်ရေးမှူးလည်းပါပါတယ်။ ဆောင်ရွက်ပေးဖို့အတွက် ကျွန်တော်ထပ်မံပြီးတော့ တိုက်တွန်းခဲ့ပြီးသားဖြစ်ပါတယ်။ အခုပုံစံ(၇)ပယ်ဖျက်ဖို့ကို မြို့နယ်ကနေခရိုင်ကို ပို့ထားတယ်။ တစ်ခါ မြေပိုင်ဆိုင်မှုကိုစွန့်ဖို့ ခရိုင်က မြို့နယ်ကို ပြန်ညွှန်ကြားတယ်ဆိုတာ ဒီနှစ်ခုတည်းနဲ့ပတ်ချာလည်နေတယ်။ ကိုယ်စားလှယ်ကြီးပြောတာ မှန်ပါတယ်။ အဲ့ဒီအတွက်ကြောင့် အခုကိုယ်စားလှယ်ကြီးရဲ့ တိုက်တွန်းချက်နဲ့အညီ ကျွန်တော်လာမယ့် အစိုးရအဖွဲ့အစည်းအဝေး Cabinet မှာ ဒီအကြောင်းအရာကို ပြန်တင်ပြပြီးတော့ မည်သို့ ဆက်လက်ဆောင်ရွက်မယ်ကို ကျွန်တော် ထပ်ပြီးတော့ တိုက်တွန်းဆောင်ရွက်သွားပါမယ်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးက ပဲခူးတိုင်းဒေသကြီး အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)အား အတည်ပြုပေးပါရန် တင်ပြခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ပဲခူးတိုင်းဒေသကြီး အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)အား အတည်ပြုပေးပါရန် တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]**။ ။(ပဲခူးတိုင်းဒေသကြီး အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)အား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ တိုင်းဒေသကြီ အစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ တင်ပြချက်အပေါ် တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ယခုဝန်ကြီး၏ တင်ပြချက်အပေါ် လွှတ်တော်က သဘောတူပါသလားခင်ဗျား-
[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား-
[လွှတ်တော်က သဘောမတူသူမရှိပါ။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ် အားလုံးက သဘောတူသည့်အတွက် ပဲခူးတိုင်းဒေသကြီး အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဥပဒေ(မူကြမ်း)အား တိုင်းဒေသကြီး လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါတယ်။

**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစီရင်ခံစာ(၃/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစီရင်ခံစာ(၃/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]။** ။ **အပိုဒ်(၉)၊ အမှိုက်ခွဲခြားသန့်စင်စက်အပါအဝင် အမှိုက်ချေဖျက် စက်ရုံအား စဉ်ဆက်မပြတ် အသုံးပြုနိုင်ရေးနည်းလမ်းများ သုံးသပ်ရှာဖွေပြီး ဖော်ဆောင်လုပ်ကိုင်သင့်ကြောင်း**

ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အမှိုက်ခွဲခြားသန့်စင်စက်အား(၂၀၁၇-၂၀၁၈)ခုဘဏ္ဍာရေးနှစ်တွင် ဖြည့်စွက်ခွင့်ပြုငွေ ကျပ် ၂၂၅၈.၁၈ သိန်းဖြင့် ဝယ်ယူ၍ ဖဲဖောင်တော်ကွင်း အမှိုက်ကန်ဟောင်း၌ ဆောင်ရွက်ခဲ့ပါတယ်။ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အမှိုက်သိမ်းယာဉ် (၁၁)စီးဖြင့် အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီး ဆင်ဖြူကွင်းအမှိုက်ကန်သို့ အမှိုက်စွန့်ပစ်လျက်ရှိရာ အဆိုပါအမှိုက်သိမ်းယာဉ်(၁၁)စီးအနက် (၂)စီးအား ဖဲဖောင်တော်ကွင်း အမှိုက်ခွဲခြားစက်ရှိရာသို့ စွန့်ပစ်၍ အမှိုက်ခွဲခြားစက်အား (၂၀၁၈)ခုနှစ် ဇူလိုင်လမှ (၂၀၁၉)ခုနှစ် ဇန်နဝါရီလအထိ လည်ပတ်ဆောင်ရွက်ခဲ့ပါတယ်။ အမှိုက်ခွဲခြားစက်လည်ပတ်ရာတွင် ပြင်ပအမှိုက်ခွဲခြား အတွေ့အကြုံရှိအဖွဲ့နှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါတယ်။ အမှိုက်ခွဲခြားစက်အား (၂၀၁၈)ခုနှစ် ဇူလိုင်လမှ (၂၀၁၈) ခုနှစ် ဒီဇင်ဘာလအထိ (၆)လတာကာလအတွက် ဝင်ငွေ/ထွက်ငွေစာရင်းအား စိစစ်တွက်ချက်ရာ (၆)လအတွင်း အသားတင်ရှုံးငွေကျပ် (၆၅၈၉၇၀၂) (ကျပ်ခြောက်ဆယ့်ငါးသိန်းရှစ်သောင်းကိုးထောင်ခုနှစ်ရာ့နှစ်ကျပ်တိတိ) အရှုံးပြခဲ့သည်ကို စိစစ်တွေ့ရှိရပါတယ်။ ထိုကဲ့သို့အရှုံးဖြစ်ပေါ်ရခြင်းမှာရောင်းချမည့်ပစ္စည်းများကို သန့်ရှင်းရေးအလုပ်သမားများမှ အမှိုက်အတွင်းသို့ မစွန့်ပစ်မီ ရွေးချယ်ကောက်ယူထားခဲ့သဖြင့် စက်လည်ပတ်ရာတွင် ရောင်းချ၍ရမည့်ပစ္စည်းများ လျော့နည်းခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသောကြောင့် အဆိုပါအမှိုက်ခွဲခြားစက်အား ခေတ္တရပ်နားခဲ့ရပါကြောင်း၊ (၂၀၂၀) ပြည့်နှစ် စက်တင် ဘာလမှစ၍ အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းအား MJT ကုမ္ပဏီမှ တင်ဒါအောင်၍ အမှိုက်သိမ်းဆည်းခြင်းများအား စတင်ဆောင်ရွက်လျက်ရှိရာ MJT ကုမ္ပဏီမှ အမှိုက်ခွဲခြားစက်အား ငှားရမ်း၍ ဆင်ဖြူကွင်းအမှိုက်စွန့်ပစ်နေရာတွင် ဆောင်ရွက်လိုကြောင်းကို (၁၉.၁၂.၂၀၁၉) ရက်စွဲပါစာအမှတ်၊ MJT -2020/085 ဖြင့် ရည်ရွယ်ချက်၊ လုပ်ငန်းစီမံချက်၊

ငှားရမ်းခအဆိုပြုလွှာ တို့နှင့်အတူ တင်ပြထားပါသည်။ အဆိုပါတင်ပြလာမှုအပေါ် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်ခွဲခြားစက်အား အငှားစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုနိုင်မည်ဖြစ်ပြီး လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်ရေး MJT ကုမ္ပဏီအနေဖြင့် တစ်ရက်၊ တစ်လ၊ တစ်နှစ်အတွက် ကုန်ကျမည့်အသုံးစရိတ်၊ ပြန်လည်ရရှိမည့်ဝင်ငွေ၊ အရှုံးအမြတ်ရှင်းတမ်းများအား ခန့်မှန်းတွက်ချက်၍ ရေးဆွဲတင်ပြရန် (၁၆-၁-၂၀၂၀) ရက်စွဲပါစာအမှတ်၊ ၁၇၄/ဆ-၇/ပခ-၁(၀၁၂)ဖြင့် ညှိနှိုင်းအကြောင်းကြားထားပြီး ဖြစ်ပါသောကြောင့် ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် MJTကုမ္ပဏီတို့အကြား အမှိုက်သိမ်းဆည်းရေးလုပ်ငန်းအား လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုပြီးပါက အမှိုက်ခွဲခြားသည့်စက်အား MJT ကုမ္ပဏီသို့ ငှားရမ်း၍ စဉ်ဆက်မပြတ်လည်ပတ်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ထားရှိပါကြောင်း ဖြေရှင်းတင်ပြအပ်ပါသည်။

**အပိုဒ် ၁၀၊ Bye Laws များအား နည်းဥပဒေ(မူကြမ်း)အဖြစ် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရေးဆွဲတင်ပြရာတွင် ခေတ်စနစ်နှင့်လျော်ညီသော ပြည်သူ့အတွက်အကျိုးရှိပြီး ဌာနဆိုင်ရာများ၏ မူဝါဒများကို အထောက်အကူပြုသော နည်းဥပဒေများ ဆောလျင်စွာ ပြဋ္ဌာန်းနိုင်ရေးအတွက် ဌာနမှ ဥပဒေ/မူဝါဒပိုင်းဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ အကြံပေးများနှင့် ညှိနှိုင်းတိုင်ပင်ရေးဆွဲရေးနှင့် နည်းဥပဒေများ အသစ်ရေးဆွဲခြင်းသာမက ပြင်ဆင်ရေးဆွဲရမည့် ဥပဒေ၊ နည်းဥပဒေများအတွက်ပါ ကြိုတင်လျာထားနိုင်ရေး အကြံပြုကြောင်း**

ပစ္စည်းခွန်စည်းကြပ် ကောက်ခံခြင်းဆိုင်ရာ နည်းဥပဒေ(မူကြမ်း)၊ စားသောက်ဖွယ်ရာများဆိုင်ရာ နည်းဥပဒေ(မူကြမ်း) အဆောက်အအုံများ ဆောက်လုပ်ခြင်းဆိုင်ရာနည်းဥပဒေ(မူကြမ်း)၊ စည်ပင်သာယာရေး ကော်မတီဝင်များ ရွေးချယ်ခြင်းဆိုင်ရာနည်းဥပဒေ(မူကြမ်း)အား ပြင်ဆင်သည့် နည်းဥပဒေ၊ အစရှိသည့် နည်းဥပဒေ(မူကြမ်း)(၄)ခုအား တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီတွင် ချပြညှိနှိုင်းဆွေးနွေးခြင်း၊ နည်းဥပဒေ(မူကြမ်း)များသည် ဥပဒေနှင့်အညီဖြစ်စေရေးအတွက် ဝန်ကြီးဌာနမှတစ်ဆင့် တိုင်းဒေသကြီးဥပဒေချုပ်ရုံးသို့ပေးပို့တင်ပြခြင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တိုင်းဒေသကြီးဥပဒေချုပ်ရုံးများ၏ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲပြီးဖြစ်သော နည်းဥပဒေ(မူကြမ်း)များကို တိုင်းဒေသကြီးအစိုးရအဖွဲ့ Cabinet အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးလွှတ်တော်ရုံးသို့ နည်းဥပဒေနှင့်ပတ်သက်၍ အကြံပြုပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ပေးနိုင်ပါရန် ပေးပို့တင်ပြခဲ့ပါသည်။ ပစ္စည်းခွန်နှင့်စားသောက်ဖွယ်ရာများဆိုင်ရာ နည်းဥပဒေ(၂)ခုအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုပြင်ဆင်ဖြည့်စွက်ချက်များနှင့်အညီ ပြင်ဆင်ပြီးဖြစ်သော နည်းဥပဒေ(မူကြမ်း) များကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးဌာနမှ တိုင်းဒေသကြီးလွှတ်တော်ရုံးသို့ ပြန်လည်ပေးပို့ပြီးဖြစ်ပါသည်။ (၂၅-၇-၂၀၁၉)ရက်နေ့တွင် စည်ပင်သာယာရေးအဖွဲ့များ၏ အဆောက်အဦများ ဆောက်လုပ်ခြင်းဆိုင်ရာနည်းဥပဒေအား လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ပေးနိုင်ပါရန် ဝန်ကြီးဌာန၏ ရုံးစာအမှတ်၊ သယံဇာတ/စည်ပင်(၅၃၈)/၂၀၁၉ပါစာဖြင့် တိုင်းဒေသကြီးလွှတ်တော်သို့ ပေးပို့တင်ပြထားပြီးဖြစ်ပါတယ်။ ဈေးများဆိုင်ရာ နည်းဥပဒေ(မူကြမ်း)နှင့် အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင် သော

လုပ်ငန်းများဆိုင်ရာ နည်းဥပဒေ(မူကြမ်း)(၂)ခုကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ စိစစ်ပြီးဖြစ်သောကြောင့် တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ ညှိနှိုင်းအစည်း အဝေးတွင် ညှိနှိုင်းဆွေးနွေးပြီးပါက Cabinet အတည်ပြုချက်ရရှိစေရေး တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးအဖွဲ့ပိုင်မြေ၊ လမ်းနှင့်လမ်းနယ်မြေများကို ခေတ္တအသုံးပြုခြင်းဆိုင်ရာ နည်းဥပဒေ(မူကြမ်း)အား ဌာနမှရေးဆွဲခဲ့ပြီး (၃၀.၆.၂၀၂၀)ရက်နေ့တွင် ကျင်းပ ပြုလုပ်သော ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ(၄/၂၀၂၀)၌ ညှိနှိုင်းဆွေးနွေး၍ နည်းဥပဒေ (မူကြမ်း)အား Cabinet အတည်ပြုချက်ရရှိစေရေး တင်ပြဆောင်ရွက်ရန် ဝန်ကြီးဌာနသို့ (၂.၇.၂၀၂၀) ရက်စွဲပါစာအမှတ်၊ ၄၀၃၅/ဂ-၁/ပခစ(၀၂၀)ဖြင့် တင်ပြထားပါတယ်။

**အပိုဒ် ၁၁၊ ပဲခူးမြို့နှင့်ပြည်မြို့များတွင် ပုဂ္ဂလိက အမှိုက်သိမ်းဆည်းခြင်းစနစ်နှင့်ပတ်သက်၍ လက်ရှိ ဆောင်ရွက်ချက်များအပေါ် အခြေခံ၍ တွေ့ရှိရသော အားသာချက်၊ အားနည်းချက်များအား လေ့လာ ဖော်ထုတ်ခြင်း၊ လုပ်ငန်းများပိုမိုအောင်မြင်အောင် ပံ့ပိုးပေးနိုင်မည့်/ပံ့ပိုးပေးရမည့်အချက် အလက်များအား စိစစ်သုံးသပ်ခြင်းများဆောင်ရွက်၍ ဆောင်ရွက်ရန်ကျန်ရှိနေသည့် မြို့နယ်များအား ပြန်လည်ရှင်းလင်းချပြ၍ ဆောင်ရွက်စေခြင်း၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ချိတ်ဆက်ပေး၍ စည်းရုံးဆောင်ရွက်စေခြင်းများ ဆောင်ရွက် ပါက အမှိုက်များအား စနစ်တကျစီမံခန့်ခွဲနိုင်ကာ စည်ပင်သာယာရေးအဖွဲ့၏ ဝင်ငွေများ ပိုမိုတိုးတက် ရရှိနိုင်မည်ဖြစ်ကြောင်း**

ပဲခူးမြို့နှင့်ပြည်မြို့များတွင် ပုဂ္ဂလိကမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အမှိုက် သိမ်းဆည်းခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ ပဲခူးမြို့နယ်၏ အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းအား ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်တွင် MJT Co.Ltd မှ အကောင်အထည်ဖော်ဆောင်ရွက်၍ ပြည်မြို့နယ်၏ အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းအား ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်တွင် ရက်ရာဇာကုမ္ပဏီမှ အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆွဲဝယ်ဆောင်ရွက် ခဲ့ခြင်းဖြစ်ပြီး နှစ်ဦးနှစ်ဖက်ချုပ်ဆိုဆောင်ရွက်ရမည့် သဘောတူစာချုပ်(မူကြမ်း)ပါ အချက်များနှင့် ပတ်သက်၍ ဥပဒေနှင့်အညီဖြစ်စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးဌာနမှ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးသို့ ပေးပို့တင်ပြခဲ့ရာ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တိုင်းဒေသကြီးဥပဒေချုပ်ရုံးတို့၏ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲပြီးဖြစ်သော စာချုပ်(မူကြမ်း)အား ဝန်ကြီးဌာနမှ အတည်ပြုပြီး ဖြစ်ပါတယ်။ စာချုပ်(မူကြမ်း)အား ဥပဒေနှင့်အညီဖြစ်စေရေး စိစစ်နေဆဲကာလတွင် ဖော်ပြပါ ကုမ္ပဏီများမှ သက်ဆိုင်ရာမြို့နယ်ဒေသများရှိ ပြည်သူများထံမှ အမှိုက်သိမ်းဆည်းခြင်း ဝန်ဆောင်ခများကို ကောက်ခံခဲ့ သော်လည်း သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့များသို့ ပေးသွင်းဆောင်ရွက်ရမည့် အမှိုက်သိမ်း ဆည်းခြင်းလုပ်ငန်း၏ လိုင်စင်ခများကို ပေးသွင်းခြင်းမရှိသေးကြောင်း တွေ့ရှိရပါတယ်။ ပုဂ္ဂလိက အမှိုက် သိမ်းဆည်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြို့နယ်(၂)ခုတွင် ပဲခူးမြို့နယ်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော MJT Co.Ltd အနေဖြင့် ပြည်သူများကျေနပ်သည်အထိ ဝန်ဆောင်မှုလုပ်ငန်းအား ဆောင်ရွက်ပေးနိုင်သော်လည်း ပြည်မြို့နယ်မှ အကောင်အထည်ဖော်ဆောင်ရွက်

လျက်ရှိသော ရက်ရာဇာကုမ္ပဏီအနေဖြင့် အမှိုက်သိမ်းဆည်းခြင်း ဝန်ဆောင်မှုလုပ်ငန်းအား ပြည်သူများ သဘောကျကျေနပ်သည်အထိ ဆောင်ရွက်မှုအားနည်းကြောင်း စိစစ်တွေ့ရှိရပါတယ်။ ယခုဆောင်ရွက်လျက် ရှိသော ပုဂ္ဂလိကကုမ္ပဏီများမှ အောင်မြင်စွာဆောင်ရွက်နိုင်ပါက ၎င်းတို့၏ဆောင်ရွက်ချက်၊ အားသာချက် များကို ကျန်မြို့နယ်များမှ အတုယူအကောင်အထည်ဖော် ဆောင်ရွက်စေမည်ဖြစ်ပါတယ်။

**အပိုဒ် ၁၂။ မြို့နယ်အလိုက် ဘီးခွန်ကောက်ခံရာတွင် ယာဉ်အမျိုးအစားအလိုက် ကောက်ခံသည့် နှုန်းထားများ တစ်ပြေးညီဖြစ်စေရန်နှင့် ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနက ကောက်ခံရရှိနေသော မော်တော်ယာဉ်သက်တမ်းတိုးစာရင်းများပါ ယာဉ်စာရင်းများနှင့် ကွဲလွဲမှုမရှိစေရန် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ စိစစ်ညွှန်ကြားပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် ဘီးခွန်များ ပိုမိုတိုးတက် ကောက်ခံရရှိနိုင်ကြောင်း**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ ယာဉ်များအပေါ် တစ်နှစ် တစ်ကြိမ် စည်းကြပ်ကောက်ခံလျက်ရှိသော ဘီးခွန်များနှင့်ပတ်သက်၍ ယခင်က အဖွဲ့မှစည်းကြပ်ကောက်ခံ ခဲ့ရာ မြို့ပေါ်ရပ်ကွက်များရှိ ယာဉ်များအပေါ် စည်းကြပ်ကောက်ခံခြင်း ဖြစ်သော်လည်း ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညှိနှိုင်းဆောင်ရွက်ပေးချက်အရ တိုင်းဒေသကြီးနှင့် ခရိုင်အလိုက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါ၍ ပဲခူးတိုင်း ဒေသကြီးအတွင်းရှိ ယာဉ်များအားလုံးအပေါ် ဘီးခွန်စည်းကြပ်ကောက်ခံရရှိပါသဖြင့် ယခင်ထက်အဖွဲ့ဝင် ငွေများ ပိုမိုတိုးတက်ရရှိခဲ့ပါတယ်။ ထို့အပြင် တိုင်းဒေသကြီးအတွင်းရှိ ယာဉ်များ အားလုံး ယာဉ်အမျိုးအစား အလိုက် ဘီးခွန်နှုန်းထားများ တစ်ပြေးညီဖြစ်စေရေးအတွက် ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်မှစတင်၍ ကြီးကြပ်ကောက်ခံစေရေးကို (၃.၇.၂၀၂၀) ရက်စွဲပါစာအမှတ်၊ ၄၀၄၈/ဃ-၂/ ပခစ(၀၂၀)ဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့အားလုံးသို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။

**အပိုဒ် ၁၃။ စည်ပင်သာယာရေးအဖွဲ့က စည်ပင်သာယာရေးဆိုင်ရာ အခွန်၊ အခများကောက်ခံရာ တွင် ပြည်သူတို့၏ စိတ်ပါဝင်စားမှု၊ ယုံကြည်ကိုးစားမှု၊ ပူးပေါင်းပါဝင်မှုများရရှိစေရန် ငွေကြေး အလွဲ သုံးစားမှုနှင့် ဝန်ထမ်းမလုံလောက်မှု စသည့်ပြဿနာများ မဖြစ်ပေါ်စေရန် နေရာမရွေး၊ အချိန်မရွေး၊ လူတန်းစားမရွေး လွယ်ကူစွာအသုံးပြု၍ လုံခြုံစိတ်ချစွာ ပေးသွင်းနိုင်စေရန်တို့အတွက် ရည်ရွယ်ပြီး Phone Application အသုံးပြု၍ ငွေပေးချေခြင်း(ဥပမာ-မြန်ခွန်စသည့်) Mobil Money အသုံးပြု၍ ပေးချေခြင်း (ဥပမာ- Wave Money, True Money, KBZ Pay စသည်)တို့ကို ဝန်ထမ်းများအသုံးပြု၍ ကောက်ခံခြင်းအစား ပြောင်းလဲအသုံးပြုနိုင်ရေး အကြံပြုကြောင်း**

ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် မြန်ခွန်စနစ်အသုံးပြု၍ အခွန်၊ အခ၊ အကောက်များ စည်းကြပ်ကောက်ခံနိုင်ရန် ကိုကိုးတက်ခ်ကုမ္ပဏီမှ ဆက်သွယ်တင်ပြလာ ခြင်းအပေါ် စနစ်တကျစိစစ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ (၁၄.၂.၂၀၂၀)ရက်နေ့တွင် ကျင်းပ ပြုလုပ်သော တိုင်းဒေသကြီးအစိုးရအဖွဲ့ Cabinet အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၀) ဆုံးဖြတ်ချက် အပိုဒ် ၅(န)အရ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ချက်များ Hard Ware ပိုင်း ဆိုင်ရာကုန်ကျ

စရိတ်၊ Soft Ware ပိုင်းဆိုင်ရာကုန်ကျစရိတ်များနှင့်ပတ်သက်၍ အဖွဲ့များ၏ဘတ်ဂျက်တွင် ထည့်သွင်းလျာထားရမည် ဖြစ်ပါသောကြောင့် တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။ (၂၄.၃.၂၀၂၀)ရက်နေ့တွင် ကျင်းပပြုလုပ်သော ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးခဲ့ရာ ယခုအချိန်ကာလသည် ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားသော Covid-19 ကပ်ရောဂါဖြစ်ပွားနေချိန်ဖြစ်သောကြောင့် ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားချက်များအပေါ် လူသားတိုင်းမှ ပူးပေါင်းလိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နေရသည့် ကာလဖြစ်ပါတယ်။ မြန်ခွန် စနစ်အသုံးပြုရန် ဌာနမှတာဝန်ရှိသူများ၊ ကုမ္ပဏီမှပညာရှင်များပူးပေါင်း၍ အဖွဲ့များဖြင့် ကွင်းဆင်းစိစစ်လျက် Survey ပြုလုပ်ရမည်ဖြစ်သောကြောင့် မြန်ခွန်စနစ်အသုံးပြုရန် ခေတ္တဆိုင်းငံ့ထားသင့်ကြောင်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာသူ ကော်မတီဝင်အားလုံးမှ တစ်ပြေးညီ ဆုံးဖြတ်ခဲ့ကြပါသည်။ သို့ပါ၍ Covid-19 ကပ်ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားချက်များ ဖြေလျှော့သည့်အချိန်ကာလတွင် ဌာနနှင့်ကုမ္ပဏီတို့ ပူးပေါင်း၍ မြန်ခွန်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(စတုတ္ထနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ပဉ္စမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို (၁၁:၄၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ(၂၇)ရက် (တနင်္လာနေ့) နံနက်(၁၀:၀၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ပဥ္စမနေ့ မှတ်တမ်း
# ၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ ရက်
# [၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၂၇ ရက်]
# (တနင်္လာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဥ္စမနေ့)ကို နံနက် (၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဥ္စမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၀ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၇၈.၉၅ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော် ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ၄(ခ)အရ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဥ္စမနေ့)အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဥ္စမနေ့)အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော် အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့]၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ပွယ်စေး [ဝန်ကြီး၊ ကရင်တိုင်းရင်သားရေးရာ ဝန်ကြီးဌာန]၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံ၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ မိုးညိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၊ သာယာဝတီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လွင်၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲဝင်းထွန်းနှင့် ဗိုလ်မှူးအောင်ကျော်မိုးတို့သည် ကိုယ်တိုင်ဆောင်ရွက် ရန် ကိစ္စရှိပါသဖြင့် (၂၇.၇.၂၀၂၀)ရက်နေ့အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်းတို့(၁၆)ဦး၏ကိုယ်စား လေးစားစွာခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၇၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ (၁၆)ဦး ဖြစ်ပါ တယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုက မေးမြန်းသည့်မေးခွန်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်

ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့်မေးခွန်းဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုက သက်ဆိုင်ရာမေးခွန်းကို တစ်ဆက်တည်းမေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ထိန်တော–ခမုံ ရေကာတာကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **"ထိန်တော– ခမုံရေကာတာကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ မိုးညို မြို့နယ်တွင် ဘုရားကြီးကုန်း–ခအောင်းပင်တာ၊ ရော်ဝတီအရှေ့ဘက်ကမ်းပတ်တာ မြစ်မခမြစ်အနောက် ဘက်ကမ်းပတ်တာ၊ ပေါက်ကုန်း–ဆပုဂံတာ၊ ထိန်တော–ခမုံတာဟူ၍ ရေကာတာများဖြင့် ဝန်းရံထား သော မြို့နယ်ဖြစ်ပါသည်။ အဆိုပါရေကာတာများကို တာဝန်ရှိဌာနအဖွဲ့အစည်းများမှ အဆင့်မြင့်ပြုပြင် ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ထိန်တော–ခမုံ ရေကာတာများ အဆင့် မြှင့်ဆောင်ရွက်ရန် ကျန်ရှိနေသော ရေကာတာဖြစ်ပါသည်။

၂၀၁၅–၂၀၁၆ မိုးကာလများတွင် မြစ်မခမြစ်ရေအဆမတန်ကြီးခဲ့ရာ တာအတွင်းရှိ နီးစပ်ရာ တောင်သူများမှ နေ့မအားညမအား မနားတမ်းဆောင်ရွက်ခဲ့လို့သာ အဆိုပါရေကာတာသည် ကျိုးပေါက် ပျက်စီးမှုဘေးမှ လွတ်မြောက်ခဲ့ပါသည်။ သို့ပါ၍ ပြုပြင်ရန်လိုအပ်နေသော ၎င်းရေကာတာအား မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလို၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးဝင်းကို မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ထိန်တော– ခမုံရေကာတာကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာဖြစ် ပါတယ်။ မိုးညိုမြို့နယ်အတွင်းရှိ ထိန်တော–ခမုံဆိပ်တာသည် တာမိုင်(၀/၀မှ ၈/၀)ထိ (၈)မိုင်ရှည်လျား ပြီး (၂၀၁၇–၂၀၁၈)ခုဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် တာအပြင်ဘက်ခြမ်း တာထောက်ပြုပြင်ကာကွယ်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး (၂၀၁၉–၂၀၂၀)ခုနှစ် မိုးရာသီမတိုင်မီ ကာလအတွင်း တာထူးပေါက်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ထိန်တော–ခမုံဆိပ်တာ တာပုံစံကျအခိုင်အမာ ပြုပြင်ခြင်းလုပ်ငန်းအား (၂၀၂၁–၂၀၂၂) ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေလျာထားစာရင်းတွင် ထည့်သွင်းတင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး

ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ပါကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့်မေးခွန်း(၂)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးက ဖြေကြားရမည့်မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးက ပြန်လည်ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်မြို့၊ ရောဝတီမြစ်ကမ်းနား အဆင့်မြှင့်တင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့် Master Plan ရေးဆွဲ၍ ပြည်သူ့ဆန္ဒခံယူပြီး သက်ဆိုင်ရာဝန်ကြီးဌာနကို တင်ပြခဲ့ပြီးဖြစ်၍ အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ထားရှိသည်ကို သိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ **"ပြည်မြို့၊ ရောဝတီမြစ်ကမ်းနား အဆင့်မြှင့်တင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့် Master Plan ရေးဆွဲ၍ ပြည်သူ့ဆန္ဒခံယူပြီး သက်ဆိုင်ရာဝန်ကြီးဌာနကို တင်ပြခဲ့ပြီးဖြစ်၍ အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ထားရှိသည်ကို သိလိုပါကြောင်း"** နှင့်စပ်လျဉ်း၍ ပြည်မြို့၊ ကမ်းနားလမ်းအဆင့်မြှင့်တင်ရေးအတွက်အပိုင်း(၃)ပိုင်းခွဲ၍ (**Master Plan**) တစ်ခုကိုဗိသုကာပညာရှင်များ၏အကူအညီဖြင့်ရေးဆွဲထားခဲ့ကာ အဆိုပါ(**Master Plan**)ကို ကြော်ငြာဗီနိုင်းများထောင်ကာ ပြည်သူ့ဆန္ဒကို ခံယူခဲ့ပြီးဖြစ်ပါသည်။ စီမံကိန်းအကောင်အထည်ဖော်မည့်ပုံစံမှာလည်း အစိုးရအဖွဲ့အနေဖြင့် စီမံခန့်ခွဲပေးရုံသာလိုအပ်မည်ဖြစ်သောကြောင့် မည်ကဲ့သို့ဆောင်ရွက်ထားရှိကြောင်းကို သိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **"ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ (၂၀၁၆)ရေးဆွဲပြဋ္ဌာန်းပြီးနောက် စီမံခန့်ခွဲရေးဒဏ်ကြေးငွေ မည်မျှရရှိကြောင်းနှင့် စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၇၉ဖြင့် တရားစွဲဆိုသော အမှုအရေအတွက် မည်မျှရှိသည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ **"ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ (၂၀၁၆)ရေးဆွဲပြဋ္ဌာန်းပြီးနောက် စီမံခန့်ခွဲရေးဒဏ်ကြေးငွေမည်မျှရရှိကြောင်းနှင့် စည်ပင်သာယာရေးဥပဒေပုဒ်မ ၇၉ဖြင့် တရားစွဲဆိုသော အမှုအရေအတွက်မည်မျှရှိသည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေကို ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ(၂၇)ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးစတင်ကျင့်သုံးခဲ့ပါသည်။ ယင်းဥပဒေတွင် အခန်း(၂၃)ခန်း၊ ပုဒ်မပေါင်း(၉၉)ခုပါရှိပြီး ပြစ်မှုနှင့်ပြစ်ဒဏ်များအခန်းလည်းပါရှိပါသည်။ အခန်း(၂၀)စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များချမှတ်ခြင်းအခန်းပုဒ်မ၇၅တွင် အမှုဆောင်အရာရှိသည် ကော်မတီ၏သဘောတူညီမှုဖြင့် ပုဒ်မ၇၉တွင် ဖော်ပြထားသောဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ ကတိခံဝန်ချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ လိုက်နာရန်ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်နိုင်သည်ကို ပြဋ္ဌာန်းထားရှိပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ပုဒ်မ ၇၆ တွင် အမှုဆောင်အရာရှိသည် ကော်မတီ၏သဘောတူညီမှုဖြင့် ပုဒ်မ ၃၁(ဂ)(ဃ)(ဆ)နှင့် ပုဒ်မ၇၅တွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ ပထမအကြိမ်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာဒဏ်ကြေးငွေအနည်းဆုံးကျပ်၅၀၀၀ (ကျပ်ငါးထောင်) မှ အများဆုံးကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း)ထိ ချမှတ်နိုင်ပါသည်။ ဒုတိယအကြိမ် ထပ်မံကျူးလွန်သူအား ပုဒ်မ ၇၉အရ တရားစွဲဆိုရမည်ဟု ပြဋ္ဌာန်းထားရှိပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ(၂၀၁၆) ရေးဆွဲပြဋ္ဌာန်းပြီးနောက် စည်းကမ်းဖောက်ဖျက်သူများအား စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ရာတွင် စီမံခန့်ခွဲရေးဒဏ်ကြေးငွေမည်မျှရရှိကြောင်းနှင့် စည်ပင်သာယာရေးဥပဒေပုဒ်မ ၇၉ ဖြင့် တရားစွဲဆိုသောအမှုအရေအတွက် မည်မျှရှိကြောင်းသိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတဆင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းတင်ပြအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]။** ။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်မြို့၊ ရေဝတီမြစ်ကမ်းနား အဆင့်မြှင့်တင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့် Master Plan ရေးဆွဲ၍ ပြည်သူ့ဆန္ဒခံယူပြီး သက်ဆိုင်ရာဝန်ကြီးဌာနကို တင်ပြခဲ့ပြီးဖြစ်၍ အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ထားရှိသည်ကို သိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ဒီဖြေကြားချက်မှာ အပိုင်း(၂)ပိုင်းပါဝင်မှာဖြစ်ပါ

တယ် ပထမအပိုင်း စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပြည်မြို့ ကမ်းနားလမ်းအဆင့်မြှင့်တင်ရေး အတွက် အပိုင်း(၃)ပိုင်းခွဲ၍ (**Master Plan**)တစ်ခုကို ဗိသုကာပညာရှင်များ၏အကူအညီဖြင့် ရေးဆွဲထား ခဲ့ပြီး ဖြစ်ပါသည်။ ပြည်မြို့ ကမ်းနားလမ်းနှင့် ဧရာဝတီမြစ်ကြားတွင် တည်ဆောက်သည့် ရေပေါ်ဈေးနှင့် ညဈေးများသည် လက်ရှိတွင် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ စီမံပိုင်ခွင့်မြေနေရာအတွင်းတွင် မရှိဘဲ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီမံပိုင်ခွင့်မြေနေရာတွင် ပါဝင် သည့်ဧရိယာများဖြစ်ပြီး အဆိုပါနေရာများတွင် ရေပေါ်ဈေးနှင့်ညဈေး တည်ဆောက်မည်ဆိုပါက ရေအရင်း အမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၁စ/ပေ) အခွန်ပေးဆောင်ရမည့်နှုန်းထားနှင့် ကန့်ကွက်ရန်မရှိပါကြောင်း ရုံးစာဖြင့်ဖြေကြားပေးရန် လိုအပ်ပါကြောင်း၊ ရေပေါ်ဈေးနှင့် ညဈေးများအား **BOT** စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် **Tri Tip Co,.Ltd**မှ (၂၉.၅.၂၀၁၉) ရက်နေ့တွင် တင်ပြခဲ့ရာ အဖြူရောင်လူငယ်ပရဟိတအဖွဲ့မှ ကုမ္ပဏီတစ်ခုတည်းကို ရွေးချယ်စေခြင်းမပြုဘဲ ကုမ္ပဏီ များအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်လိုကြောင်း (၂၉.၅.၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်သော အဆင့်မြှင့် **Night Market** ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တင်ပြလာသဖြင့် အဆိုပါ **Night Market** အား **BOT** စနစ်ဖြင့် တစ်ဦးတည်းဆောင်ရွက်ခြင်းမပြုဘဲ ဇုန်(၃)ဇုန်ခွဲ၍ **Lot1,Lot2** များခွဲကာ တင်ဒါခေါ်ယူ၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း (၂၉.၅.၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်သော အဆင့်မြှင့် **Night Market** ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ပါကြောင်းနှင့် ယနေ့အချိန်အထိ အဆိုပါလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ထပ်မံတင်ပြလာသည့် ကုမ္ပဏီများမရှိသေးပါကြောင်းနှင့် ရေပေါ်ဈေးနှင့်ညဈေးတည်ဆောက်မည်ဆိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကန့်ကွက်ရန်ရှိ/မရှိ အကြောင်းပြန်ကြားပေးပါရန်နှင့် ကန့်ကွက်ရန်မရှိပါက ပေးသွင်းရမည့် မြေငှားရမ်းခငွေ (၁ စ/ပေ) နှုန်းအားထည့်သွင်းဖော်ပြပေးပါရန် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ (၃.၇.၂၀၂၀)ရက်စွဲပါ စာအမှတ်၊ ၁၆၁၈/ဆ-၁၅/ပြည်(၀၀၂) ဖြင့် ညှိနှိုင်းပေးပို့ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါသည်။

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဆက်စပ်ဖြေကြားချက်အဖြစ် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဧရာဝတီမြစ်ကမ်းနားအဆင့်မြှင့်တင်ရေးကိစ္စနှင့်ပတ်သက်ပြီး အဆိုပါ မြေနေရာသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းဖြိုးထိန်းသိမ်းရေးဥပဒေအရ ကမ်းပါးနှင့်ကမ်းနားနယ် အတွင်း ကျရောက်နေသည့်အတွက်ကြောင့် ဦးစီးဌာနရုံးချုပ်သို့တင်ပြပြီး သဘောထားမှတ်ချက်ရယူပြီး မှသာ ပြန်ကြားပေးမည်ဖြစ်ကြောင်း ဖြေကြားထားပါသည်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန]။** ။ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **“ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ (၂၀၁၆)ရေးဆွဲပြဋ္ဌာန်းပြီးနောက် စီမံခန့်ခွဲရေးဒဏ်ကြေး ငွေမည်မျှရရှိကြောင်းနှင့် စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၇၉ ဖြင့် တရားစွဲဆိုသော အမှုအရေအတွက်**

**မည်မျှရှိသည်ကို သိရှိလိုပါကြောင်း”** နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ကြီးကြပ်မှုအောက်ရှိ မြို့နယ်စည်ပင်သာရေးအဖွဲ့များအနေဖြင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(၂၀၁၆) ရေးဆွဲပြဋ္ဌာန်းပြီးနောက် ဘဏ္ဍာရေးနှစ်အလိုက် စီမံခန့်ခွဲရေးဒဏ်နှင့်ပုဒ်မ ၇၉ အရတရားစွဲဆိုမှုအခြေအနေများမှာအောက်ပါ အတိုင်းဖြစ်ပါသည်-

| စဉ် | ဘဏ္ဍာရေးနှစ် | စီမံခန့်ခွဲရေးဒဏ် တပ်ရိုက်မှု(ကျပ်သိန်း) | ပုဒ်မ၇၉အရ တရားစွဲဆိုမှု |
|---|---|---|---|
| (က) | ၂၀၁၆-၂၀၁၇ | ၉၃.၅၀ | ၄မှု |
| (ခ) | ၂၀၁၇-၂၀၁၈ | ၂၀၅.၁၅ | ၁မှု |
| (ဂ) | ၂၀၁၈Mini | ၉၃.၂၀ | - |
| (ဃ) | ၂၀၁၈-၂၀၁၉ | ၁၉၇.၈၅ | - |
| (င) | ၂၀၁၉-၂၀၂၀ | ၇၄.၇၅ | ၂မှု |
| | **စုစုပေါင်း** | **၆၆၄.၄၅** | **၇မှု** |

သို့ဖြစ်ပါ၍ ဘဏ္ဍာရေးနှစ်အလိုက် စီမံခန့်ခွဲမှုဒဏ်တပ်ရိုက်မှုအခြေအနေနှင့် ပုဒ်မ ၇၉ အရ တရားစွဲဆိုမှုအခြေအနေများကိုသိရှိနိုင်ပါရန် လေးစားစွာလွှတ်တော်သို့ ဖြေကြားအပ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဝန်ကြီးဖြေတဲ့အထဲမှာ ပါတာတော့ ကျွန်တော်တို့ Tri Tip ကုမ္ပဏီကနေပြီးတော့ (၂၉.၅.၂၀၁၉)ရက်နေ့မှာတင်ပြခဲ့တဲ့အခါမှာ အဖြူရောင်ပရဟိတအဖွဲ့မှ ကုမ္ပဏီတစ်ခုတည်းကို ဆောင်ရွက်ပေးခြင်းမရှိကြောင်းပြောတယ်ဆိုတာ မဟုတ်ပါဘူး ခင်ဗျား။ တကယ်တော့ ကုမ္ပဏီတစ်ခုတည်းမဟုတ်ဘဲနဲ့ အစိုးရကတင်ဒါစနစ်ဖြင့် ဆောင်ရွက်သင့်ကြောင်းကို အကြံပြုတာ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အကြံပြုခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့က တစ်ဦးတည်းဆောင်ရွက်ခြင်းမဟုတ်ဘဲ ဇုန်(၃)ဇုန်ခွဲ၍ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အဓိက ကျွန်တော်တို့က ခုနကကျွန်တော်ပြောခဲ့သလိုပဲ ဇုန်က (၃)ဇုန်ရှိ တယ်။ Commercial ဇုန်လို့ခေါ်တဲ့ **Night Market** ၊ **Floating Market** တွေ ဆောင်ရွက်မဲ့ဇုန်တစ်ခုကိုပဲ **Lot1,Lot2** ခွဲမှာဖြစ်ပြီးတော့ တင်ဒါအဖြစ်ဆောင်ရွက်စေလိုကြောင်း၊ သဘောထားမှတ်ချက်ပြုပြီးတော့ ဝန်ကြီးဌာနကို တင်ပြခဲ့တာဖြစ်ပါတယ်။ ဇုန်(၃)ဇုန်ကို **Lot** (၂)ခုခွဲတာ မဟုတ်ပါဘူး။ ဇုန်(၃)ဇုန်ထဲက ဇုန်တစ်ခုတည်းကိုပဲ **Lot**(၂)ခုခွဲပြီး ဆောင်ရွက်သင့်ကြောင်း ပြန်ပြီးတင်ပြတာဖြစ်ပါတယ်။ နောက်တစ်ခုက ဖွံ့ဖြိုး

တိုးတက်ရေးဦးစီးဌာနမှ ကန့်ကွက်ရန်မရှိပါက ပေးသွင်းရမည့်မြေငှားရမ်းခ၊ ၁စတုရန်းပေနှုန်းထား တွက်ချက်ဖော်ပြပေးပါရန်ဆိုတော့ ဒါနဲ့ပတ်သက်ပြီး ၁စတုရန်းပေကို ဘယ်လောက်ဆောင်ရမည် ဆိုတာတွေက ပထမအချက်အနေနဲ့ ဥပဒေအရ ရှိပြီးသားတွေဖြစ်ပါတယ်။ နောက်တစ်ချက်က ဒါနဲ့ ပတ်သက်ပြီး ဝန်ကြီးမဖြေသွားပေမဲ့ အဖြေထဲ မှာပါနေတာကတော့ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရုံးချုပ်သို့တင်ပြသွားမည် ဖြစ်ကြောင်း ဖြေကြားသွားပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော် တို့က မြစ်ကမ်းတစ်လျှောက် ပြည်မြို့မှာ မြစ်၊သဲ၊ ကျောက်၊ စုပုံခွင့်လိုင်စင်တွေ ထုတ်ပေးထားတာ အများကြီးရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးထုတ်ပေးခြင်းက ရုံးချုပ်ရဲ့သဘောထားခံယူစရာမလိုဘဲနဲ့ ထုတ်ပေးခဲ့ တာဖြစ်ပါတယ်။ ဒီကိစ္စ ဆောင်ရွက်မယ့်စီမံကိန်းဟာလည်း ကျွန်တော်တို့က ဥပဒေနဲ့အညီ ဆောင်ရွက် တာဖြစ်ပြီး ကျွန်တော်တို့အနေနဲ့ ဒါနဲ့ပတ်သက်ပြီး သက်ဆိုင်ရာခရိုင်အဆင့် ရေမြစ်ဖြိုး ကလည်း ကန့်ကွက်ရန်မရှိ ဆိုတဲ့စာနဲ့အတူတွဲတင်ခဲ့ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ယင်းစီမံကိန်းကို မြန်မြန် ဆန်ဆန်လေးဖြစ်ချင်ပါတယ်။ အစိုးရဆီက ဘတ်ဂျက်တောင်းတာမဟုတ်ပါဘူး။ ဌာနဆိုင်ရာချင်း ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးဖို့နဲ့ စီမံခန့်ခွဲပေးဖို့ပဲ ကျွန်တော်တို့အနေနဲ့ တောင်းဆိုတာဖြစ်ပါတယ်။ ယင်း အတွက်ကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးအတွက် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ပေးသွား မည်ကို သိရှိလိုပါကြောင်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) မေးမြန်းသည့် ဆက်စပ်မေးခွန်း နှင့်ပတ်သက်၍ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန]**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကုမ္ပဏီတစ်ခုတည်းကို ရွေးချယ်ခြင်းမပြုဘဲနဲ့ ကုမ္ပဏီများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက် လိုကြောင်း တင်ပြအကြံပြုခဲ့တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ကျေးဇူးတင်ပါတယ်။ ဒီတစ်စတုရန်းပေရဲ့ ဥပဒေအရ ပေးခွင့်ရှိတဲ့ပုံစံက ကျွန်တော်တို့ မြစ်၊သဲ၊ ကျောက်တို့ ကမ်းနားပုံတဲ့စနစ်အရ ဆောင်ရွက်တဲ့ စနစ်မှာ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒီ **Night Market** ပုံစံက ပုံစံအသစ်ဖြစ်နေတာကြောင့် ရုံးချုပ်ရဲ့ ညှိနှိုင်းမှုနဲ့ ရုံးချုပ်ရဲ့လမ်းညွှန်မှုလိုတယ်ဆိုပြီး တိုင်းရေမြစ်ဖြိုးက ကျွန်တော်တို့ကို ပြန်ပြီးတင်ပြထား တာဖြစ်ပါတယ်။ မြစ်၊သဲ၊ကျောက်စုပုံခွင့်ကို ရုံးချုပ်ရဲ့ခွင့်ပြုချက် မလိုဘူးဆိုတာက မြစ်၊ သဲ၊ ကျောက်စုပုံ ခွင့်ကို တိုင်းအဆင့်အစိုးရအဖွဲ့က ကော်မတီဖွဲ့ပြီး **SOP** နှင့်အညီ ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ကြောင့် ဒါက **Under Control**ဖြစ်နေပါတယ်။ အဲ့ဒီအတွက်ကြောင့်လည်း မြစ်၊သဲ၊ ကျောက်စုပုံခွင့်နှင့် ပတ်သက်ပြီး ပြည်ထောင်စုရဲ့ ကျွန်တော်တို့ သီးသန့်လမ်းညွှန်ချက်ကိုမယူဘဲနဲ့ ဘယ်နေရာတွေမှာတော့ စုပုံခွင့်ရတယ်၊ ဘယ်နေရာတွေမှာတော့ စုပုံခွင့်မရဘူးဆိုတာ **Google Map** နဲ့ ဌာနက ကြိုတင်ရေးဆွဲ

ထားပြီး ဖြစ်ပါတယ်။ ထုတ်လုပ်ရန်နေရာရော၊ စုပုံတဲ့နေရာရော ဌာနက ကြိုတင်စီစဉ်ရေးဆွဲထားပြီး ဖြစ်ပါတယ်။ ပြည်မြို့ရဲ့ **Night Market** ကတော့ ပုံစံအသစ်ဖြစ်နေတဲ့အတွက်ကြောင့် ဌာနက တစ်စတုရန်းပေတွက်ချက်မှုကို စုပုံခွင့် **SOP** နှင့် တိုင်းတာလို့မရဘဲနဲ့ ရုံးချုပ်ရဲ့လမ်းညွှန်မှုကို သီးသန့် ခံယူရတာဖြစ်ပါတယ်။ အဲ့ဒီအတွက်ကြောင့်လည်း ဌာနချင်းပေါင်းစပ်ပြီးတော့ တတ်နိုင်သမျှအမြန်ဆုံး ဆောင်ရွက်ပေးဖို့ တွန်းအားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ ဆက်စပ်မေးခွန်း မေးမြန်း ခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ ဝန်ကြီးအနေနဲ့ ဖြေသွားတာက စီမံခန့်ခွဲရေးဒဏ်ကြေးငွေ စုစုပေါင်း၆၆၄.၄၅သိန်းနဲ့ အမှုပေါင်း(၇)မှုရှိတယ်လို့ ဖြေကြား သွားပါတယ်။ ဒီအတွက် ဝန်ကြီးကိုကျေးဇူးတင်ရှိပါတယ်။ ပုဒ်မ ၇၉ ဇယားမှာ မြို့နယ်သန့်ရှင်း သာယာလှပရေးကို ဖျက်ဆီးခြင်း ၊ အမှိုက်၊ မိလ္လာ အညစ်အကြေးများကို လမ်း (သို့မဟုတ်) သတ်မှတ် မထားတဲ့နေရာများတွင် စွန့်ပစ်ခြင်းကို ဖောက်ဖျက်ကျူးလွန်မယ်ဆိုလျှင် ဒဏ်ငွေအနေနဲ့ (၅၀၀၀) ကျပ် ချမှတ်ရမှာဖြစ်ပြီး ဒဏ်ငွေမဆောင်နိုင်ပါက ထောင်ဒဏ် (၁)လချမှတ်နိုင်တယ်လို့ ပုဒ်မ ၇၉ မှာ ပြဋ္ဌာန်းထားပါတယ်။ ကျွန်တော့်အနေနဲ့ ဆက်စပ်မေးခွန်းမေးမြန်းလိုတာကတော့ တိုင်းဒေသကြီး အချို့မြို့နယ်တွေမှာ ကျွန်တော်တို့ အဝင်မှာသော်လည်းကောင်း၊ မြို့ရဲ့အထွက်မှာသော်လည်းကောင်း၊ အမှိုက်ပုံများ စွန့်ပစ်ထားတာကို တွေ့ရှိရပါတယ်။ ဒီလိုအခြေအနေတွေနဲ့ပတ်သက်ပြီးတော့ စည်းကမ်း ရှိရေးနှင့် စနစ်တကျဖြစ်ရေးအတွက် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်အနေနဲ့ စီမံချက်ထားပြီး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်းအနေနဲ့မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊ ဗိုလ်ကြီးကျော်မင်း မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ သယံဇာတ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာ ရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန]။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော်တို့မြို့အဝင်အထွက်မှာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး

ကျော်မင်း မေးမြန်းသည့် ဆက်စပ်မေးခွန်းအနေနဲ့ စည်ပင်သာယာရေးအမှိုက်ပုံများကို ကော်မတီအဆင့်ဆင့်အနေဖြင့် စနစ်တကျစီမံဆောင်ရွက်ပါရန်နှင့်ပတ်သက်ပြီးတော့ စည်ပင်သာယာရေးကော်မတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာလည်း ရေးထားပြီးသားဖြစ်ပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းမှာ စံပြအနေနဲ့ ပြည်မြို့နဲ့ပဲခူးမြို့ကို အမှိုက်ပုံကင်းဆင်ရေးနှင့် အမှိုက်စွန့်ပစ်မှုကို စနစ်တကျစီမံခန့်ခွဲရေးအတွက် ကျွန်တော်တို့ **BOT** စနစ်ဖြင့် စမ်းသပ်ဆောင်ရွက်မှုများလည်းရှိနေတာဖြစ်ပါတယ်။ အဲ့ဒီအတွက်ကြောင့် ကိုယ်စားလှယ်ကြီးအမိန့်ရှိသလို မြို့အဝင်အထွက်ကော မြို့ထဲမှာရော စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်အနေနဲ့ အမှိုက်များကို စနစ်တကျစီမံဆောင်ရွက်ရန်အတွက် ဆက်လက်ပြီးတော့ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုလွှတ်တော်ကိုယ်စားလှယ် (၂)ဦးက မေးမြန်းသည့်မေးခွန်း(၄)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းကို တစ်ဆက်တည်းမေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“ သနပ်ပင်မြို့လမ်းဦးစီးဌာနပိုင် (သနပ်ပင်မြို့တွင်း) လမ်းပေါ်တွင် တည်ဆောက်ထားသည့် အန္တရာယ်များပြီး ဟောင်းနွမ်းပျက်စီးနေသော အရှည် ၁၉၀ ပေ အကျယ် ၁၂ ပေ လူသွားလမ်းတစ်ဖက် ၃ပေ စီရှိ တံတားဟောင်းနေရာတွင် တံတားအသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **“အများပြည်သူ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာဌာနအနေဖြင့် ပညာပေးလုပ်ငန်းများအပါအဝင် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ချက်များ မည်ကဲ့သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း”** နှင့်စပ်လျဉ်းသည့် မေးခွန်း (၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ **“ သနပ်ပင်မြို့လမ်းဦးစီးဌာနပိုင် (သနပ်ပင်မြို့တွင်း) လမ်းပေါ်တွင် တည်ဆောက်ထားသည့် အန္တရာယ်များပြီး ဟောင်းနွမ်းပျက်စီးနေသော အရှည် ၁၉၀ပေ အကျယ် ၁၂ ပေ လူသွားလမ်းတစ်ဖက် ၃ပေစီရှိ တံတားဟောင်းနေရာတွင် တံတားအသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ သနပ်ပင်မြို့အလယ်မှ ပဲခူး-စစ်တောင်းတူးမြောင်းသည် ဖြတ်သန်းလျက်ရှိပြီးထိုတူးမြောင်းကိုဖြတ်ရန်အတွက် လမ်းဦးစီးဌာနပိုင် (သနပ်ပင်မြို့တွင်း)လမ်းပေါ်တွင် တည်ဆောက်ထားသည့် တူးမြောင်းဖြတ်တံတားတစ်စင်းရှိပါသည်။

ထိုတံတားမှာဈေးသွားဈေးလာ၊ ကုန်စည်စီးဆင်းသယ်ဆောင်မှုနှင့်ခရီးသွားလာရေးအတွက် အသုံးပြု ရပါသည်။

လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက တည်ဆောက်ခဲ့သောတံတားဖြစ်ပြီး ၂၀၀၂-၂၀၀၃ခုနှစ် တွင် ပြိုကျခဲ့ပြီး လူထုအင်အားဖြင့် ပြန်လည်ပြင်ဆင်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆တွင် တံတားအပေါ်ပိုင်း ပြုပြင်ခြင်းနှင့် ၂၀၁၇-၂၀၁၈တွင် တံတားချဉ်းကပ်လမ်းပြုပြင်ခြင်းကိုလမ်းဦးစီးဌာနမှ ဆောင်ရွက်ထား မှုသာ ရှိပါသည်။ တံတားမှာအရှည် ၁၉၀ပေ-အကျယ်-၁၂ပေ-လူသွားလမ်းတစ်ဖက် ၃ပေစီရှိပါသည်။

ယခုအခါ တံတားအောက်ခြေတိုင်များမှာ ယခင်အဟောင်းများကိုဖြတ်ဆက်၍ ပြုပြင်ထား၍ မခိုင်ခံ့တော့ခြင်း၊ သစ်သားတိုင်များမှာများပြားလှပြီးတိုင်များကြားမြေသားများပိတ်ဆို့၍ ရေကြောင်း ကျဉ်းပြီး အောက်ဘက်ရေအထွက်တွင် ရေဝဲလှိုက်စားမှုများရှိခဲ့၍ ယခင်နှစ်များက ဘေးကမ်းပါးပြိုကျ ခဲ့ခြင်း၊ တံတားကြမ်းခင်းများမကောင်းတော့၍ တံတားပေါ်တွင် ဆိုင်ကယ်၊ ကားသွားလာရာ၌ အန္တရာယ်ဖြစ်ခြင်း မြစ်ကျိုးဘက်မှစီးလာသောရေထုအရှိန်ကြောင့် တံတားအောက်ခြေတိုင်များတွင် အမှိုက်သရိုက်ဗေဒါများပိတ်ဆို့ပြီး တံတားကိုတွန်းလှဲသလိုဖြစ်စေခြင်းစသည့် အန္တရာယ်များရှိပါသည်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ "အများပြည်သူ ယာဉ် အန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာဌာနအနေဖြင့် ပညာပေးလုပ်ငန်းများအပါအဝင် ယာဉ် အန္တရာယ် ကင်းရှင်းရေးဆောင်ရွက်ချက်များ မည်ကဲ့သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ ယာဉ်အန္တရာယ်ရှင်းလင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအမှတ်(၆)ကို ၂၆.၅.၂၀၂၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုခဲ့ပါသည်။ ပြဋ္ဌာန်းလိုက်သောဥပဒေတွင် ဥပဒေ ပုဒ်မ ၇၆

(က) မော်တော်ဆိုင်ကယ်ကို နောက်ကြည့်မှန်နှင့် အိပ်ဇောရှိအသံထိန်းကိရိယာမပါဘဲ မောင်းနှင်ခြင်း မပြုရ၊

(ခ) မော်တော်ဆိုင်ကယ်ကိုမောင်းနှင်စီးနင်းရာတွင် ရှေ့မီးအနိမ့်ကိုနေ့အချိန်တွင်လည်း ဖွင့် မောင်းရန်ပျက်ကွက်ခြင်းမရှိစေရဟူ၍လည်း အသေးစိတ်အချက်များ ထပ်မံပါရှိလာပါသည်။

ယခုအခါ သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနများအနေဖြင့် ယာဉ်စည်းကမ်းကိုကြပ်ကြပ်မတ်မတ် ဆောင်ရွက်နေသည့်တိုင် ယာဉ်မတော်တဆမှုများလည်း ဖြစ်ပွားလျက်ရှိရာ ယာဉ်အန္တရာယ်ကင်းရှင်းရေး နှင့် ပြည်သူလူထုကသတ်မှတ်ဥပဒေများကို သိရှိနားလည်လိုက်နာရေးအတွက် သက်ဆိုင်ရာဌာန၊ ဌာန အနေဖြင့် ပညာပေးလုပ်ငန်းများအပါအဝင် မည်ကဲ့သို့စီမံဆောင်ရွက်လုပ်ကိုင်သွားမည်ကို သိရှိလိုပါ ကြောင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးမျိုးမြင့်အောင် မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ သနပ်ပင်မြို့လမ်းဦးစီးဌာနပိုင် (သနပ်ပင်မြို့တွင်း) လမ်းပေါ်တွင် တည်ဆောက်ထားသည့် အန္တရာယ်များပြီး ဟောင်းနွမ်းပျက်စီးနေသော အရှည် ၁၉၀ပေ အကျယ် ၁၂ ပေ လူသွားလမ်းတစ်ဖက် ၃ပေစီရှိ တံတားဟောင်းနေရာတွင် တံတားအသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ သနပ်ပင်မြို့နယ်၊ သနပ်ပင်မြို့တွင်းလမ်းသည် ၁မိုင် ၄ဖာလုံအရှည် ကတ္တရာလမ်းဖြစ်ပြီး အဆိုပါလမ်းပေါ်ရှိတံတားသည် အရှည်၁၉၀ပေ၊ အကျယ် ၁၄ပေ၊ ခံနိုင်ဝန်(၁၃)တန်ရှိသော ဘေလီတံတားအမျိုးအစားဖြစ်ပြီး ယင်းတံတားအား သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည်တည်ဆောက်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်းလျာထားရန်ပုံငွေစာရင်းတွင် ပါဝင်ခြင်းမရှိပါသဖြင့် လက်ရှိအစိုးရသက်တမ်းတွင် လုပ်ဆောင်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါသည်။

သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီး၏ **Power Point** ဖြင့် တင်ပြချက်အရ အမြန်ဆုံးတည်ဆောက်ပေးသင့်သည့် အနေအထားဖြစ်ပါတယ်။ ထို့အတူပဲ တိုင်းဒေသကြီးမှာလည်း တိုင်းဒေသကြီးရန်ပုံငွေ၊ ပြည်ထောင်စုရန်ပုံငွေနှင့်တံတားအသီးသီးကို ပြုပြင်တည်ဆောက်နေတာလည်း အများကြီးရှိပါတယ်။ သို့ပါ၍ ပဲခူးတိုင်းဒေသကြီးအနေအထားအရလည်း မြစ်၊ ချောင်း၊ အင်းအိုင်များ အများကြီးရှိတဲ့အတွက် ရန်ကုန်၊ တောင်ငူ၊ မန္တလေးလမ်းတစ်လျှောက်မှာလည်း တံတားများပြုပြင် နေတာအများကြီးရှိသလို၊ အခြားလိုအပ်တဲ့တံတားများကိုလည်း တည်ဆောက်နေရတဲ့အတွက်၊ ဒီတံတားလည်းကျန်ခဲ့တာ ဖြစ်နိုင်ပါတယ်။ လက်ရှိအစိုးရသက်တမ်းအတွင်းမှာတော့ ရန်ပုံငွေကလျာထားပြီးဖြစ်တဲ့အတွက် လက်ရှိအနေနဲ့ တည်ဆောက်ပေးနိုင်ခြင်းမရှိပါဘူး၊ သို့သော် လွှတ်တော်ကိုယ်စားလှယ်ကြီး၏တင်ပြချက်အရ ဒီတံတားသည်တည်ဆောက်သင့်တာဖြစ်တဲ့အတွက် ဌာနမှာတော့ မှတ်တမ်းထားရှိပေးခဲ့မှာဖြစ်တဲ့အကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“အများပြည်သူ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာဌာနအနေဖြင့် ပညာပေးလုပ်ငန်းများအပါအဝင် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ချက်များမည်ကဲ့သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း”** နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီကို ၂၀၁၇ခုနှစ် အောက်တိုဘာလ (၁၃)ရက်နေ့မှာ ပြင်ဆင်ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းအရ ဝန်ကြီးချုပ်အပါအဝင် အဖွဲ့ဝင်(၂၆)ဦးဖြင့်ဖွဲ့စည်းထားပါတယ်။ ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က ဒုတိယဥက္ကဋ္ဌ၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးကအဖွဲ့ဝင်၊ ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာနကအတွင်းရေးမှူး၊ ဒုတိယတပ်ဖွဲ့ခွဲမှူး၊ ပဲခူးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးက တွဲဖက်အတွင်းရေးမှူး

အဖြစ်နဲ့ စုစုပေါင်းအားလုံး(၂၆)ယောက်နဲ့ ဖွဲ့စည်းထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိဆောင်ရွက်နေတဲ့အနေအထားကို ဖြေကြားရမည်ဆိုလျှင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ၂၀၁၉ခုနှစ် ဇန်နဝါရီလမှ ၂၀၂၀ခုနှစ်၊ ဧပြီလအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးဟောပြောမှု (၁၃၂၀)ကြိမ်၊ လက်ကမ်းစာစောင် ဖြန့်ဝေမှု(၁၂၃၈)ကြိမ်၊ ဖြန့်ဝေမှုစာစောင် (၉၇၃၂၇)စောင်၊ **Billbord** အသစ်(၁)ခု စိုက်ထူဆောင်ရွက်ထားပါကြောင်း၊ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေးအတွက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီမှ ၂၀၂၀ခုနှစ်၊ ဧပြီလအတွင်း အရက်သေစာသောက်စားမှုရှိ/မရှိစစ်ဆေးခြင်း (၅၅၈)ကြိမ်၊ အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်ခြင်းရှိ/မရှိ စစ်ဆေးပညာပေးမှု (၅၂၉)ကြိမ်၊ ခရီးသည်တင်ယာဉ်များ အားစစ်ဆေးမှု(၅၃၉)ကြိမ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး စိစစ်အကဲဖြတ်လုပ်ငန်း (**Road Safety Audit**)ကို (၁၆)ကြိမ်ဆောင်ရွက်ခဲ့ပြီး ယာဉ်တိုက်ခိုက်မှု မကြာခဏဖြစ်ပွားတတ်သောနေရာများ(**BlackSport**)တွင် လိုအပ်သည့်လမ်းညွှန်ချက်အမှတ်အသားများ ဖြည့်စွက်ပြင်ဆင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ခေတ်ပုံမှတ်တမ်းများဖြင့်ရုံးချုပ်သို့ လစဉ်အစီရင်ခံစာ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း၊ ပဲခူးတိုင်းယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (**NRSC**)၏ ဥပဒေပါ ပြဋ္ဌာန်းချက်အသစ်များအား ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိလိုက်နာစေရေး အသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ အသိပညာပေးကာ ကျော်လွန်ပါက ဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူများအား စစ်ဆေးအရေးယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထု ပိုမိုသိရှိနားလည်လိုက်နာမည်ဖြစ်သောကြောင့် လူစည်ကားရာနေရာများဖြစ်သည့် အဝေးပြေးယာဉ်ရပ်နားစခန်း၊ ဈေး၊ ဆေးရုံ၊ လမ်းဆုံလမ်းဝများတွင် ပူးပေါင်းအဖွဲ့များဖြင့် ပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျောင်းများ၊ ကောလိပ်များနှင့် တက္ကသိုလ်များတွင်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲများပြုလုပ်၍ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေတွင် ပြဋ္ဌာန်းထားသည့် အချက်များကို ထည့်သွင်းဟောပြောဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ပထမမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား-ကျွန်တော်တို့ လက်ရှိအစိုးရအခြေအနေနဲ့ဆို ၂၀၂၀-၂၀၂၁ ဘတ်ဂျက်က စီမံခန့်ခွဲပြီးဖြစ်တာကို ကျွန်တော်လည်း သိရှိပြီးဖြစ်ပါတယ်။ သို့သော် ကျွန်တော်အနေနဲ့တင်ပြလိုတာက ပြည်သူကရွေးချယ်တင်မြှောက်

ထားသည့် ကိုယ်စားလှယ်များနဲ့ဖွဲ့စည်းထားတဲ့ လွှတ်တော်အပါအဝင် အစိုးရအဖွဲ့ကလည်း ပြည်သူကို အခြေပြုရတဲ့ အဖွဲ့အစည်းသာဖြစ်ပါတယ်။ ပြည်သူသာအဓိက ဖြစ်ပါတယ်။ နောင်လာမည့်အစိုးရဆိုတာ လည်း အများကရွေးချယ်တင်မြှောက်ထားတဲ့ ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားတဲ့အဖွဲ့သာဖြစ်ပါတယ်။ ကျွန်တော်တင်ပြတဲ့လုပ်ငန်းဟာ ပြည်သူလူထုအတွက် လိုအပ်တဲ့လုပ်ငန်းတစ်ခုဖြစ်တာဖြစ်ပြီး ဘဏ္ဍာ ငွေကြေးနဲ့ပတ်သက်ပြီး နှစ်အလိုက်စီမံခန့်ခွဲပိုင်ခွင့်မရှိပေမဲ့ တင်ထားတဲ့လုပ်ငန်းအပေါ်မှာ အရေးကြီး လိုအပ်တယ်၊မလိုအပ်ဘူးဆိုတာ ဆုံးဖြတ်ချက်ချထားလို့ရပါတယ်။ ကျွန်တော်တို့ လုပ်ငန်းတာဝန်တွေ ဆောင်ရွက်ကြတဲ့အခါ ဒီလုပ်ငန်းဟာ လိုအပ်လား/မလိုအပ်ဘူးလား ၊ လုပ်ဆောင်သင့်လား၊ မလုပ်ဆောင် သင့်ဘူးလား။ ပထမအနေနဲ့ ဆုံးဖြတ်ရခြင်းဖြစ်ပါတယ်။ ဆုံးဖြတ်လိုက်တဲ့လုပ်ငန်းအပေါ်မှာမှ ငွေကြေး အင်အား ဘယ်လိုငွေကြေးကနေ သုံးစွဲရမယ်ဆိုတာကို နောက်တစ်ဆင့်အနေနဲ့ စဉ်းစားရမှာဖြစ်ပါတယ်။ နောက်ဆုံးအဆင့်အနေနဲ့မှ ဘယ်သူတွေက ပါဝင်ဆောင်ရွက်ပြီး ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာကို တတိယအဆင့်အနေနဲ့ စဉ်းစားရတာဖြစ်ပါတယ်။ အခုကျွန်တော်တင်ပြတဲ့ လုပ်ငန်းအပေါ်မှာ သိရှိလို တာက မှတ်တမ်းအနေနဲ့ထားရှိမယ့်အစား တကယ်တမ်းလိုအပ်တယ်ဆိုလို့ရှိရင် ၂၀၂၁-၂၀၂၂ ဘတ်ဂျက် မှာ လျာပေးနိုင်ခြင်း ရှိ/မရှိ ၊ မှတ်တမ်းအနေနဲ့ထားရှိမယ်ဆိုရင် ဒီလုပ်ငန်းက နောက်ကိုယ်စားလှယ်တွေ တက်တဲ့အခါမှာ မှတ်တမ်းအနေနဲ့ပဲပျောက်ပျက်သွားမှာဖြစ်ပါတယ်။ တကယ်အရေးကြီးတဲ့ လုပ်ငန်း ဖြစ်တဲ့အတွက် လာမဲ့ဘတ်ဂျက် ၂၀၂၁-၂၀၂၂မှာ လျာပေးနိုင်ခြင်းရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးမျိုးမြင့်အောင် မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စက်မှု၊ လျှပ်စစ် နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ လေးစားအပ်ပါ သော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် စပ်လျဉ်းပြီးပြောချင်တာက ကျွန်တော်တို့က မှတ်တမ်းအဖြစ်နဲ့ဆိုတာက လွှတ်တော်မှာလည်း မေးသွား တယ်။ **Power Point** နဲ့ကြည့်ပြီးတကယ်လည်းလိုအပ်နေတယ်လို့ သိရှိရပါတယ်။ အဲ့ဒီအတွက်ကို ကျွန်တော် မှတ်တမ်းဆိုတာလည်း အရေးကြီးတဲ့ကိစ္စလေးဖြစ်တယ်ဆိုတဲ့အကြောင်းကို ဌာနကို ကျွန်တော်ပြောကြားသွားခြင်း ဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့က လက်ရှိသက်တမ်းအတွင်း ကျွန်တော်ကိုယ်တိုင် ကတိကဝတ်ပေးပြီး ၂၀၂၁-၂၀၂၂တွေမှာ လျာထားမယ်ဆိုတာကလည်း အခက်အခဲ ရှိပါတယ်။ ကျွန်တော့်အနေနဲ့လည်း ကြိုပြီးလျာထားခွင့်မရှိပါဘူး။ အဲ့ဒီတော့ကျွန်တော့်အနေနဲ့ ကျွန်တော် လုပ်ခွင့်ရှိတဲ့ ဝန်ကြီးသက်တမ်းအတွင်းမှာပဲ ကတိကဝတ်အနေနဲ့ ဖြေကြားနိုင်ခြင်းဖြစ်ပါတယ်။ သို့သော် လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ကိစ္စကို အလေးထားပါတယ်။ ထို့အတွက် ကျွန်တော်က ဌာနမှာ

တော့ ဒီကိစ္စသည်အရေးကြီးပါတယ်။ ဒီလိုရှိပါတယ်။ ဒီကိစ္စကိုလုပ်ရမှာဆိုတာကို ကျွန်တော့်အနေနဲ့ ပြောကြားခဲ့မှာ ဖြစ်ပါတယ်။ ကတိကဝတ်အနေနဲ့ မဖြစ်နိုင်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးဝင်းနိုင်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **" ပေါက်ခေါင်းမြို့နယ်၊ ပြည်–တောင်ငူ မဟာဗျူဟာလမ်းပေါ်ရှိ သံဘောလီတံတား သဘာဝဘေးကြောင့် ပျက်စီးသွားမှုအား RC ကွန်ကရစ်တံတား (၂၂၀') အရှည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်"** စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **" ပေါက်ခေါင်းမြို့နယ်၊ ဝက်တိုးကျေးရွာနှင့် မြောက်လက်ကြီးကျေးရွာကြား (၂)မိုင်ကတ္တရာလမ်း ပျက်စီးနေမှုအား မည်သို့ပြင်ဆင်ပေးမည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုတို့ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းနိုင်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ **" ပေါက်ခေါင်းမြို့နယ်၊ ပြည်–တောင်ငူ မဟာဗျူဟာလမ်းပေါ်ရှိ သံဘောလီတံတား သဘာဝဘေးကြောင့် ပျက်စီးသွားမှုအား RC ကွန်ကရစ်တံတား (၂၂၀') အရှည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်"** စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၊ ပြည်–တောင်ငူမဟာဗျူဟာလမ်းပေါ်ရှိညောင်ဝန်းကျေးရွာအနီးမိုင်တိုင် ၃၈/၁ နှင့် ၃၈/၂ အကြားရှိတံတားအရှည်ပေ (၂၂၀')သံဘောလီတံတားအမျိုးအစားဖြစ်ပြီး ပဲခူးအရှေ့ခြမ်းနှင့် အနောက်ခြမ်းဆက်သွယ်သည့် မရှိမဖြစ်လမ်းတစ်လမ်းဖြစ်ပါသည်။

လွန်ခဲ့သော(၂၀၁၈–၂၀၁၉)ဘဏ္ဍာရေးနှစ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်နဝင်းချောင်းပေါ်တွင်တည်ဆောက်ထားသော သံဘောလီတံတားမှာ ရေနောက်မျောပါပျက်စီးသွားခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲခဲ့ပြီး ရက်အနည်းငယ်အတွင်းမှာ ပြည်ထောင်စုလမ်းတံတားအဖွဲ့မှ ယာယီသံဘောလီတံတား ထိုးထားပေးခဲ့ပါသည်။

၎င်းတံတားသည် ယာယီသံဘောလီတံတားသာဖြစ်၍ မိုးသည်းထန်စွာရွာသွန်းလျှင် ရေနောက်ပါသွားမည်ကိုစိုးရိမ်ရပါသည်။ ၎င်းတောင်နဝင်းချောင်းသည် တောင်နဝင်းဆည်အတွင်းသို့ စီးဝင်သည့် ရေစီးသန်သည့် တောင်ကျချောင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယာယီသံဘောလီတံတားအဆင့်မှ **RC** ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ခြင်းအစီအစဉ်ရှိ/မရှိလေးစားစွာမေးမြန်းတင်ပြအပ်ပါသည်။

**ဦးဝင်းနိုင်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ **" ပေါက်ခေါင်းမြို့နယ်၊ ဝက်တိုးကျေးရွာနှင့် မြောက်လက်ကြီးကျေးရွာကြား (၂)မိုင်ကတ္တရာလမ်း ပျက်စီးနေမှုအား မည်သို့ပြင်ဆင်ပေးမည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၊ ဝက်တိုးကျေးရွာနှင့် မြောက်လက်ကြီးကျေးရွာကြားရှိ (၂)မိုင်ကတ္တရာလမ်းပိုင်းသည် ခရိုင်ချင်းဆက်လမ်းပေါ်

တွင် တည်ရှိပါသည်။ ၎င်းလမ်းပိုင်းသည် မြောက်ဘက်တွင် အောင်လံမြို့နယ်နှင့်ဆက်စပ်ပြီး တောင်ဘက်တွင် ပေါင်းတည်မြို့နယ်နှင့် ဆက်စပ်လျက်ရှိပါသည်။ အုပ်စုအနေဖြင့် (၂၃)အုပ်စု၊ ကျေးရွာပေါင်း(၈၃) ရွာ၊ လူဦးရေ (၃၈၉၇၁)ဦးအသုံးပြုလျက်ရှိသည့်လမ်းပိုင်းဖြစ်ပါသည်။ ယခုအခါ ကတ္တရာလမ်းမှာ ပေါက်ပြဲပျက်စီးနေပြီဖြစ်သည့်အတွက် ခရီးသွားပြည်သူများယာဉ်အန္တရာယ်၊ အသက်အန္တရာယ်ထိခိုက်နိုင်ပါသဖြင့် မည်သည့်ဘဏ္ဍာနှစ်တွင် ပြင်ဆင်ပေးမည်ကိုသိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းနိုင် မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးဝင်းနိုင်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ ပေါက်ခေါင်းမြို့နယ်၊ ပြည်–တောင်ငူ မဟာဗျူဟာလမ်းပေါ်ရှိ သံဘေလီတံတား သဘာဝဘေးကြောင့် ပျက်စီးသွားမှုအား RC ကွန်ကရစ်တံတား (၂၂၀') အရှည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်”** စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ပေါက်ခေါင်းမြို့နယ်၊ ပြည်–ပေါက်ခေါင်း–တောင်ငူလမ်းပိုင်း မိုင်(၃၈/၁–၃၈/၂)အတွင်းရှိတံတားအမှတ်–၁/၃၉၊ ညောင်ဝန်းတံတားသည် မူလက၁၉၀ပေ အရှည်၂လွှာ (၁)ထပ် သစ်သားကြမ်းခင်းဘေလီတံတားဖြစ်ပြီး (၃၁.၈.၂၀၁၉)ရက်နေ့၊ မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေမြင့်တက်မှုကြောင့် မျောပါပျက်စီးသွားပါသဖြင့် တံတားအထူးအဖွဲ့(၉)မှ ၂၀၁၈–၂၀၁၉ဘဏ္ဍာနှစ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ပေ၂၂၀အရှည်၊(၂လွှာ) တစ်ထပ်+(၁)လွှာ တစ်ထပ်သံပြားကြမ်းခင်း ဘေလီတံတားအား ၂၀၁၉ခုနှစ် နိုဝင်ဘာလ(၆)ရက်နေ့တွင် ပြီးစီးအောင် ပြန်လည်တည်ဆောက်ပေးခဲ့ပါသည်။

တံတားအမှတ်–၁/၃၉၊ ညောင်ဝန်းတံတားအား သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည်တည်ဆောက်ရန်အတွက် ၂၀၂၀–၂၀၂၁ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးလမ်းဦးစီးဌာနမှ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ်(၁၃၉၀.၀၀၀)သန်းအား လျာထားတင်ပြတောင်းခံ ထားပါကြောင်းနှင့် ပြည်ထောင်စုမှ ရန်ပုံငွေခွဲဝေရရှိပါကညောင်ဝန်းတံတားအားဘေလီသံဘောင်၊ သံပြားကြမ်းခင်း ဘေလီတံတားအဆင့်မှ သံကူကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့် တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးဝင်းနိုင်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ ပေါက်ခေါင်းမြို့နယ်၊ ဝက်တိုးကျေးရွာ နှင့် မြောက်လက်ကြီးကျေးရွာကြား (၂)မိုင်ကတ္တရာလမ်း ပျက်စီးနေမှုအား မည်သို့ပြင်ဆင်ပေးမည်ကို သိရှိလိုပါကြောင်း”** နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ပြည်ခရိုင်၊ပေါက်ခေါင်းမြို့နယ် ဝက်တိုး

ကျေးရွာနှင့် မြောက်လက်ကြီးကျေးရွာကြား ပျက်စီးနေသောလမ်းပိုင်းမှာ (၂၇/၄.၄)မိုင် အတိုင်းအတာရှိ ခရိုင်ချင်းဆက်လမ်းအမှတ်(၁) (ပေါက်ခေါင်း-အောင်လံ)လမ်းပေါ်တွင်တည်ရှိ၍ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ နှစ်ကာလကြာမြင့်ခြင်း တန်ပိုယာဉ်များဖြတ်သန်းသွားလာခြင်းတို့ကြောင့် ကတ္တရာသားများပေါက်ပြဲပြီး ချိုင့်ခွက်များဖြစ်ပေါ်ကာ လမ်းမှာပျက်စီးလျက်ရှိပြီး ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပါက ခန့်မှန်းကုန်ကျငွေကျပ်(၆၁)သန်း ကုန်ကျမည်ဖြစ်ပြီး ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားသတ်မှတ်ပြီးဖြစ်ပါ၍ လက်ရှိအစိုးရသက်တမ်းတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

သို့ပါသော်လည်း ဌာနကိုလည်း ဒီကိစ္စကို အသိပေးပြောကြားသွားမှာဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်က လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်က လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်သန်းသန်းဝင်း[တိုင်းဒေသကြီး စာရင်းစစ်ချုပ်]။** ။(ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်)

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၂၉.၇.၂၀၂၀)ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါတယ်။

**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များ ဆိုင်ရာ ကော်မတီအစီရင်ခံစာ(၄/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်(၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီအစီရင်ခံစာ (၄/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီအစီရင်ခံစာ(၄/၂၀၁၉)ပါ အကြံပြုချက်များနှင့်စပ်လျဉ်း၍

- လက်ရှိတောင်သူများ လိုလားကျင့်သုံးနေသော DSR, Broadcastily စနစ်များအား ဌာနမှ ဦးစားပေးသရုပ်ပြ ပညာပေး၍ Drum Seeder ဖြင့် မျိုးစေ့ချခြင်းကို တွင်တွင်ကျယ်ကျယ်ဆောင်ရွက်ပြလျက်ရှိပါသည်။ ၎င်းအပြင် စက်မှုလယ်ယာအား ပီပြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် Teansplanting Mechine ဖြင့် မြို့နယ်တိုင်းတွင် စိုက်ပျိုးသရုပ်ပြ၍ ပညာပေးလျက်ရှိပါကြောင်း
- **Integrated Farm** အား တောင်သူများတွင်တွင်ကျယ်ကျယ်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးတဝှမ်းရှိ **Agri-Community Learning Center** များတွင် သရုပ်ပြစိုက်ပျိုးပြသပညာပေးလျက်ရှိပြီး ပုဂ္ဂလိကပိုင်လယ်ယာမြေများတွင် ဆောင်ရွက်လိုပါက လယ်ယာစိုက်ပျိုးခြင်းမှတပါး အခြားနည်းအသုံးပြုလိုသည်များကို ၂၀၁၂ လယ်ယာမြေဥပဒေနှင့် အညီ စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း
- တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် တင်ပြဆွေးနွေး၍ လယ်/စီအဖွဲ့၏ လမ်းညွှန်ချက်အပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးတင်ပြပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအစီရင်ခံတင်ပြအပ်ပါသည်။

**ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအတွင်းရေးမှူး ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး လွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစီရင်ခံစာကို ရေးရာကော်မတီ အတွင်းရေးမှူး ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)က တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသောအစီရင်ခံစာ(၁/၂၀၂၀)

**နိဒါန်း**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်စည်ပင်သာယာရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက် ရေးကော်မတီသည် ကော်မတီ၏တာဝန်၊လုပ်ပိုင်ခွင့်များနှင့်အညီ တိုင်းဒေသကြီးအတွင်း စည်ပင် သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်စိုက်မတ်မတ်အစဉ် ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။ ဤအစီရင်ခံသည့်ကာလအတွင်း ကော်မတီအနေဖြင့် မိမိတို့အားတာဝန်ပေးအပ်ထား သည့် တိုင်းဒေသကြီးအစိုးရမှ လွှတ်တော်သို့ပေးပို့လာသည့် နည်းဥပဒေ(မူကြမ်း)များကို အဓိက ဦးစားပေးဆွေးနွေးခဲ့ကြပါသည်။

**ရည်ရွယ်ချက်**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်ခြင်းဆိုင်ရာနည်းဥပဒေ(မူကြမ်း)၊ ပစ္စည်း ခွန်စည်းကြပ်ကောက်ခံခြင်းဆိုင်ရာနည်းဥပဒေ(မူကြမ်း)၊ ဖြူးမြို့နယ်(၁၁၅)မိုင်ယာဉ်ရပ်နား စခန်းရှိ **Country Road** စားသောက်ဆိုင်တိုင်ကြားစာကိစ္စနှင့် ပဲခူးမြို့ **MJT** ကုမ္ပဏီ၊ ပုဂ္ဂလိက အမှိုက်သိမ်းဝန်ဆောင်မှုလုပ်ငန်း တိုင်ကြားစာကိစ္စများအား ခေါ်ယူကြားနာခြင်း၊ ပြင်ဆင်ဆွေးနွေးခြင်းများ ဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။

**အစီရင်ခံသည့်ကာလအတွင်းကော်မတီ၏ဆောင်ရွက်ချက်များ**

ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်စည်ပင်သာယာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် တင်ပြပါကာလအတွင်း အောက်ပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက် နိုင်ခဲ့ပါသည်-

- ကော်မတီအနေဖြင့် (၃.၅.၂၀၂၀)ရက်နေ့မှ (၂၂.၅.၂၀၂၀)ရက်နေ့အထိ ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းများအား စိစစ်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါသည်။
- (၂.၆.၂၀၂၀)ရက်နေ့မှ (၅.၆.၂၀၂၀)ရက်နေ့အထိရေးရာကော်မတီထံပေးပို့လာသော **MJT Co;Ltd**၏ ပုဂ္ဂလိကအမှိုက်သိမ်းဝန်ဆောင်မှုလုပ်ငန်း တိုင်ကြားစာနှင့်ပတ်သက်၍ အစည်းအဝေးခေါ်ယူကျင်းပပြုလုပ်ခဲ့ပါသည်။
- (၃.၅.၂၀၂၀)ရက်နေ့တွင် MJTCo;Ltdပုဂ္ဂလိက အမှိုက်သိမ်းဝန်ဆောင်မှုလုပ်ငန်းမှ ဦးရဲထွန်းအောင်နှင့်တာဝန်ရှိသူများအားခေါ်ယူကြားနာခဲ့ပါသည်။
- (၄.၆.၂၀၂၀)ရက်နေ့တွင် ပုဂ္ဂလိကအမှိုက်သိမ်းဝန်ဆောင်မှုလုပ်ငန်း တိုင်ကြားစာနှင့် ပတ်သက်၍ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများအား ခေါ်ယူကြားနာခဲ့ပါသည်။
- (၈.၆.၂၀၂၀)ရက်နေ့တွင် **Country Road** စားသောက်ဆိုင်မှ တိုင်ကြားစာနှင့်ပတ်သက်၍ ဖြူးမြို့နယ်၊ (၁၁၅)မိုင်ယာဉ်ရပ်နားစခန်းအနီး **GR8** စားသောက်ဆိုင်ရှိ တရားမဝင်ယာဉ်ရပ်နားဝင်းပြုလုပ်နေခြင်း၊ ရေဆိုးမြောင်းများပိတ်ဆို့တားဆီးခြင်း၊ မြို့နယ်ဌာနဆိုင်ရာများ၏ စည်းကမ်းဥပဒေတားမြစ်ချက်များအား လိုက်နာမှုမရှိခြင်းကိစ္စနှင့် ပတ်သက်၍ ဖြူးမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖြူးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဖြူးမြို့နယ်မြေစာရင်းဦးစီးဌာန၊ **GR8** နှင့် **Country Road** စားသောက်ဆိုင်ပိုင်ရှင်တို့အား လွှတ်တော်တွင် ခေါ်ယူကြားနာခဲ့ပါသည်။
- (၉.၆.၂၀၂၀)ရက်နေ့တွင် ပုဂ္ဂလိကအမှိုက်သိမ်းဝန်ဆောင်မှုလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်။
- (၁၅.၆.၂၀၂၀)ရက်နေ့မှ (၁၉.၆.၂၀၂၀)ရက်နေ့အထိ ဖြူးမြို့နယ်နှင့်ပဲခူးမြို့နယ်များရှိ တိုင်ကြားစာကိစ္စများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ခေါ်ယူကျင်းပပြုလုပ်ခဲ့ပြီး အထောက်အထားစာရွက်စာတမ်းများအားတောင်းခံခြင်း၊ စိစစ်ခြင်း၊ အကြံပြုသုံးသပ်ချက်များဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။
- (၁၇.၆.၂၀၂၀)ရက်နေ့ (၀၉:၃၀)နာရီအချိန်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အောက်ထပ်အစည်းအဝေးခန်းမတွင် ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အမှိုက်သိမ်းဝန်ဆောင်မှုလုပ်ငန်းအားပုဂ္ဂလိကသို့ တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခြင်းကိစ္စနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။
- (၂၂.၆.၂၀၂၀)ရက်နေ့မှ (၂၆.၆.၂၀၂၀)ရက်နေ့အထိ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်ခြင်းဆိုင်ရာ

နည်းဥပဒေနှင့်ပတ်သက်၍ တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်း ကော်မတီနှင့်စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ ကော်မတီနှစ်ရပ်ပူးပေါင်း၍ ပြင်ဆင်ညှိနှိုင်းရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးခေါ်ယူကျင်းပပြုလုပ်ခဲ့ပါသည်။

- (၂၉.၆.၂၀၂၀)ရက်နေ့မှ (၃.၇.၂၀၂၀)ရက်နေ့အထိ ပဲခူးမြို့ MJT Co;Ltd၏ ပုဂ္ဂလိကအမှိုက်သိမ်းဝန်ဆောင်မှုလုပ်ငန်းတိုင်ကြားစာနှင့်ပတ်သက်၍ အစီရင်ခံစာပြုစု၍ လွှတ်တော်ဥက္ကဋ္ဌထံတင်ပြခြင်း၊ (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းမည့်အစီရင်ခံစာရေးသားခြင်းများ ဆောင်ရွက်ရန်အတွက် အစည်းအဝေးခေါ်ယူကျင်းပ ပြုလုပ်ခဲ့ပါသည်။
- (၃၀.၆.၂၀၂၀)ရက်နေ့ (၁၃:၀၀)နာရီအချိန်တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ပြင်ဆင်ရေးဆွဲလျက်ရှိသောစည်ပင်သာယာရေးကော်မတီဝင်များရွေးချယ်ခြင်းဆိုင်ရာ နည်းဥပဒေနှင့်ပတ်သက်၍ လွှတ်တော်ပူးပေါင်းအစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များသို့ ချပြရှင်းလင်းဆွေးနွေးပြီးအကြံပြုချက်များရယူခဲ့ပါသည်။
- (၆.၇.၂၀၂၀)ရက်နေ့မှ (၁၇.၇.၂၀၂၀)ရက်နေ့အထိ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်ခြင်းဆိုင်ရာ နည်းဥပဒေနှင့်ပတ်သက်၍ တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီနှင့် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ ကော်မတီနှစ်ရပ်ပူးပေါင်း၍ ပြင်ဆင်ညှိနှိုင်းရန် အစည်းအဝေးခေါ်ယူကျင်းပပြုလုပ်ခဲ့ပါသည်။

**အစီရင်ခံသည့်ကာလအတွင်းကော်မတီ၏တွေ့ရှိချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် အစီရင်ခံသည့်ကာလအတွင်း တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ်အတွက်အရအသုံးခန့်မှန်းခြေငွေစာရင်းများအား စစ်ဆေးခဲ့ရာတွင် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ငွေစာရင်းများအား စစ်ဆေးခဲ့ရပါသည်။ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် သာမန်အသုံးစရိတ်ငွေကျပ် (၂၀၇၆၇.၆၂၉)သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ်(၉၀၀၀၀)သန်း၊ စုစုပေါင်းငွေကျပ် (၁၁၀၇၆၇.၆၂၉)သန်းတောင်းခံခဲ့ကြောင်းတွေ့ရှိရပါသည်။
- ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တောင်းခံငွေများအား ကော်မတီအနေဖြင့်လျှော့ချငွေမရှိဘဲ သာမန်အသုံးစရိတ်(၀၃-၀၆၊ခရီးဆီ၊စက်ဆီ၊ချောဆီ) တောင်းခံငွေမှငွေကျပ်(၁၁၈.၁၄၄)သန်း၊ သာမန်အသုံးစရိတ်(၀၃-၀၂၊ ဌာနဆိုင်ရာများမှ လိုအပ်ချက်အရ ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများ) တောင်းခံငွေမှ ငွေကျပ်(၇.၅၈)သန်း၊ စုစုပေါင်း

ငွေကျပ် (၁၂၅.၇၂၄)သန်းအား သာမန်အသုံးစရိတ်(၀၅-၀၃၊ကယ်ဆယ်စောင့်ရှောက်ရေး နှင့်ပြန်လည်နေရာချထားရေး)ခေါင်းစဉ်သို့ လွှဲပြောင်းသုံးစွဲစေခြင်းသာ ဆောင်ရွက်ခဲ့ ကြောင်းတွေ့ရှိရပါသည်။

- သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များအရ ငွေလုံးငွေရင်းအသုံးစရိတ်မှ လုပ်ငန်းပြောင်းလဲခြင်းအနေဖြင့် ပြည်မြို့နယ်မှလုပ်ငန်း(၃) ခု၊ ပန်းတောင်းမြို့နယ်မှ လုပ်ငန်း(၈)ခု၊ အုတ်တွင်းမြို့နယ်မှ လုပ်ငန်း(၁)ခု၊ ဝေါမြို့နယ်မှ လုပ်ငန်း(၅)ခု၊ တောင်ငူမြို့နယ်မှ လုပ်ငန်း(၁)ခု၊ စုစုပေါင်းလုပ်ငန်း(၁၈)ခုအားလည်းကောင်း၊ သာမန်အသုံးစရိတ်မှ လုပ်ငန်းပြောင်းလဲခြင်းအနေဖြင့် ပဲခူးမြို့နယ်မှ လုပ်ငန်း(၁)ခု၊ ဝေါ မြို့နယ်မှ လုပ်ငန်း(၅)ခု၊ စုစုပေါင်းလုပ်ငန်း(၆)ခုအားလည်းကောင်း လုပ်ငန်းပြောင်းလဲ ပေးခြင်း ဆောင်ရွက်ခဲ့ကြောင်းတွေ့ရှိရပါသည်။
- COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားခြင်းကြောင့် မြန်မာနိုင်ငံတွင်မက ကမ္ဘာ့နိုင်ငံအများ အပြားတွင်စီးပွားရေး၊ လူမှုရေးအပိုင်းများသာမကအုပ်ချုပ်ရေး၊ ကျန်းမာရေးအပိုင်းများ တွင်ပါ စိန်ခေါ်မှုများစွာတွေ့ကြုံနေရပါသည်။ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၏ (၉.၇.၂၀၂၀)ရက်နေ့ ထုတ်ပြန်ချက်အရတစ်ကမ္ဘာလုံးတွင် **COVID-19** ရောဂါဖြစ်ပွားမှု အခြေအနေမှာ ဓါတ်ခွဲအတည်ပြုလူနာဦးရေ (၁၁၂၃၉၂၅၉)ဦးနှင့် သေဆုံးသူဦးရေ (၅၃၉၉၀၆)ဦးရှိကြောင်းသိရှိရပြီး **COVID-19** ရောဂါကူးစက်မှု ဒုတိယလှိုင်းမဖြစ်ပေါ် စေရန် သတိပေးချက်များ ထုတ်ပြန်ထားကြောင်းတွေ့ရှိရပါသည်။
- **COVID-19** ရောဂါဖြစ်ပွားသည့်ကာလကြာမြင့်လာသည်နှင့်အမျှ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသောလူပုဂ္ဂိုလ်များ၊ ကုမ္ပဏီများ၊ အဖွဲ့ အစည်းများ၏ စီးပွားရေး၊ အုပ်ချုပ်ရေးအပိုင်းများတွင်လည်းကောင်း၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့များရှိ အောက်ခြေဝန်ထမ်းငယ်၊ နေ့စားဝန်ထမ်းများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးလုံခြုံမှုအပိုင်းများတွင်လည်းကောင်း အခက်အခဲများရှိလာကြ ကြောင်း တွေ့ရှိရပါသည်။
- **COVID-19** ရောဂါဖြစ်ပွားသည့်ကာလတွင် **Digital** နည်းပညာအသုံးချမှုမှာ ပိုမိုတွင်ကျယ် လာပြီး ကျန်းမာရေးစောင့်ရှောက်မှုအားအထောက်အကူဖြစ်ခြင်း၊ လုပ်ငန်းလွယ်ကူ လျှင်မြန်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ သတင်းအချက်အလက်တိကျမှန်ကန်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်းတွေ့ရှိရပါသည်။
- မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ အမှိုက်သိမ်းဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်း မွန်လာသည်နှင့်အမျှ အမှိုက်များပိုမိုထွက်ရှိလာမည်ဖြစ်သဖြင့် အမှိုက်စွန့်ပစ်ရန် မြေ နေရာများ၊ သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် စွန့်ပစ်အမှိုက် ဖျက်ဆီးခြင်းနည်းလမ်းများအား ပိုမိုလိုအပ်လာမည်ဖြစ်ကြောင်းတွေ့ရှိရပါသည်။

- မြို့ကြီးများရှိလမ်းမကြီးများ၊ လမ်းများ၊ လမ်းသွယ်များတွင် တပ်ဆင်ထားသောလမ်းအမည် ဆိုင်းဘုတ်များပျက်စီးနေခြင်း၊ လမ်းအမည်ဆိုင်းဘုတ်များ လုံးဝတပ်ဆင်ထားမှု မရှိခြင်း များတွေ့ရှိရပါသည်။
- ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အချို့သောမြို့နယ်များတွင် မြို့အဆင့်သတ်မှတ်ချက်နှင့် ကိုက်ညီ၍ မြို့အဆင့်သို့တိုးမြှင့်ရန် လျှောက်ထားပြီးပြည်ထဲရေးဝန်ကြီးဌာနမှ အတည်ပြုချက်မကျသေးသော တိုက်နယ်အဆင့်ကျေးရွာကြီးများအား မြို့နယ်စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲများအတွက် မဲဆန္ဒနယ်သတ်မှတ်ပေးရန် တင်ပြလာကြောင်း တွေ့ရှိရပါသည်။
- ပဲခူးမြို့အမှိုက်သိမ်းဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်နေသည့် **MJTCo;Ltd** မှ လက်ရှိအသုံးပြုနေသည့် **MJT Waste Text Collector Software** မှာ အိမ်တွင် ကပ်ထားသည့် **QR Code Sticker** စာရွက်အားဖုန်းဖြင့် **Scan** ဖတ်ခြင်း၊ကျသင့်ငွေကို တိကျစွာ ချက်ချင်းသိရှိနိုင်ခြင်း၊ ဖုန်းအား **Mobile Printer** ဖြင့်ဆက်သွယ်၍ ကောက်ခံရမည့် နှုန်းအား တစ်ပြိုင်နက်ပြေစာထုတ်ပေးနိုင်ခြင်း၊ **Server** တွင်လည်း ကောက်ခံပြီးစီးမှု အခြေအနေအသေးစိတ်ကို အချိန်အခါမရွေး စစ်ဆေးကြည့်ရှုနိုင်သည့်အတွက် ငွေကြေး အလွဲသုံးစားမှုများ လျော့နည်းပပျောက်သွားနိုင်ပြီး အခွန်အခများ တိကျမှန်ကန်စွာ ကောက်ခံနိုင်ခြင်း၊ **Mobile Money** များနှင့် ဆက်သွယ်အသုံးပြုနိုင်ရန်အတွက် ချိတ်ဆက်နိုင်သည့်အတွက် **E-Government** စနစ်အတွက် အထောက်အကူဖြစ်ခြင်း၊ စည်ပင်သာယာရေးအဖွဲ့၏ အခွန်အခကောက်ခံခြင်းလုပ်ငန်းများတွင် များစွာအထောက်အကူပြုနိုင်ခြင်းများအားတွေ့ရှိရပါသည်။

**အစီရင်ခံသည့်ကာလအတွင်းကော်မတီ၏အကြံပြုတင်ပြချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အောက်ပါအချက်များအား အကြံပြုတိုက်တွန်းအပ်ပါသည်-

- မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် တိုက်ရိုက်သက်ဆိုင်သည့် ဈေးများ၊ ပန်းခြံနှင့် ကစားကွင်းများစသည်တို့တွင် COVID-19 ရောဂါကူးစက်မှု ဒုတိယလှိုင်းမဖြစ်ပေါ်စေရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သတိပေးချက်များအတိုင်း လိုက်နာလုပ်ဆောင်စေရေးတို့ကိုစစ်ဆေးခြင်း၊ စိစစ်ကြပ်မတ်ခြင်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်သွားသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။
- COVID-19 ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်နေသော လုပ်ပုဂ္ဂိုလ်များ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ရေရှည်ဆက်လက်လုပ်ကိုင်ဆောင်ရွက်

နိုင်စေရန် ထိုက်သင့်သောဖြေလျှော့မှုများပေးခြင်း၊ အထောက်အပံ့များရရှိစေရန် ဆောင်ရွက်ပေးခြင်းများအားလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များရှိ အောက်ခြေဝန်ထမ်းငယ်၊ နေ့စားဝန်ထမ်းများ၏ စားဝတ်နေရေး၊ ပညာရေးအပိုင်းတွင် ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးလုံခြုံမှုအပိုင်းတွင် အကာအကွယ်ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်း၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် အင်အား၊ အချိန်၊ နေရာတို့ကို စီမံကြီးကြပ်ခြင်းများအားလည်းကောင်း ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

- ရေရှည်တွင် Digital နည်းပညာကိုအသုံးချသည့်Digital အုပ်ချုပ်မှုယန္တယားများ ဖြစ်ပေါ်လာစေရေး စီမံချက်များချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။
- မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအတွက် လုံလောက်သော အမှိုက်စွန့်ပစ်ရန်မြေနေရာများရရှိရေး၊ သဘာဝပတ်ဝန်းကျင်အားထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် စွန့်ပစ်အမှိုက်ဖျက်ဆီးသည့် နည်းလမ်းများအား အသုံးပြုနိုင်ရေး အကြံပြုတင်ပြအပ်ပါသည်။
- မြို့ကြီးများရှိလမ်းမကြီးများ၊ လမ်းများ၊ လမ်းသွယ်များတွင် တပ်ဆင်ထားသည့် ပျက်စီးနေသောလမ်းအမည်ဆိုင်းဘုတ်များအား ပြင်ဆင်ပေးခြင်း၊ လုံးဝတပ်ဆင်ထားခြင်းမရှိသောလမ်းအမည်ဆိုင်းဘုတ်များ တပ်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။
- မြို့အဆင့်သတ်မှတ်ချက်နှင့်ကိုက်ညီ၍ မြို့အဆင့်သို့တိုးမြှင့်ရန် လျှောက်ထားပြီး ပြည်ထဲရေး ဝန်ကြီးဌာနမှ အတည်ပြုချက်မကျသေးသော တိုက်နယ်အဆင့်ကျေးရွာကြီးများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ထံတင်ပြ၍ စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ပေးကာ သက်ဆိုင်သောအခွန်၊အခများကောက်ခံခြင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲများအတွက် မဲဆန္ဒနယ်သတ်မှတ်ပေးခြင်းများ ဆောင်ရွက်ပေးသင့်ကြောင်းအကြံပြုတင်ပြအပ်ပါသည်။
- MJT Co;Ltdမှလက်ရှိအသုံးပြုနေသည့် MJT Waste Text Collector Software ဖြင့် အသုံးပြုကောက်ခံသည့်စနစ်အားကျန်မြို့နယ်များသို့ Shareခွဲဝေ၍ စည်ပင်သာယာရေးဆိုင်ရာအခွန်၊ အခကောက်ခံခြင်းလုပ်ငန်းတွင် အသုံးပြုသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များ**

ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည်အောက်ဖော်ပြပါကော်မတီ၏ လုပ်ငန်းစဉ်များအားရရှိသည့်အချိန်အပေါ် မူတည်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းတင်ပြအပ်ပါသည်-

- ၂၀၂၀ပြည့်နှစ်၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဝင် ရွေးချယ်ခြင်းအား စောင့်ကြည့်လေ့လာ၍ ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေနှင့် ၂၀၂၀ပြည့်နှစ်၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီဝင် ရွေးချယ်ခြင်းဆိုင်ရာ နည်းဥပဒေအား ပြင်ဆင်ဖြည့်စွက်သွားရန်၊
- တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးပို့လာသော အောက်ပါနည်းဥပဒေများကို ဆက်လက် ဆွေးနွေးသွားရန်-
- အဆောက်အဦများဆောက်လုပ်ခြင်းဆိုင်ရာဥပဒေ
- စာကြည့်တိုက်များဥပဒေ
- ကုန်တင်ကုန်ချဥပဒေ

**နိဂုံး**

ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်စည်ပင်သာယာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ပေးအပ်သောတာဝန်များကို ကျေပွန်စွာအချိန်နှင့် တစ်ပြေးညီဖော်ဆောင်နေသကဲ့သို့ ပဲခူးတိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးလုပ်ငန်းများ စနစ်တကျ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့်လက်တွဲ၍ ဆက်လက်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်းတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ် တော် စည်ပင်သာယာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၂၈.၇.၂၀၂၀)ရက်နေ့နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ပဉ္စမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဆဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)ကို (၁၂:၁၀)နာရီတွင် ရပ်နား ပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) ကို၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ(၂၈)ရက် (အင်္ဂါနေ့) နံနက် (၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
ပဲခူးမြို့

စာအမှတ်၊ ၄၃၇ / လုံ - နယ် / ၂၀၂၀
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် လ ၂၅ ရက်

သို့

ပဲခူးတိုင်းဒေသကြီးလွှတ်တော်
ပဲခူးမြို့

အကြောင်းအရာ။ **လွှတ်တော်ဆက်စပ်မေးခွန်းမေးမြန်းလာခြင်းကိစ္စတင်ပြခြင်း**

၁။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော လွှတ်တော်ပုံမှန်အစည်းအဝေးတွင် သဲကုန်းမြို့နယ်မဲဆန္ဒနယ်မြေအမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦးမှ **"သဲကုန်းမြို့၊ ရပ်ကွက်(၁)၊ အရှေ့မြို့ပတ်လမ်းရှိ အကွက် အမှတ်(၃၀)၊ မြို့မီးရထားမြေ၊ ဦးပိုင်အမှတ်(၆၄) ဧရိယာ (၁.၂၉၉)ဧကနှင့် ဦးပိုင်အမှတ်(၆၅)ဧရိယာ (၀.၂၃၀)ဧက၊ စုစုပေါင်း(၁.၅၂၉) ဧကအား အစိုးရ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ (State Land)အဖြစ် ပြန်လည်စွန့်လွှတ်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးမှ **"ဤဝန်ကြီးဌာနမှ တောင်ပိုင်း တိုင်းစစ်ဌာနချုပ်သို့ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၉ ရက်နေ့ ရက်စွဲပါ စာအမှတ်၊၃၅၀/လုံ-နယ်/၂၀၂၀ ဖြင့် အဆိုပါ ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားပေးပါရန် တင်ပြထားရှိပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဖြေကြားချက် ရရှိလာပါက စာဖြင့် ပြန်လည်ဖြေကြားပေးသွားမည် ဖြစ်ပါကြောင်း"** ပြန်လည်ဖြေကြားခဲ့ပါသည်။

၂။ သို့ရာတွင်အဆိုပါမေးခွန်းမေးမြန်းခဲ့သောသဲကုန်းမြို့နယ်မဲဆန္ဒနယ်မြေအမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးဇော်နိုင်ဦးမှဆက်စပ်မေးခွန်းအဖြစ် **"မြန်မာ့တပ်မတော်အနေဖြင့်ရုံးလုပ်ငန်းနှင့် ပတ်သက်ပြီး မည်သည့်အတွက် ကြန့်ကြာနေရကြောင်းနှင့် လျင်မြန်စွာအကြောင်းပြန်ကြားပေးရန် အစီအစဉ် ရှိ/မရှိ"**မေးမြန်းခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ဦးဇော်နိုင်ဦး မေးမြန်းခဲ့သော ကြယ်ပွင့်ပြ/ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြန်လည်ဖြေကြားအပ်ပါသည် -

(က) ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၊ သဲကုန်းမြို့ရှိ ဂိုဒေါင်(၄)လုံး မြေနေရာမှာ ၂၆.၈. ၂၀၀၅ မှ ၂၉.၈.၂၀၀၅ ရက်နေ့များတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ တိုင်းမန်နေဂျာ ဦးလှမင်းမှ အမှတ်(၉၃၀)ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ရင်း၊ ဗိုလ်မှူး ဇော်ဝင်း ထံသို့ စနစ်တကျ လွှဲပြောင်းခဲ့သည့် ဂိုဒေါင်(၁၀၇)လုံး၏ မြေများအတွင်း ပါဝင်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ၎င်းဂိုဒေါင်(၄)လုံးမှာ ဦးပိုင်အမှတ် (၆၄) မြေအမျိုးအစား အာရ်-၁(၀.၇၅၁)ဧကနှင့် အာရ်-၂(၀.၅၄၈)ဧက၊ ပေါင်း(၁.၂၉၉)ဧကနှင့် ဦးပိုင်

အမှတ်(၆၅)၊ မြေအမျိုးအစား အာရ်-၂(ဂ.၂၃)ကေ စုစုပေါင်း (၁.၅၂၉)ကေ ပေါ်တွင် သွပ်မိုး၊ ပျဉ်ကာ၊ မြဲ/ပတ်ကား သိုလှောင်ရုံအဖြစ် ဆောက် လုပ်ထားရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

(ခ) ဦးပိုင်အမှတ်(၆၄)ရှိ မြေကေ(၁.၂၉၉)ကေနှင့် ဦးပိုင်အမှတ်(၆၅)ရှိ မြေကေ ဝ.၂၃ဝ ကေ စုစုပေါင်း(၁.၅၂၉)ကေတို့အပေါ်တွင် ဆောက်လုပ်ထားရှိသော သိုလှောင်ရုံများအား တပ်မတော် ရိက္ခာစပါးများနှင့် ရိက္ခာကုလားပဲလုံးများ၊ တပ်မတော်အရန်ရိက္ခာစပါးများ ဝယ်ယူစဉ်က အသုံးပြုခဲ့သော ဂိုဒေါင်များဖြစ်ပါသည်။ ၎င်းဂိုဒေါင်များသည် အမြဲတမ်း ဂိုဒေါင်များဖြစ်ပြီး ဘဏ္ဍာရေးနှစ်အလိုက် တပ်မတော်ရိက္ခာစပါး၊ တပ်မတော်ရိက္ခာ ကုလားပဲလုံးများနှင့် တပ်မတော်အရန်ရိက္ခာ အရန်စပါး ပြည့်ဝစွာဝယ်ပါက အသုံးပြုရမည့် ဂိုဒေါင်များ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဂ) သို့ဖြစ်ပါ၍ ဦးဇော်နိုင်ဦး မေးမြန်းသည့် မြေ(၁.၅၂၉)ကေသည် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ တပ်မတော်သို့စနစ်တကျ လွှဲပြောင်း ပေးအပ်ထားရှိသော သိုလှောင်ရုံဆောက်လုပ်ထားသည့် မြေနေရာဖြစ်ပြီး တပ်မတော်ရိက္ခာသိုလှောင်ရန် အတွက် သိုလှောင်ရုံ(၄)လုံးတည်ရှိသည့်မြေနေရာမှာဘဏ္ဍာရေးနှစ်အလိုက် တပ်မတော် ရိက္ခာစပါး၊ အရန်စပါးနှင့်ကုလားပဲများဝယ်ယူပါက အသုံးပြုရမည်ဖြစ်ပြီး ၎င်းသိုလှောင်ရုံ (၄)လုံး ဆောက်လုပ်ထားသည့် မြေနေရာ (၁.၅၂၉)ကေသည်လည်း ဆက်လက်အသုံးပြု ရမည်ဖြစ်ပါသဖြင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

(ဃ) ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦးမေးမြန်းသော ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ တပ်မတော်အနေဖြင့် အဆိုပါမြေနေရာနှင့်ပတ်သက်သောအချက်အလက် များ၊ UTM မြေပုံ၊ Google ကောင်းကင်ဓာတ်ပုံတို့တွင် ရည်ညွှန်းချက် အချက်အလက်များ အပြည့်အစုံဖြင့် ရှင်းလင်းပြတ်သားစွာဖော်ပြ၍ အထက်ဌာနများသို့ တင်ပြရခြင်း ဖြစ်ပါသဖြင့် အချိန် အနည်းငယ် နောက်ကျရခြင်း ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဝန်ကြီး
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

မိတ္တူ -

- ရုံးလက်ခံ ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပဲခူးမြို့

စာအမှတ်၊ ( [illegible] )၁– စီမံ/ဘဏ္ဍာ ၂၀၂၀
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ၊ ဇူလိုင်လ ၂၁ ရက်

သို့

ဥက္ကဋ္ဌ
ပဲခူးတိုင်းဒေသကြီးလွှတ်တော်

အကြောင်းအရာ။ **ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် ခရိုင်နှင့်မြို့နယ်အလိုက် Per Capita GDP အခြေအနေတင်ပြခြင်း**

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း မေးမြန်းခဲ့သော "ပဲခူးတိုင်းဒေသကြီးအတွင်း ခရိုင်/မြို့နယ်အလိုက် လူတစ်ဦးချင်း ဝင်ငွေနှင့်ပတ်သက်သည့် အကြောင်းအရာ" အပေါ် ဖြေကြားခဲ့သော ပဲခူးတိုင်းဒေသကြီး၏ ခရိုင်နှင့် မြို့နယ်အလိုက် ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း လူတစ်ဦးချင်းဝင်ငွေ Per Capita GDP အခြေအနေအား သိရှိနိုင်ပါရန် ပေးပို့အပ်ပါသည်။

ပူးတွဲ – ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် Per Capita GDP အခြေအနေ (၁) ရွက်

ညွန့်ရွှေ
ဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

မိတ္တူ –
ရုံးလက်ခံ

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်
ခရိုင်နှင့်မြို့နယ်အလိုက် Per Capita GDP အခြေအနေ
(ဘဏ္ဍာနှစ်၏ နှစ်လယ်ရှိ အိမ်ထောင်စုလူဦးရေ)

| အမှတ်စဉ် | | ခရိုင်/မြို့နယ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် | | |
|---|---|---|---|---|---|
| | | | လူဦးရေ (ထောင်ပေါင်း) | GDP (ကျပ်သန်း) | Per Capita (ကျပ်) |
| ၁ | | ၂ | ၃ | ၄ | ၅ |
| | | ပဲခူးတိုင်းဒေသကြီး | ၄၉၃၅ | ၈၃၁၃၁၂၅.၁ | ၁၆၈၄၅၂၄ |
| | | အရှေ့ချုပ် | ၂၉၂၅ | ၄၅၉၁၄၈၈.၁ | ၁၅၆၉၇၄၀ |
| ၁ | | ပဲခူးခရိုင် | ၁၇၈၉ | ၂၉၆၂၇၀၇.၂ | ၁၆၅၆၀၆၉ |
| | ၁ | ပဲခူးမြို့နယ် | ၄၉၈ | ၁၄၂၃၉၄၀.၁ | ၂၈၅၉၃၁၇ |
| | ၂ | သနပ်ပင်မြို့နယ် | ၁၄၆ | ၂၁၇၄၁၀.၇ | ၁၄၈၉၁၁၄ |
| | ၃ | ကဝမြို့နယ် | ၁၉၉ | ၂၃၇၁၇၃.၂ | ၁၁၉၁၈၂၅ |
| | ၄ | ဝေါမြို့နယ် | ၁၇၈ | ၂၅၁၇၅၀.၄ | ၁၄၁၄၃၂၈ |
| | ၅ | ညောင်လေးပင်မြို့နယ် | ၂၀၂ | ၂၃၅၄၁၀.၈ | ၁၁၆၅၄၀၀ |
| | ၆ | ကျောက်တံခါးမြို့နယ် | ၂၅၃ | ၂၁၈၅၉၆.၈ | ၈၆၄၀၁၉ |
| | ၇ | ဒိုက်ဦးမြို့နယ် | ၂၀၅ | ၂၄၅၁၀၇.၈ | ၁၁၉၅၆၄၈ |
| | ၈ | ရွှေကျင်မြို့နယ် | ၁၀၈ | ၁၃၃၃၁၇.၄ | ၁၂၃၄၄၂၀ |
| ၂ | | တောင်ငူခရိုင် | ၁၁၃၆ | ၁၆၂၈၇၈၀.၉ | ၁၄၃၃၇၈၆ |
| | ၁ | တောင်ငူမြို့နယ် | ၂၆၆ | ၅၂၉၇၈၁.၂ | ၁၉၉၁၆၅၉ |
| | ၂ | ရေတာရှည်မြို့နယ် | ၂၁၆ | ၂၉၆၆၆၈.၇ | ၁၃၇၃၄၆၆ |
| | ၃ | ကျောက်ကြီးမြို့နယ် | ၁၁၄ | ၁၃၅၂၇၅.၉ | ၁၁၈၆၆၃၁ |
| | ၄ | ဖြူးမြို့နယ် | ၂၆၀ | ၃၁၃၄၄၂.၉ | ၁၂၀၅၅၅၀ |
| | ၅ | အုတ်တွင်းမြို့နယ် | ၁၆၁ | ၂၀၅၁၆၀.၃ | ၁၂၇၄၂၈၈ |
| | ၆ | ထန်းတပင်မြို့နယ် | ၁၁၉ | ၁၄၈၄၅၁.၉ | ၁၂၄၇၄၉၅ |
| | | အနောက်ချုပ် | ၂၀၁၀ | ၃၇၂၁၆၃၇.၀ | ၁၈၅၁၅၆၁ |
| ၃ | | ပြည်ခရိုင် | ၉၂၉ | ၁၉၃၀၂၈၆.၄ | ၂၀၇၇၈၁၁ |
| | ၁ | ပြည်မြို့နယ် | ၂၅၇ | ၆၂၇၉၆၂.၅ | ၂၄၄၃၄၃၄ |
| | ၂ | ပေါက်ခေါင်းမြို့နယ် | ၁၂၇ | ၂၅၄၅၃၈.၅ | ၂၀၀၄၂၄၀ |
| | ၃ | ပန်းတောင်းမြို့နယ် | ၁၄၇ | ၂၁၃၈၅၄.၁ | ၁၄၅၄၇၉၀ |
| | ၄ | ပေါင်းတည်မြို့နယ် | ၁၄၀ | ၂၉၀၄၇၆.၆ | ၂၀၇၄၈၃၃ |
| | ၅ | သဲကုန်းမြို့နယ် | ၁၃၄ | ၂၈၉၄၁၂ | ၂၁၅၉၇၉၁ |
| | ၆ | ရွှေတောင်မြို့နယ် | ၁၂၄ | ၂၅၄၀၄၂.၇ | ၂၀၄၈၇၃၁ |
| ၄ | | သာယာဝတီခရိုင် | ၁၀၈၁ | ၁၇၉၁၃၅၀.၆ | ၁၆၅၇၁၂၄ |
| | ၁ | သာယာဝတီမြို့နယ် | ၁၅၃ | ၃၀၂၇၃၄.၂ | ၁၉၇၈၆၅၅ |
| | ၂ | လက်ပံတန်းမြို့နယ် | ၁၈၀ | ၃၆၇၅၂၅.၆ | ၂၀၄၁၈၀၉ |
| | ၃ | မင်းလှမြို့နယ် | ၁၂၅ | ၁၉၂၈၈၅.၀ | ၁၅၄၃၀၈၀ |
| | ၄ | အုတ်ဖိုမြို့နယ် | ၁၂၉ | ၂၀၂၄၁၇.၀ | ၁၅၆၉၁၂၄ |
| | ၅ | ဇီးကုန်းမြို့နယ် | ၆၉ | ၁၁၇၃၃၃.၃ | ၁၇၀၀၄၈၃ |
| | ၆ | နတ်တလင်းမြို့နယ် | ၁၇၅ | ၂၃၈၄၀၂.၇ | ၁၃၆၂၃၀၁ |
| | ၇ | မိုးညိုမြို့နယ် | ၁၃၀ | ၁၈၀၃၇၉.၃ | ၁၃၈၇၅၃၃ |
| | ၈ | ကြို့ပင်ကောက်မြို့နယ် | ၁၂၀ | ၁၈၉၆၇၃.၅ | ၁၅၈၀၆၁၃ |

ကန့်သတ်

# ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် နှင့် တရားရုံးအဆင့်ဆင့်၏

# လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍

# တင်ပြချက်

# (၁.၁.၂၀၂၀ ရက်နေ့မှ ၃၀.၆.၂၀၂၀ ရက်နေ့အထိ)

ရက်စွဲ။ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ( ၁၅ )ရက်

ကန့်သတ်

**လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါသည်**

ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်အေးဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် တရားရုံးအဆင့်ဆင့်၏ ၁.၁.၂၀၂၀ ရက်နေ့မှ ၃၀.၆.၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြသွားမည် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တွင် ရာဇဝတ်ဆိုင်ရာအမှုများနှင့်တရားမဆိုင်ရာအမှုများကို တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီး (၃)ဦးတို့ဖြင့်အမှုများ ကြားနာစစ်ဆေးဆောင်ရွက်လျှက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်း
(၁.၁.၂၀၂၀ ရက်နေ့မှ ၃၀.၆.၂၀၂၀ ရက်နေ့အထိ)

| စဉ် | ရုံးအမည် | ရာဇဝတ် | | တရားမ | | အမှုပြီးပြတ်နှုန်း | |
|---|---|---|---|---|---|---|---|
| | | စွဲတင် | ပြီးပြတ် | စွဲတင် | ပြီးပြတ် | ရာဇဝတ် | တရားမ |
| ၁။ | ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် | ၁၉၈ | ၂၈၃ | ၂၄၂ | ၃၅၄ | ၁၄၃% | ၁၄၆% |
| ၂။ | ခရိုင်တရားရုံးများ | ၆၉၆ | ၅၃၁ | ၇၂၁ | ၅၁၇ | ၇၆% | ၇၂% |
| ၃။ | မြို့နယ်တရားရုံးများ | ၁၆၂၃၀ | ၁၅၀၉၇ | ၂၇၄၂ | ၁၇၅၃ | ၉၃% | ၆၄% |
| | **စုစုပေါင်း** | **၁၇၁၂၄** | **၁၅၉၁၁** | **၃၇၀၅** | **၂၆၂၄** | **၉၃%** | **၇၁%** |

## ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းအတွင်းရှိ တရားရုံးများ၏ ရာဇဝတ်မှုများ စစ်ဆေးစီရင်မှုအခြေအနေ

### (၁.၁.၂၀၂၀ရက်နေ့မှ ၃၀.၆.၂၀၂၀ ရက်နေ့အထိ)

| စဉ် | ရုံးအမည် | ရာဇဝတ်မူလမှု/အထွေထွေမှု | | | | ရာဇဝတ်အယူခံ/ပြင်ဆင် | | | | စုစုပေါင်း | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျန် | တက် | ပြီး | ကျန် | ကျန် | တက် | ပြီး | ကျန် | ကျန် | တက် | ပြီး | ကျန် |
| ၁ | တရားလွှတ်တော် | ၂၂ | ၁၂ | ၁၉ | ၁၅ | ၃၄၆ | ၁၈၆ | ၂၆၄ | ၂၆၈ | ၃၆၈ | ၁၉၈ | ၂၈၃ | ၂၈၃ |
| | **ပေါင်း** | **၂၂** | **၁၂** | **၁၉** | **၁၅** | **၃၄၆** | **၁၈၆** | **၂၆၄** | **၂၆၈** | **၃၆၈** | **၁၉၈** | **၂၈၃** | **၂၈၃** |
| ၂ | ပဲခူးခရိုင် | ၁၆၃ | ၁၄၂ | ၈၉ | ၂၁၆ | ၆၅ | ၁၄၃ | ၁၂၀ | ၈၈ | ၂၂၈ | ၂၈၅ | ၂၀၉ | ၃၀၄ |
| ၃ | တောင်ငူခရိုင် | ၇၆ | ၈၅ | ၅၁ | ၁၁၀ | ၃၄ | ၈၀ | ၈၅ | ၂၉ | ၁၁၀ | ၁၆၅ | ၁၃၆ | ၁၃၉ |
| ၄ | ပြည်ခရိုင် | ၉၁ | ၇၃ | ၃၂ | ၁၃၂ | ၂၈ | ၆၇ | ၆၉ | ၂၆ | ၁၁၉ | ၁၄၀ | ၁၀၁ | ၁၅၈ |
| ၅ | သာယာဝတီခရိုင် | ၃၉ | ၆၂ | ၃၄ | ၆၇ | ၁၈ | ၄၄ | ၅၁ | ၁၁ | ၅၇ | ၁၀၆ | ၈၅ | ၇၈ |
| | **ပေါင်း** | **၃၆၉** | **၃၆၂** | **၂၀၆** | **၅၂၅** | **၁၄၅** | **၃၃၄** | **၃၂၅** | **၁၅၄** | **၅၁၄** | **၆၉၆** | **၅၃၁** | **၆၇၉** |
| ၆ | မြို့နယ်တရားရုံးများ | ၄၂၈၄ | ၁၆၂၃၀ | ၁၅၀၉၇ | ၅၄၁၇ | - | - | - | - | ၄၂၈၄ | ၁၆၂၃၀ | ၁၅၀၉၇ | ၅၄၁၇ |
| | **ပေါင်း** | **၄၂၈၄** | **၁၆၂၃၀** | **၁၅၀၉၇** | **၅၄၁၇** | **-** | **-** | **-** | **-** | **၄၂၈၄** | **၁၆၂၃၀** | **၁၅၀၉၇** | **၅၄၁၇** |
| | **စုစုပေါင်း** | **၄၆၇၅** | **၁၆၆၀၄** | **၁၅၃၂၂** | **၅၉၅၇** | **၄၉၁** | **၅၂၀** | **၅၈၉** | **၄၂၂** | **၅၁၆၆** | **၁၇၁၂၄** | **၁၅၉၁၁** | **၆၃၇၉** |

# ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းအတွင်းရှိ တရားရုံးများ၏ တရားမမှုများ စစ်ဆေးစီရင်မှုအခြေအနေ
# (၁.၁.၂၀၂၀ ရက်နေ့မှ ၃၀.၆.၂၀၂၀ ရက်နေ့အထိ)

| စဉ် | ရုံးအမည် | တရားမကြီးမှု/အထွေထွေ/ဇာရီ | | | | တရားမအယူခံ/ပြင်ဆင်မှု | | | | စုစုပေါင်း | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျန် | တက် | ပြီး | ကျန် | ကျန် | တက် | ပြီး | ကျန် | ကျန် | တက် | ပြီး | ကျန် |
| ၁ | တရားလွှတ်တော် | ၈ | ၃ | ၄ | ၇ | ၆၆၇ | ၂၃၉ | ၃၅၀ | ၅၅၆ | ၆၇၅ | ၂၄၂ | ၃၅၄ | ၅၆၃ |
| | **ပေါင်း** | **၈** | **၃** | **၄** | **၇** | **၆၆၇** | **၂၃၉** | **၃၅၀** | **၅၅၆** | **၆၇၅** | **၂၄၂** | **၃၅၄** | **၅၆၃** |
| ၂ | ပဲခူးခရိုင် | ၅၉၆ | ၁၆၀ | ၁၂၂ | ၆၃၄ | ၄၇ | ၁၁၇ | ၉၅ | ၆၉ | ၆၄၃ | ၂၇၇ | ၂၁၇ | ၇၀၃ |
| ၃ | တောင်ငူခရိုင် | ၂၃၂ | ၇၀ | ၅၈ | ၂၄၄ | ၁၇ | ၇၉ | ၇၃ | ၂၃ | ၂၄၉ | ၁၄၉ | ၁၃၁ | ၂၆၇ |
| ၄ | ပြည်ခရိုင် | ၃၉၆ | ၁၃၃ | ၃၉ | ၄၉၀ | ၃၆ | ၆၁ | ၇၂ | ၂၅ | ၄၃၂ | ၁၉၄ | ၁၁၁ | ၅၁၅ |
| ၅ | သာယာဝတီခရိုင် | ၁၈၀ | ၄၅ | ၂၃ | ၂၀၂ | ၂၇ | ၅၆ | ၃၅ | ၄၈ | ၂၀၇ | ၁၀၁ | ၅၈ | ၂၅၀ |
| | **ပေါင်း** | **၁၄၀၄** | **၄၀၈** | **၂၁၉** | **၁၅၇၀** | **၁၂၇** | **၃၁၃** | **၂၇၅** | **၁၆၅** | **၁၅၃၁** | **၇၂၁** | **၅၁၇** | **၁၇၃၅** |
| ၆ | မြို့နယ်တရားရုံးများ | ၃၅၃၅ | ၂၇၄၂ | ၁၇၅၃ | ၄၅၂၄ | - | - | - | - | ၃၅၃၅ | ၂၇၄၂ | ၁၇၅၃ | ၄၅၂၄ |
| | **ပေါင်း** | **၃၅၃၅** | **၂၇၄၂** | **၁၇၅၃** | **၄၅၂၄** | **-** | **-** | **-** | **-** | **၃၅၃၅** | **၂၇၄၂** | **၁၇၅၃** | **၄၅၂၄** |
| | **စုစုပေါင်း** | **၄၉၄၇** | **၃၁၅၃** | **၁၉၇၆** | **၆၁၀၁** | **၇၉၄** | **၅၅၂** | **၆၂၅** | **၇၂၁** | **၅၇၄၁** | **၃၇၀၅** | **၂၆၂၄** | **၆၈၂၂** |

**ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ ရာဇဝတ်ပုံစံ ၃၁၊ ၃၂ အရတောင်းခေါ်စိစစ်မှုအခြေအနေ**
**(၁.၁.၂၀၂၀ ရက်နေ့မှ ၃၀.၆.၂၀၂၀ ရက်နေ့အထိ)**

| | | | |
|---|---|---|---|
| (က) | တောင်းခေါ်သည့်အမှုအရေအတွက် | = | (၂၅၄)မှု |
| (ခ) | မှတ်ချက်ဖြင့်ပြန်ပို့သည့်အမှုအရေအတွက် | = | (၁၅၉)မှု |
| (ဂ) | မှတ်ချက်မရှိပြန်ပို့သည့်အမှုအရေအတွက် | = | ( ၁၀ )မှု |
| (ဃ) | စိစစ်ဆဲအမှုအရေအတွက် | = | ( ၅၀ )မှု |
| (င) | တောင်းခေါ်ထားပြီးမရရှိသေးသည့်အမှုအရေအတွက် | = | ( ၃၅ )မှု |
| (စ) | ပြင်ဆင်မှု(က)ဖွင့်လှစ်သည့်အမှုအရေအတွက် | = | ( – )မှု |

**ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများ၏ စစ်ဆေးပြီးသော နေ့ချင်းပြီးအမှုများစာရင်း**

**(၁.၁.၂၀၂၀ ရက်နေ့မှ ၃၀.၆.၂၀၂၀ ရက်နေ့ထိ)**

| စဉ် | အမှုအမျိုးအစား | ပြီးပြတ်မှု | မှတ်ချက် |
|---|---|---|---|
| ၁ | မော်တော်ယာဉ် | ၆၇၅၅ | |
| ၂ | ယစ်မျိုး | ၃၃၃ | |
| ၃ | ရဲအက် | ၂၇၄၀ | |
| ၄ | အခြားဥပဒေ | ၅၇၉ | |
| ၅ | ရာဇဝတ်အထွေထွေ | ၃ | |
| | **စုစုပေါင်း** | **၁၀၄၁၀** | |

## ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်အတွင်းရှိ တရားရုံးများမှ စစ်ဆေးသောသက်သေဦးရေနှင့်ထုတ်ပေးသည့်သက်သေစရိတ်စာရင်း

## (၁.၁.၂၀၂၀ ရက်နေ့မှ ၃၀.၆.၂၀၂၀ ရက်နေ့အထိ)

| စဉ် | လအမည် | ရာဇဝတ် | တရားမ | စစ်ဆေးသည့် သက်သေဦးရေ | ထုတ်ပေးသည့် သက်သေစရိတ် |
|---|---|---|---|---|---|
| ၁ | ဇန်နဝါရီလ | ၅၃၃၁ | ၁၁၂၅ | ၆၄၅၆ | ၃၈၁၄၉၀၀ |
| ၂ | ဖေဖော်ဝါရီလ | ၄၈၂၂ | ၁၀၉၃ | ၅၉၁၅ | ၅၀၇၈၃၀၀ |
| ၃ | မတ်လ | ၃၇၄၅ | ၈၁၃ | ၄၅၅၈ | ၂၉၀၆၇၀၀ |
| ၄ | ဧပြီလ | ၈၈၀ | ၅၄ | ၉၃၄ | ၈၇၇၀၀၀ |
| ၅ | မေလ | ၃၄၆၃ | ၄၄၉ | ၃၉၁၂ | ၂၉၇၄၀၀၀ |
| ၆ | ဇွန်လ | ၅၇၁၂ | ၁၀၂၃ | ၆၇၃၅ | ၃၈၁၃၇၇၀ |
| | **စုစုပေါင်း** | **၂၃၉၅၃** | **၄၅၅၇** | **၂၈၅၁၀** | **၁၉၄၆၄၆၇၀** |

# ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်အတွင်းရှိ ခရိုင်(၄)ခရိုင်၏ မှုခင်း(၅)မျိုးစာရင်း

(၁.၁.၂၀၂၀ ရက်နေ့မှ ၃၀.၆.၂၀၂၀ ရက်နေ့အထိ)

| စဉ် | ခရိုင်ရုံး အမည် | လူသတ်မှု | | | | လူကုန်ကူးမှု | | | | မုဒိမ်းမှု | | | | မူးယစ်/စိတ်ပြောင်း | | | | လောင်းကစား | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | စာရင်းဖွင့် | လက်ခံ | အပြီး | လက်ကျန် | စာရင်းဖွင့် | လက်ခံ | အပြီး | လက်ကျန် | စာရင်းဖွင့် | လက်ခံ | အပြီး | လက်ကျန် | စာရင်းဖွင့် | လက်ခံ | အပြီး | လက်ကျန် | စာရင်းဖွင့် | လက်ခံ | အပြီး | လက်ကျန် |
| ၁ | ပဲခူး | ၄၆ | ၃၁ | ၁၆ | ၆၁ | ၇ | ၃ | ၃ | ၇ | ၅၆ | ၄၁ | ၃၁ | ၆၆ | ၄၁ | ၄၁ | ၂၅ | ၅၇ | ၅၅ | ၂၆ | ၃၀ | ၅၁ |
| ၂ | တောင်ငူ | ၈ | ၁၉ | ၆ | ၂၁ | ၃ | ၂ | ၁ | ၄ | ၃၀ | ၂၆ | ၁၇ | ၃၉ | ၃၅ | ၃၃ | ၂၄ | ၄၄ | ၅၃ | ၂၅ | ၂၄ | ၅၄ |
| ၃ | ပြည် | ၃၉ | ၁၃ | ၆ | ၄၆ | ၂ | - | - | ၂ | ၃၂ | ၁၂ | ၁၅ | ၂၉ | ၂၂ | ၃၁ | ၁၄ | ၃၉ | ၄၀ | ၁၉ | ၂၁ | ၃၈ |
| ၄ | သာယာဝတီ | ၁၆ | ၃၁ | ၁၂ | ၃၅ | ၁ | ၁ | ၁ | ၁ | ၁၀ | ၁၆ | ၁၀ | ၁၆ | ၈ | ၇ | ၄ | ၁၁ | ၁၈ | ၇ | ၁၁ | ၁၄ |
| | **စုစုပေါင်း** | **၁၀၉** | **၉၄** | **၄၀** | **၁၆၃** | **၁၃** | **၆** | **၅** | **၁၄** | **၁၂၈** | **၉၅** | **၇၃** | **၁၅၀** | **၁၀၆** | **၁၁၂** | **၆၇** | **၁၅၁** | **၁၆၆** | **၇၇** | **၈၆** | **၁၅၇** |

**ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တရားရုံးများအား ရှောင်တခင်စစ်ဆေးမှုအခြေအနေ**

**(၁.၁.၂၀၂၀ ရက်နေ့မှ ၃၀.၆.၂၀၂၀ ရက်နေ့အထိ)**

| စဉ် | စစ်ဆေးသူအမည် | နေ့စွဲ | စစ်ဆေးသည့်ရုံးအမည် |
|---|---|---|---|
| ၁။ | ဦးမောင်မောင်အေး<br>တရားသူကြီးချုပ် | ၉.၁.၂၀၂၀<br>၁၀.၁.၂၀၂၀<br><br>၂၁.၁.၂၀၂၀<br>၂၄.၁.၂၀၂၀<br><br><br>၂၅.၁.၂၀၂၀ | ဖြူးမြို့နယ်တရားရုံး၊ အုတ်တွင်းမြို့နယ်တရားရုံး၊<br>တောင်ငူခရိုင်တရားရုံး၊ တောင်ငူမြို့နယ်တရားရုံး၊<br>ရေတာရှည်မြို့နယ်တရားရုံး၊ ထန်းတပင်မြို့နယ်တရားရုံး<br>သနပ်ပင်မြို့နယ်တရားရုံး<br>သာယာဝတီခရိုင်တရားရုံး၊ သာယာဝတီမြို့နယ်တရားရုံး၊<br>လက်ပံတန်းမြို့နယ်တရားရုံး၊ မင်းလှမြို့နယ်တရားရုံး၊<br>မိုးညိုမြို့နယ်တရားရုံး၊<br>အုတ်ဖိုမြို့နယ်တရားရုံး၊ဇီးကုန်းမြို့နယ်တရားရုံး၊<br>နတ်တလင်းမြို့နယ်တရားရုံး၊<br>ကြို့ပင်ကောက်မြို့နယ်တရားရုံး |

**ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တရားရုံးများအား စစ်ဆေးရေးစီမံချက် (တရားရုံးများလက်စွဲအပိုဒ်-၉၉၇) အရ ရုံးစစ်ဆေးမှုအခြေအနေ**

**နှင့်**

**ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ အကျဉ်းထောင်၊ ရဲဘက်စခန်း၊ ရဲတပ်ဖွဲ့အချုပ်ခန်းများ ကြည့်ရှုစစ်ဆေးမှုအခြေအနေ**

**(၁.၁.၂၀၂၀ ရက်နေ့မှ ၃၀.၆.၂၀၂၀ ရက်နေ့အထိ)**

**Coronavirus Disease 2019 (COVID-19)** ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်ကာလဖြစ်၍ စစ်ဆေးနိုင်ခြင်းမရှိပါကြောင်း တင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်နှင့် လက်အောက်ရုံးများ၏ အရာထမ်းအင်အားစာရင်း
## (၁.၁.၂၀၂၀ ရက်နေ့မှ ၃၀.၆.၂၀၂၀ ရက်နေ့အထိ)

| စဉ် | ရုံးအမည် | အမှုထမ်း | | |
|---|---|---|---|---|
| | | ခွင့်ပြု | ခန့်ထား | ခန့်ရန်ကျန် |
| ၁ | တိုင်းဒေသကြီးတရားရေးဦးစီးမှူး | ၁ | ၁ | - |
| ၂ | ဒုတိယညွှန်ကြားရေးမှူး | ၃ | ၃ | - |
| ၃ | ခရိုင်တရားသူကြီး | ၄ | ၄ | - |
| ၄ | လက်ထောက်ညွှန်ကြားရေးမှူး | ၄ | ၂ | ၂ |
| ၅ | ဒုတိယခရိုင်တရားသူကြီး | ၁၂ | ၉ | ၃ |
| ၆ | ဦးစီးအရာရှိ | ၁၀ | ၂ | ၈ |
| ၇ | မြို့နယ်တရားသူကြီး | ၂၈ | ၂၈ | - |
| ၈ | တွဲဖက်မြို့နယ်တရားသူကြီး | ၃၀ | ၃၈ | - ပို၈ |
| ၉ | ဒုတိယဦးစီးမှူး | ၉ | ၅ | ၄ |
| ၁၀ | ဒုတိယမြို့နယ်တရားသူကြီး | ၄၆ | ၁၅ | ၃၁ |
| | **စုစုပေါင်း** | **၁၄၇** | **၁၀၇** | **၄၈** |

ခန့်ထားပြီးသည့်ရာခိုင်နှုန်း- ၇၃ %

ခန့်ထားရန်ကျန်သည့်ရာခိုင်နှုန်း - ၂၇ %

၇၅%ပြည့်ရန် ၂% လိုအပ်သဖြင့် အရာထမ်း ၃ ဦးလစ်လပ်လျှက်ရှိပါသည်။

## ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်နှင့် လက်အောက်ရုံးများ၏ အမှုထမ်းအင်အားစာရင်း
## (၁.၁.၂၀၂၀ ရက်နေ့မှ ၃၀.၆.၂၀၂၀ ရက်နေ့အထိ)

| စဉ် | ရုံးအမည် | အမှုထမ်း | | |
|---|---|---|---|---|
| | | ခွင့်ပြု | ခန့်ထား | ခန့်ရန်ကျန် |
| ၁ | ရုံးအုပ် | ၂ | ၂ | - |
| ၂ | ဌာနခွဲစာရေး | ၂၅ | ၂၁ | ၄ |
| ၃ | အကြီးတန်းစာရေး | ၁၁၄ | ၈၈ | ၂၆ |
| ၄ | အကြီးတန်းလက်နှိပ်စက် | ၄ | ၁ | ၃ |
| ၅ | လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၄ | - | ၄ |
| ၆ | ယာဉ်မောင်းအဆင့်-၃ | ၁ | - | ၁ |
| ၇ | အငယ်တန်းစာရေး | ၁၄၃ | ၉၈ | ၄၅ |
| ၈ | အငယ်တန်းလက်နှိပ်စက် | ၆၁ | ၃၄ | ၂၇ |
| ၉ | စာတွဲချုပ် | ၁ | ၁ | - |
| ၁၀ | ယာဉ်မောင်းအဆင့်-၅ | ၄ | ၃ | ၁ |
| ၁၁ | ရုံးအကူ | ၆၃ | ၁၃ | ၅၀ |
| ၁၂ | ဆင့်စာလုလင် | ၁၂၆ | ၃၄ | ၉၂ |
| ၁၃ | သန့်ရှင်းရေး | ၂ | ၂ | - |
| ၁၄ | ရုံးစောင့် | ၃၃ | ၂၀ | ၁၃ |
| | စုစုပေါင်း | ၅၈၃ | ၃၁၇ | ၂၆၆ |

ခန့်ထားပြီးသည့်ရာခိုင်နှုန်း- ၅၄ %

ခန့်ထားရန်ကျန်သည့်ရာခိုင်နှုန်း - ၄၆ %

၇၅%ပြည့်ရန် ၂၁%လိုအပ်သဖြင့် ဝန်ထမ်းအင်အား ၁၂၂ ဦးလစ်လပ်လျက်ရှိပါသည်။

## သက်သေခံပစ္စည်းစီမံခန့်ခွဲမှု သက်သေခံပစ္စည်း မော်တော်ယာဉ်နှင့် ဆိုင်ကယ်များစီမံခန့်ခွဲမှု အခြေအနေ
## (၁.၁.၂၀၂၀ ရက်နေ့မှ ၃၀.၆.၂၀၂၀ ရက်နေ့အထိ)

| စဉ် | ယာဉ်အမျိုးအစား | သက်သေခံအဖြစ် သိမ်းဆည်းရန် အတွက်အမိန့် ချမှတ်ပြီး ယာဉ်အရေအတွက် | လွှဲပြောင်းပြီး ယာဉ် အရေအတွက် | လွှဲပြောင်းရန် ကျန်ရှိသော ယာဉ်အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | မော်တော်ကား | ၁၈ | - | ၁၈ | - |
| ၂ | ဆိုင်ကယ် | ၉၆၇ | - | ၉၆၇ | - |
| | **စုစုပေါင်း** | **၉၈၅** | **-** | **၉၈၅** | **-** |

**တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများ ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့များဖွဲ့စည်းခြင်း**

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) အကောင်အထည်ဖော်ရာတွင် တရားစီရင်ရေး၏ရည်မှန်းချက် လုပ်ငန်းတာဝန်များ၊ တန်ဖိုးများရရှိအောင်မြင်စေရန်အတွက် မဟာဗျူဟာလုပ်ငန်းနယ်ပယ်(၅)ရပ်သတ်မှတ်ခဲ့ရာ နယ်ပယ်(၁)ဖြစ်သော တရားရုံးဝန်ဆောင်မှုများ၊ အများပြည်သူလက်လှမ်းမီနိုင်ရေး လွယ်ကူတိုးတက်ရေး ဆောင်ရွက်ပေးရန်အတွက် သတ်မှတ်ထားသည့် နယ်ပယ်(၁-၁)တွင် ထိရောက်သော ဥပဒေဆိုင်ရာအထောက်အကူပေးရေး စနစ်တည်ထောင်ရန်ပါရှိပါသည်။

ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ-၈နှင့် ပုဒ်မ-၁၂ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး တိုင်းဒေသကြီးဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ၁၃.၁၂.၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်- ၁/၂၀၁၇ ဖြင့်လည်းကောင်း၊ မြို့နယ်ဥပဒေဆိုင်ရာဥပဒေအထောက်အကူပေးရေးအဖွဲ့များကို ၂၇.၆.၂၀၁၈ ရက်စွဲပါ အမိန့်အကြော်ငြာစာအမှတ်- ၁/၂၀၁၈ မှ ၂၈/၂၀၁၈အထိဖြင့်လည်းကောင်း၊ ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါသည်။

တိုင်းဒေသကြီးဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်မှ ခွင့်ပြုပေးသည့်အစိုးရအဖွဲ့ရုံးဝန်းအတွင်းရှိအဆောက်အဦတွင် အခန်း(၄)ခန်း၌ ရုံးခန်းဖွင့်လှစ်ကာ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများ ဆောင်ရွက်လျှက်ရှိပါသည်။ တိုင်းဒေသကြီးဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံးတွင် ရုံးဝန်ထမ်းအင်အား(၁၂)ဦးခန့်ထား၍ ရုံးလုပ်ငန်းများဆောင်ရွက်လျှက်ရှိပြီး ဥပဒေဆိုင်ရာအထောက်အကူပေးခဲ့သည့် အမှုအရေအတွက်မှာ အစီရင်ခံသည့် (၁.၁.၂၀၂၀)နေ့မှ (၃၀.၆.၂၀၂၀)နေ့ထိ ကာလအတွင်း ရာဇဝတ်မှု (၁၈၄)မှု လိုက်ပါဆောင်ရွက်ပေးခဲ့ရာတွင် (၂၅)မှု ပြီးပြတ်ခဲ့ပြီး ကျန်(၁၅၉)မှုမှာ လိုက်ပါဆောင်ရွက်လျှက်ရှိပါသည်။

## နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (NCMP)တရားရုံးများအခြေအနေ

ပဲခူးတိုင်းဒေသကြီးအတွင်း တောင်ငူခရိုင်တရားရုံးသည် ၁.၇.၂၀၁၅ ရက်နေ့မှစ၍ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ရှေ့ပြေးတရားရုံးအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ပဲခူးခရိုင်တရားရုံးနှင့်ပဲခူးမြို့နယ်တရားရုံးတို့သည် ၁.၈.၂၀၁၈ ရက်နေ့မှစ၍လည်းကောင်း၊ တောင်ငူမြို့နယ်တရားရုံးသည် ၁.၇.၂၀၁၉ ရက်နေ့မှစ၍လည်းကောင်း နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

ဆက်လက်၍ ၁.၁.၂၀၂၀ ရက်နေ့တွင် ပြည်ခရိုင်တရားရုံးနှင့်ပြည်မြို့နယ်၊ ရွှေတောင်မြို့နယ်၊ ပန်းတောင်းမြို့နယ်၊ ပေါင်းတည်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်၊ သဲကုန်းမြို့နယ်၊ ဖြူးမြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ထန်းတပင်မြို့နယ်၊ လက်ပံတန်းမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တရားရုံးတို့တွင် နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၁.၇.၂၀၂၀ ရက်နေ့မှစ၍ သာယာဝတီခရိုင်တရားရုံးနှင့်သာယာဝတီမြို့နယ်၊ မင်းလှမြို့နယ်၊ မိုးညိုမြို့နယ်၊ အုတ်ဖိုမြို့နယ်၊ ဇီးကုန်းမြို့နယ်၊ နတ်တလင်းမြို့နယ်၊ ရေတာရှည်မြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ရွှေကျင်မြို့နယ်၊ ကဝမြို့နယ်နှင့် ကြို့ပင်ကောက်မြို့နယ် တရားရုံးများတွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သောလူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာစေရန် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအား သင်တန်းများဖွင့်လှစ်ပို့ချခြင်းနှင့်အထောက်အကူပြုစက်ပစ္စည်းကိရိယာများ ပံ့ပိုးနိုင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်လျက်ရှိပါသည်။ လာမည့် ၂၀၂၁ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တရားရုံးများအားလုံး နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (NCMP)ဖြင့် ဆောင်ရွက်သောတရားရုံးများအဖြစ် ကူးပြောင်းဆောင်ရွက်တော့မည်ဖြစ်ပါသည်။

## တရားရုံးများကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ်စမ်းသပ်အစီအစဉ်

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) နယ်ပယ်(၅)၏ မဟာဗျူဟာရည်မှန်းချက်(၅-၃) "တရားရုံးကအငြင်းပွားမှုများကို ထိရောက်မြန်ဆန်စွာဖြေရှင်းပေးသောစနစ်များကို သတ်မှတ်ဆောင်ရွက်ရန်"အရ တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ကို ၁.၃.၂၀၁၉ ရက်နေ့မှစ၍ တောင်ငူခရိုင်တရားရုံးနှင့်တောင်ငူမြို့နယ်တရားရုံးတို့တွင် စတင်အကောင်အထည်ဖော်

ဆောင်ရွက်ခဲ့ပါသည်။ အစီရင်ခံသည့် ၁.၁.၂၀၂၀ ရက်နေ့မှ ၃၀.၆.၂၀၂၀ ရက်နေ့အထိကာလအတွင်း တောင်ငူခရိုင်တရားရုံးတွင် (၃)မှု၊ တောင်ငူမြို့နယ်တရားရုံးတွင် (၂)မှု၊ စုစုပေါင်း(၅)မှုအား တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ဖြင့် စေ့စပ်ဖြေရှင်းပေးခဲ့ပြီးဖြစ်ပါသည်။

**လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား**

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်ရုံး၊ ပဲခူးခရိုင်တရားရုံး၊ ပဲခူးမြို့နယ်တရားရုံးတို့မှ တရားရေးအရာရှိများ၊ တရားသူကြီးများနှင့် ရုံးဝန်ထမ်းများသည် အပတ်စဉ်သောကြာနေ့တိုင်း ရုံးတွင်း/ရုံးပြင်သန့်ရှင်းလှပစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြပါသည်။ အပတ်စဉ်တနင်္လာနေ့တိုင်း ပဲခူတိုင်းဒေသကြီးတရားလွှတ်တော်ရှိ ဘုရားခန်းတွင် ဝန်ထမ်းများစုပေါင်း၍ ဓမ္မစကြာ၊ ပရိတ်ကြီး(၁၁)သုတ်နှင့် ပဋ္ဌာန်းတရားတော်များအားရွတ်ဖတ်ပူဇော်ခြင်းများ ပြုလုပ်လျှက်ရှိပါသည်။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်ငူခရိုင်၊ ပြည်ခရိုင်၊ သာယာဝတီခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများတွင်လည်း တရားသူကြီးချုပ်၏လမ်းညွှန်မှုဖြင့် အပတ်စဉ်ဘုရားခန်းတွင် ဝန်ထမ်းများစုပေါင်း၍ ဓမ္မစကြာ၊ ပရိတ်ကြီး(၁၁)သုတ်နှင့် ပဋ္ဌာန်းတရားတော်များအား ရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက်လျှက်ရှိပါသည်။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်ငူခရိုင်၊ ပြည်ခရိုင်၊ သာယာဝတီခရိုင်နှင့်ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများတွင်လည်း တရားသူကြီးချုပ်၏လမ်းညွှန်မှုဖြင့် အပတ်စဉ်ရုံးတွင်း/ ရုံးပြင်သန့်ရှင်းရေးများ ဆောင်ရွက်လျက်ရှိပါသည်။

**လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား**

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်သည် ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှုကိုခံယူလျှက် တရားစီရင်ရေးဆိုင်ရာရည်မှန်းချက်များ အောင်မြင်စေရန် တရားစီရင်ရေး ဆိုင်ရာမဟာဗျူဟာစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (NCMP) ရုံးများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ တရားမမှုများတွင် တရားရုံးများကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် စမ်းသပ်အစီအစဉ်များဖြင့် ဆောင်ရွက်နေပြီဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ ဂုဏ်သိက္ခာ အရည်အသွေးပိုမိုမြင့်မားတိုးတက်စေရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား**

နိဂုံးချုပ်အနေဖြင့် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှုကိုခံယူ၍ တိုင်း၊ ခရိုင်၊ မြို့နယ်တရားရုံးများအား ပြည့်စုံကောင်းမွန်သော တရားရုံးများဖြစ်စေရန် တရားရုံးများတွင်တာဝန်ထမ်းဆောင်နေကြသည့် တရားသူကြီးများအား စွက်ဖက်ခံရမှုကင်းခြင်း၊ ဘက်လိုက်မှုမရှိခြင်း၊ ကောင်းမြတ်သောဂုဏ်သိက္ခာရှိခြင်း၊ တရားမျှတမှုရှိခြင်း၊ ထိုက်တန်သည့်အရည်အသွေးရှိခြင်း၊ လုံ့လဝီရိယရှိခြင်းတို့ကို လိုက်နာစောင့်ထိန်းရန်နှင့် တရားရုံးသို့လာရောက်ကြသူများအား ဝန်ဆောင်မှုကောင်းများရရှိစေရန် ဝန်ထမ်းများအား ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊ လုံခြုံရေးအထူးဂရုစိုက်ဆောင်ရွက်ရန်၊ အဂတိလိုက်စားမှုကင်းရှင်းစေရန်၊ အမှုလက်ကျန်လျော့နည်း ကျဆင်းစေရန်အတွက် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တိတိကျကျမှန်မှန်မြန်မြန်ဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

တရားသူကြီးချုပ်
ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်

တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေး နှင့်
စာ ရင်း အင်း ဦး စီး ဌာ န
ပဲ ခူး တိုင်း ဒေ သ ကြီး ၊ ပဲ ခူး မြို့။
စာအမှတ်၊ ၂၇၇၁ / အ ထ - ၁
ရက်စွဲ။ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ ( ၇ )ရက်။

သို့

ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
ပဲခူးမြို့။

**အကြောင်းအရာ ။ ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားတင်ပြရန်ကိစ္စ**

ရည်ညွှန်းချက် ။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ( ၂၉-၇-၂၀၂၀)ရက်စွဲပါ စာအမှတ်- ဖ/၃-၁၃/ ဦး ဖ (၀၈၁၇၂)

၁။ ဒုတိယအကြိမ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဝေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး မှ “လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)များ အမည်ပေါက်နာမည်ပြောင်းလုပ်ရာတွင် လွယ်ကူချောမွေ့စေရန် နှင့် နိုင်ငံတော်သို့ ပေးသွင်းရမည့်အခွန်ငွေ မည်မျှကျသင့်သည်ကို ရှင်းလင်းစွာ ကြေညာပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်” ကြယ်ပွင့်ပြမေးခွန်း မေးမြန်းမှုနှင့်ပတ်သက်၍ ဖြေကြား တင်ပြလာမှုနှင့်ပတ်သက်၍ “ လယ်စီအင်းမှ ကြော်ငြာကပ်ထားပေးရန်” ဌာနထောက်ခံချက် (ဗီနိုင်းဖြင့်) နှင့် ဆောင်ရွက်ပြီးစီးမှုအား(Pyidaungsu Font, Font size-13)ဖြင့် Soft Copy နှင့်အတူ ပြန်လည်တင်ပြရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာ ခရိုင်/မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူးများအား “လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)များ အမည်ပေါက် နာမည်ပြောင်းလုပ်ရာတွင် လွယ်ကူချောမွေ့စေရန်နှင့် နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်ငွေ မည်မျှကျသင့်သည်ကို အများပြည်သူများ ရှင်းလင်းစွာ သိရှိနားလည်စေရန်” ကြော်ငြာသင်ပုန်း ( Notice Board ) တွင် ဗီနိုင်းဖြင့် ကြော်ငြာကပ်ထားရန်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေအား မှတ်တမ်းဓါတ်ပုံများဖြင့် ပြန်လည်တင်ပြပေးပို့ရန်တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ အကြောင်းကြားထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(အောင်သန်းလွင်)
တိုင်းဒေသကြီးဦးစီးဌာနမှူး

မိတ္တူကို
- ရုံးလက်ခံ။
- မျှောစာတွဲ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
ညွှန်ကြားရေးမှူးရုံး၊ ပဲခူးတိုင်းဒေသကြီး–ပဲခူးမြို့

စာအမှတ်– ၄၁၄၆ /ပဆ(လွှတ်တော်)(အထွေထွေ)
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ( ၇ )ရက်

သို့

ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
ပဲခူးမြို့

အကြောင်းအရာ ။ ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားတင်ပြရန် ကိစ္စ
ရည် ညွှန်း ချက် ။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့၏ (၂၉.၇.၂၀၂၀)ရက်စွဲပါစာအမှတ်– ၆/၃–၁၃/ဦး ၆(၀၈၁၇၁)

၁။ အထက်အကြောင်းအရာပါနှင့်ပတ်သက်၍ ဒုတိယအကြိမ်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် နတ်တလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးမှ " ရေတံခါးများရှေ့နောက် ကျောက်စီမှုလိုအပ်ခြင်းနှင့် စပ်လျဉ်းသည့် " ကြယ်ပွင့်ပြမေးခွန်းအပေါ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဖြေကြားပေးပို့ခဲ့ရာ ဝန်ကြီးမှ " Checking လုပ်ခိုင်းပြီး တောင့်မခံနိုင်သည့် တံခါးများအရေးပေါ် လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ စိစစ်ပြီး တိုင်းအစိုးရအဖွဲ့သို့ တင်ပြ၍ ဘဏ္ဍာငွေရရှိက ဆောင်ရွက်ပေးရန်" နှင့် ဆောင်ရွက်ပြီးစီးမှုအား ပြန်လည်တင်ပြရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရည်ညွှန်းစာဖြင့် အကြောင်းကြားလာပါသည်။

၂။ ယခင်မေးခွန်းဖြေကြားချက်တွင် တင်ပြထားခဲ့မှုအပေါ် ပြန်လည်၍ ကွင်းဆင်းစစ်ဆေးချက် အရ နတ်တလင်းမြို့နယ်၊ ပန်းတင်ကြီးရေသောက်စနစ်ပေါ်ရှိ ရေတံခါးများတွင် JICA Loan ဖြင့် ဆောင်ရွက်စဉ် ရန်ပုံငွေ လုံလောက်မှုမရှိ၍ ချန်လှပ်ထားခဲ့ရသော အဝင်အထွက်ကျောက်စီခြင်းလုပ်ငန်း ဆောင်ရွက်ရန် ရေတံခါး(၁၁)ခုရှိသည့်အနက် (၂၀၂၀–၂၀၂၁)ခု ဘဏ္ဍာရေးနှစ်တွင် ပူးတွဲ ဖော်ပြပါ ရေတံခါး(၅)ခုအား ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပြီး ကျန်ရေတံခါး (၆)ခုအား (၂၀၂၁–၂၀၂၂)ခု ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ပါသည်။

၃။ သို့ရာတွင် တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ (၂၀၂၀–၂၀၂၁) Budget တွင် အဆိုပါလုပ်ငန်းများ အတည်ပြုပါဝင်ခြင်းမရှိပါ၍ ဆောင်ရွက် နိုင်ခြင်းမရှိပါကြောင်းနှင့် နီးစပ်ရာ ရန်ပုံငွေစာရင်းတွင် တင်ပြသွားမည်ဖြစ်ပါကြောင်း၊ နှစ်အလိုက် ဆောင်ရွက်သင့်သည့် လုပ်ငန်းစာရင်း၊ လုပ်ငန်းတည်နေရာပြမြေပုံ၊ မှတ်တမ်းဓာတ်ပုံများနှင့်အတူ ပြန်လည် တင်ပြအစီရင်ခံအပ်ပါသည်။

D:\PC-3_Dell\2020\Word\8-2020\MQ\Forword.docx

ပူးတွဲလျက်

- နှစ်အလိုက် ဆောင်ရွက်သင့်သည့် လုပ်ငန်းစာရင်း (၁) စောင်
- တည်နေရာပြမြေပုံနှင့် မှတ်တမ်းဓာတ်ပုံ (၁) စုံ

(ကိုကိုဦး)

ညွှန်ကြားရေးမှူး(မြို့ပြ)

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့

မိတ္တူကို

- ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့
- ဒုတိယညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ပြည်မြို့
- လက်ထောက်ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ သာယာဝတီမြို့
- ငွေစာရင်းဌာနစိတ်
- ပုံဆွဲဌာနစိတ်
- မျှောစာတွဲ

နတ္တလင်းမြို့နယ် ပန်းတင်ကြီးရေသောက်စနစ်ပေါ်ရှိ အဝင်/အထွက်ကျောက်ကြီးစီခြင်းအတွက်
လိုအပ်သောရေတံခါးများစာရင်း

(ကျပ်သန်း)

| စဉ် | အဆောက်အအုံ အမျိုးအစား | ပေတိုင်အမှတ် | ခန့်မှန်းကုန်ကျငွေ | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | စုစုပေါင်း | |
| ၁ | Check & Bridge | RD-14+400 | ၃၁.၀၀၀ | - | ၃၁.၀၀၀ | |
| ၂ | Check | RD-18+600 | ၃၁.၀၀၀ | - | ၃၁.၀၀၀ | |
| ၃ | Check & Bridge(ကတက်ကုန်း) | RD-2+000 | ၁၈.၄၀၀ | - | ၁၈.၄၀၀ | |
| ၄ | Check & Bridge | RD-29+900 | ၃၁.၀၀၀ | - | ၃၁.၀၀၀ | |
| ၅ | Check | RD-31+600 | ၃၁.၀၀၀ | - | ၃၁.၀၀၀ | |
| ၆ | Check & Bridge | RD-4+000 | - | ၃၁ | ၃၁ | |
| ၇ | Check & Bridge | RD-11+000 | - | ၃၁ | ၃၁ | |
| ၈ | Check & Bridge | RD-22+000 | - | ၃၁ | ၃၁ | |
| ၉ | Check | RD-26+600 | - | ၃၁ | ၃၁ | |
| ၁၀ | Check | RD-37+500 | - | ၃၁ | ၃၁ | |
| ၁၁ | Check | RD-41+300 | - | ၃၁ | ၃၁ | |
| စုစုပေါင်း | | | ၁၄၂.၄၀၀ | ၁၈၆.၀၀၀ | ၃၂၈.၄၀၀ | |

နတ္တလင်းမြို့နယ် ပန်းတင်ကြီးရေသောက်စနစ်ပေါ်ရှိ အဝင်/အထွက်ကျောက်ကြီးစီခြင်းအတွက် လိုအပ်သော ရေတံခါးများတည်နေရာပြမြေပုံ



ပန်းတင်ကြီးရေသောက်စနစ် RD-14+400' ရေတံခါးနှင့်တံတား






ပန်းတင်ကြီးရေသောက်စနစ် RD-18+600ရေတံခါး






ပန်းတင်ကြီးရေသောက်စနစ်RD–2+000’ ကတက်ကုန်းရေတံခါးနှင့် တံတား





ပန်းတင်ကြီးရေသောက်စနစ် RD-31+600'ရေတံခါး





( ၂၀၁၅-၂၀၁၆ ) တိုင်းဒေသကြီး ရန်ပုံငွေဖြင့်တည်ဆောက်သော
ပန်းတင်ကြီးရေသောက်စနစ် RD-29+900'(အုတ်ဖိုစု-လယ်တာငယ်)ရေတံခါးနှင့်တံတား






# ဖြေကြားချက်

| | |
|---|---|
| လွှတ်တော်ကိုယ်စားလှယ်အမည် | - ဒေါ်ရီရီထိုက် |
| မဲဆန္ဒနယ် | - ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) |
| သက်ဆိုင်သည့်ကဏ္ဍ | - လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန |

ကြယ်ပွင့်ပြမေးခွန်း

ဝေါမြို့နယ်၊ လက်ပန်ကျေးရွာ၊ ကွင်းအမှတ်(၇၅၆-က)ကွင်း၊ တောင်သူ(၁၄)ဦးသည် ယာယီပုံစံ(၃) ကို(၂၇.၆၇)ဧက ရရှိထားပြီး တစ်နှစ်ကျော်သည်အထိ လယ်ယာလုပ်ငန်း လုပ်ကိုင်နေသည့်အခါ ပုံစံ(၇)မရရှိ သည့်အတွက် များစွာ နစ်နာနေပြီး တောင်သူ(၁၄)ဦး၏(၂၇.၆၇)ဧကအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ တည်ဆဲ ဥပဒေများအရ ပုံစံ(၇)ပြုလုပ်ပေးပါရန် မေးမြန်းသည့်ကိစ္စ

ဆက်စပ်မေးခွန်းဖြေကြားချက်

ဝေါမြို့နယ်၊ လက်ပံကျေးရွာအတွင်းရှိ ကွင်းအမှတ်( ၇၅၆-က )ကွင်း၊ ဧရိယာ(၂၇.၆၇)ဧကအား တောင်သူ( ၁၄ )ဦးမှ ယာယီလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃)ကို (၂၀.၁၂.၂၀၁၈)ရက်နေ့တွင် ရရှိခဲ့ပြီး (၂၀၁၉)ခုနှစ်မှစတင်၍ ဆောင်းသီးနှံများ စိုက်ပျိုးလုပ်ကိုင်ခဲ့ပါကြောင်း၊ တောင်သူ(၁၄)ဦးမှ လယ်ယာမြေ လုပ်ပိုင်ခွင့်လျှောက်လွှာပုံစံ(၁)ကို (၂၀-၇-၂၀၂၀)ရက်နေ့တွင် လက်ပန်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ မှတဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားခဲ့ပြီး လယ်ယာမြေ နည်းဥပဒေ အခန်း(၂)၊ အပိုဒ်(၆)၊ အပိုဒ်ခွဲ(က)အရ ကန့်ကွက်လိုသူရှိက ကန့်ကွက်နိုင်ကြောင်း ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့် ကြော်ငြာစာ ပုံစံ(၂)အား (၃၀-၇-၂၀၂၀)ရက်နေ့တွင် ထုတ်ဆင့်ခဲ့ပြီး ကြေညာသည့်ရက်မှ ရက်ပေါင်း(၃၀)ပြည့်သည့်ရက်တွင် ကန့်ကွက်မှု တစ်စုံတရာ မရှိပါက လယ်ယာမြေ နည်းဥပဒေ အခန်း(၂)၊ အပိုဒ်(၁၀)အရ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြပြီး လယ်ယာမြေနည်းဥပဒေအပိုဒ်(၁၁)အရ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြကာ နည်းဥပဒေအပိုဒ်(၁၃)၊ အပိုဒ်ခွဲ(က)အရ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ခွင့်ပြု ကြောင်း အကြောင်းကြားလာပါက နည်းဥပဒေအပိုဒ်(၁၄)နှင့်အညီ ပုံစံ(၇) ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆက်စပ်မေးခွန်းအား ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါသည်။

ဖြေကြားချက်

လွှတ်တော်ကိုယ်စားလှယ်အမည် - ဒေါ်ရီရီထိုက်

မဲဆန္ဒနယ် - ဝေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)

သက်ဆိုင်သည့်ကဏ္ဍ - လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန

ဆက်စပ်မေးခွန်းဖြေကြားချက်

**အဆောက်အဦ မဆောက်လုပ်ရန် တားမြစ်စာ ထုတ်ပြန်ထားသော်လည်း ဆက်လက် ဆောင်ရွက်နေသဖြင့် ဥပဒေ လုပ်ထုံးလုပ်နည်းအရ မည်သို့ဆောင်ရွက်ထားသည်ကိုလည်းကောင်း၊ ကွင်း/ ဦးပိုင်စိစစ်၍လည်းကောင်း၊ ကွင်း/ ဦးပိုင်အတွင်းရှိက ခွင့်ပြုချက်ရှိ/ မရှိနှင့် မရှိပါက ဥပဒေနှင့် အညီ မည်ကဲ့သို့ဆောင်ရွက်ထားသည်နှင့်ပတ်သက်၍ ဆက်စပ်မေးခွန်း**

ဆက်စပ်မေးခွန်းဖြေကြားချက်

၁။ ဝေါမြို့နယ်၊ အရှေ့ဘက်ကမ်းကျေးရွာအုပ်စု၊ ကွင်းအမှတ်- ၇၉၉(က)၊ ကျုံတူကွင်း၊ ဦးပိုင်အမှတ်-(၅/ ၄)၊ ဧရိယာ(၆.၃၉)ဧက၊ လယ်မြေအတွင်းမှ ဧရိယာ(၂.၀၀)ဧကအား ဦးခင်သိန်းမှ လယ်ယာမြေအခြားနည်းလျှောက်ထားခဲ့ရာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ( ၂၅. ၁၁. ၂၀၁၉ )ရက်စွဲပါ စာအမှတ်-၁၅/လယ( ၃၀ )(၅၈၆/၂၀၁၉)ဖြင့် အခြားနည်းအသုံးပြုခွင့် ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ပုံစံ(၇)ရရှိသော ဧရိယာ(၆.၃၉)ဧကအနက် အခြားနည်းအသုံးပြုခွင့် ရရှိထားသည့် ဧရိယာ(၂.၀၀)ဧကရှိရာ ကျန်ရှိသည့်ဧရိယာ(၄.၃၉)ဧကတွင် ကန်တူးဖော် ဆောင်ရွက်နေသဖြင့် (၂၅.၂.၂၀၂၀)ရက်နေ့တွင် ရပ်/ကျေး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှလည်းကောင်း၊ (၂၈.၂. ၂၀၂၀) ရက်နေ့တွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှလည်းကောင်း၊ (၅.၃.၂၀၂၀)ရက်နေ့တွင် ရပ်/ကျေး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့မှ ဦးခင်သိန်းထံသို့ **"လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အခြားနည်းကျူးလွန်သုံးစွဲသဖြင့် တားမြစ်ကြောင်း"** အကြောင်းကြားစာပေးပို့ထားရှိကြောင်း၊ အဆိုပါ (ဒုတိယ) အကြိမ်မြောက် တားမြစ်စာများ ထုတ်ပြီးနောက် တားမြစ်စာ ထပ်မံထုတ်ပြန် အကြောင်းကြားခြင်း မရှိကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ကာယကံရှင်မှ တားမြစ်မှုကို လိုက်နာဆောင်ရွက်မှု မရှိသောကြောင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ (၁.၈.၂၀၂၀)ရက်နေ့တွင် ကာယကံရှင်ထံသို့ လယ်ယာမြေ ဥပဒေပုဒ်မ- ၁၂(စ)အရ ခွင့်ပြုမိန့်မရှိဘဲ အခြားနည်းသုံးစွဲနေ၍ အသုံးပြုမှုအားရပ်တန့်ရန်နှင့် လိုက်နာမှု မရှိပါက လယ်ယာမြေဥပဒေပုဒ်မ- ၁၉ အရ အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း (နောက်ဆုံး)အကြိမ် အသိပေး အကြောင်းကြားစာအား ထုတ်ပြန် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကာယကံရှင်မှ လိုက်နာခြင်းမရှိဘဲ ထပ်မံ၍ ဆောင်ရွက်ပါက သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ လယ်ယာမြေ ဥပဒေ ပုဒ်မ- ၂၀အရ သက်ဆိုင်ရာ ကာယကံရှင်အား တရားရုံးတွင် ဦးတိုက်လျှောက်ထားတရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆက်စပ်မေးခွန်းအား ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ပဲခူးတိုင်းဒေသကြီး**

**အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဥပဒေ**

**( ၂၀၂၀ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် – ၃။ )**

**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်**

**( ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ ၇ ရက် )**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ပဲခူးတိုင်းဒေသကြီးအပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဥပဒေ ဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ပဲခူးတိုင်းဒေသကြီးတစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေ၌ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးကိုဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုဆိုသည်။

(ဂ) **ဝန်ကြီးချုပ်**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဝန်ကြီးချုပ်ကိုဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရသော ဝန်ကြီးကိုဆိုသည်။

(င) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ပဲခူးတိုင်းဒေသကြီး အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ကော်မတီကို ဆိုသည်။

(စ) **ပဏာမစိစစ်ရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ပဲခူးတိုင်းဒေသကြီးအတွင်း အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ် တည်ထောင်မည့်မြေနေရာ စစ်ဆေးဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့ကို ဆိုသည်။

(ဆ) **မြို့နယ်ကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ကော်မတီကဖွဲ့စည်းပေးထားသည့် ပဲခူးတိုင်းဒေသကြီးအတွင်း အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

(ဇ) **ဦးစီးဌာန**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနကို ဆိုသည်။

(ဈ) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးကို ဆိုသည်။

(ည) **သစ်တောအရာရှိ**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် သစ်တောဦးစီးဌာန တာဝန်ခံများကိုဆိုသည်။

( ဋ ) **သစ်တောဝန်ထမ်း**ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ တောကြပ်အဆင့်မှ ညွှန်ကြားရေးမှူးအဆင့် အထိ အဆင့်ဆင့်သော သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းများကိုဆိုသည်။

(ဌ) **သစ်တောနယ်မြေ**ဆိုသည်မှာ ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောတို့ ပါဝင် သည့် နယ်မြေကိုဆိုသည်။

(ဍ) **သဘာဝထိန်းသိမ်းရေးနယ်မြေ**ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဂေဟစနစ်များ သို့မဟုတ် ထင်ရှားသော ပထဝီအနေအထားများတည်ရှိသည့် ဒေသများ ကို ရေရှည် တည်တံ့ရေးအတွက် ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ တည်ဆဲဥပဒေအရ သတ်မှတ်ဖွဲ့စည်းထားသည့် သိပ္ပံကြိုးဝိုင်း၊ အမျိုးသားဥယျာဉ်၊ အဏ္ဏဝါအမျိုးသား ဥယျာဉ်၊ သဘာဝကြိုးဝိုင်း၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဘူမိရုပ်သွင်ထူးခြားသည့် နယ်မြေနှင့် ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေကိုဆိုသည်။

(ဎ) **မြေလွတ်မြေလပ်**ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထား သတ်မှတ်သည့်မြေများကိုဆိုသည်။

(ဏ) **မြေရိုင်း**ဆိုသည်မှာ သစ်ပင်ဝါးပင် သို့မဟုတ် ချုံနွယ်များ ပေါက်ရောက်လျက်ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပထဝီမြေအနေအထားအရ မြေမျက်နှာပြင်ညီညာမှု ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ကြိမ်တစ်ခါမျှ စိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်းမရှိသော မြေသစ် ဖြစ်သည့် မြေရိုင်းနှင့်တောရိုင်းမြေများကိုဆိုသည်။ ယင်းစကားရပ်တွင် စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓါတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း၊ အစိုးရအဖွဲ့က ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ လုပ်ကိုင်ရန်အလို့ငှာ တရားဝင်ပယ်ဖျက်ပြီး ဖြစ်သည့် ကြိုးဝိုင်းသစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင် မြေများလည်း ပါဝင်သည်။

(တ) **အပန်းဖြေစခန်း**ဆိုသည်မှာ အခကြေးငွေယူ၍သော်လည်းကောင်း၊ အခမဲ့သော်လည်းကောင်း၊ အများပြည်သူတို့ စိတ်ချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်ရန် နယ်နိမိတ်သတ်မှတ်ပြီး အရိပ်ရပင်များ၊ နှစ်ရှည်စားသုံးသီးပင်များ၊ နားနေဆောင်များ၊ အားကစားကွင်းများ၊ ရေကူးကန်များ၊ ပန်းအလှပင်များ၊ ပြခန်းများ၊ စားသောက်ရန်နေရာများ၊ ရှုခင်းနေရာများ၊ ကလေးကစားကွင်းများဖြင့် လှပစွာစိုက်ပျိုးတည်ထောင်ထားသည့်နေရာများကိုဆိုသည်။

(ထ) **တိရစ္ဆာန်ဥယျာဉ်**ဆိုသည်မှာ တိရစ္ဆာန်များကို မွေးမြူထိန်းသိမ်းပြီး သုတေသနပြုလုပ်ရန်၊ ပညာပေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် အခကြေးငွေ ယူ၍သော်လည်းကောင်း၊ အခမဲ့သော်လည်းကောင်း အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကိုဆိုသည်။

(ဒ) **ရုက္ခဗေဒဥယျာဉ်**ဆိုသည်မှာ သဘာဝအပင်နှင့် စိုက်ပျိုးထားသောအပင်များကို ထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင်ရန်၊ ပညာပေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် အခကြေးငွေယူ၍ သော်လည်းကောင်း၊ အခမဲ့သော်လည်းကောင်း အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေ နိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကိုဆိုသည်။

(ဓ) **တောရိုင်းတိရစ္ဆာန်**ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စား လေ့ရှိသော သို့မဟုတ် နေရင်းဒေသမှ အခြားနေရာဒေသသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသော တိရစ္ဆာန်၊ ငှက်၊ ပိုးမွှားနှင့် ရေနေသတ္တဝါတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ယင်းတို့၏ အထီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်း၊ ဥ၊ ပိုးလောင်း၊ တစ်သျှူး၊ အသားစ၊ သွေးရည်နှင့် အစိတ်အပိုင်းများလည်း ပါဝင်သည်။

(န) **သဘာဝအပင်**ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ရောက်သောအပင်၊ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွ၊ မှိုနှင့် ရေအောက်ရှိ အပင်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ယင်းတို့၏ မျိုးစေ့၊ တစ်သျှူးနှင့် အစိတ်အပိုင်းများလည်း ပါဝင်သည်။

(ပ) **နေရင်းဒေသ**ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များ သဘာဝအတိုင်း ပေါက်ဖွားကျက်စားရာနယ်မြေနှင့် အပင်များ သဘာဝအတိုင်း ပေါက်ရောက်ရာနယ်မြေတို့ကို ဆိုသည်။

(ဖ) **ဂေဟစနစ်**ဆိုသည်မှာ သက်ရှိသတ္တဝါများ၊ သက်မဲ့ရုပ်ဝတ္ထုများနှင့်အပင်များ သဟဇာတဖြစ်လျက် တည်ရှိနေသည့်သဘာဝစနစ်နှင့် ယင်းစနစ်ကြောင့်ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝဝန်းကျင်ကိုဆိုသည်။

(ဗ) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များကို စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တည်ထောင်လုပ်ကိုင် ဆောင်ရွက်ရန် ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုမိန့်ကိုဆိုသည်။

(ဘ) **ဘဏ္ဍာရေးနှစ်**ဆိုသည်မှာ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းအရ ဘဏ္ဍာရေးနှစ်ဟု သတ်မှတ်ထားသည့် ကာလအပိုင်းအခြားကို ဆိုသည်။

(မ) **အခွန်ရငွေများ**ဆိုသည်မှာ အစိုးရဌာနများက ပြည်သူများ၊ ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းများ၊ အခြားသောအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များထံမှ သက်ဆိုင်ရာအခွန် ဥပဒေများနှင့်အညီကောက်ခံရရှိသည့် ရငွေများကို ဆိုသည်။

(ယ) **အခြားရငွေ**ဆိုသည်မှာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဌာန၊ အဖွဲ့အစည်းများက ရရှိသည့်ငွေများကို ဆိုသည်။

(ရ) **အာမခံကြေး**ဆိုသည်မှာ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တည်ထောင်သူက သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေများအတွင်း ဆောင်ရွက်ခြင်းဖြစ်ပါက ခွင့်ပြုချက်ရရှိပြီးနောက် လုပ်ငန်းမစတင်မီ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများအတွက် ကြိုတင်လျော်ကြေး ပေးသွင်းရသောငွေကို ဆိုသည်။

(လ) **ပြည်သူ့ဘဏ္ဍာရန်ပုံငွေ**ဆိုသည်မှာ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့် မိမိဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သည့် ဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာရန်ပုံငွေများကို ဆိုသည်။

(ဝ) **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသော ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ပြည်သူ့ဘဏ္ဍာရန်ပုံငွေကို ဆိုသည်။

(သ) **တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ**ဆိုသည်မှာ တိုင်းဒေသကြီးအစိုးရက ဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသော တိုင်းဒေသကြီးအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ပြည်သူ့ဘဏ္ဍာရန်ပုံငွေကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်၊ ရေမြေတောတောင်နှင့် တိရစ္ဆာန်များကိုချစ်မြတ်နိုးပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်၊

(ခ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်၊

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများချမှတ်ရန်နှင့် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှု ရရှိစေရေးအတွက် အသိပညာပေး စည်းရုံးလှုံ့ဆော်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်၊

(ဃ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် အသိပညာပေးရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်၊

(င) စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ ကိစ္စရပ်များ စနစ်တကျပေါင်းစပ်ဆောင်ရွက်နိုင်ရန်နှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ ပုဂ္ဂလိကနှင့် ဒေသခံလူထုတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(စ) ပြည်သူလူထု စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူ လေ့လာနိုင်ရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည်-

(က) တိုင်းဒေသကြီး အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူး၊တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၄) | ညွှန်ကြားရေးမှူး၊တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီးဦးစီးဌာနမှူး၊လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး၊တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူး၊တိုင်းဒေသကြီးမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး၊တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူး၊တိုင်းဒေသကြီးရေအရင်းအမြစ်နှင့်မြစ်ကြောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူး၊တိုင်းဒေသကြီးယဉ်ကျေးမှုနှင့်ပြတိုက်များဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူး၊တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ပါမောက္ခရုက္ခဗေဒဌာန၊ပဲခူးတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၃) | ပါမောက္ခသတ္တဗေဒဌာန၊ပဲခူးတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၄) | တိုင်းဒေသကြီးဦးစီးဌာနမှူး၊ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၅) | တိုင်းဒေသကြီးဦးစီးဌာနမှူး၊တိုင်းရင်းဆေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၆) | အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ပညာရှင်များ၊ သုတေသီများ၊ ကျွမ်းကျင်သူများ | အဖွဲ့ဝင် |
| (၁၇) | ညွှန်ကြားရေးမှူး၊တိုင်းဒေသကြီးသစ်တောဦးစီးဌာန | အတွင်းရေးမှူး |

(ခ) ကော်မတီအဖွဲ့ဝင်အရေအတွက်အားလိုအပ်သလိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) ကော်မတီ၏သက်တမ်းကိုလိုအပ်သလိုသတ်မှတ်ခြင်းနှင့်ပြင်ဆင်ခြင်းပြုနိုင်သည်။

(ဃ) ပြည်သူ့ဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်ကို ကော်မတီက သတ်မှတ်သည့် ချီးမြှင့် ငွေအား ခံစားခွင့်ပြုနိုင်သည်။

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးအတွက် ပညာပေးခြင်း၊ လမ်းညွှန်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ဃ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်း ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းပေးခြင်း၊

(င) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း၊ ပုဂ္ဂလိကနှင့် ဒေသခံလူထုတို့ကို ပူးပေါင်းဆောင်ရွက်ပေးခြင်း၊

(ဆ) တိုင်းဒေသကြီးအစိုးရက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးဆိုင်ရာ မူဝါဒများချမှတ်နိုင်ရန် အကြံပြုတင်ပြခြင်း၊

(ဇ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တည်ထောင်ရန် လျာထားသတ်မှတ်သည့်နယ်မြေကို အများပြည်သူသိရှိရန် အမိန့်ကြော်ငြာစာဖြင့် ရက် ၃၀ ကြိုတင် ကြေညာခြင်း၊

(ဈ) ပုဒ်မခွဲ (ဇ)အရ ကြိုတင်ကြေညာခြင်းအပေါ် ကန့်ကွက်မှုရှိပါက စုံစမ်းစစ်ဆေး၍ ကော်မတီမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ည) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုအခြေအနေကို စုံစမ်းစစ်ဆေးတင်ပြနိုင်ရန်အတွက် မြို့နယ်ကြီးကြပ်ရေးအဖွဲ့အား တာဝန်ပေးအပ်ခြင်း၊

(ဋ) ပုဒ်မခွဲ(ည)အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများအတွက် ထိုက်သင့်သည့် လျော်ကြေး၊ နစ်နာကြေးနှင့် ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိစေရန် ကူညီဆောင်ရွက်ပေးခြင်း။

## အခန်း (၄)
## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၆။ ကော်မတီသည်-

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်လိုကြောင်း လျှောက်ထားလာခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လုပ်ငန်းလိုင်စင် ခွင့်ပြုနိုင်သည်။

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင်ရရှိသူက စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးရန် မြို့နယ်ကြီးကြပ်ရေးအဖွဲ့ကို တာဝန်ပေးအပ်နိုင်သည်။

(ဂ) တည်ထောင်လိုသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ပြလာသည့် လျှောက်ထားချက်များအပေါ် လိုအပ်သည့်အထောက်အထား၊ အချက်အလက်များကို တောင်းခံနိုင်သည်။

(ဃ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင်ရရှိသူက ဤဥပဒေပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း တွေ့ရှိလျှင် လုပ်ငန်းလိုင်စင်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

(င) လုပ်ငန်းလိုအပ်ချက်အရ ကျွမ်းကျင်သူ၊ သုတေသီ၊ ပညာရှင်များအား ဖိတ်ကြား၍ အကြံ ဉာဏ်များ ရယူနိုင်သည်။

## အခန်း (၅)
## အပန်းဖြေစခန်းများ၊တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်တည်ထောင်ခြင်း

၇။ ကော်မတီသည်-

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သင့်လျော်သည့် နေရာတွင် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ပေးနိုင်သည်။

(ခ) လုပ်ငန်းလိုင်စင်သက်တမ်းကို သတ်မှတ်ရမည်။

(ဂ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဃ) သစ်တောနယ်မြေ သို့မဟုတ် သဘာဝထိန်းသိမ်းရေးနယ်မြေမှအပ အခြားအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေတွင် ပုဒ်မခွဲ(က) အရ သတ်မှတ်တည်ထောင်လိုပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ရမည်။

(င) ပုဒ်မခွဲ(က)အရ တည်ထောင်ရန် ရည်ရွယ်ထားသည့် နယ်မြေ၊ နယ်နိမိတ်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ကြိုတင်ကြေညာရမည်။

(စ) ပုဒ်မခွဲ(က)အရ တည်ထောင်မည့် သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ် တည်ထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသည့် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်း၏ကိုယ်စားလှယ်များပါဝင်သော ပဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်း၍ တာဝန်ပေးရမည်။

(ဆ) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဇ) တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်အတွင်း ကြည့်ရှုလေ့လာအပန်းဖြေသူများ လိုက်နာရမည့်စည်းကမ်းချက်များ သတ်မှတ်ပြီး အများပြည်သူသိရှိစေရန် ကြေညာထားရှိရမည်။

(ဈ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ကို ကြီးကြပ်ကွပ်ကဲရန်နှင့် အခွန်အခများ ကောက်ခံရန်အတွက် ညွှန်ကြားရေးမှူးကို တာဝန်ပေးအပ်နိုင်သည်။

၈။ ညွှန်ကြားရေးမှူးသည် ကော်မတီ၏သဘောတူညီချက်ဖြင့်-

(က) လုပ်ငန်းလိုင်စင်ထုတ်ပေးရမည်။

(ခ) လုပ်ငန်းလိုင်စင်တွင် ဖော်ပြသတ်မှတ်ထားသည့်ဒေသအတွင်း သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ကြည့်ရှုလေ့လာခြင်းနှင့် အပန်းဖြေခြင်းတို့ကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုရမည်။

(ဂ) သတ်မှတ်တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများအတွက် သင့်လျော်သောအခွင့်အရေး၊ အကျိုးခံစားခွင့်များကို စီစဉ်ဆောင်ရွက်ပေးရမည်။

## အခန်း (၆)

## အပန်းဖြေစခန်းများ၊တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်တည်ထောင်ခွင့်

၉။ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ကို တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ သဘောထားမှတ်ချက် ရယူ၍ ညွှန်ကြားရေးမှူးမှတစ်ဆင့် ကော်မတီသို့သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

၁၀။ လုပ်ငန်းလိုင်စင် လျှောက်ထားသူသည် ခွင့်ပြုချက်မရရှိဘဲ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တည်ထောင်ခြင်းနှင့် သက်ဆိုင်သည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ခြင်း မပြုရ။

၁၁။ လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ပဏာမစိစစ်ရေးအဖွဲ့သည် လုပ်ငန်းလိုအပ်ချက်များနှင့် ညီညွတ်မှုရှိ/မရှိ စိစစ်ပြီး စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာအား ရက်ပေါင်း(၆၀)အတွင်း ကော်မတီသို့ တင်ပြရမည်။

၁၂။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်ပေးရာတွင်-

(က) ခွင့်ပြုသည့် အချိန်ကာလနှင့်စပ်လျဉ်း၍ တစ်ကြိမ်လျှင် ခွင့်ပြုသည့်နေ့ရက်မှစတင်၍ နှစ် (၃၀)ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ခ) အပန်းဖြေစခန်းဖြစ်ပါက တစ်ကြိမ်လျှင်ဧက (၅၀)ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။ ခွင့်ပြုထားသည့် အကျယ်အဝန်း၏ (၇၅)ရာခိုင်နှုန်းကို (၃)နှစ်အတွင်း အပြည့်အဝ ဆောင်ရွက်ပြီးဖြစ်ပါက ထပ်မံ၍ တစ်ကြိမ်လျှင် ဧက(၅၀)ထက်မပိုစေဘဲ စုစုပေါင်းဧက (၂၀၀)ထိ အကြိမ်ကြိမ် ခွင့်ပြုနိုင်သည်။

(ဂ) တိရစ္ဆာန်ဥယျာဉ်ဖြစ်ပါက ဧက(၂၀၀)ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ဃ) ရုက္ခဗေဒဥယျာဉ်ဖြစ်ပါက ဧက (၁၀၀)ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(င) လုပ်ငန်းလိုင်စင်ခွင့်ပြုခြင်းအတွက် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသူ ပေးဆောင်ရမည့် အခွန်အခကို သတ်မှတ်နိုင်သည်၊

(စ) လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသူ ပေးဆောင်ရမည့် နှစ်စဉ်ကြေးကို သတ်မှတ်နိုင်သည်။

၁၃။ လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) ကော်မတီကသတ်မှတ်သော လုပ်ငန်းလိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) လုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်းသည့် အခွန်အခများနှင့် အာမခံကြေးကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ မြန်မာကျပ်ငွေဖြင့် ပေးသွင်းရမည်။

၁၄။ ကော်မတီသည်-

(က) လုပ်ငန်းလိုင်စင်ရရှိသူက လုပ်ငန်းလိုင်စင် သက်တမ်းတိုးရန် လျှောက်ထားခြင်းအပေါ် စိစစ်ပြီးခွင့်ပြုနိုင်သည်။ ထိုသို့ခွင့်ပြုသည့်အခါ လိုင်စင်ကြေးကို ကောက်ခံရမည်။

(ခ) နိုင်ငံခြားမတည်ငွေဖြင့် လုပ်ကိုင်ဆောင်ရွက်လိုသူ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်က သီးခြားဖြစ်စေ၊ အကျိုးတူပူးပေါင်း၍ဖြစ်စေ အပန်းဖြေစခန်း၊ တိရစ္ဆာန် ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် လုပ်ကိုင်ခွင့်လျှောက်ထားလာပါက နိုင်ငံခြားရင်းနှီး မြုပ်နှံမှုဥပဒေနှင့် အခြားတည်ဆဲဥပဒေများနှင့်အညီ အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

၁၅။ ဤဥပဒေမပြဋ္ဌာန်းမီ တည်ဆဲဖြစ်သော ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရ သစ်တောနယ်မြေပြင်ပတွင် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်ရရှိထားသော ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း(၇)
## မြို့နယ်ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၁၆။ ကော်မတီသည် လိုအပ်ပါက မြို့နယ်သစ်တောအရာရှိအား အဖွဲ့ခေါင်းဆောင်အဖြစ်နှင့် သင့်လျော်သော မြို့နယ်ဌာနဆိုင်ရာများ အဖွဲ့ဝင်အဖြစ် ပါဝင်သော မြို့နယ်ကြီးကြပ်ရေးအဖွဲ့ကို အဖွဲ့ဝင်ဦးရေအနည်းဆုံး ၅ ဦးမှ အများဆုံး ၉ ဦးထက်မပိုဘဲ ဖွဲ့စည်းရမည်။

၁၇။ ကော်မတီသည်လိုအပ်ပါက မြို့နယ်ကြီးကြပ်ရေးအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို ဆောင်ရွက်နိုင်သည်။

၁၈။ မြို့နယ်ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီမှ တာဝန်ပေးအပ်ချက်အရ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်များကို ပြန်လည်တင်ပြခြင်း၊

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်ထားသည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို ကော်မတီသို့ တင်ပြခြင်း၊

(ဂ) လုပ်ငန်းလိုင်စင်ရရှိသူက စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများဆောင်ရွက်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို ကော်မတီသို့ တင်ပြခြင်း၊

(ဃ) တည်ထောင်ထားရှိသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် အတွင်း သိပ္ပံဆိုင်ရာသုတေသနပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ကြည့်ရှုလေ့လာခြင်း နှင့် အပန်းဖြေခြင်းတို့ကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ကြီးကြပ်ခြင်း၊

(င) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်သို့ အန္တရာယ်များ မကျရောက်စေရေးနှင့် ထိခိုက်နှောင့်ယှက်မှုများ မရှိစေရေးတို့အတွက် ဆောင်ရွက် ထားရှိခြင်းများကို ကြီးကြပ်ခြင်း။

## အခန်း(၈)

## အာမခံကြေး၊မြေခွန်နှင့်လုပ်ငန်းလိုင်စင်ကြေး

၁၉။ ကော်မတီသည်-

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့် ရရှိသူက လုပ်ငန်းအမျိုးအစားအလိုက် ပေးသွင်းရမည့်အာမခံကြေးနှုန်းထားနှင့် မြေခွန် နှုန်းထားများ၊ လုပ်ငန်းလိုင်စင်ကြေး၊ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ကြေးတို့ကို သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်း၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

(ခ) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လုပ်ငန်းလိုင်စင်ကြေးကို လုပ်ငန်းစတင် တည်ထောင်သည်မှ အချိန်ကာလတစ်ခုသတ်မှတ်၍ ကင်းလွတ်ခွင့်ပြုနိုင်သည်၊

၂၀။ ဦးစီးဌာနသည် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင် လုပ်ကိုင် ခွင့်ရရှိသူ၏ မြေခွန်နှင့် လုပ်ငန်းလိုင်စင်ကြေး ပေးသွင်းခြင်းကို ကြီးကြပ်စစ်ဆေးရမည်။

၂၁။ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်လိုသူသည် သတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင်ရရှိပြီးမှသာလျှင် လုပ်ငန်းကို စတင်လုပ်ကိုင်ခွင့်ရှိသည်။

၂၂။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လုပ်ငန်းလိုင်စင်သက်တမ်း၊ လုပ်ငန်း လိုင်စင်ကြေး၊ ရက်လွန်ကြေး၊ ဒဏ်ကြေးနှင့် သက်တမ်းတိုးမြှင့်ကြေးများကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

၂၃။ လုပ်ငန်းလိုင်စင် ရုပ်သိမ်းခံရသူသည် ပေးသွင်းထားသော လုပ်ငန်းလိုင်စင်ကြေးကို ပြန်လည်တောင်းခံခွင့်မရှိစေရ။

## အခန်း (၉)

## လုပ်ငန်းလိုင်စင်ရရှိသူလိုက်နာရမည့်တာဝန်များ

၂၄။ လုပ်ငန်းလိုင်စင် ရရှိသူသည်-

(က) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ ဥပဒေအရထုတ်ပြန်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) ကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းများကို လိုက်နာရမည်။

(ဂ) ခွင့်ပြုထားသည့် လုပ်ငန်းအမျိုးအစားနှင့် ယင်းနှင့်ဆက်နွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းကိုသာ လုပ်ကိုင်ရမည်။

(ဃ) လုပ်ကိုင်ခွင့်ရသည့်လုပ်ငန်းကို စတင်ခွင့်ပြုသည့်နေ့မှစ၍ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြေအနေကြောင့်သော်လည်းကောင်း၊ ကုန်လွန်သွားသည့်အချိန်အတွက် သတ်မှတ်ကာလအား ကော်မတီက ပြန်လည်ပြင်ဆင် သတ်မှတ်ပေးသည့်အတိုင်း လက်ခံဆောင်ရွက်ရမည်။

(င) ခွင့်ပြုထားသည့်လုပ်ငန်းကို လုပ်ငန်းလိုင်စင်ပါ သက်တမ်းကာလအတွင်း အခြားပုဂ္ဂိုလ်တစ်ဦးဦးအား တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်းနှင့် လုပ်ငန်း လိုင်စင်လွှဲပြောင်းခြင်းတို့ကို ကော်မတီ၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

(စ) ရရှိထားသည့် လုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်း၍ ပေးဆောင်ရန်ရှိသည့် အခွန်အခများကို သတ်မှတ်ကာလအတွင်း အပြေအကျေ ပေးဆောင်ရမည်။

(ဆ) တည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုထားသော လုပ်ငန်းများမှအပ အခြားလုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်ခြင်း၊ မြေပေါ်မြေအောက် အခြားသယံဇာတပစ္စည်းများ ထုတ်ယူခြင်း မပြုရ။

(ဇ) တည်ထောင်လုပ်ကိုင်သည့် လုပ်ငန်းနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ ပျက်စီးမှု မဖြစ်စေရန် ဆောင်ရွက်ရမည်။

(ဈ) လုပ်ငန်းလိုင်စင်ရရှိထားသည့်မြေကို ကော်မတီကသတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ အသုံးပြုရမည်။

(ည) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို လက်ဝယ်ထားခြင်း၊ ဖမ်းဆီးခြင်း၊ စုဆောင်းခြင်း၊ သယ်ဆောင်ခြင်း၊ လဲလှယ်ခြင်း၊ ထုတ်ယူခြင်းများနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဋ) လုပ်ငန်းလိုင်စင်သက်တမ်း မကုန်ဆုံးမီသေဆုံးလျှင် သို့မဟုတ် အကြောင်းတစ်စုံ တစ်ရာကြောင့် ဆက်လက်၍ လုပ်ငန်းဆောင်ရွက်နိုင်မှု မရှိခဲ့လျှင် ယင်း၏ တရားဝင် ဆက်ခံခွင့်ရှိသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ကော်မတီထံ လျှောက်ထားရမည်။

(ဌ) အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသောမြေတွင် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် လျှောက်ထားသူသည် လုပ်ငန်း လိုင်စင်မရမီ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် မြေနေရာ အတည်ပြုချက်ရရှိရေး ကြိုတင်ညှိနှိုင်း ဆောင်ရွက်ရမည်။

## အခန်း (၁၀)

## အပန်းဖြေစခန်းများ၊တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်တည်ထောင်သူများကို ပံ့ပိုးကူညီဆောင်ရွက်ခြင်း

၂၅။ ကော်မတီသည်-

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်သူက လုပ်ငန်းအတွက် လိုအပ်သောနည်းပညာနှင့် အတတ်ပညာဆိုင်ရာ ကိစ္စရပ်များကို ဆက်သွယ်တောင်းခံလာလျှင် လိုအပ်သလို ကူညီပံ့ပိုးပေးရမည်။

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်သူက ရင်းနှီးမြှုပ်နှံမှုအတွက် ချေးငွေရရှိလိုလျှင်လည်းကောင်း၊ ပံ့ပိုးပစ္စည်းနှင့် ဝန်ဆောင်မှု အကူအညီရရှိလိုလျှင်လည်းကောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသို့ စိစစ်ထောက်ခံ ပေးနိုင်သည်။

၂၆။ ကော်မတီသည် သတ်မှတ်ကာလအတွင်း စည်းကမ်းချက်များနှင့်အညီ ပြီးစီးသည်အထိ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သော တည်ထောင်လုပ်ကိုင်သူများကို ယင်းတို့ ပေးသွင်း ထားသော အာမခံကြေး ပြန်လည်ထုတ်ပေးရမည်။

၂၇။ ကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် အပန်းဖြေစခန်းများ၊ တိရစ္ဆာန် ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်သူနှင့်စပ်လျဉ်း၍ တည်ဆဲမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေပါ ပြဋ္ဌာန်းထားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၁)

## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်းနှင့်အယူခံခြင်း

၂၈။ ကော်မတီသည် ဤဥပဒေအရထုတ်ပြန်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်သည့် လုပ်ငန်းလိုင်စင်ရရှိသူကို အောက်ပါအရေးယူမှု တစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ တစ်ရပ်ထက်ပိုသော အရေးယူမှုများဖြင့်ဖြစ်စေ၊ ဆုံးဖြတ်ဆောင်ရွက်နိုင် သည်-

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသောဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) လုပ်ငန်းလိုင်စင်ကိုကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း၊

(ဃ) လုပ်ငန်းလိုင်စင်ကိုပယ်ဖျက်ခြင်း။

၂၉။ ကော်မတီသည် တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများရှိပါက လုပ်ငန်းလိုင်စင်ရရှိသူအား စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်နိုင်သည်။

၃၀။ ကော်မတီသည်-

(က) စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်သည့်အခါ တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်မှ ခွင့်ပြုချက်မရရှိဘဲ ထုတ်ယူသည့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ခ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသောပစ္စည်းများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲရမည်။

၃၁။ ဤဥပဒေအရ ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုသည် ပြစ်မှုကြောင်း အရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ အရေးယူခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

၃၂။ ကော်မတီက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

၃၃။ (က) အစိုးရအဖွဲ့သည် ကော်မတီကချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ခ) အစိုးရအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်သည်။

## အခန်း (၁၂)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၄။ မည်သူမဆို ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၃၅။ မည်သူမဆို လုပ်ငန်းလိုင်စင်မရှိဘဲ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒ ဥယျာဉ်ကို တည်ထောင်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၆။ မည်သူမဆို ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုကျပ်သုံးသိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည် -

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်း အဆောက် အအုံများ ဆောက်လုပ်ခြင်း၊ အားကစားကွင်းများ၊ ကျန်းမာရေးလေ့ကျင့်ခန်း၊ အားကစား ရုံများ၊ အားကစားခန်းမများ၊ ရေကူးကန်များ၊ အားကစားနည်းပညာသင်တန်း ကျောင်းများ ဖွင့်လှစ်တည်ထောင်ခြင်း၊

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်း ပြပွဲ ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ပွဲလမ်းသဘင်များ၊ အခမ်းအနားများကျင်းပခြင်း၊

(ဂ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်း အပင်များ စိုက်ပျိုးခြင်း၊ စီးပွားရေးအလို့ငှာ ပျိုးခြံများတည်ထောင်ခြင်း၊ ပျိုးပင်အရောင်းဆိုင် ဖွင့်လှစ် ခြင်း၊ စျေးဆိုင်ခန်းများ ဆောက်လုပ်ရောင်းချခြင်း။

၃၇။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ဆယ်သိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်-

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ၊ ဓာတုပစ္စည်းတစ်ခုခုကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း။

၃၈။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတစ်ခုခုကို ဖြစ်စေဖျက်ဆီးခြင်း၊

(ခ) အစိုးရအဖွဲ့က အစုရှယ်ယာ မတည်ငွေရင်းပါဝင်သည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ နယ်နိမိတ်အမှတ်အသားတစ်ခုခုကို ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန်ပျက်ယွင်းစေရန်ပြုလုပ်ခြင်း။

၃၉။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင်သက်ဆိုင်ရာပြစ်မှုအတွက်ချမှတ်ရမည့်ပြစ်ဒဏ်အပြင်-

(က) ပြစ်မှုကျူးလွန်သူကြောင့် ဖြစ်ပေါ်သော ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို နစ်နာသူသို့ လျော်ကြေးငွေပေးဆောင်စေရန်အမိန့်ချမှတ်နိုင်သည်။

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော တိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏အစိတ် အပိုင်းများကိုပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းပြီးဦးစီးဌာနသို့လွှဲပြောင်းပေးရမည်။

(ဂ) ပြစ်မှုနှင့်သက်ဆိုင်သည့် အဆောက်အအုံ၊ ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်း ကိရိယာများကိုပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန်အမိန့်ချမှတ်နိုင်သည်။

၄၀။ တည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုထားသောလုပ်ငန်းများမှအပ အခြားလုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်ခြင်း၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ ထုတ်ယူခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်ဆယ်သိန်းမှ အများဆုံးကျပ်သိန်းငါးဆယ်ထိ ငွေဒဏ်ဖြစ်စေ၊သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

## အခန်း (၁၃)
## ပြည်သူ့ဘဏ္ဍာငွေများကောက်ခံခြင်း

၄၁။ အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ် တည်ထောင်ခွင့်ရရှိသူသည် –

(က) သစ်တောနယ်မြေနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း တည်ထောင်လုပ်ကိုင်ခြင်းအတွက် ကောက်ခံရရှိသည့်မြေငှားရမ်းခကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း ရမည်။

(ခ) သစ်တောနယ်မြေနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများမှအပ အခြားမြေများတွင် တည်ထောင်လုပ်ကိုင်ခြင်းအတွက် ကောက်ခံရရှိသည့်မြေငှားရမ်းခကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(ဂ) မည်သည့်မြေနေရာတွင်မဆို တည်ထောင်လုပ်ကိုင်ခြင်းအတွက် ကောက်ခံရရှိသည့် လုပ်ငန်း လိုင်စင်ကြေး၊ နှစ်စဉ်ကြေးနှင့်ဂေဟာစနစ်ဝန်ဆောင်မှု အခကြေးငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်းရမည်။

(ဃ) မည်သည့်မြေနေရာတွင်မဆို တည်ထောင်လုပ်ကိုင်သည့် ဧရိယာအတွင်းမှထွက်ရှိသည့် ပြည်ထောင်စုအစိုးရက ကောက်ခံရမည့်ကျွန်းနှင့်သစ်မာသစ်မျိုးများအတွက် ကောက်ခံ ရရှိသည့်အခွန်အခနှင့်လျော်ကြေးငွေများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(င) မည်သည့်မြေနေရာတွင်မဆို တည်ထောင်လုပ်ကိုင်သည့် ဧရိယာအတွင်းမှ ထွက်ရှိသည့် ပြည်ထောင်စုအစိုးရကကောက်ခံရမည့် ကျွန်းနှင့်သစ်မာသစ်မျိုးများမှ အပ အခြားသစ်မျိုးများအတွက် ကောက်ခံရရှိသည့် အခွန်အခနှင့်လျော်ကြေးငွေများကို တိုင်းဒေသကြီးဘဏ္ဍာ ရန်ပုံငွေသို့ ပေးသွင်းရမည်။

၄၂။ စီမံခန့်ခွဲရေးနည်းလမ်းများအရ အရေးယူဆောင်ရွက်ခြင်းမှ ကောက်ခံရရှိသည့်ဒဏ်ကြေးငွေများနှင့်ပေးဆောင်ရသော လျော်ကြေးငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း ရမည်။

## အခန်း(၁၄)
## အထွေထွေ

၄၃။ ဤဥပဒေအရ အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၄။ ဤဥပဒေမပြဋ္ဌာန်းမီ တည်ထောင်ထားသောအပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒ ဥယျာဉ် တို့သည်ဤဥပဒေနှင့်အကျုံးဝင်စေရမည်။

၄၅။ ပုဒ်မ၄၄ပြဋ္ဌာန်းချက်သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တိုက်ရိုက်စီမံကြီးကြပ်ဆောင်ရွက်နေသော ဆင်စခန်းများ၊ အပန်းဖြေစခန်းများ၊ တိရစ္ဆာန် ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်များနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင်ပန်းခြံ၊ အပန်းဖြေစခန်းများ၊ ဥယျာဉ်များနှင့် အကျုံးမဝင်စေရ။

၄၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များအကောင်အထည်ဖော်ရာတွင်–

(က) အစိုးရအဖွဲ့သည်လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကိုထုတ်ပြန်နိုင်သည်။

(ခ) ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သောအမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဝင်းသိန်း

ဝန်ကြီးချုပ်

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

ကန့်သတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး**

**ပဲခူးမြို့**

**ဒုတိယအကြိမ်**

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့**

**တင်ပြသည့်**

**အစီရင်ခံစာ**

ရက်စွဲ ၊၂၀၂၀ပြည့်နှစ်၊စက်တင်ဘာလ(၃၀)ရက်

ကန့်သတ်

မာတိကာ


| စဉ် | | အကြောင်းအရာ | အပိုဒ် | | စာမျက်နှာ | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | မှ | ထိ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | နိဒါန်း | ၁ | - | ၁ | - |
| ၂ | | စစ်ဆေးရမည့်အဖွဲ့အစည်းများအခြေအနေ | ၂ | - | ၁ | - |
| ၃ | | ခန့်မှန်းခြေရငွေလျာထားးချက်နှင့်အမှန်ရရှိမှုအခြေအနေ | ၃ | ၄ | ၁ | ၂ |
| ၄ | | အခွန်ရငွေလျာထားးချက်နှင့်အမှန်ရငွေအခြေအနေ | ၅ | ၆ | ၂ | ၃ |
| ၅ | | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအခွန်ကောက်ခံရငွေ | ၇ | ၈ | ၄ | ၆ |
| ၆ | | စည်ပင်သာယာရေးအဖွဲ့များအခွန်ရငွေ | ၉ | ၁၂ | ၆ | ၈ |
| ၇ | | ငွေလုံးငွေရင်းရငွေ | ၁၃ | ၁၄ | ၈ | ၁၀ |
| ၈ | | သာမန်ရငွေ | ၁၅ | - | ၁၀ | - |
| ၉ | | တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏သာမန်ရငွေအခြေအနေ | ၁၆ | ၁၇ | ၁၀ | ၁၂ |
| ၁၀ | | ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | ၁၈ | ၁၉ | ၁၂ | ၁၄ |
| ၁၁ | | အပြီးသတ်ခွင့်ပြုငွေနှင့်အမှန်သုံးစွဲငွေအခြေအနေ | ၂၀ | ၂၁ | ၁၄ | ၁၅ |
| ၁၂ | | အထွေထွေပိုလျှံရန်ပုံငွေအပ်နှံမှုနှင့်လွှဲပြောင်းသုံးစွဲမှုအခြေအနေ | ၂၂ | ၂၅ | ၁၅ | ၁၈ |
| ၁၃ | | နိုင်ငံတော်သို့ပြန်လည်ပေးသွင်းနိုင်မှုအခြေအနေ | ၂၆ | ၂၇ | ၁၉ | - |
| | ၁ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | ၂၈ | - | ၁၉ | ၂၂ |
| | ၂ | ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး | ၂၉ | - | ၂၃ | - |
| | ၃ | မြို့နယ်မီးသတ်ဦးစီးဌာန၊ဒိုက်ဦးမြို့ | ၃၀ | - | ၂၃ | - |
| | ၄ | ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ပြည်မြို့ | ၃၁ | - | ၂၃ | - |
| | ၅ | မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ဇီးကုန်းမြို့ | ၃၂ | - | ၂၃ | - |
| | ၆ | တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ပဲခူးမြို့ | ၃၃ | - | ၂၄ | - |
| | ၇ | မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ဇီးကုန်းမြို့ | ၃၄ | - | ၂၄ | - |
| | ၈ | တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ပဲခူးမြို့ | ၃၅ | - | ၂၅ | - |

ကန့်သတ်

မာတိကာ

| စဉ် | | အကြောင်းအရာ | အပိုဒ် | | စာမျက်နှာ | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | မှ | ထိ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| | ၉ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ဇီးကုန်းမြို့ | ၃၆ | - | ၂၅ | - |
| | ၁၀ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ကဝမြို့ | ၃၇ | - | ၂၆ | - |
| | ၁၁ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ရေတာရှည်မြို့ | ၃၈ | - | ၂၆ | - |
| | ၁၂ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ပေါင်းတည်မြို့ | ၃၉ | - | ၂၇ | - |
| ၁၄ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှစစ်ဆေးတွေ့ရှိချက်များ | ၄၀ | ၄၁ | ၂၈ | - |
| | ၁ | မြို့နယ်တရားရုံး၊ တောင်ငူမြို့ | ၄၂ | - | ၂၈ | - |
| | ၂ | တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်၊ပဲခူးမြို့ | ၄၃ | - | ၂၉ | - |
| | ၃ | ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ တောင်ငူမြို့ | ၄၄ | - | ၂၉ | - |
| | ၄ | မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ဇီးကုန်းမြို့ | ၄၅ | - | ၂၉ | - |
| | ၅ | မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ သာယာဝတီမြို့ | ၄၆ | - | ၂၉ | - |
| | ၆ | မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊လက်ပံတန်းမြို့ | ၄၇ | - | ၃၀ | - |
| | ၇ | ဗဟိုအကျဉ်းထောင်၊သာယာဝတီမြို့ | ၄၈ | - | ၃၀ | - |
| | ၈ | မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊သဲကုန်းမြို့ | ၄၉ | - | ၃၀ | - |
| | ၉ | ကြံသီးနှံသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ၊ဖြူးမြို့ | ၅၀ | - | ၃၁ | - |
| | ၁၀ | ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တောင်ငူမြို့ | ၅၁ | - | ၃၁ | - |
| | ၁၁ | ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၅၂ | - | ၃၂ | - |
| | ၁၂ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊မင်းလှမြို့ | ၅၃ | - | ၃၂ | - |
| | ၁၃ | တိုင်းဒေသကြီးအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ပဲခူးမြို့ | ၅၄ | - | ၃၂ | - |
| | ၁၄ | အထွေထွေရောဂါကုဆေးရုံကြီး၊ တောင်ငူမြို့ | ၅၅ | - | ၃၃ | - |
| | ၁၅ | မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ပန်းတောင်းမြို့ | ၅၆ | - | ၃၃ | - |

ကန့်သတ်

မာတိကာ


| စဉ် | အကြောင်းအရာ | အပိုဒ် မှ | အပိုဒ် ထိ | စာမျက်နှာ မှ | စာမျက်နှာ ထိ |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁၆ | မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ရေတာရှည်မြို့ | ၅၇ | - | ၃၃ | - |
| ၁၇ | မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊အုတ်ဖိုမြို့ | ၅၈ | - | ၃၄ | - |
| ၁၈ | မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ ကျောက်ကြီးမြို့ | ၅၉ | - | ၃၄ | - |
| ၁၉ | မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ရွှေတောင်မြို့ | ၆၀ | - | ၃၄ | - |
| ၂၀ | ခရိုင်ပညာရေးမှူးရုံး၊ တောင်ငူမြို့ | ၆၁ | - | ၃၅ | - |
| ၂၁ | မြို့နယ်ပညာရေးမှူးရုံး၊ ဒိုက်ဦးမြို့ | ၆၂ | - | ၃၅ | - |
| ၂၂ | မြို့နယ်ပညာရေးမှူးရုံး၊ ရေတာရှည်မြို့ | ၆၃ | - | ၃၅ | - |
| ၂၃ | မြို့နယ်ပညာရေးမှူးရုံး၊ ကျောက်တံခါးမြို့ | ၆၄ | - | ၃၅ | - |
| ၂၄ | မြို့နယ်ပညာရေးမှူးရုံး၊ ပေါင်းတည်မြို့ | ၆၅ | - | ၃၆ | - |
| ၂၅ | မြို့နယ်ပညာရေးမှူးရုံး၊ ဇီးကုန်းမြို့ | ၆၆ | - | ၃၆ | - |
| ၂၆ | ခရိုင်ပညာရေးမှူးရုံး၊ပြည်မြို့ | ၆၇ | - | ၃၇ | - |
| ၂၇ | မြို့နယ်ပညာရေးမှူးရုံး၊ သာယာဝတီမြို့ | ၆၈ | - | ၃၇ | - |
| ၂၈ | မြို့နယ်ပညာရေးမှူးရုံး၊ လက်ပံတန်းမြို့ | ၆၉ | - | ၃၇ | - |
| ၂၉ | မြို့နယ်ပညာရေးမှူးရုံး၊ နတ်တလင်းမြို့ | ၇၀ | - | ၃၇ | - |
| ၃၀ | အစိုးရနည်းပညာအထက်တန်းကျောင်း၊ပြည်မြို့ | ၇၁ | - | ၃၈ | - |
| ၃၁ | ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)၊ စီမံကိန်းမန်နေဂျာရုံး (မြို့ပြ)နေပြည်တော် | ၇၂ | - | ၃၈ | - |
| ၃၂ | မြို့နယ်လျှပ်စစ်မှူးရုံး၊ ဝက်ထီးကန်၊ ပြည်မြို့ | ၇၃ | - | ၃၈ | - |
| ၃၃ | မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ပန်းတောင်းမြို့ | ၇၄ | - | ၃၉ | - |
| ၃၄ | မြန်မာ့မီးရထား၊ တိုင်းအမှတ်(၅)၊ အင်ဂျင်နီယာမှူး(မြို့ပြ)ရုံး၊ တောင်ငူမြို့ | ၇၅ | - | ၃၉ | - |
| ၃၅ | မြို့နယ်အခွန်ဦးစီးဌာန၊ ကျောက်တံခါးမြို့ | ၇၆ | - | ၃၉ | - |

မာတိကာ


| စဉ် | အကြောင်းအရာ | အပိုဒ် | | စာမျက်နှာ | |
|---|---|---|---|---|---|
| | | မှ | ထိ | မှ | ထိ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁၅ | ဘဏ္ဍာရေးနှင့်အခြားစည်းမျဉ်းမကျနမှုများ | ၇၇ | - | ၄၀ | ၄၄ |
| ၁၆ | သုံးသပ်ချက် | ၇၈ | - | ၄၅ | - |
| ၁၇ | နိဂုံး | ၇၉ | - | ၄၆ | - |


ဇယားမာတိကာ


| ဇယား အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | ၂ | ၃ | ၄ |
| ၁ | ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ အခွန်ရငွေလျာထားချက်နှင့် အမှန်ရငွေအခြေအနေ | ၃ | - |
| ၂ | အခွန်(၄)မျိုးကောက်ခံရန်လျာထားချက်နှင့်အမှန်ကောက်ခံရရှိမှု အခြေအနေ | ၄ | - |
| ၃ | စည်ပင်သာယာရေးအဖွဲ့များ၏အခွန်ရငွေအခြေအနေ | ၇ | - |
| ၄ | ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အတွက် ငွေလုံးငွေရင်းပြုပြင်ပြီး ခန့်မှန်းခြေရငွေနှင့်အမှန်ကောက်ခံရရှိမှုအခြေအနေ | ၈ | - |
| ၅ | တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ သာမန်ရငွေအခြေအနေ | ၁၁ | - |
| ၆ | စည်ပင်သာယာရေးအဖွဲ့များ၏ သာမန်ရငွေအခြေအနေ | ၁၃ | - |

# ဒုတိယအကြိမ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက်ပဲခူးတိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေအရ/အသုံးစာရင်းများနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ

## နိဒါန်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေပုဒ်မ-၂၅(က)တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်၏ အရ/အသုံး စာရင်းများနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ထူးခြားသောအခြေအနေကို အခါအားလျော်စွာ တင်ပြရမည်ဟု ပြဋ္ဌာန်းထားပါသည်။ အဆိုပါ ပြဋ္ဌာန်းချက်အရ ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်သည် ယခုကျင်းပသည့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့တင်ပြမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ အရ/အသုံးစာရင်းများနှင့် လုပ်ငန်းအကောင်အထည်ဖော်မှု စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို တင်ပြခြင်း ဖြစ်ပါသည်။

## စစ်ဆေးရမည့်အဖွဲ့အစည်းများအခြေအနေ

၂။ ပဲခူးတိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေစာရင်းတွင်အကျုံးဝင်သည့် စစ်ဆေးရမည့် အဖွဲ့အစည်း (၄၅၈)ခုတွင် ပဲခူးတိုင်းဒေသကြီးမှ (၃၂)ခု၊ ပဲခူးခရိုင်မှ (၁၂၃)ခု၊ တောင်ငူခရိုင်မှ (၈၉)ခု၊ သာယာဝတီခရိုင်မှ (၁၁၈)ခု၊ ပြည်ခရိုင်မှ (၉၆)ခုတို့ပါဝင်ပါသည်။

## ခန့်မှန်းခြေရငွေလျာထားချက်နှင့်အမှန်ရရှိမှုအခြေအနေ

၃။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ခန့်မှန်းခြေရငွေလျာထားချက်နှင့် အမှန်ရရှိမှုအခြေအနေကို အောက်ပါအတိုင်းဖော်ပြပါသည်-

(ကျပ်သန်း)

| စဉ် | အကြောင်းအရာ | ပြုပြင်ပြီးခန့်မှန်းခြေ | အမှန်ရငွေ |
|---|---|---|---|
| ၁။ | အခွန်ရငွေ | ၈၇၂၀.၉၅၃ | ၁၀၅၇၂.၂၇၄ |
| ၂။ | သာမန်ရငွေ | ၁၉၄၂၀.၅၂၁ | ၂၁၇၀၁.၃၉၀ |
| ၃။ | ငွေလုံးငွေရင်းရငွေ | ၃၉.၃၅၀ | ၇၇.၁၀၆ |
| ၄။ | ပြည်ထောင်စုလွှတ်တော်မှ ထောက်ပံ့ရငွေ | ၂၈၀၀.၀၀၀ | ၂၈၀၀.၀၀၀ |
| ၅။ | အခွန်ဝေစုရငွေ | ၆၃၀၁.၉၅၈ | ၆၁၂၇.၀၈၇ |
| ၆။ | ဒေသဖွံ့ဖြိုးရေးအတွက် UNDP မှရငွေ | ၁၁၅၈.၂၅၃ | ၉၁၉.၀၂၆ |
| | **ပေါင်း** | **၃၈၄၄၁.၀၃၅** | **၄၂၁၉၆.၈၈၃** |
| ၇။ | ပြည်ထောင်စုမှဘတ်ဂျက်လိုငွေဖြည့်ဆည်းခြင်း | ၁၃၁၇၇၂.၄၄၇ | ၁၃၁၇၇၂.၄၄၇ |
| | **စုစုပေါင်း** | **၁၇၀၂၁၃.၄၈၂** | **၁၇၃၉၆၉.၃၃၀** |

၄။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အခွန်ရငွေ၊ သာမန်ရငွေနှင့် ငွေလုံးငွေရင်းရငွေတို့မှာ ပြုပြင်ပြီးခန့်မှန်းခြေလျာထားချက်ထက် ပိုမိုရရှိကြောင်း တွေ့ရှိရပါသည်။

## အခွန်ရငွေလျာထားချက်နှင့်အမှန်ရငွေအခြေအနေ

၅။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အခွန်ရငွေလျာထားချက်မှာ ကျပ်သန်း ၈၇၂၀.၉၅၃ ဖြစ်ပြီး အမှန်ရငွေမှာ ကျပ်သန်း ၁၀၅၇၂.၂၇၄ ဖြစ်၍ လျာထားချက်ထက် ကျပ်သန်း ၁၈၅၁.၃၂၁ ပိုမိုရရှိခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနအဖွဲ့အစည်းများ၏ အခွန်ရငွေလျာထားချက်နှင့် အမှန်ရရှိမှု အခြေအနေကို အောက်ပါဇယား-၁ ဖြင့် ဖော်ပြပါသည်-

**ဇယား(၁)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အခွန်ရငွေလျာထားချက်နှင့်အမှန်ရငွေအခြေအနေ**

**(ကျပ်သန်း)**

| စဉ် | ဌာန/အဖွဲ့အစည်းအမည် | ပြုပြင်ပြီး ခန့်မှန်းခြေ | အမှန်ရငွေ | (+)ပိုရငွေ/ (-)လျော့ရငွေ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | ၅၅၆၇.၂၆၈ | ၆၄၈၇.၆၆၂ | (+)၉၂၀.၃၉၄ |
| ၂ | ငါးလုပ်ငန်းဦးစီးဌာန | ၂၀၇၈.၉၈၀ | ၂၅၈၈.၇၅၁ | (+)၅၀၉.၇၇၁ |
| ၃ | သစ်တောဦးစီးဌာန | ၁၁၅.၁၂၂ | ၂၂၃.၉၃၇ | (+)၁၀၈.၈၁၅ |
| ၄ | စည်ပင်သာယာရေး အဖွဲ့များ | ၉၅၉.၅၈၃ | ၁၂၇၁.၉၂၄ | (+)၃၁၂.၃၄၁ |
| | **စုစုပေါင်း** | **၈၇၂၀.၉၅၃** | **၁၀၅၇၂.၂၇၄** | **(+)၁၈၅၁.၃၂၁** |

၆။ အထက်ပါဇယားအရ ငါးလုပ်ငန်းဦးစီးဌာန၏ အမှန်ရငွေမှာ ပြုပြင်ပြီးခန့်မှန်းခြေ လျာထားချက်ထက် ကျပ်သန်း ၅၀၉.၇၇၁ ပိုမိုရရှိခဲ့ခြင်းမှာ ဂရန်အင်းနှင့်တင်ဒါချက်များအား အပြိုင်အဆိုင်လေလံဆွဲဝယ်ယူခြင်းကြောင့်ဖြစ်ပြီး သစ်တောဦးစီးဌာန၏ အမှန်ရငွေမှာလည်းခန့်မှန်းခြေလျာထားချက်ထက် ကျပ်သန်း ၁၀၈.၈၁၅ ပိုမိုရရှိခြင်းမှာ သစ်မာ(နိုင်ငံပိုင်)မှ မြန်မာ့သစ်လုပ်ငန်းသို့ လွှဲပြောင်းပေးခဲ့သည့် ပုံစံ(၈)ဝင် သစ်များ၏ အခွန်တော်များ၊ ထင်း၊ မီးသွေး၊ ဝါးတို့ကို ပုဂ္ဂလိကများမှထုတ်လုပ်ခြင်းအတွက် အခွန်တော်ငွေများ ပိုမိုရရှိခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအခွန်ကောက်ခံရငွေ

၇။ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်အောက်ရှိ ခရိုင်(၄)ခု၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အတွင်း အခွန်(၄)မျိုးကောက်ခံရန် လျာထားချက်နှင့် အမှန်ကောက်ခံရရှိမှု အခြေအနေကို ဇယား-၂ ဖြင့် ဖော်ပြပါသည်-

**ဇယား(၂)**

**အခွန်(၄)မျိုးကောက်ခံရန် လျာထားချက်နှင့် အမှန်ကောက်ခံရရှိမှုအခြေအနေ**

**(ကျပ်သန်း)**

| စဉ် | အခွန်အမျိုးအမည် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမှန်ရငွေ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် | | |
|---|---|---|---|---|---|
| | | | ပြုပြင်ပြီး ခန့်မှန်းခြေ | အမှန်ရငွေ | ခန့်မှန်းခြေအပေါ် ရရှိမှုရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | ယစ်မျိုးခွန် | ၂၆၂၃.၈၀၅ | ၄၅၈၈.၁၆၉ | ၄၈၄၇.၉၉၀ | ၁၀၅.၆၆ |
| ၂ | မြေယာခွန် | ၄၉၃.၀၆၅ | ၃၉၄.၀၁၆ | ၅၄၄.၇၂၄ | ၁၃၈.၂၅ |
| ၃ | တာတမံခွန် | ၁.၇၉၉ | ၁.၇၈၀ | ၈၈.၂၇၄ | ၄၉၅၉.၂၁ |
| ၄ | ဓါတ်သတ္တုခွန် | ၇၂၂.၁၂၅ | ၅၈၇.၂၁၂ | ၁၀၀၆.၆၇၄ | ၁၇၁.၄၃ |
| | **ပေါင်း** | **၃၈၄၀.၇၉၄** | **၅၅၇၁.၁၇၇** | **၆၄၈၇.၆၆၂** | **၁၁၆.၄၅** |
| | **(-)၅၀ ခိုင်ကြေး** | **-** | **၃.၉၀၉** | **-** | **-** |
| | **စုစုပေါင်း** | **၃၈၄၀.၇၉၄** | **၅၅၆၇.၂၆၈** | **၆၄၈၇.၆၆၂** | **၁၁၆.၅၃** |

၈။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အမှန်ကောက်ခံရရှိမှုမှာ ပြုပြင်ပြီးခန့်မှန်းခြေရငွေထက် အခွန်(၄)မျိုးလုံးတွင် ပိုမိုရရှိခဲ့ပါသည်။ အခွန်(၄)မျိုး ကောက်ခံရရှိမှုအခြေအနေကို အောက်တွင် ဖော်ပြပါသည်-

(က) ယစ်မျိုးခွန်တွင် လိုင်စင်အမျိုးအစားအလိုက် လိုင်စင်အရေအတွက် ၄၈၂၁ ခုရှိပြီး ကျပ်သန်း ၄၈၄၇.၉၉ ကောက်ခံရရှိခဲ့ပါသည်။ လိုင်စင်အမျိုးအစားအလိုက် ကောက်ခံရရှိမှု အခြေအနေကို အောက်တွင် ဖော်ပြပါသည်-

| စဉ် | အမျိုးအစား | အရေအတွက် | ကောက်ခံရငွေ (ကျပ်သန်း) |
|---|---|---|---|
| ၁။ | B-1 ဘီယာစက်ရုံပိုင်ခွင့်နှင့်ချက်လုပ်ခွင့်လိုင်စင် | ၁ | ၁၂.၀၀၀ |
| ၂။ | CFL ထန်းရည်ရောင်းချခွင့်လိုင်စင် | ၇၀ | ၁၆.၆၉၃ |
| ၃။ | CS ချက်အရက်၊အရက်ဖြူရောင်းချခွင့်လိုင်စင် | ၃၀၅၇ | ၁၅၆၅.၉၄၇ |
| ၄။ | D အရက်ချက်စက်ရုံပိုင်ခွင့်နှင့်ချက်လုပ်ခွင့် လိုင်စင် | ၆၀ | ၂၇၃.၅၀၀ |
| ၅။ | FL ပြည်တွင်း/နိုင်ငံခြားအရက်ရောင်းချခွင့် လိုင်စင် | ၁၆၃၂ | ၂၉၇၉.၇၅၀ |
| ၆။ | W-1 ဝိုင်အရက်ထုတ်လုပ်ခွင့်လိုင်စင် | ၁ | ၀.၁၀၀ |
| | **စုစုပေါင်း** | **၄၈၂၁** | **၄၈၄၇.၉၉၀** |

(ခ) မြေယာခွန်ကောက်ခံရရှိမှုကို အခွန်အမျိုးအစားအလိုက်အောက်တွင်ဖော်ပြပါသည်-

| စဉ် | အမျိုးအစား | ဧက | ကောက်ခံရငွေ (ကျပ်သန်း) |
|---|---|---|---|
| ၁။ | ကောက်ကြီးခွန် | ၂၈၇၁၈၈၂.၃၇၁ | ၁၅.၉၃၆ |
| ၂။ | ကိုင်းခွန် | ၃၉၈၅၅၀.၁၅၂ | ၁.၃၁၁ |
| ၃။ | မြို့မြေငှားခွန် | ၁၉၂၇၆.၁၅၉ | ၄၆၃.၉၇၆ |
| ၄။ | မြို့တွင်း/ကျေးရွာ လယ်မြေငှားခွန်/တောင်ယာခွန် | ၄၈၉၆၇.၂၉၁ | ၆၃.၅၀၁ |
| | စုစုပေါင်း | ၃၃၃၈၆၇၅.၉၇၃ | ၅၄၄.၇၂၄ |

(ဂ) တာတမံခွန် ကောက်ခံရရှိမှုမှာ ၃၀၂၉၃၃.၄၇၀ ဧကအတွက် ကျပ်သန်း ၈၈.၂၇၄ ရရှိခြင်းဖြစ်ပါသည်။

(ဃ) ခာတ်သတ္တုခွန် ကောက်ခံရရှိမှု ကျပ်သန်း ၁၀၀၆.၆၇၄ မှာ ၁၉၅၄.၄၂၂ ဧကအတွက် ကောက်ခံထားခြင်းဖြစ်ပါသည်။

## စည်ပင်သာယာရေးအဖွဲ့များအခွန်ရငွေ

၉။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ အခွန်ရငွေကောက်ခံရန် လျာထားချက်နှင့် အမှန်ကောက်ခံရရှိမှု အခြေအနေကို ဇယား-၃ ဖြင့် ဖော်ပြပါသည်-

**ဇယား(၃)**

**စည်ပင်သာယာရေးအဖွဲ့များ၏အခွန်ရငွေအခြေအနေ**

(ကျပ်သန်း)

| စဉ် | ငွေစာရင်းခေါင်းစဉ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမှန်ရငွေ | ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် | | |
|---|---|---|---|---|---|
| | | | ပြုပြင်ပြီး ခန့်မှန်းခြေ | အမှန်ရငွေ | ခန့်မှန်းခြေအပေါ် ရရှိမှုရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | ပစ္စည်းခွန် | ၇၀၉.၂၂၇ | ၅၄၉.၉၅၆ | ၅၉၁.၁၇၉ | ၁၀၇.၄၉ |
| ၂ | ဘီးခွန် | ၃၂၉.၅၄၈ | ၄၀၉.၆၂၇ | ၆၈၀.၇၄၅ | ၁၆၆.၁၉ |
| | **စုစုပေါင်း** | **၁၀၃၈.၇၇၅** | **၉၅၉.၅၈၃** | **၁၂၇၁.၉၂၄** | **၁၃၂.၅၅** |

၁၀။ အခွန်ရငွေ ကောက်ခံရရှိမှုမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ပစ္စည်းခွန်ရငွေတွင် လျော့နည်းကောက်ခံရရှိခဲ့သော်လည်း ဘီးခွန်တွင် ပိုမိုရရှိပါသည်။ ပစ္စည်းခွန်ရငွေ ယခင်နှစ်ထက် လျော့နည်းရခြင်းမှာ အမြတ်ခွန်ဝေစု၏ရငွေများကို အခွန်ဦးစီးဌာနမှ ခွဲဝေပေးခြင်း မရှိခြင်းကြောင့် ဖြစ်ပါသည်။

၁၁။ ပစ္စည်းခွန်ရငွေမှာ ပြုပြင်ပြီး ခန့်မှန်းခြေထက် ကျပ်သန်း ၄၁.၂၂၃ ပိုမိုကောက်ခံရရှိခြင်းမှာ မြို့နယ်များတွင် အဆောက်အဦအသစ်များဆောက်လုပ်ခြင်း၊ အဆောက်အဦများပြင်ဆင်ခြင်း၊ အဆောက်အဦများကို ခေတ်နှင့်လျော်ညီသည့်နှုန်းထားများဖြင့် တိုးမြှင့်ကောက်ခံခြင်းတို့ကြောင့် ဖြစ်ပါ သည်။

၁၂။ ဘီးခွန်ကောက်ခံရငွေမှာ ပြုပြင်ပြီးခန့်မှန်းခြေထက် ကျပ်သန်း ၂၇၁.၁၁၈ ပိုမိုကောက်ခံရရှိခြင်းမှာ မြို့နယ်များမှ ကွင်းဆင်းကောက်ခံခြင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ညှိနှိုင်းပေါင်းစပ်ကောက်ခံခြင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မိုဘိုင်းကွင်းဆင်း ဆောင်ရွက်ရာတွင်လည်းပါဝင်ကောက်ခံခြင်းတို့ကြောင့် ပိုမိုရခြင်းဖြစ်ပါသည်။

## ငွေလုံးငွေရင်းရငွေ

၁၃။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနအဖွဲ့အစည်း(၆)ခု၏ ငွေလုံးငွေရင်း ပြုပြင်ပြီးခန့်မှန်းခြေရငွေနှင့် အမှန်ကောက်ခံရရှိမှု အခြေအနေကို ဇယား-၄ဖြင့် ဖော်ပြပါသည်-

ဇယား(၄)

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ငွေလုံးငွေရင်းပြုပြင်ပြီးခန့်မှန်းခြေရငွေနှင့် အမှန်ကောက်ခံရရှိမှု အခြေအနေ

(ကျပ်သန်း)

| စဉ် | ဌာန/အဖွဲ့အစည်းအမည် | ပြုပြင်ပြီးခန့်မှန်းခြေ ရငွေ | အမှန်ရငွေ |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | - | ၀.၂၀၀ |
| ၂ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | - | ၉.၆၆၂ |
| ၃ | အားကစားနှင့်ကာယပညာဦးစီးဌာန | ၃.၉၁၇ | ၁၅.၆၃၀ |
| ၄ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၂၉.၂၀၀ | ၃၁.၈၅၀ |
| ၅ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၁.၀၀၀ | - |
| ၆ | စည်ပင်သာယာရေးအဖွဲ့များ | ၅.၂၃၃ | ၁၉.၇၆၄ |
| | **စုစုပေါင်း** | **၃၉.၃၅၀** | **၇၇.၁၀၆** |

၁၄။ အထက်ပါဇယားအရ အောက်ပါအချက်များကို ဖော်ပြပါသည်-

(က) တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးတွင် ငွေလုံးငွေရင်း ပြုပြင်ပြီးခန့်မှန်းခြေ ရငွေမရှိသော်လည်း အမှန်ရငွေ ကျပ်သန်း ဝ.၂ဝဝ မှာ ရွှေတောင်မြို့နယ်စာရင်းစစ်ရုံး အဟောင်းနှင့် ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး အဆောက်အဦအဟောင်း ဆယ်တင်ပစ္စည်းရောင်းချခြင်းမှ ရရှိခြင်းဖြစ်ပါသည်။

(ခ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ငွေလုံးငွေရင်း ပြုပြင်ပြီးခန့်မှန်းခြေ ရငွေမရှိသော်လည်း အမှန်ရငွေ ကျပ်သန်း ၉.၆၆၂ မှာ သနပ်ပင်မြို့နယ်၊ ဇီးကုန်းမြို့နယ်၊ တောင်ငူခရိုင်တို့မှ ရုံးဟောင်းများဖျက်သိမ်း၍ လေလံတင်ရောင်းချရငွေ ကျပ်သန်း ၉.၅ဝဝ၊ သာယာဝတီခရိုင်မှ ရုံးသုံးမော်တော်ဆိုင်ကယ်ပျောက်ဆုံးသွားခြင်းကြောင့် လျော်ပေးငွေ ကျပ်သန်း ဝ.၁၁၇ ၊ တိုင်းဒေသကြီးရုံးတွင် ရုံးသုံးပရိဘောဂများ ဝယ်ယူခြင်းမှပိုလျှံငွေပြန်လည်ပေးသွင်းခြင်း ကျပ်သန်း ဝ.ဝ၄၅ တို့ဖြစ်ပါသည်။

(ဂ) အားကစားနှင့်ကာယပညာဦးစီးဌာန၏ ငွေလုံးငွေရင်း ပြုပြင်ပြီးခန့်မှန်းခြေ ရငွေမှာ ကျပ်သန်း ၃.၉၁၇ ဖြစ်၍ အမှန်ရရှိငွေမှာ ကျပ်သန်း ၁၅.၆၃ဝ ဖြစ်သဖြင့် လျာထားချက်ထက် ကျပ်သန်း ၁၁.၇၁၃ ပိုမိုရရှိပါသည်။ အမှန်ရငွေများမှာ အားကစားခန်းမဆယ်တင်ပစ္စည်းရောင်းရငွေ ကျပ်သန်း ၃.၈၅ ၊ ကျောက်တံခါး၊ ဒိုက်ဦး၊ နတ်တလင်း၊ လက်ပံတန်းတို့မှ ပွဲကြည့်စင်များလေလံတင်ရောင်းရငွေ ကျပ်သန်း ၈.၅၈ဝ ၊ လက်ပံတန်း အားကစားရုံ လေလံတင်ရောင်းရငွေ ကျပ်သန်း ၃.၂ဝဝ တို့ဖြစ်ပါသည်။

(ဃ) မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ငွေလုံးငွေရင်း ပြုပြင်ပြီးခန့်မှန်းခြေ ရငွေမှာ ကျပ်သန်း ၂၉.၂ဝဝ ဖြစ်ပြီး အမှန်ရငွေမှာ ကျပ်သန်း ၃ဝ.၈၅ဝ ဖြစ်သဖြင့် လျာထားချက်ထက် ကျပ်သန်း ၂.၆၅ဝ ပိုမိုရရှိပါသည်။ အမှန်ရငွေများမှာ ရှင်စောပု အိမ်ရာ၊ပဲခူးမြို့ အဆောက်အဦဟောင်း (၄)လုံး လေလံတင်ရောင်းချရငွေ ကျပ်သန်း ၂၂.ဝဝဝ ၊ တောင်ငူမြို့ ဝန်ထမ်းအိမ်ရာ အဆောက်အဦဟောင်း (၄)လုံး လေလံတင် ရောင်းချရငွေ ကျပ်သန်း ၇.၂ဝဝ နှင့် သာယာဝတီမြို့ ဝန်ထမ်းအိမ်ရာ အဆောက်အဦဟောင်း လေလံတင်ရောင်းချရငွေ ကျပ်သန်း ၂.၆၅ဝ တို့ ဖြစ်ပါသည်။

(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှာ ငွေလုံးငွေရင်း ပြုပြင်ပြီးခန့်မှန်းခြေ ရငွေ ကျပ်သန်း ၁.၀၀၀ ရှိပြီး အမှန်ရငွေမရှိပါ။ ငွေလုံးငွေရင်းအမှန်ရငွေမရှိခြင်းမှာ တိုင်းဒေသကြီးရုံးဟောင်းနှင့် ပြည်ခရိုင်ရုံးဟောင်းများ ဖျက်သိမ်းပြီး လေလံတင် ရောင်းချရငွေ ကျပ်သန်း ၂.၉၀၀ ကို နိုင်ငံတော်သမ္မတရုံး၏ ၁/၂၀၁၇ နှင့်အညီ နိုင်ငံပိုင်ပစ္စည်းများရောင်းချခြင်းအတွက် ငွေပေးသွင်းမှုကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ရှိ နိုင်ငံတော်စာရင်းဖြစ်သော ငွေတိုက်ဦးစီးဌာန ငွေစာရင်းအမှတ် MD-012672 သို့ပေးသွင်းခြင်းကြောင့် ဖြစ်ပါသည်။

(စ) စည်ပင်သာယာရေးအဖွဲ့များ၏ ငွေလုံးငွေရင်း ပြုပြင်ပြီးခန့်မှန်းခြေရငွေမှာ ကျပ်သန်း ၅.၂၃၃ ဖြစ်ပြီး အမှန်ရငွေမှာ ကျပ်သန်း ၁၉.၇၆၄ ဖြစ်သဖြင့် ကျပ်သန်း ၁၄.၅၃၁ ပိုမိုရရှိခဲ့ပါသည်။ အမှန်ရငွေများမှာ ရေမီတာရောင်းရငွေ ကျပ်သန်း ၉.၂၄၀၊ ကတ္တရာပေပါခွံရောင်းရငွေ ကျပ်သန်း ၆.၀၄၂၊ ဈေးဆိုင်ခန်း ရောင်းရငွေကျပ်သန်း ၄.၀၁၄ ၊အဆောက်အအုံဟောင်းရောင်းရငွေကျပ်သန်း ၀.၄၀၀ နှင့် ပစ္စည်းဟောင်းရောင်းရငွေ ကျပ်သန်း ၀.၀၆၈ တို့ဖြစ်ပါသည်။

## သာမန်ရငွေ

၁၅။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနအဖွဲ့အစည်း (၂၅)ခု၏ ပြုပြင်ပြီးခန့်မှန်းခြေရငွေနှင့် အမှန်ကောက်ခံရရှိမှုအခြေအနေကို ပူးတွဲဇယား(က)(၁-၂)ဖြင့် ဖော်ပြထားပါသည်။

## တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ သာမန်ရငွေအခြေအနေ

၁၆။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ ရငွေလျာထားချက်နှင့် အမှန်ရရှိမှုအခြေအနေကို ဇယား-၅ ဖြင့် ဖော်ပြပါသည်-

**ဇယား(၅)**

**တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ သာမန်ရငွေအခြေအနေ**

**(ကျပ်သန်း)**

| စဉ် | | ငွေစာရင်းခေါင်းစဉ် | ပြုပြင်ပြီး ခန့်မှန်းခြေရငွေ | အမှန်ရငွေ | (+)ပိုရငွေ/ (-)လျော့ရငွေ |
|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ |
| ၁ | | ပစ္စည်းများရောင်းချရငွေနှင့် ဆောင်ရွက်ပေးမှုအတွက် ရငွေ | | | |
| | ၀၁ | ပစ္စည်းများရောင်းချရငွေ | ၀.၀၁၅ | - | (-)၀.၀၁၅ |
| ၂ | | အခြားရငွေများ၊ဒဏ်ငွေများနှင့် ဘဏ္ဍာငွေသိမ်းယူခြင်းများ | | | |
| | ၀၁ | အခြားရငွေ | ၄၆၁၀.၆၆၅ | ၄၁၄၉.၁၁၀ | (-)၄၆၁.၅၅၅ |
| | ၀၂ | ဒဏ်ငွေများ | ၇၀.၅၂၇ | ၆၃၀.၉၅၃ | (+)၅၆၀.၄၂၆ |
| | ၀၃ | ဘဏ္ဍာငွေအဖြစ်သိမ်းယူခြင်း | ၃.၀၀၀ | - | (-)၃.၀၀၀ |
| | ၀၄ | ပိုပေးမိသည့်ငွေမှပြန်ရငွေ | - | ၅.၈၅၄ | (+)၅.၈၅၄ |
| | | **စုစုပေါင်း** | **၄၆၈၄.၂၀၇** | **၄၇၈၅.၉၁၇** | **(+)၁၀၁.၇၁၀** |

၁၇။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြုပြင်ပြီးခန့်မှန်းခြေရငွေမှာ ကျပ်သန်း ၄၆၈၄.၂၀၇ ဖြစ်ပြီး အမှန်ရငွေမှာ ကျပ်သန်း ၄၇၈၅.၉၁၇ ဖြစ်သဖြင့် လျာထားချက်ထက် ကျပ်သန်း ၁၀၁.၇၁၀ ပိုမို ရရှိသော်လည်း ပစ္စည်းရောင်းချရငွေနှင့် ဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်းမှာ လျာထားချက်ရှိသော်လည်း အမှန်မရရှိခြင်းနှင့် အခြားရငွေတွင် လျာထားချက်ထက် လျော့နည်းရရှိပါသည်။ အမှန်ရငွေများကို အောက်တွင် ရှင်းလင်းဖော်ပြပါသည်-

(က)အခြားရငွေကျပ်သန်း ၄၁၄၉.၁၁၀ မှာ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာနမှ ယဉ်ကျေးမှုဇုန်ဝင်ကြေး တင်ဒါအောင်ရငွေ ကျပ်သန်း ၁၅၀၀.၀၀၃၊ ကမ္ဘောဇသာဒီနန်းတော်ဝင်ကြေးအား၉/၂၀၁၈လတွင် (၃)ရက်စာအတွက် ကောက်ခံ ရငွေ ကျပ်သန်း ၀.၅၅၉ ၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခရငွေ ကျပ်သန်း ၀.၀၅၀၊ နန်းတော်ဝင်ကြေး လူကြီး၊ကလေး ပြေစာ စာအုပ်များ ကုမ္ပဏီသို့ ပြန်လည် ရောင်းချရငွေ ကျပ်သန်း ၁.၀၄၃ ၊ လင်းနို့ချေး လေလံရောင်းရငွေ ကျပ်သန်း ၂.၃၀၀ ပေါင်း ကျပ်သန်း ၁၅၀၃.၉၅၅၊ တိုင်းအတွင်း ဗွီဒီယို၊ ရုပ်ရှင်ရုံနှင့် ကာရာအိုကေ လိုင်စင်ခွန်များအား တိုင်းဒေသကြီး ဗွီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ကော်မတီမှ ကောက်ခံရငွေအားပေးသွင်းခြင်းကျပ်သန်း ၈၉.၈၂၀၊ ရေခွန်ရငွေကျပ်သန်း ၄၈.၇၄၁၊ ရေတင်ခနှင့်ရေစုပ်စက် ငှားရမ်းခရငွေကျပ်သန်း ၂၉.၅၄၆၊ စက်မှုဇုန်မြေငှားရမ်းခ ရငွေကျပ်သန်း၂၄၄၉.၉၃၀၊မြို့နယ်ကျော်ကျွဲနွားသယ်ဆောင်ခရငွေကျပ်သန်း ၃.၀၀၀ နှင့် တင်ဒါ လျှောက်လွှာရောင်းရငွေ ကျပ်သန်း ၂၂.၉၈၇ နှင့် ဘဏ်တွင်ငွေသွင်းပြီး ချလန် တင်ပြနိုင်မှုမရှိသည့် ရငွေ ကျပ်သန်း ၁.၁၃၁ တို့ဖြစ်ပါသည်။

(ခ) ဒဏ်ကြေးရငွေ ကျပ်သန်း ၆၃၀.၉၅၃ မှာ လယ်ယာမြေအား ခွင့်ပြုချက်မရမီ အခြားနည်းဖြင့် အသုံးပြုခြင်းအတွက် ဒဏ်ကြေးရငွေ ကျပ်သန်း ၂၅၃.၀၅၉ နှင့် မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်ရာတွင် ကောက်ခံရရှိသော ဒဏ်ကြေးငွေ ကျပ်သန်း ၃၇၇.၈၉၄ တို့ဖြစ်ပါသည်။

(ဂ) ပိုပေးမိငွေမှပြန်ရငွေ ကျပ်သန်း ၅.၈၅၄ မှာ ယခင်နှစ် စစ်ဆေးချက်အစီရင်ခံစာအရ ပြန်လည်ပေးသွင်းငွေများ ဖြစ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

၁၈။ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အတွင်း သာမန်ရငွေ လျာထားချက်နှင့် အမှန်ရငွေ အခြေအနေကို ယခင်နှစ်အမှန်ရငွေများနှင့်နှိုင်းယှဉ်၍ ဇယား-၆ ဖြင့် ဖော်ပြပါသည်-

ကန့်သတ်

**ဇယား(၆)**

**စည်ပင်သာယာရေးအဖွဲ့များ၏သာမန်ရငွေအခြေအနေ**

(ကျပ်သန်း)

| စဉ် | | ငွေစာရင်းခေါင်းစဉ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမှန်ရငွေ | ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ | ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် အမှန်ရငွေ | (+)ပိုရ/ (-)လျော့ရ |
|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | **ပစ္စည်းများရောင်းချခြင်းနှင့် ဆောင်ရွက်ပေးခြင်းအတွက် ရငွေများ** | | | | |
| | ၀၁ | ပစ္စည်းများရောင်းချရငွေ | ၁၈.၄၀၀ | ၁၀.၁၈၉ | ၁၇.၁၇၄ | (+)၆.၉၈၅ |
| | ၀၂ | ဆောင်ရွက်ပေးမှုရငွေ | ၁၃၀၉.၈၉၇ | ၁၀၃၁.၆၃၆ | ၁၇၀၄.၄၂၉ | (+)၆၇၂.၇၉၃ |
| | ၀၃ | ငှားရမ်းခရငွေ | ၁၈၈၉.၀၃၂ | ၁၇၅၈.၁၃၁ | ၂၂၉၄.၀၅၈ | (+)၅၃၅.၉၂၇ |
| | ၀၄ | အခွန်အခရငွေ | ၈၆၆၄.၂၉၇ | ၉၈၅၈.၈၇၇ | ၁၀၀၀၂.၈၈၄ | (+)၁၄၄.၀၀၇ |
| | | **ပေါင်း** | **၁၁၈၈၁.၆၂၆** | **၁၂၆၅၈.၈၃၃** | **၁၄၀၁၈.၅၄၅** | **(+)၁၃၅၉.၇၁၂** |
| ၂ | | **အခြားရငွေများ၊ဒဏ်ငွေများ နှင့် ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းမှရငွေ** | | | | |
| | ၀၁ | အခြားရငွေများ | ၁၈၄.၇၆၂ | ၂၆၃.၉၄၈ | **၂၃၅.၅၂၉** | (-)၂၈.၄၁၉ |
| | ၀၂ | ဒဏ်ငွေများ | ၃၉.၈၉၁ | ၁၈.၄၃၉ | ၇၀.၈၇၁ | (+)၅၂.၄၃၂ |
| | ၀၃ | ဘဏ္ဍာငွေအဖြစ်သိမ်း ယူခြင်းများ | ၃.၅၈၇ | ၀.၅၇၆ | ၁.၃၉၄ | (+)၀.၈၁၈ |
| | ၀၄ | ပိုပေးမိသည့်ငွေမှရငွေများ | ၁.၉၂၀ | ၂.၀၇၇ | ၈.၇၃၈ | (+)၆.၆၆၁ |
| | ၀၅ | အထွေထွေရငွေများ | ၄၇.၅၀၀ | ၄၆.၇၁၄ | ၄၄.၇၁၉ | (-)၁.၉၉၅ |
| | | **ပေါင်း** | **၂၇၇.၆၆၀** | **၃၃၁.၇၅၄** | ၃၆၁.၂၅၁ | **(+)၂၉.၄၉၇** |
| | | **စုစုပေါင်း** | **၁၂၁၅၉.၂၈၆** | **၁၂၉၉၀.၅၈၇** | **၁၄၃၇၉.၇၉၆** | **(+)၁၃၈၉.၂၀၉** |

ကန့်သတ်


၁၉။ အထက်ပါဇယားအရ စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အမှန်ရငွေ စုစုပေါင်းမှာ ယခင်နှစ်ထက် ကျပ်သန်း ၂၂၂၀.၅၁၀ နှင့် ပြုပြင်ပြီးခန့်မှန်းခြေရငွေထက် ကျပ်သန်း ၁၃၈၉.၂၀၉ ပိုမိုရရှိခဲ့ပါသည်။ ပိုမိုရရှိခြင်းမှာ ဆောင်ရွက်ပေးမှု ရငွေတွင် အဆောက်အဦအသစ်များ ဆောက်လုပ်ခြင်း၊ နှုန်းထားများတိုးမြှင့်သတ်မှတ်ခြင်းတို့ကြောင့် အဆောက်အဦစစ်ဆေးခရငွေများ ပိုမိုရရှိခြင်း၊ ငှားရမ်းခရငွေတွင် ကြော်ငြာဆိုင်းဘုတ် အရေအတွက်များ လာခြင်း၊ဈေးဆိုင်ခန်းနှုန်းထားများကိုတချို့မြို့နယ်များတွင် ခေတ်နှင့်လျော်ညီသည့်နှုန်းထားများ ပြင်ဆင်သတ်မှတ် ကောက်ခံခြင်းတို့ကြောင့် ငှားရမ်းခရငွေများ ပိုမိုရရှိခြင်း၊ အခွန်အခရငွေများတွင် စားသောက်ဆိုင်လိုင်စင်နှင့် ဘေးအန္တရာယ်လိုင်စင်များကို မြေပြင်အနေအထားအရ လုပ်ငန်းအတန်းအစား တိုးမြှင့်သတ်မှတ်ကောက်ခံခြင်း၊ လုပ်ငန်းအရေအတွက်တိုးလာခြင်း၊ အရပ်ရပ်အခွင့်အရေးလိုင်စင် လေလံကြေးများ ကြမ်းခင်းဈေးပေါ်တွင် ၁၀ ရာခိုင်နှုန်းတိုးမြှင့်၍ ကောက်ခံခြင်း၊ အပေါင်ဆိုင်လိုင်စင်အသစ်များတိုးလာခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုရရှိခြင်းဖြစ်ပါသည်။

## အပြီးသတ်ခွင့်ပြုငွေနှင့်အမှန်သုံးစွဲငွေအခြေအနေ

၂၀။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အပြီးသတ်ခွင့်ပြုငွေနှင့် အမှန်အသုံးစရိတ်မှာ အောက်ပါအတိုင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနအဖွဲ့အစည်း( ၂၅ )ခု၏ သာမန်အသုံးစရိတ်ကို ပူးတွဲဇယား(ခ- ၁ ၊ ၂ )ဖြင့်လည်းကောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ကို ပူးတွဲဇယား(ဂ-၁၊၂) ဖြင့်လည်းကောင်း ဖော်ပြထားပါသည်-

(ကျပ်သန်း)

| စဉ် | အမျိုးအစား | အပြီးသတ်ခွင့်ပြုငွေ | အမှန်အသုံးစရိတ် |
|---|---|---|---|
| ၁။ | သာမန် | ၆၈၆၃၈.၃၄၂ | ၆၈၆၃၂.၉၀၀ |
| ၂။ | ငွေလုံး | ၉၉၅၁၄.၄၄၅ | ၉၉၅၁၄.၄၄၄ |
| | **စုစုပေါင်း** | **၁၆၈၁၅၂.၇၈၇** | **၁၆၈၁၄၇.၃၄၄** |

ကန့်သတ်


၂၁။ သာမန်အသုံးစရိတ်နှင့်ငွေလုံးငွေရင်း အသုံးစရိတ်များမှာ ခွင့်ပြုငွေအတွင်း သုံးစွဲထားပါသည်။

## အထွေထွေပိုလျှံရန်ပုံငွေအပ်နှံမှုနှင့်လွှဲပြောင်းသုံးစွဲမှုအခြေအနေ

၂၂။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပဲခူးတိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ပိုလျှံငွေများနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေ (GRF) သို့ ပြန်လည်အပ်နှံမှုနှင့် (GRF) မှ လွှဲပြောင်းသုံးစွဲမှုအခြေအနေများကို အောက်တွင် ဖော်ပြပြီး ဌာနအလိုက် (GRF) သို့ ပြန်လည်အပ်နှံမှုနှင့် (GRF) မှ လွှဲပြောင်းသုံးစွဲမှု အခြေအနေများကို ပူးတွဲဇယား (ဃ)(၁မှ၃ထိ) ဖော်ပြပါသည်-

| စဉ် | အကြောင်းအရာ | သင့်ငွေ(ကျပ်သန်း) |
|---|---|---|
| ၁။ | မူလခွင့်ပြုငွေမှ ပထမအကြိမ် (GRF) သို့ ပြန်အပ်ငွေ | ၄၄၈၄.၈၃၃ |
| ၂။ | မူလခွင့်ပြုငွေမှ ဒုတိယအကြိမ် (GRF) သို့ ပြန်အပ်ငွေ | ၂၇၃၄.၉၉၆ |
| | **ပေါင်း** | **၇၂၁၉.၈၂၉** |
| ၃။ | ဖြည့်စွက်ခွင့်ပြုငွေမှ ပထမအကြိမ် (GRF) သို့ ပြန်အပ်ငွေ | ၈၆.၉၉၁ |
| ၄။ | ဖြည့်စွက်ခွင့်ပြုငွေမှ ဒုတိယအကြိမ် (GRF) သို့ ပြန်အပ်ငွေ | ၉၈.၄၇၇ |
| | **ပေါင်း** | **၁၈၅.၄၆၈** |
| ၅။ | **စုစုပေါင်း (GRF)** သို့ ပြန်အပ်ငွေ | **၇၄၀၅.၂၉၇** |
| ၆။ | (GRF) မှ ပြန်လည်လွှဲပြောင်းသုံးစွဲခွင့်ပြုငွေ | ၅၃၃၅.၉၅၆ |
| ၇။ | (GRF) မှ ပြန်လည်သုံးစွဲမှုမှ အမှန်သုံးစွဲမှု | ၅၂၆၄.၁၄၅ |
| ၈။ | (GRF) သို့ ထပ်မံ၍ပြန်အပ်ငွေ (၆-၇) | ၇၁.၈၁၁ |
| ၉။ | (GRF) တွင်ကျန်ရှိငွေ | **၂၁၄၁.၁၅၂** |

ကန့်သတ်


၂၃။ အထွေထွေပိုလျှံရန်ပုံငွေ (GRF) သို့ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ပြန်လည်အပ်နှံငွေ ကျပ်သန်း ၇၄၀၅.၂၉၇ မှာ သာမန်အသုံးစရိတ် ပိုလျှံငွေ ကျပ်သန်း ၄၀၁၄.၈၀၇ နှင့် ငွေလုံးငွေရင်း အသုံးစရိတ်ပိုလျှံငွေ ကျပ်သန်း ၃၃၉၀.၄၉၀ တို့ပါဝင်ပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ်ပိုလျှံငွေ ကျပ်သန်း ၃၃၉၀.၄၉၀ မှာ တင်ဒါပိုလျှံငွေ ကျပ်သန်း ၃၃၈၂.၀၈၈နှင့် လုပ်ငန်း မဆောင်ရွက် ဖြစ်ခြင်းကြောင့်ပိုလျှံငွေ ကျပ်သန်း ၈.၄၀၂ တို့ဖြစ်ပါသည်။ (GRF) မှ လွှဲပြောင်းသုံးစွဲမှုမှာ သာမန်အသုံးစရိတ်တွင် ကျပ်သန်း ၂၀၆၅.၀၀၀ နှင့်ငွေလုံးငွေရင်း အသုံးစရိတ်တွင် ကျပ်သန်း ၃၁၉၉.၁၄၅ စုစုပေါင်း ကျပ်သန်း ၅၂၆၄.၁၄၅ ဖြစ်သဖြင့် GRF တွင်ကျန်ရှိငွေ ကျပ်သန်း ၂၁၄၁.၁၅၂ ရှိပါသည်။

၂၄။ ဖြည့်စွက်ခွင့်ပြုငွေမှ ပိုလျှံငွေ အပ်နှံငွေ ကျပ်သန်း ၁၈၅.၄၆၈ မှာ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကျပ်သန်း ၈၀.၀၀၀၊ တိုင်းဒေသကြီးလွှတ်တော်မှ ကျပ်သန်း ၆၁.၆၀၇၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ကျပ်သန်း ၁၀.၀၂၉ ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မှ ကျပ်သန်း ၁၇.၃၆၉ ၊ လမ်းဦးစီးဌာနမှ ကျပ်သန်း ၁.၈၉၁ နှင့် စည်ပင်သာယာရေးအဖွဲ့များမှ ကျပ်သန်း ၁၄.၅၇၂ တို့ဖြစ်ပါသည်။ အထွေထွေပိုလျှံရန်ပုံငွေ (GRF)မှ ပြန်လည်သုံးစွဲရန် တောင်းခံ ပြီး မသုံးစွဲဖြစ်သည့်အတွက် ထပ်မံ၍ပြန်လည်အပ်နှံငွေ ကျပ်သန်း ၇၁.၈၁၁ မှာ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ ကျပ်သန်း ၆၁.၂၉၁၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကျပ်သန်း ၈.၄၃၉၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ကျပ်သန်း ၁.၇၀၁၊ လမ်းဦးစီးဌာနမှ ကျပ်သန်း ၀.၇၃၂ နှင့် စည်ပင်သာယာရေးအဖွဲ့များမှ ကျပ်သန်း ၀.၀၀၈ တို့ဖြစ်ပါသည်။

၂၅။ အထွေထွေပိုလျှံရန်ပုံငွေ (GRF) သို့ အပ်နှံငွေမှ ဌာန/အဖွဲ့အစည်း(၁၁)ခုသို့ လိုအပ်သည့် ရန်ပုံငွေများတောင်းခံမှု အမှန်သုံးစွဲမှုနှင့် ပြန်လည်အပ်နှံမှုအခြေအနေကို အောက်တွင် ဖော်ပြပါ သည်-

ကန့်သတ်


| စဉ် | ဌာန/အဖွဲ့အစည်း | ငွေစာရင်းခေါင်းစဉ် | တောင်းခံငွေ (ကျပ်သန်း) | သုံးစွဲငွေ (ကျပ်သန်း) | ပြန်အပ်ငွေ (ကျပ်သန်း) |
|---|---|---|---|---|---|
| (က) | သာမန်အသုံးစရိတ် | | ၂၁၂၈.၃၄၄ | ၂၀၆၅.၀၀၀ | ၆၃.၃၄၄ |
| ၁။ | အစိုးရအဖွဲ့ | ၀၁-၀၂ | ၅.၈၀၅ | ၅.၃၅၅ | ၀.၄၅၀ |
| | | ၀၃-၀၁ | ၉.၅၈၀ | ၉.၅၈၀ | - |
| | | ၀၃-၀၄ | ၈.၂၄၅ | ၈.၂၄၅ | - |
| | | ၀၃-၀၅ | ၄၉၁.၇၅၅ | ၄၉၁.၇၅၅ | - |
| | | ၀၃-၀၆ | ၁.၂၆၀ | ၁.၂၆၀ | - |
| | | ၀၆-၀၂ | ၂၉၀.၄၂၀ | ၂၉၀.၄၂၀ | - |
| | | ဒေသဖွံ့ဖြိုးရေး လုပ်ငန်း | ၁၀၄၀.၆၆၀ | ၉၈၈.၂၈၆ | ၅၂.၃၇၄ |
| ၂။ | တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး | ၀၄-၀၄ | ၃.၀၀၀ | ၃.၀၀၀ | - |
| ၃။ | အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန | ၀၃-၀၈ | ၁၈.၄၃၆ | ၁၆.၅၆၆ | ၁.၈၇၀ |
| | | ၀၄-၀၂ | ၄၁.၆၀၀ | ၄၁.၆၀၀ | - |
| | | ၀၄-၀၄ | ၃၇.၇၂၅ | ၃၄.၁၂၅ | ၃.၆၀၀ |
| | | ၀၄-၀၉ | ၀.၂၀၀ | ၀.၂၀၀ | - |
| | | ၀၅-၀၈ | ၉.၃၈၅ | ၆.၄၁၆ | ၂.၉၆၉ |
| | | ၀၆-၀၂ | ၄.၅၅၀ | ၄.၅၅၀ | - |
| ၄။ | အထူးစုံစမ်းစစ် ဆေးရေးဦးစီးဌာန | ၀၁-၀၂ | ၈.၂၀၃ | ၆.၅၀၂ | ၁.၇၀၁ |
| | | ၀၃-၀၈ | ၃.၄၆၆ | ၃.၄၆၆ | - |

ကန့်သတ်

| စဉ် | ဌာန/အဖွဲ့အစည်း | ငွေစာရင်းခေါင်းစဉ် | တောင်းခံငွေ (ကျပ်သန်း) | သုံးစွဲငွေ (ကျပ်သန်း) | ပြန်အပ်ငွေ (ကျပ်သန်း) |
|---|---|---|---|---|---|
| ၅။ | စိုက်ပျိုးရေးဦးစီးဌာန | ၀၃-၀၈ | ၁၄.၉၄၀ | ၁၄.၉၄၀ | - |
| ၆။ | ငါးလုပ်ငန်းဦးစီးဌာန | ၀၃-၀၈ | ၂.၆၀၀ | ၂.၆၀၀ | - |
| ၇။ | လမ်းဦးစီးဌာန | ၀၃-၀၈ | ၃.၈၇၉ | ၃.၅၀၇ | ၀.၃၇၂ |
| ၈။ | စည်ပင်သာယာရေးအဖွဲ့ | ၀၃-၀၈ | ၁၁၅.၁၆၀ | ၁၁၅.၁၅၂ | ၀.၀၀၈ |
| | | ၀၃-၁၈ | ၁၀.၈၇၅ | ၁၀.၈၇၅ | - |
| | | ၀၄-၀၃ | ၆.၆၀၀ | ၆.၆၀၀ | - |
| **(ခ)** | **ငွေလုံးငွေရင်းအသုံးစရိတ်** | | **၃၂၀၇.၆၁၂** | **၃၁၉၉.၁၄၅** | **၈.၄၆၇** |
| ၁။ | အစိုးရအဖွဲ့ရုံး | | ၁၁၈၀.၂၉၉ | ၁၁၇၁.၈၃၂ | ၈.၄၆၇ |
| ၂။ | ဥပဒေချုပ်ရုံး | | ၈.၀၇၈ | ၈.၀၇၈ | - |
| ၃။ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၅၆.၈၄၃ | ၁၅၆.၈၄၃ | - |
| ၄။ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | ၈၄၁.၄၈၁ | ၈၄၁.၄၈၁ | - |
| ၅။ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၅၅.၁၅၀ | ၅၅.၁၅၀ | - |
| ၆။ | လမ်းဦးစီးဌာန | | ၆၈၃.၇၂၇ | ၆၈၃.၇၂၇ | - |
| ၇။ | စည်ပင်သာယာရေးအဖွဲ့ | | ၂၈၂.၀၃၄ | ၂၈၂.၀၃၄ | - |
| | **စုစုပေါင်း** | | **၅၃၃၅.၉၅၆** | **၅၂၆၄.၁၄၅** | **၇၁.၈၁၁** |

## နိုင်ငံတော်သို့ပြန်လည်ပေးသွင်းနိုင်မှုအခြေအနေ

၂၆။ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် (၁-၁၁-၂၀၁၉ နေ့မှ ၃၀-၉-၂၀၂၀ နေ့ထိ)ကာလအတွင်း လုပ်ငန်းနှင့်စာရင်းများ စစ်ဆေးတွေ့ရှိချက်များအရ ရငွေလျော့နည်းပေးသွင်းမှု နှင့် အသုံးစရိတ် ပိုထုတ်မှုတို့ကို အောက်တွင် ဖော်ပြပါသည်။ ၎င်းအပြင် ဝန်ကြီးဌာနအလိုက် နိုင်ငံတော်သို့ ပေးသွင်းမှု အခြေအနေကို ပူးတွဲဇယား (င) ဖြင့် ဖော်ပြထားပါသည်။

(ကျပ်သန်း)

| **စဉ်** | **အမျိုးအစား** | **ရငွေလျော့နည်း ပေးသွင်းမှု** | **အသုံးစရိတ်ပိုထုတ်မှု** | **ပေါင်း** |
|---|---|---|---|---|
| ၁။ | သာမန် | ၁.၃၄၈ | ၉.၂၄၃ | ၁၀.၅၉၁ |
| ၂။ | ငွေလုံး | - | ၁၇.၁၂၉ | ၁၇.၁၂၉ |
| | **ပေါင်း** | ၁.၃၄၈ | ၂၆.၃၇၂ | ၂၇.၇၂၀ |

၂၇။ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းငွေ စုစုပေါင်း ကျပ်သန်း ၂၇.၇၂၀ တွင် ပေးသွင်းပြီး ကျပ်သန်း ၂၇.၅၃၅ နှင့် ပေးသွင်းရန်ကျန်ငွေ ကျပ်သန်း ၀.၁၈၅ တို့ဖြစ်ပါသည်။ ပေးသွင်းရန် ကျန်ငွေမှာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနမှ ကျပ်သန်း ၀.၁၈၅ ဖြစ်ပါသည်၊ နိုင်ငံတော်သို့ ရငွေလျော့နည်းပေးသွင်းမှု အသုံးစရိတ်ပိုထုတ်မှုတို့နှင့် စပ်လျဉ်း၍ ပေးသွင်း ငွေပမာဏများပြားသည့် ဌာနအချို့ကို ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်ပြခဲ့ပြီးဖြစ်သော်လည်း ကျန်ရှိနေသည့် ဌာန အချို့ကို ကောက်နုတ် ဖော်ပြပါသည်-

### ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

၂၈။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လုပ်ငန်းနှင့်စာရင်းများ စစ်ဆေး ရာတွင် အောက်ပါအတိုင်း ပိုထုတ်ငွေ ကျပ်သန်း ၁၁.၇၂၇ ဖြစ်ပေါ်ခဲ့သည့်အနက် ကျပ်သန်း ၁၁.၅၄၂ မှာ ပြန်လည် ပေးသွင်းပြီး ကျပ်သန်း ၀.၁၈၅ မှာ ပေးသွင်းရန်ကျန်ရှိပါသည်-

| | | ကျပ်သန်း |
|---|---|---|
| ၁ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် | |
| ။ | မြတ်ပန်းဝါကုမ္ပဏီမှဆောင်ရွက်သောရေတာရှည်မြို့နယ်၊ဆွာ-ငါးကြီးကွေ့ လမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းတွင်ဒေသစျေးနှုန်း၊ အခြေခံစံနှုန်းနှင့်မျက်မြင်စစ်ဆေးချက် အရအသားတင်ပိုထုတ်ငွေ | ၇.၆၀၅ |
| ၂။ | စက်မှုလယ်ယာဦးစီးဌာနတွင် ကုမ္ပဏီ(၃)ခုတို့မှ စက်မှု လယ်ယာစနစ်ကျ လယ်မြေကေဖော်ထုတ်ခြင်း လုပ်ငန်း (၄)ခုဆောင်ရွက်ရာတွင် စံနှုန်းနှင့် တွက်ချက်မှု မှားယွင်း၍ ပိုထုတ်ငွေ | ၀.၄၂၆ |
| ၃။ | စည်ပင်သာယာရေးအဖွဲ့ | |
| | - တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် ကောင်းငြိမ်းချမ်းသာ ကုမ္ပဏီမှဆောင်ရွက်သော လုပ်ငန်း(၂)ခု နောက်ကျဒဏ်ကြေး | ၀.၀၇၆ |
| | - ညောင်လေးပင်စည်ပင်သာယာရေးအဖွဲ့တွင် UNIKO ကုမ္ပဏီမှ ဆောင်ရွက်သော မဒေါက်ကမ်းနားဆင်းလမ်း အုတ်ရေမြောင်း လုပ်ငန်း၌ စံနှုန်းထက်ပိုထုတ်ငွေ | ၀.၀၇၈ |
| | **ပေါင်း** | **၀.၁၅၄** |
| ၄။ | **ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** | |
| | - ကျောက်တံခါးမြို့နယ်(ခင်တန်းကြီး-ခင်အမ်းကြီး(ရှမ်း)၊ ခင်ကန့်လန့်) ကျေးရွာရေရရှိရေးဌာနတွင် တွက်ချက်မှုအရပိုထုတ်ငွေ | ၀.၅၈၅ |
| | - ရေတာရှည်မြို့နယ်၊(တစ်ဆယ့်တစ်ကျေးရွာ၊အုန်းခြံကျေးရွာ ရေရရှိရေး လုပ်ငန်းတွင် တွက်ချက်မှုအရပိုထုတ်ငွေ | ၀.၂၀၀ |
| | - ပြည်မြို့နယ်ကျေးရွာ(၁၃)ရွာတွင် Asia Dream ကုမ္ပဏီမှ ဆောင်ရွက်သော ရေရရှိရေးလုပ်ငန်းမှ တွက်ချက်မှုအရပိုထုတ်ငွေ | ၁.၉၀၄ |
| | **စုစုပေါင်း** | **၂.၆၈၉** |

(ကျပ်သန်း)

| | | |
|---|---|---|
| ၅။ | တိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | |
| | - ကျောက်တံခါးမြို့နယ်တွင်Nine Nine One ကုမ္ပဏီမှ ဆောင်ရွက်သည့် လုပ်ငန်း(၃)ခုနှင့်Tri Best ကုမ္ပဏီမှ ဆောင်ရွက်သည့်လုပ်ငန်း(၃)ခုမှနောက်ကျဒဏ်ကြေး ပေးသွင်းခြင်း | ၀.၃၆၉ |
| | - ဒိုက်ဦးမြို့နယ်တွင်ဌာနမှ ဆောင်ရွက်သည့် ရွှေအင်ဒုံ- ကျောင်းစုလမ်း နှင့် ရာဒတွင်းလမ်း တို့ရှိ Box Culvert (၂)စင်း သံဆင်ခြင်းလုပ်ငန်း၌ စံနှုန်းထက် ပိုထုတ်ငွေ | ၀.၀၃၀ |
| | - သနပ်ပင်မြို့နယ်တွင် Amazing Hantharwaddy Co;Ltd မှဆောင်ရွက်သည့် ကလိုင်ရွာလမ်းခင်းခြင်း လုပ်ငန်းနှင့် ကဝမြို့နယ်တွင် ရွှေမြင့်သော် ကုမ္ပဏီမှ ဆောင်ရွက်သည့် ကျားတက်တံတား(ပိုင်ကျို) ကွန်ကရစ်တံတား တည်ဆောက် ခြင်း လုပ်ငန်းတို့မှ တွက်ချက်မှု မှားယွင်းသဖြင့်ပိုထုတ်ငွေ | ၀.၁၈၈ |
| | - ပေါင်းတည်မြို့နယ်တွင် ရွှေစင်ကျော်ကုမ္ပဏီမှ ဆောင်ရွက်သည့် အုတ်ဖို ဖားယားကြီးကွန်ကရစ်ခင်းခြင်း လုပ်ငန်းအား ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း လျော့နည်း ဆောင်ရွက်ထားသဖြင့် ပိုထုတ်ငွေ | ၀.၀၈၁ |
| | **ပေါင်း** | **၀.၆၆၈** |

(ကျပ်သန်း)

၆။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

**လက်ထောက်ညွှန်ကြားရေးမှူးရုံး(မြို့ပြ)ပဲခူးမှ ဆောင်ရွက်သော**

| | | |
|---|---|---|
| - | ဇလက်ထော်လက်ယာမြောင်းမကြီး RD ၁၀+၀၀၀' ရှိ CDC နှင့် RD ၂၁+၅၀၀' ရှိ ရေပေးအဆောက်အအုံပြုပြင်ခြင်းလုပ်ငန်းတွင် စံနှုန်းထက်ပိုထုတ်ငွေ | ၀.၀၂၂ |
| - | ဇလက်ထော်ရေလှောင်တမံကြံ့ခိုင်မှုရှိစေရန်ဂဝံမြေဖြည့်ခြင်းလုပ်ငန်း၌ တွက်ချက်မှုမှားယွင်း၍ ပိုထုတ်ငွေ | ၀.၀၂၂ |

**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)တောင်ငူမြို့မှ ဆောင်ရွက်သော**

| | | |
|---|---|---|
| - | ကရင်ချောင်းမြောင်းမကြီး ပေတိုင် ၈+၅၀၀ တွင် Level Crossing တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဇရစ်စမ်းရေနုတ်မြောင်း ပေတိုင် ၁+၇၀၀ ပေတွင် Cheek Structure တည်ဆောက်ခြင်းလုပ်ငန်းတွင် တွက်ချက်မှုမှားယွင်းခြင်း၍ပိုထုတ်ငွေ | ၀.၀၄၂ |

**လက်ထောက်ညွှန်ကြားရေးမှူးရုံး(မြို့ပြ)သာယာဝတီမှဆောင်ရွက်သော**

| | | |
|---|---|---|
| - | အသရော်ဆင်လမ်း-အိပ်လဟာတာ(၁၃/၀)မှ(၂၅/၀)ထိတာ ခြေကန်ထောက်ခြင်းလုပ်ငန်းတွင် တွက်ချက်မှုမှားယွင်း၍ ပိုထုတ်ငွေ | ၀.၀၆၃ |

**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ပြည်မြို့မှ ဆောင်ရွက်သော**

| | | |
|---|---|---|
| - | ဖူးခေါင်းကျေးရွာသောက်သုံးရေတူးဖော်ခြင်း၊ရေထုတ်ပေါက်နှင့် ရေကျော်အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းတွင်စံနှုန်းအရ ပိုထုတ်ငွေ | ၀.၀၃၆ |

| | |
|---|---|
| **ပေါင်း** | **၀.၁၈၅** |
| **စုစုပေါင်း** | **၁၁.၇၂၇** |

**ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး**

၂၉။ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လုပ်ငန်းနှင့်စာရင်းများ စစ်ဆေးရာတွင် လစာပိုထုတ်ငွေ ကျပ်သန်း ၀.၀၂၄ နှင့် ခရီးစရိတ်ပိုထုတ်ငွေ ကျပ်သန်း ၀.၀၇၈ စုစုပေါင်းပိုထုတ်ငွေ ကျပ်သန်း ၀.၁၀၂ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီး ဖြစ်ပါသည်။

**မြို့နယ်မီးသတ်ဦးစီးဌာန၊ဒိုက်ဦးမြို့**

၃၀။ မြို့နယ်မီးသတ်ဦးစီးဌာန၊ ဒိုက်ဦးမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လုပ်ငန်းနှင့်စာရင်းများ စစ်ဆေးရာတွင် လစာနှင့်ရိက္ခာပိုထုတ်ငွေ ကျပ်သန်း ၀.၂၀၄ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီး ဖြစ်ပါသည်။

**ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ပြည်မြို့**

၃၁။ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ပြည်မြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လုပ်ငန်းနှင့်စာရင်းများ စစ်ဆေးရာ ဇေယျာမြင့်မိုရ်ကုမ္ပဏီမှ ဆောက်လုပ်သောမြေအသုံးချရေး ခတ်ခွဲခန်းဆောက်လုပ်ရာတွင် ခန့်မှန်းခြေစာရင်း၊ စံနှုန်းနှင့် မျက်မြင်စစ်ဆေးချက်အရ ပိုထုတ်ငွေ ကျပ်သန်း ၀.၁၈၁ နှင့် နောက်ကျဒဏ်ကြေးပေးသွင်းငွေ ကျပ်သန်း ၀.၁၄၄ စုစုပေါင်း ပိုထုတ်ငွေ ကျပ်သန်း ၀.၃၂၅ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီး ဖြစ်ပါသည်။

**မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ဇီးကုန်းမြို့**

၃၂။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဇီးကုန်းမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လုပ်ငန်းနှင့် စာရင်းများ စစ်ဆေးရာတွင် ၀၄-၀၉ ငွေစာရင်းခေါင်းစဉ်မှ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းတွင် အခြေခံစံနှုန်း အရပိုထုတ်ငွေ ကျပ်သန်း ၀.၁၃၇ နှင့် မျက်မြင်စစ်ဆေးခြင်းအရ ပိုထုတ်ငွေ ကျပ်သန်း ၀.၁၄၅ စုစုပေါင်း ပိုထုတ်ငွေ ကျပ်သန်း ၀.၂၈၂ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီး ဖြစ်ပါသည်။

**တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ပဲခူးမြို့**

၃၃။ တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ပဲခူးမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လုပ်ငန်းနှင့်စာရင်းများ စစ်ဆေးရာတွင် အောက်ပါပိုထုတ်ငွေ ကျပ်သန်း ၀.၂၃၄ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီး ဖြစ်ပါသည်။

| | | (ကျပ်သန်း) |
|---|---|---|
| (က) | ၀၄-၀၂ခေါင်းစဉ်မှတိုင်းဦးစီးရုံးဝန်ထမ်းအိမ်ရာဆေးသုတ်လုပ်ငန်းတွင်အခြေခံစံနှုန်းထက်ပိုမိုထုတ်ယူငွေ | ၀.၀၅၆ |
| (ခ) | ငွေလုံးငွေရင်းအသုံးစရိတ်မှတိုင်းစီမံကိန်းဦးစီးရုံး(အတွင်း/အပြင်)ဆေးသုတ်လုပ်ငန်းဆောင်ရွက်ခြင်းအတွက်အခြေခံစံနှုန်းထက်ပိုမိုထုတ်ယူငွေ | ၀.၁၁၂ |
| (ဂ) | ငွေလုံးငွေရင်းအသုံးစရိတ်မှသဲကုန်းမြို့နယ်ရုံးဆောက်လုပ်ခြင်း၊၄၂'×၄၀'RC(၁)ထပ်ဆောက်လုပ်ခြင်းတွင်အခြေခံစံနှုန်းထက်ပိုထုတ်ငွေ | ၀.၀၆၆ |
| | **စုစုပေါင်း** | ၀.၂၃၄ |

**မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ဇီးကုန်းမြို့**

၃၄။ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဇီးကုန်းမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လုပ်ငန်းနှင့်စာရင်းများ စစ်ဆေးရာတွင် ၀၃-၂၅ ပြပွဲနှင့်ဘွဲ့နှင်းသဘင်ခေါင်းစဉ်မှ မြို့နယ်ပေါင်းစုံ အေရိုးဗစ်ပြိုင်ပွဲ (ပဲခူး)မှ လေ့ကျင့်စရိတ်နှင့်စားစရိတ်ပိုထုတ်ငွေ ကျပ်သန်း ၀.၁၀၀၊ (၈)မြို့နယ် U-21 ဘောလုံးပြိုင်ပွဲနှင့် U-25 ဘောလီဘောပြိုင်ပွဲမှ အထွေထွေစရိတ်နှင့် အုပ်ချုပ်သူ(၁)ဦး အတွက် ပိုထုတ်ငွေ ကျပ်သန်း ၀.၀၃၅ နှင့် လွတ်လပ်ရေးနေ့ပြိုင်ပွဲမှ အထွေထွေစရိတ်ပိုထုတ်ငွေ ကျပ်သန်း ၀.၀၁၀ စုစုပေါင်း ကျပ်သန်း ၀.၁၄၅ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီး ဖြစ်ပါသည်။

**တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ညွှန်ကြားရေးမှူးရုံး၊ပဲခူးမြို့**

၃၅။ တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ပဲခူးမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လုပ်ငန်းနှင့်စာရင်းများ စစ်ဆေးရာတွင် Retaining Wall ဆောင်ရွက်မှုအတွက် ပဲခူးတိုင်းဒေသကြီးတည်ဆောက်ရေးလုပ်ငန်းများကြီးကြပ်မှုကော်မတီ BRCP(T) ၏ ခွင့်ပြုမိန့်ဖြင့် MBG Engineering Co;Ltd ၏ QC စစ်ဆေးမှုမှတ်တမ်းများအရ ၁၃၉' ဆောင်ရွက်ထားကြောင်း ထောက်ခံတင်ပြထားသော်လည်း မျက်မြင်တိုင်းတာစစ်ဆေးရာတွင် ၁၂၇' ၆" သာရှိသဖြင့် ၁၁' ၆" လျော့နည်းဆောင်ရွက်ခြင်းအတွက် ကျပ်သန်း ၀.၅၀၀ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီး ဖြစ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ဇီးကုန်းမြို့**

၃၆။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ဇီးကုန်းမြို့၏၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့်စာရင်း များ စစ်ဆေးရာတွင် အောက်ပါပိုထုတ်ငွေ ကျပ်သန်း ၀.၆၀၅ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီး ဖြစ်ပါသည်-

| | | (ကျပ်သန်း) |
|---|---|---|
| (က) | ၀၄-၀၉ ခေါင်းစဉ်မှ မြို့တွင်းလမ်းများသတ်မှတ်တန်ချိန် ဆိုင်းဘုတ်ပြုလုပ်ခြင်း(၄၀)ခု သစ်သားလုပ်ငန်းအသေးစိတ် အတိုင်းအတာတွက်ချက်မှုမှားယွင်းခြင်းမှပိုထုတ်ငွေ | ၀.၀၄၄ |
| (ခ) | ငွေလုံးငွေရင်းအသုံးစရိတ်မှ Submersible Pump (1.5)HP CHINA (၁)လုံး ဒေသဈေးနှုန်းထက်ပိုထုတ်ငွေ | ၀.၂၀၀ |
| (ဂ) | မျက်မြင်စစ်ဆေးခြင်းမှတံတား(၃)ခု၏ Box Culvert တာပွန်လမ်းနှင့်မြို့ပတ်လမ်းအောက်၊တာပွန်လမ်းနှင့် ဆေးကျောင်း(၂)လမ်းထောင့်၊ တာပွန်လမ်းနှင့်ဆေးကျောင်း (၁)လမ်းတို့၏ Box Culvert (၃)ခုတို့တွင် ဘဲတောင်ပံ တစ်ဖက်စီလျော့နည်းဆောင်ရွက်ခြင်းကြောင့် ပိုထုတ်ငွေ | ၀.၀၇၃ |
| (ဃ) | ကတ္တရာသုံးစွဲမှု ၃၂.၇၇ တန်အတွက် ကတ္တရာပုံးခွံ(၁၈၀)လုံး တန်ဖိုးပေးသွင်းရန်ကျန်ငွေ | ၀.၂၈၈ |

စုစုပေါင်း | ၁.၆၀၅

ကန့်သတ်

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ကဝမြို့**

၃၇။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကဝမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လုပ်ငန်းနှင့် စာရင်းများ စစ်ဆေးရာတွင် ဝန်ထမ်း(၁)ဦး နှစ်တိုးလစာပိုထုတ်ငွေ ကျပ်သန်း ၀.၀၀၂ နှင့် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်သော လုပ်ငန်း(၂)ခုအား မျက်မြင်စစ်ဆေးရာတွင် ခန့်မှန်းခြေစာရင်း ထက်လျော့နည်းဆောင်ရွက်သဖြင့် ပိုထုတ်ငွေ ကျပ်သန်း ၀.၃၅၁ စုစုပေါင်း ကျပ်သန်း ၀.၃၅၃ ပိုထုတ်ငွေ ဖြစ်ပေါ်ခဲ့သဖြင့် ပြန်လည်ပေးသွင်းပြီး ဖြစ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ရေတာရှည်မြို့**

၃၈။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရေတာရှည်မြို့၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာတွင် အောက်ပါအတိုင်း ပိုမိုထုတ်ယူငွေ ကျပ်သန်း ၀.၄၇၃ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည် ပေးသွင်းပြီးဖြစ်ပါသည်-

| | | |
|---|---|---|
| | | **(ကျပ်သန်း)** |
| (က) | ကတ္တရာပုံးခွံ ၁၀၃ လုံးရောင်းရငွေ ပေးသွင်းရန် ကျန်ရှိခြင်း | ၀.၁၅၄ |
| (ခ) | ဘေးအန္တရာယ်လိုင်စင်(၁)ခုအတွက်ပေးသွင်းရန်လိုငွေ | ၀.၀၄၀ |
| (ဂ) | နှစ်တိုးလစာတွက်ချက်မှုမှားယွင်း၍ပိုထုတ်ငွေ | ၀.၀၀၅ |
| (ဃ) | သာဂရဈေးနှင့်ရေနီဈေးတာဝန်ခံရုံးဆောက်လုပ်ခြင်း | ၀.၀၈၂ |
| (င) | အာရှဖနစ္စမ်းအားသစ်ကုမ္ပဏီမှဆောင်ရွက်သောမြို့နယ်ခန်းမဝန်း အတွင်းညစောင့်နေအိမ်ဆောက်လုပ်ခြင်းတွင်မျက်နှာကျက်မှာ မျက်မြင်စစ်ဆေးချက်အရကွာခြားမှု | ၀.၁၉၂ |
| | **စုစုပေါင်း** | ၀.၄၇၃ |

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ပေါင်းတည်မြို့**

၃၉။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပေါင်းတည်မြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာတွင် အောက်ပါအတိုင်း ပိုမိုထုတ်ယူငွေ ကျပ်သန်း ၀.၂၅၉ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီးဖြစ်ပါသည်။

| | | (ကျပ်သန်း) |
|---|---|---|
| (က) | မြေငှားရမ်းခနှင့်စားသောက်ဆိုင်လိုင်စင်ခလျော့နည်းပေးသွင်းထားခြင်း | ၀.၀၂၇ |
| (ခ) | လစာတွက်ချက်မှုမှားယွင်း၍ပိုထုတ်ငွေနှင့်ပြောင်းရွှေ့ခရီးစရိတ် ပိုထုတ်ငွေ | ၀.၀၄၁ |
| (ဂ) | ၁၅ လမ်းကွန်ကရစ်ခင်းခြင်း၊ တိုင်းချစ်လမ်းထိပ်ကွန်ကရစ် တံတားတည်ဆောက်ခြင်းနှင့် အစည်းအဝေးခန်းမနှင့်တွဲလျက် သန့်စင်ခန်းတည်ဆောက်ခြင်းလုပ်ငန်းတွင် တွက်ချက်မှုမှားယွင်း၍ ပိုထုတ်ငွေ | ၀.၁၉၁ |
| | **စုစုပေါင်း** | **၀.၂၅၉** |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ စစ်ဆေးတွေ့ရှိချက်များ

၄၀။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် (၁-၁၁-၂၀၁၉ နေ့မှ ၃၀-၉-၂၀၂၀နေ့ထိ)ကာလအတွင်း လုပ်ငန်းနှင့်စာရင်းများ စစ်ဆေးတွေ့ရှိချက်များအရ ရငွေလျော့နည်းမှုနှင့် အသုံးစရိတ်ပိုထုတ်မှုတို့ကို အောက်တွင်ဖော်ပြပါသည်။ ၎င်းအပြင် ဝန်ကြီးဌာနအလိုက် နိုင်ငံတော်သို့ ပေးသွင်းမှုအခြေအနေကို ပူးတွဲဇယား (စ) ဖြင့် ဖော်ပြပါသည်။

(ကျပ်သန်း)

| စဉ် | အမျိုးအစား | ရငွေလျော့နည်း ပေးသွင်းမှု | အသုံးစရိတ်ပိုထုတ်မှု | ပေါင်း |
|---|---|---|---|---|
| ၁။ | သာမန် | ၅.၇၇၈ | ၂၀.၉၄၃ | ၂၆.၇၂၁ |
| ၂။ | ငွေလုံး | - | ၂၄.၀၇၈ | ၂၄.၀၇၈ |
| | **ပေါင်း** | ၅.၇၇၈ | ၄၅.၀၂၁ | ၅၀.၇၉၉ |

၄၁။ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းငွေ စုစုပေါင်း ကျပ်သန်း ၅၀.၇၉၉ တွင် ပေးသွင်းပြီး ကျပ်သန်း ၄၉.၈၈၂ နှင့် ပေးသွင်းရန် ကျန်ငွေ ကျပ်သန်း ၀.၉၁၇ တို့ဖြစ်ပါသည်။ ပေးသွင်းရန်ကျန်ငွေများမှာ ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျပ်သန်း ၀.၂၂၉ နှင့် မြို့နယ်လျှပ်စစ်မှူးရုံး၊ ဝက်ထီးကန်၊ ပြည်မြို့မှ ကျပ်သန်း ၀.၆၈၈ တို့ဖြစ်ပါသည်။ နိုင်ငံတော်သို့ ရငွေလျော့ နည်းပေးသွင်းမှု၊ အသုံးစရိတ်ပိုထုတ်မှုတို့နှင့်စပ်လျဉ်း၍ ပေးသွင်းငွေ ပမာဏများပြားသည့်ဌာနအချို့ကိုဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်ပြခဲ့ပြီးဖြစ်သော်လည်း ကျန်ရှိနေသည့် ဌာနအချို့ကို ကောက်နုတ် ဖော်ပြပါသည်-

### မြို့နယ်တရားရုံး၊တောင်ငူမြို့

၄၂။ မြို့နယ်တရားရုံး၊ တောင်ငူမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများ စစ်ဆေးရာတွင် ၀၄-၀၂ ခေါင်းစဉ်မှ ရုံးအဆောက်အဦ ဆေးသုတ်ခြင်းလုပ်ငန်းတွင် အခြေခံစံနှုန်းထက်ပိုထုတ်ငွေ ကျပ်သန်း ၀.၁၇၂ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီးဖြစ်ပါသည်။

**တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်၊ပဲခူးမြို့**

၄၃။ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်၊ပဲခူးမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာ ငွေလုံးငွေရင်းအသုံးစရိတ်မှတည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ၏ ခွင့်ပြုငွေထက် ကျော်လွန်သုံးစွဲထားခြင်း ကျပ်သန်း ၀.၀၁၂ နှင့် ပေါက်ခေါင်းမြို့နယ်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့် မိုးညိုမြို့နယ်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဆောက်လုပ်ခြင်းလုပ်ငန်းများတွင် စံနှုန်း ၊ ဒေသဈေးနှုန်းနှင့် မျက်မြင်စစ်ဆေးခြင်းမှ ပိုထုတ်ငွေ ကျပ်သန်း ၀.၂၇၁ စုစုပေါင်း ကျပ်သန်း ၀.၂၈၃ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီးဖြစ်ပါသည်။

**ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ တောင်ငူမြို့**

၄၄။ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ တောင်ငူမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာတွင် ပြောင်းရွှေ့ရဲတပ်ကြပ်(၁)ဦး အား တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ လစာနှင့် ရိက္ခာထုတ်ပေးပြီးဖြစ်သော်လည်း ထပ်မံထုတ်ပေးထား၍ ပိုထုတ်ငွေ ကျပ်သန်း ၀.၂၃၈ နှင့် ရဲတပ်သား(၁)ဦး၏ နှစ်တိုးလစာပိုထုတ်ငွေ ကျပ်သန်း ၀.၀၀၂ စုစုပေါင်း ကျပ်သန်း ၀.၂၄၀ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီးဖြစ်ပါသည်။

**မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ဇီးကုန်းမြို့**

၄၅။ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ဇီးကုန်းမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာ ရဲဝတ်တန်ဆာဖိုးပေးသွင်းရန်နှင့် လစာနှင့်ရိက္ခာ၊ တရားခံကျွေးမွေးစရိတ် ပိုထုတ်ငွေ ကျပ်သန်း ၀.၁၆၆ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီးဖြစ်ပါသည်။

**မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ သာယာဝတီမြို့**

၄၆။ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ သာယာဝတီမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာ ဝန်ထမ်း(၄)ဦး လစာတွက်ချက်မှုမှားယွင်းပြီး ပိုထုတ်ငွေ ကျပ်သန်း ၀.၀၁၂ နှင့် ၀၃-၀၃ ၄ားရမ်းခခေါင်းစဉ်မှ ပြေစာအရ ကျသင့်ငွေထက်ပိုထုတ်ငွေ ကျပ်သန်း ၀.၁၁၄ စုစုပေါင်း ကျပ်သန်း ၀.၁၂၆ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီးဖြစ်ပါသည်။

**မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ လက်ပံတန်းမြို့**

၄၇။ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ လက်ပံတန်းမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများ စစ်ဆေးရာတွင် လစာနှင့်ရိက္ခာပိုထုတ်ငွေ ကျပ်သန်း ဝ.၁၂၅၊ တယ်လီဖုန်းခေါ်ဆိုခ ပိုထုတ်ငွေ ကျပ်သန်း ဝ.ဝဝ၂ နှင့်တရားခံကျွေးမွေးစရိတ်ပိုထုတ်ငွေ ကျပ်သန်း ဝ.ဝဝ၄ စုစုပေါင်း ပိုထုတ်ငွေ ကျပ်သန်း ဝ.၁၃၁ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီးဖြစ်ပါသည်။

**ဗဟိုအကျဉ်းထောင်၊သာယာဝတီမြို့**

၄၈။ ဗဟိုအကျဉ်းထောင်၊ သာယာဝတီမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများ စစ်ဆေးရာတွင် လစာပိုထုတ်ငွေ ကျပ်သန်း ဝ.ဝ၂၂၊ အဆောက်အဦပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းတွင် စပါးခွံဂိုဒေါင်ဆောက်လုပ်ခြင်းမှ တွက်ချက်မှုမရ ပိုထုတ်ငွေ ကျပ်သန်း ဝ.၆၁၈ နှင့် အကျဉ်းထောင်အတွင်းဖက်ရှိ ခြံစည်းရိုး ၆၈၉၄' အား Blade Wire တပ်ဆင်ခြင်းလုပ်ငန်းမှ အခြေခံစံနှုန်းထက်ပိုထုတ်ငွေ ကျပ်သန်း ဝ.ဝ၁၃ စုစုပေါင်း ပိုထုတ်ငွေ ကျပ်သန်း ဝ.၆၅၃ ဖြစ်ပေါ်ခဲ့ရာ ပြန်လည်ပေးသွင်းပြီးဖြစ်ပါသည်။

**မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ သဲကုန်းမြို့**

၄၉။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ သဲကုန်းမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာ သက်ပြည့်ပင်စင်ခံစားသော ဝန်ထမ်း(၂)ဦး၏ ကြိုတင်ပြင်ဆင်ခွင့်လစာ ပိုထုတ်ငွေ ကျပ်သန်း ဝ.ဝ၆၃ နှင့် ရုံးမျက်နှာစာခြံစည်းရိုးကာရံခြင်းလုပ်ငန်းမှ အခြေခံစံနှုန်း တွက်ချက်မှုမှားယွင်းခြင်းအတွက် ပိုထုတ်ငွေ ကျပ် ဝ.ဝ၃၉ စုစုပေါင်း ပိုထုတ်ငွေ ကျပ်သန်း ဝ.၁ဝ၂ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီးဖြစ်ပါသည်။

**ကြံသီးနှံသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ၊ ဖြူးမြို့**

၅၀။ ကြံသီးနှံသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ၊ ဖြူးမြို့ ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာတွင် ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်သော ဓာတ်ခွဲခန်း အဆောက်အဦ(၁)လုံး တည်ဆောက်ခြင်းတွင် Third Party သို့ပေးချေရမည့် အရည်အသွေး စစ်ဆေးခ ၂ % ထည့်သွင်းတွက်ချက်ထားခြင်းမှ ပိုထုတ်ငွေ ကျပ်သန်း ၀.၄၃၁ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီးဖြစ်ပါသည်။

**ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊တောင်ငူမြို့**

၅၁။ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တောင်ငူမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများ စစ်ဆေးရာတွင် အောက်ပါပိုထုတ်ငွေ ကျပ်သန်း ၀.၄၉၄ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီးဖြစ်ပါသည်-

| | | **(ကျပ်သန်း)** |
|---|---|---|
| (က) | ၀၂-၀၁ ခေါင်းစဉ်မှ ဝန်ထမ်း(၁)ဦး သင်တန်းတက်ရောက်သည့် ကာလအတွင်း သင်တန်းစရိတ် ထုတ်ယူထားပြီးသော်လည်း ခရီး စရိတ်ထပ်မံထုတ်ယူထားခြင်းမှပိုထုတ်ငွေ | ၀.၀၁၁ |
| (ခ) | ၀၅-၀၈ ခေါင်းစဉ်မှ ဝန်ထမ်း(၁)ဦးအတွက် ဆေးကုသစရိတ် ထောက်ပံ့ငွေကျခံသုံးစွဲထားခြင်းမှပိုထုတ်ငွေ | ၀.၀၂၁ |
| (ဂ) | ၀၄-၀၂ ခေါင်းစဉ်မှ လုပ်ငန်း(၆)ခုတွင် လုပ်အားခနှုန်းထားနှင့် ကျောက်ရောမြေတန်ဖိုးများဒေသဈေးနှုန်းထက်ပိုထုတ်ငွေ | ၀.၁၀၃ |
| (ဃ) | ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဌာနမှဆောင်ရွက်သော ကုန်းကြီး ကျေးရွာရေပေးရေးလုပ်ငန်းအားမျက်မြင်စစ်ဆေးခြင်းမှပိုထုတ်ငွေ | ၀.၀၅၉ |
| (င) | နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဌာနမှဆောင်ရွက်သော ဆွဲလွဲချောင်း ကျေးရွာရေပိုက်သွယ်တန်းခြင်းလုပ်ငန်းအားမျက်မြင်စစ်ဆေးခြင်းမှ ပိုထုတ်ငွေနှင့်ကျွဲရိုင်းပြင်ကျေးရွာရေရရှိရေးလုပ်ငန်းတွင် လုပ်အားခ စံနှုန်းထက်ပိုထုတ်ငွေ | ၀.၂၄၇ |
| (စ) | စာချုပ်ပါသတ်မှတ်ရက်ထက်ပြီးစီးမှုနောက်ကျဒဏ်ကြေးနှင့် တင်ဒါလျှောက်လွှာပုံစံရောင်းရငွေပေးသွင်းခြင်း | ၀.၀၅၃ |
| | **စုစုပေါင်း** | **၀.၄၉၄** |

**ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

၅၂။ ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပဲခူးမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများ စစ်ဆေးရာတွင် JICA ODA LOAN ဖြင့် Matrix Power Engineering ကုမ္ပဏီမှ ဆောင်ရွက်သော ပဲခူးမြို့ကန်တော်ကြီးရေပေးရေးလုပ်ငန်းတွင် စံနှုန်းအရ ပိုထုတ်ငွေ ကျပ်သန်း ၀.၂၂၉ ဖြစ်ပေါ်ခဲ့ပြီး ပေးသွင်းရန် ကျန်ရှိပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊မင်းလှမြို့နယ်**

၅၃။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများ စစ်ဆေးရာ ခရီးစရိတ်ပိုထုတ်ငွေ ကျပ်သန်း ၀.၁၆၈၊ ၀၃-၀၆ ခေါင်းစဉ်မှ ခတ်ဆီ (၁၀)ဂါလန် ပိုမိုထုတ်ယူခြင်း ကျပ်သန်း ၀.၀၄၀ နှင့် ခတ်အားခပိုထုတ်ငွေ ကျပ်သန်း ၀.၀၁၁ စုစုပေါင်း ကျပ်သန်း ၀.၂၁၉ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီးဖြစ်ပါသည်။

**တိုင်းဒေသကြီးအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ပဲခူးမြို့**

၅၄။ တိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပဲခူးမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများ စစ်ဆေးရာတွင် အောက်ပါပိုထုတ်ငွေ ကျပ်သန်း ၁၅.၄၅၁ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီးဖြစ်ပါသည်-

| | | (ကျပ်သန်း) |
|---|---|---|
| (က) | ဝန်ထမ်း(၈)ဦး၏လုပ်သက်ခွင့်ခံစားခြင်း၊နှစ်တိုးခံစားခြင်းနှင့်ရာထူးတိုးမြှင့်ခြင်းတို့အတွက်လစာတွက်ချက်မှုမှားယွင်းခြင်းမှ ပိုထုတ်ငွေ | ၀.၁၃၂ |
| (ခ) | တယ်လီဖုန်းပြောဆိုခ ပြေစာအရသင့်ငွေထက်ပိုထုတ်ငွေ | ၀.၀၀၆ |
| (ဂ) | ၀၃-၂၆ မှ အသုံးစရိတ်ပြေစာမရှိဘဲ ထုတ်ယူထားခြင်းမှပိုထုတ်ငွေ | ၀.၀၀၅ |
| (ဃ) | ငွေလုံးငွေရင်းအသုံးစရိတ်မှခတ်ခွဲခန်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအားမျက်မြင်စစ်ဆေးခြင်းအရပိုထုတ်ငွေ | ၀.၆၈၆ |
| (င) | ငွေလုံးငွေရင်းအသုံးစရိတ်မှ ပြည်ခရိုင်ရုံး တည်ဆောက်ခြင်း လုပ်ငန်းတွင် Retaining Wall နှင့်Drain လုပ်ငန်း၌ ၁၀၀% မပြီးစီးမီ လုပ်ငန်းတန်ဖိုးအားလုံးထုတ်ပေးထားသဖြင့်၁၄၁'လျော့နည်းဆောင်ရွက်ခြင်းမှပိုထုတ်ငွေ | ၁၄.၆၂၂ |
| | **စုစုပေါင်း** | ၁၅.၄၅၁ |

**အထွေထွေရောဂါကုဆေးရုံကြီး၊ တောင်ငူမြို့**

၅၅။ အထွေထွေရောဂါကုဆေးရုံကြီး၊ တောင်ငူမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာတွင်အဆောက်အဦပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများတွင်အကြောအဆစ် တိုးချဲ့ဆောင်အပါအဝင်အခြားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း(၄)ခုတို့မှ တွက်ချက်မှုနှင့် မျက်မြင် စစ်ဆေးချက်အရ အသားတင်ပိုထုတ်ငွေ ကျပ်သန်း ၀.၂၅၀ ဖြစ်ပေါ်ခဲ့ရာ ပြန်လည် ပေးသွင်းပြီး ဖြစ်ပါသည်။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်ကုသရေးဦးစီးဌာန၊ ပန်းတောင်းမြို့**

၅၆။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်ကုသရေးဦးစီးဌာန၊ ပန်းတောင်းမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများ စစ်ဆေးရာ အောက်ပါအတိုင်း ပိုထုတ်ငွေ ကျပ်သန်း ၀.၅၂၃ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီးဖြစ်ပါသည်။

| | | (ကျပ်သန်း) |
|---|---|---|
| (က) | ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လစာ၊ခရီးစရိတ်ပိုထုတ်ငွေ | ၀.၁၀၂ |
| (ခ) | ကုသရေးဦးစီးဌာန၊ လစာ၊ခရီးစရိတ်ပိုထုတ်ငွေ | ၀.၄၂၁ |
| | **စုစုပေါင်း** | **၀.၅၂၃** |

**မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ရေတာရှည်မြို့**

၅၇။ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ ရေတာရှည်မြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများ စစ်ဆေးရာ အောက်ပါအတိုင်း ပိုထုတ်ငွေ ကျပ်သန်း ၀.၁၈၆ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီးဖြစ်ပါသည်-

| | | (ကျပ်သန်း) |
|---|---|---|
| | **ပြည်သူ့ကျန်းမာရေးဦးစီးဌာန** | |
| (က) | ဆေးဆိုင်(၂၇)ဆိုင်အတွက်လိုင်စင်ခလိုငွေ | ၀.၀၂၇ |
| (ခ) | လစာနှင့်ခရီးစရိတ် ပိုထုတ်ငွေ | ၀.၀၈၀ |
| (ဂ) | စာအုပ်၊စာနယ်ဇင်းများဝယ်ယူရာတွင်ပိုထုတ်ငွေ | ၀.၀၀၅ |
| | **ကုသရေးဦးစီးဌာန** | |
| (က) | ဆေးခန်း(၁)ခန်းသက်တမ်းတိုးလိုင်စင်ကြေးပေးသွင်းရန်လိုငွေ | ၀.၀၅၀ |
| (ခ) | လစာပိုထုတ်ငွေ | ၀.၀၂၄ |
| | **စုစုပေါင်း** | **၀.၁၈၆** |

**မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ အုတ်ဖိုမြို့**

၅၈။ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ အုတ်ဖိုမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများ စစ်ဆေးရာ အေးမြသာယာတိုက်နယ်ဆေးရုံ၏ ခါတ်မှန်ခန်းဆောက်လုပ်ရာတွင် တွက်ချက်မှုမှားယွင်းပြီး ပိုထုတ်ငွေ ကျပ်သန်း ၀.၄၅၂ နှင့် မြို့နယ်ကုသရေး ဆေးရုံ၏ ခြံစည်းရိုးကာရံခြင်းတွင် မျက်မြင်စစ်ဆေးချက်အရ လျော့နည်းဆောင်ရွက်မှု ကျပ်သန်း ၀.၂၉၇ ပိုထုတ်ငွေ စုစုပေါင်း ကျပ်သန်း ၀.၇၄၉ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီးဖြစ်ပါသည်။

**မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ ကျောက်ကြီးမြို့**

၅၉။ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ ကျောက်ကြီးမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများ စစ်ဆေးရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ခွင့်လစာ နှင့် နှစ်တိုးလစာပိုထုတ်ငွေ ကျပ်သန်း ၀.၀၆၇ နှင့် ကုသရေးဦးစီးဌာနတွင် ခွင့်လစာပိုထုတ်ငွေ ကျပ်သန်း ၀.၀၇၉ စုစုပေါင်း ပိုထုတ်ငွေ ကျပ်သန်း ၀.၁၄၆ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည် ပေးသွင်းပြီး ဖြစ်ပါသည်။

**မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ ရွှေတောင်မြို့**

၆၀။ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ ရွှေတောင်မြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများ စစ်ဆေးရာ အောက်ပါအတိုင်း ပိုထုတ်ငွေ ကျပ်သန်း ၀.၂၅၁ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည် ပေးသွင်းပြီး ဖြစ်ပါသည်။

| | | (ကျပ်သန်း) |
|---|---|---|
| (က) | ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ဆေးဆိုင်လိုင်စင်ခ၊ လစာနှင့်ခရီးစရိတ်ပိုထုတ်ငွေ | ၀.၀၄၆ |
| (ခ) | ကုသရေးဦးစီးဌာန၊ လစာနှင့်ခရီးစရိတ်ပိုထုတ်ငွေ | ၀.၀၂၆ |
| (ဂ) | ၀၄-၀၂ အဆောက်အဦပြင်ဆင်စရိတ်ပိုထုတ်ငွေ | ၀.၁၇၀ |
| | **စုစုပေါင်း** | **၀.၂၅၁** |

**ခရိုင်ပညာရေးမှူးရုံး၊ တောင်ငူမြို့**

၆၁။ ခရိုင်ပညာရေးမှူးရုံး၊ တောင်ငူမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာ ခရီးစရိတ်၊ KG ပုံနှိပ်စာအုပ်များသယ်ယူပို့ဆောင်ခများ နှင့် ကျွေးမွေးစရိတ် ပိုထုတ်ငွေ ကျပ်သန်း ၀.၄၃၀ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီးဖြစ်ပါသည်။

**မြို့နယ်ပညာရေးမှူးရုံး၊ ဒိုက်ဦးမြို့**

၆၂။ မြို့နယ်ပညာရေးမှူးရုံး၊ ဒိုက်ဦးမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာတွင် လစာပိုထုတ်ငွေနှင့်ချက်ပိုထုတ်ငွေ ကျပ်သန်း ၁.၆၆၀ နှင့် ဝ၅-ဝ၁ ခေါင်းစဉ်မှ ပညာသင်ထောက်ပံ့ကြေး ပိုထုတ်ငွေ ကျပ်သန်း ၀.၀၆၀ စုစုပေါင်း ကျပ်သန်း ၁.၇၂၀ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပေးသွင်းပြီးဖြစ်ပါသည်။

**မြို့နယ်ပညာရေးမှူးရုံး၊ ရေတာရှည်မြို့**

၆၃။ မြို့နယ်ပညာရေးမှူးရုံး၊ ရေတာရှည်မြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာ TC နောက်ကျကြေးပေးသွင်းရန် လိုငွေ ကျပ်သန်း ၀.၀၀၅ နှင့် လစာ၊ ခရီးစရိတ်၊ နေ့စားလုပ်ခနှင့် တယ်လီဖုန်းပြောဆိုခ ပိုထုတ်ငွေ ကျပ်သန်း ၁.၄၃၁၊ စုစုပေါင်း ပိုထုတ်ငွေ ကျပ်သန်း ၁.၄၃၆ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည် ပေးသွင်းပြီးဖြစ်ပါသည်။

**မြို့နယ်ပညာရေးမှူးရုံး၊ ကျောက်တံခါးမြို့**

၆၄။ မြို့နယ်ပညာရေးမှူးရုံး၊ ကျောက်တံခါးမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာ လစာ၊ ခရီးစရိတ်၊ ပညာသင်ထောက်ပံ့ကြေးနှင့် ပညာပေးသင်တန်း နေ့တွက်စရိတ် ပိုထုတ်ငွေ ကျပ်သန်း ၁.၂၂၁ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည် ပေးသွင်းပြီးဖြစ်ပါသည်။

**မြို့နယ်ပညာရေးမှူးရုံး၊ ပေါင်းတည်မြို့**

၆၅။ မြို့နယ်ပညာရေးမှူးရုံး၊ ပေါင်းတည်မြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာတွင် လစာပိုထုတ်ငွေ ကျပ်သန်း ၀.၀၃၄၊ ခရီးစရိတ်ပိုထုတ်ငွေ ကျပ်သန်း ၀.၀၁၅၊ လုပ်အားခပိုထုတ်ငွေ ကျပ်သန်း ၀.၀၁၀၊ ကျောင်းများသို့ အမှန်ချီးမြှင့်ရမည့်ဆု အရေအတွက်ထက်ပိုထုတ်ငွေ ကျပ်သန်း ၀.၁၈၆ စုစုပေါင်း ပိုထုတ်ငွေ ကျပ်သန်း ၀.၂၄၅ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည် ပေးသွင်းပြီးဖြစ်ပါသည်။

**မြို့နယ်ပညာရေးမှူးရုံး၊ ဇီးကုန်းမြို့**

၆၆။ မြို့နယ်ပညာရေးမှူးရုံး၊ ဇီးကုန်းမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာ အောက်ပါအတိုင်း ပိုထုတ်ငွေ ကျပ်သန်း ၁.၆၈၆ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည် ပေးသွင်းပြီးဖြစ်ပါသည်။

| | | **(ကျပ်သန်း)** |
|---|---|---|
| (က) | လစာနှင့် ခရီးစရိတ်ပိုထုတ်ငွေ | ၁.၁၅၂ |
| (ခ) | စာရေးကိရိယာနှင့်သင်ထောက်ကူပစ္စည်းဝယ်ယူရာတွင် ဒေသပေါက်ဈေးနှုန်း ထက်ပိုထုတ်ငွေ | ၀.၃၄၆ |
| (ဂ) | ညဏစွမ်းရည်ဆုပေးခြင်းနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေ မှအသုံးစရိတ်များပိုထုတ်ငွေ | ၀.၁၈၈ |
| | **စုစုပေါင်း** | **၁.၆၈၆** |

**ခရိုင်ပညာရေးမှူးရုံး၊ ပြည်မြို့**

၆၇။ ခရိုင်ပညာရေးမှူးရုံး၊ ပြည်မြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများ စစ်ဆေးရာ ပညာရေးအညွှန်းကိန်းဆိုင်ရာ ဆင့်ပွားသင်တန်းနှင့် အလုပ်ရုံ ဆွေးနွေးပွဲ တက်ရောက်ခြင်းအတွက် နေ့တွက်စရိတ် ပိုထုတ်ငွေ ကျပ်သန်း ၀.၀၇၇ နှင့် လုပ်အားခနှင့် အခွန်အခပိုထုတ်ငွေ ကျပ်သန်း ၀.၀၂၆ စုစုပေါင်း ပိုထုတ်ငွေ ကျပ်သန်း ၀.၁၀၃ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည် ပေးသွင်းပြီးဖြစ်ပါသည်။

**မြို့နယ်ပညာရေးမှူးရုံး၊ သာယာဝတီမြို့**

၆၈။ မြို့နယ်ပညာရေးမှူးရုံး၊ သာယာဝတီမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်း များစစ်ဆေးရာ သတင်းစာဟောင်းရောင်းရငွေကိုပေးသွင်းမှုမရှိခြင်း ကျပ်သန်း ၀.၀၂၃၊ လစာနှင့် ခရီးစရိတ်ပိုထုတ်ငွေ ကျပ်သန်း ၀.၃၁၉ နှင့် ၀၃-၀၅ ၊ ၀၃-၀၇ ၊ ၀၃-၀၈ ၊ ၀၃-၀၉ ၊ ၀၃-၁၃ ခေါင်းစဉ်များမှ ပြေစာအပေါင်းမှား၍ပိုထုတ်ငွေ ကျပ်သန်း ၀.၀၄၇ စုစုပေါင်း ပိုထုတ်ငွေ ကျပ်သန်း ၀.၃၈၉ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည် ပေးသွင်းပြီးဖြစ်ပါသည်။

**မြို့နယ်ပညာရေးမှူးရုံး၊ လက်ပံတန်းမြို့**

၆၉။ မြို့နယ်ပညာရေးမှူးရုံး၊ လက်ပံတန်းမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ခံစားသည့် ဝန်ထမ်း(၄)ဦး၏ လစာတွက်ချက်မှုမှားယွင်း၍ ပိုထုတ်ငွေ ကျပ်သန်း ၀.၃၃၂ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည် ပေးသွင်းပြီးဖြစ်ပါသည်။

**မြို့နယ်ပညာရေးမှူးရုံး၊ နတ်တလင်းမြို့**

၇၀။ မြို့နယ်ပညာရေးမှူးရုံး၊ နတ်တလင်းမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်း များစစ်ဆေးရာ ကြိုတင်ပြင်ဆင်ခွင့်ခံစားသည့် ဝန်ထမ်း(၆)ဦးနှင့် နှစ်ပြည့်ပင်စင်ခံစားသည့် ဝန်ထမ်း(၁)ဦးကို လစာထုတ်ပေးရာတွင် တွက်ချက်မှုမှားယွင်း၍ ပိုထုတ်ငွေ ကျပ်သန်း ၀.၀၉၉ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည် ပေးသွင်းပြီးဖြစ်ပါသည်။

**အစိုးရနည်းပညာအထက်တန်းကျောင်း၊ ပြည်မြို့**

၇၁။ အစိုးရနည်းပညာအထက်တန်းကျောင်း၊ ပြည်မြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာ ဝန်ထမ်း(၁၃)ဦး ရာထူးတိုးမြှင့်ခံစားသည့်အတွက် လစာထုတ်ပေးရာတွင် တွက်ချက်မှုမှားယွင်းပြီး ပိုထုတ်ငွေ ကျပ်သန်း ၀.၆၇၂ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည် ပေးသွင်းပြီး ဖြစ်ပါသည်။

**ဓါတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)စီမံကိန်းမန်နေဂျာရုံး(မြို့ပြ)နေပြည်တော်**

၇၂။ ဓါတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း) စီမံကိန်းမန်နေဂျာရုံး(မြို့ပြ) နေပြည်တော်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာတွင် ၁၀၀ ရာခိုင်နှုန်း လုပ်ငန်းသုံးငွေ အပြည့်ထုတ်ယူခဲ့သော လုပ်ငန်း(၄)ခု၏ ခန့်မှန်းခြေစာရင်းများနှင့်မျက်မြင်စစ်ဆေးချက်များအရ ပိုထုတ်ငွေ ကျပ်သန်း ၀.၇၈၂ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည် ပေးသွင်းပြီး ဖြစ်ပါသည်။

**မြို့နယ်လျှပ်စစ်မှူးရုံး၊ ဝက်ထီးကန်၊ပြည်မြို့**

၇၃။ မြို့နယ်လျှပ်စစ်မှူးရုံး၊ ဝက်ထီးကန်၊ပြည်မြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာတွင် အောက်ပါအတိုင်း ပိုထုတ်ငွေ ကျပ်သန်း ၀.၆၉၀ ဖြစ်ပေါ်ခဲ့သည့်အနက် ကျပ်သန်း ၀.၀၀၂ မှာ ပေးသွင်းခဲ့ပြီး ကျပ်သန်း ၀.၆၈၈ မှာ ပေးသွင်းရန် ကျန်ရှိပါသည်-

| | | **(ကျပ်သန်း)** |
|---|---|---|
| (က) | စီတီမီတာ(၁)လုံးအစားထိုးတပ်ဆင်ခြင်းမှ မီးတပ်ဆင်ခ ကောက်ခံရန်လိုငွေ | ၀.၀၀၂ |
| (ခ) | လျှပ်စစ်ပုံစံ-၇၆ အရ သုံးစွဲယူနစ်တွက်ချက်မှု မှားယွင်းခြင်းမှ ဓာတ်အားခလျော့နည်းကောက်ခံငွေ | ၀.၁၀၉ |
| (ဂ) | အမှတ်(၂)ရဲလေ့ကျင့်ရေးသင်တန်းကျောင်း၏ ထရန်စဖော်မာ (၂)လုံး၊မိန်းမီတာမှ ဝန်ထမ်းအိမ်ရာများနှင့် တပ်ရင်းတပ်ဖွဲ့ စခန်းများသို့ သုံးစွဲယူနစ်အလွှာလိုက် တွက်ချက်မှုမှားယွင်း ခြင်းမှဓာတ်အားခလျော့နည်း ကောက်ခံငွေ | ၀.၅၇၉ |
| | **စုစုပေါင်း** | ၀.၆၉၀ |

**မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ပန်းတောင်းမြို့**

၇၄။ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ပန်းတောင်းမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာ လျှပ်စစ်ခတ်အားခများတောင်းခံရာတွင် အမှန်ကျသင့်ယူနစ်အတိုင်း တောင်းခံမှုမရှိဘဲ ယူနစ်လျော့နည်းတောင်းခံထား၍ ပေးသွင်းရန်လိုငွေ ကျပ်သန်း ၀.၃၆၅ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည် ပေးသွင်းပြီး ဖြစ်ပါသည်။

**မြန်မာ့မီးရထား၊ တိုင်းအမှတ်(၅)၊ အင်ဂျင်နီယာမှူး(မြို့ပြ)ရုံး၊ တောင်ငူမြို့**

၇၅။ မြန်မာ့မီးရထား၊ တိုင်းအမှတ်(၅)၊ အင်ဂျင်နီယာမှူး(မြို့ပြ)ရုံး၊ တောင်ငူမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာ ပျဉ်းမနားဘူတာ အမှတ်(၁)စကြံ့နံသံဇကာများ ဆေး(၂)ထပ်သုတ်ခြင်းတွင် ကျသင့်ငွေထက် ပိုထုတ်ငွေ ကျပ်သန်း ၀.၀၀၅ နှင့် ဌာနအစီအစဉ်ဖြင့် ဆောင်ရွက်သော ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း(၄)ခုမှ မျက်မြင်စစ်ဆေးခြင်းအရ ပိုထုတ်ငွေ ကျပ်သန်း ၀.၃၅၅ စုစုပေါင်း ပိုထုတ်ငွေ ကျပ်သန်း ၀.၃၆၀ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည် ပေးသွင်းပြီး ဖြစ်ပါသည်။

**မြို့နယ်အခွန်ဦးစီးဌာန၊ကျောက်တံခါးမြို့**

၇၆။ မြို့နယ်အခွန်ဦးစီးဌာန၊ ကျောက်တံခါးမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများစစ်ဆေးရာတွင် တံဆိပ်ခေါင်းလက်ကျန် တန်ဖိုး မျက်မြင်ရေတွက်စစ်ဆေးခြင်းမှ စာရင်းအရထက် လျော့နည်းတန်ဖိုးပေးသွင်းငွေ ကျပ်သန်း ၁.၂၅၄ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည် ပေးသွင်းပြီးဖြစ်ပါသည်။

# ဘဏ္ဍာရေးနှင့်အခြားစည်းမျဉ်းမကျနမှုများ

၇၇။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အရ/အသုံးစာရင်းများ စစ်ဆေးရာတွင် ဘဏ္ဍာရေးနှင့် အခြား စည်းမျဉ်းမကျနမှုများမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က)ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တိုင်းဒေသကြီးလမ်းဦးစီးဌာန၊ ပဲခူးမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အရ/အသုံးစာရင်းများ စစ်ဆေးရာ ၀၁-၀၁ လစာခေါင်းစဉ်မှ ဦးစီးအရာရှိ (စက်မှု)(၁)ဦး၏ အစမ်းခန့်ကာလ အပါအဝင် နှစ်တိုးရမည့်နေ့မှာ ပထမအကြိမ် ၂၅-၉-၂၀၁၄ မှ တတိယအကြိမ် ၂၅-၉-၂၀၁၈ ထိကာလနှင့် ၂၆-၉-၂၀၁၈ မှ ၃၀-၆-၂၀၁၉ ထိ စုစုပေါင်းကာလ(၄)နှစ် (၉)လ (၆)ရက်အတွက် နှစ်တိုးငွေ စုစုပေါင်း ကျပ် ၃၈၆,၀၀၀ ကို နှစ်တိုးစေ့ရောက်သည့်နေ့မှစ၍ လစဉ်ထုတ်ပေးရမည်ဖြစ်သော် လည်း စစ်ဆေးသည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်မှ အောက်ပါအတိုင်း စုပေါင်း၍ ထုတ်ပေးထားကြောင်း တွေ့ရှိရပါသည်။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ်-၅၄(က) အရ ချိန်နှုန်းလစာ ရာထူးတစ်ခုတွင် အမြဲတမ်းခန့်ထားခံရသည့် ဝန်ထမ်းသည် နှစ်တိုးအချိန်စေ့ရောက်သည့်အခါ နှစ်တိုးခံစားခွင့်ပြုရန် စတင်လျှောက်ထားရန် မလိုဘဲ နှစ်တိုးခံစားခွင့်ရှိသည်ဟူသောအချက်နှင့် ညီညွတ်မှု မရှိကြောင်း တွေ့ရှိရပါ သည်။ သို့ပါ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အပိုဒ်-၅၄(က)နှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါသည်။

| စဉ် | နှစ်တိုးရရှိသည့်ကာလ | နှစ်တိုးထုတ်ပေးသည့်ရက်စွဲ ပြေစာအမှတ် | ထုတ်ပေးငွေ (ကျပ်) |
|---|---|---|---|
| ၁။ | ၂၅-၉-၂၀၁၄ (ပထမအကြိမ်) | ၃၀-၇-၂၀၁၉/၁၁ | ၃၆,၀၀၀ |
| ၂။ | ၂၅-၉-၂၀၁၆ (ဒုတိယအကြိမ်) | ၃၀-၉-၂၀၁၉/၁၅ | ၃၅၀,၀၀၀ |
| ၃။ | ၂၅-၉-၂၀၁၈ (တတိယအကြိမ်) | | |
| | | **စုစုပေါင်း** | **၃၈၆,၀၀၀** |

(ခ)ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန၊ တောင်ငူမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အရ/အသုံးစာရင်းများ စစ်ဆေးရာတွင် ၀၃-၂၅ ပြပွဲနှင့်ဘွဲ့နှင်းသဘင်ကုန်ကျစရိတ် ခေါင်းစဉ်မှ မြို့နယ်များအတွက် ပြပွဲ၊ ပြိုင်ပွဲ အသုံးစရိတ်များထုတ်ပေးရာတွင် မြို့နယ်များသို့ ပေးချေနိုင်ခြင်းမရှိသေးဘဲ အောက်ပါအတိုင်း ဘဏ်မှ ငွေထုတ်ယူထားခြင်းမှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော မြန်မာနိုင်ငံဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း ၃၅/၂၀၁၇ အပိုဒ်-၁၂၅ အရ ချက်ချင်းပေးချေရန်မလိုဘဲ ငွေများကို ဘဏ်မှ ထုတ်ယူထားခြင်း မပြုရ၊ ချက်ချင်းပေးချေသင့်ပါလျက် မပေးချေဘဲ ထားခြင်းလည်းမပြုရဟူသောအချက်နှင့်ညီညွတ်မှုမရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ ၃၅/၂၀၁၇ အပိုဒ်-၁၂၅ နှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါသည်-

| စဉ် | ထုတ်ပေးသည့်မြို့နယ် | ဘဏ်မှငွေထုတ်ယူသည့်နေ့ | မြို့နယ်များသို့ထုတ်ပေးသည့်နေ့ | ထုတ်ပေးငွေ (ကျပ်သန်း) |
|---|---|---|---|---|
| ၁။ | ရေတာရှည် | ၁၉-၆-၂၀၁၉ | ၃-၇-၂၀၁၉ | ၁.၀၀၀ |
| ၂။ | ကျောက်ကြီး | ၁၉-၆-၂၀၁၉ | ၁၂-၇-၂၀၁၉ | ၁.၀၀၀ |
| ၃။ | ဖြူး | ၁၉-၆-၂၀၁၉ | ၁၅-၇-၂၀၁၉ | ၁.၀၀၀ |
| ၄။ | တောင်ငူ | ၁၉-၆-၂၀၁၉ | ၁၅-၇-၂၀၁၉ | ၁.၀၀၀ |
| ၅။ | ဖြူး | ၂-၈-၂၀၁၉ | ၂၆-၈-၂၀၁၉ | ၀.၅၀၀ |
| ၆။ | ဖြူး | ၂-၈-၂၀၁၉ | ၃၀-၈-၂၀၁၉ | ၀.၁၅၀ |
| ၇။ | အုတ်တွင်း | ၂-၈-၂၀၁၉ | ၁-၉-၂၀၁၉ | ၀.၂၀၀ |
| ၈။ | ရေတာရှည် | ၂-၈-၂၀၁၉ | ၁-၉-၂၀၁၉ | ၀.၁၅၀ |
| ၉။ | ထန်းတပင် | ၂-၈-၂၀၁၉ | ၁-၉-၂၀၁၉ | ၀.၁၆၀ |
| ၁၀။ | ကျောက်ကြီး | ၂-၈-၂၀၁၉ | ၂-၉-၂၀၁၉ | ၀.၃၀၀ |

(ဂ)လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သာယာဝတီမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အရ/အသုံးစာရင်းများ စစ်ဆေးရာ လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်းအတွက် တင်ဒါအောင်မြင်သူများနှင့် စာချုပ် ချုပ်ဆိုရာ၌ တံဆိပ်ခေါင်းတန်ဖိုးကို သဘောတူ စာချုပ်ချုပ်ဆိုသည့် တန်ဖိုးအပေါ် ၁% (အများဆုံးတံဆိပ်ခေါင်းခွန် ကျပ် ၁၅၀,၀၀၀) တံဆိပ်ခေါင်းခွန် ကျသင့်ရမည်ဖြစ်သော်လည်း အောက်ပါအတိုင်း အပြည့်အဝ ကပ်ထားမှုမရှိသဖြင့် လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ကျပ်)

| စဉ် | ပစ္စည်းအမည်/ ပေးသွင်းသူ | စာချုပ်တန်ဖိုး | ကပ်ရမည့် တံဆိပ်ခေါင်း တန်ဖိုး | ကပ်ထားသည့် တံဆိပ်ခေါင်း တန်ဖိုး |
|---|---|---|---|---|
| ၁။ | ဂဝံကျောက်/ ဦးဟန်သူလွင် | ၇,၄၂၅,၀၀၀ | ၇၄,၂၅၀ | ၃၀၀ |
| ၂။ | မြေနီကျောက်စရစ်/ ဦးတင်ဝင်း | ၁၉,၈၉၄,၀၀၀ | ၁၅၀,၀၀၀ | ၃၀၀ |
| ၃။ | မြေနီကျောက်စရစ်/ ဦးတင်ဝင်း | ၈,၄၆၄,၇၅၀ | ၈၄,၆၄၇ | ၃၀၀ |
| ၄။ | ၁"×၂" ကျောက်/ ဦးစိုးအေးလွင် | ၁,၈၉၀,၀၀၀ | ၁၈,၉၀၀ | ၃၀၀ |
| ၅။ | ၂"×၄" ကျောက်/ ဦးကုမ္မေကျော် | ၁၁,၂၅၀,၀၀၀ | ၁၁၂,၅၀၀ | ၃၀၀ |

(ဃ)တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ပဲခူးမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့်စာရင်းများစစ်ဆေးရာတွင် အောက်ပါတို့ကို တွေ့ရှိရပါသည်-

- ခွင့်ပြုငွေကျပ်သန်း ၁၁၅၈.၇၃၉ မှ တိုင်း/ခရိုင်/မြို့နယ်များသို့ ကျပ်သန်း ၁၁၁၄.၁၁၁ ခွဲဝေခဲ့သဖြင့် ကျပ်သန်း ၄၄.၆၂၈ ပိုလျှံခဲ့ပါသည်။ ယင်းပိုလျှံငွေအနက် ကျပ်သန်း ၄.၅၁၆ ကို ၆-၃-၂၀၁၉ နေ့နှင့် ကျပ်သန်း ၃၇.၆၃၈ ကို ၄-၁၀-၂၀၁၉ နေ့ ရက်စွဲပါစာများဖြင့် တိုင်းဒေသကြီးအထွေထွေပိုလျှံရန်ပုံငွေသို့ စုစုပေါင်း ကျပ်သန်း ၄၂.၁၅၄ အပ်နှံခဲ့ပြီး ကျန်ရှိသည့် ကျပ်သန်း ၂.၄၇၄ အား ၁၄-၁-၂၀၂၀ ရက်နေ့တွင်မှ အပ်နှံခဲ့ပါသည်။ ဒုတိယအကြိမ် ပိုလျှံငွေ ပြန်လည်အပ်နှံရမည့် ၃၀-၉-၂၀၁၉ ရက်နေ့တွင် အချိန်မီ ပြန်လည်အပ်နှံမှုမရှိသဖြင့် အသုံးစရိတ် ပိုလျှံငွေများအား သတ်မှတ်ထားသည့် နေ့ရက်များအတိုင်း အချိန်မီအပ်နှံရန် လိုအပ်ပါသည်။
- ၀၃-၀၅ ခေါင်းစဉ်မှ ဘဏ္ဍာနှစ် ကျော်လွန်ထုတ်ယူထားသော အောက်ပါ အသုံးစရိတ်ပြေစာများကို တွေ့ရှိရသဖြင့် အသုံးစရိတ်များကို ဘဏ္ဍာနှစ်ကျော် လွန်သုံးစွဲမှုမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်မှ ကြီးကြပ်ဆောင်ရွက်ရန် လိုအပ် ကြောင်း တွေ့ရှိရပါသည်။

| စဉ် | ဘောက်ချာအမှတ်/ ရက်စွဲ | အကြောင်းအရာ | ဝယ်ယူသည့် နေ့ | ထုတ်ယူငွေ (ကျပ်သန်း) |
|---|---|---|---|---|
| ၁။ | ၃၃/၃၀-၁၀-၂၀၁၈ | Sky Net လိုင်းအသုံးပြုခ | ၂၃-၅-၁၈<br>၂၆-၆-၁၈<br>၃၁-၇-၁၈ | ၀.၀၃၂ |
| ၂။ | ၃၃/၂၈-၁၂-၁၈ | Sky Net လိုင်းအသုံးပြုခ | ၂၈-၉-၁၈ | ၀.၀၁၁ |
| ၃။ | ၅၁/၃၁-၅-၁၉ | စာရေးကိရိယာ ဝယ်ယူခြင်း | ၃၁-၅-၁၈ | ၀.၀၂၉ |

(င)တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ပဲခူးမြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့်စာရင်းများ စစ်ဆေးရာတွင် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲရေး ကော်မတီ၏ ၂၆-၁၂-၂၀၁၈ ရက်စွဲပါစာဖြင့် တိုင်းဒေသကြီး/ပြည်နယ်မြို့ကြီးများ နှင့် စက်မှုဇုံများတွင် စွန့်ပစ်ပစ္စည်း များစီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်ရေးဆွဲရန် ညွှန်ကြားချက်အရ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ သယံဇာတ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန သို့ တင်ပြ၍ ၂၈-၈-၂၀၁၉ နေ့တွင် Royal Taste Restaurant ၌ ကျင်းပသော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုလုပ်ငန်း အစီအစဉ်ရေးဆွဲရန် ကနဦးညှိနှိုင်းမှု အလုပ်ရုံ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာမှ ၃၆ ဦး၊ ပြင်ပပုဂ္ဂိုလ် အဖွဲ့အစည်းများမှ ၁၉ ဦး၊ စုစုပေါင်း ၅၅ ဦး တက်ရောက်ခဲ့ပြီး ယင်းဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ပညာရှင် ကုန်ကျစရိတ်အဖြစ် မုတ္တမ ပင်လယ်ကွေ့ ကုမ္ပဏီသို့ ကျပ်သန်း ၃.၀၀၀ ပေးချေမှု အတွက် ကုမ္ပဏီရွေးချယ်မှု၊ ငှားရမ်းခဈေးနှုန်း၊ ဆောင်ရွက်မှုပေးရမည့် လုပ်ငန်း သတ်မှတ်ချက်နှင့် သဘောတူ စာချုပ် ချုပ်ဆို ငှားရမ်းမှု၊ အထောက်အထားများ တင်ပြနိုင်မှုမရှိဘဲ ငွေရငွေပေး ပြေစာတစ်စောင်ဖြင့်သာ ငွေပေးချေထားကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ အသုံးစရိတ်များသုံးစွဲမှု (ပေးငွေ)အတွက် ပြည့်စုံ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများ ရယူဆောင်ရွက်ရန် လိုအပ် ကြောင်း တွေ့ရှိရပါသည်။

## သုံးသပ်ချက်

၇၈။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနများ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ လုပ်ငန်းနှင့် စာရင်းများအပေါ် စစ်ဆေးတွေ့ရှိချက်များနှင့် နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းငွေ တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း သုံးသပ်ပါသည်-

(က) ရငွေများလျော့နည်းပေးသွင်းခြင်းနှင့် ပိုထုတ်ငွေများမဖြစ်ပေါ်စေရေးအတွက် ဌာနဆိုင်ရာများ၏ တာဝန်ရှိသူအဆင့်ဆင့်မှ ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ခြင်း

(ခ) ဌာနဆိုင်ရာများအနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းမကျနမှုများမဖြစ်ပေါ်စေရေးအတွက် ထုတ်ပြန်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ခြင်း

(ဂ) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခန့်မှန်းခြေစာရင်းထက် ပိုမိုထုတ်ယူခြင်း၊ တွက်ချက်မှုမှားယွင်းခြင်းတို့ကြောင့် နိုင်ငံတော်ပြန်သွင်းငွေများ ဖြစ်ပေါ်နေခြင်း၊ မျက်မြင်တွင် လျော့နည်း ပျက်စီးမှုများရှိသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်မှ ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ခြင်း

(ဃ) ဖြည့်စွက်ခွင့်ပြု ရန်ပုံငွေမှ သုံးစွဲခွင့်တောင်းခံခြင်းမှာ မဖြစ်မနေ ဆောင်ရွက်ရန် အမှန်တကယ်လိုအပ်မှသာ တောင်းခံ သုံးစွဲခြင်းဖြစ်သော်လည်း ဖြည့်စွက်ခွင့်ပြုရန်ပုံငွေမှ ကျပ်သန်း ၁၈၅.၄၆၈ နှင့် (GRF) သုံးစွဲခွင့်ပြုငွေမှလည်း ကျပ်သန်း ၇၁.၈၁၁ ပြန်လည်အပ်နှံထားကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ သက်ဆိုင်ရာဌာနများအနေဖြင့် ဖော်ပြပါ အလားတူ ဖြစ်ရပ်မျိုး မဖြစ်ပေါ်စေရေးအတွက် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ခြင်း

# နိဂုံး

၇၉။ ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်သည် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းဝေးသို့ မိမိ၏လုပ်ငန်းဆောင်ရွက်မှုများကို ပကတိ အခြေအနေမှန်အတိုင်း တင်ပြခဲ့ပြီးဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်မှုများတွင် အားသာချက်၊ အားနည်းချက်များ လည်းရှိမည်ဖြစ်ပါသည်။ အားသာချက်များ ပိုမိုကောင်းမွန်လာစေရန်နှင့် အားနည်းချက်များ လျော့နည်းပပျောက်သွားစေရန် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ရက်စွဲ၊ ၂၀၂၀ပြည့်နှစ်၊စက်တင်ဘာလ(၃၀)ရက်

ပူးတွဲ(က-၁)

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြုပြင်ပြီးခန့်မှန်းခြေနှင့် သာမန်ရငွေစာရင်း

(ကျပ်သန်း)

| စဉ် | | ဌာန/အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် | |
|---|---|---|---|---|
| | | | ပြုပြင်ပြီးခန့်မှန်းခြေ | အမှန်ရငွေ |
| ၁ | | ၂ | ၃ | ၄ |
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | **၅၇၃၉.၉၄၉** | **၆၁၀၆.၄၄၇** |
| | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၄၇၇၁.၁၇၃ | ၄၉၃၉.၆၆၉ |
| | | (က)အစိုးရအဖွဲ့ရုံး | ၄၆၈၄.၂၀၇ | ၄၇၈၅.၉၁၇ |
| | | (ခ)အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၈၆.၉၆၆ | ၁၅၃.၇၅၂ |
| | ၂ | တိုင်းဒေသကြီးလွှတ်တော် | ၀.၁၀၀ | ၀.၁၀၀ |
| | ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | ၉၅၉.၇၆၉ | ၁၁၅၈.၀၀၇ |
| | ၄ | ဥပဒေချုပ်ရုံးများ | ၁.၁၂၈ | ၀.၉၁၄ |
| | ၅ | စာရင်းစစ်ချုပ်ရုံးများ | ၇.၇၇၉ | ၇.၇၅၇ |
| ၂ | | **ဝန်ကြီးဌာနများ/ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ** | **၁၃၆၈၀.၅၇၂** | **၁၅၅၉၄.၉၄၃** |
| | ၁ | **ပြည်ထဲရေးဝန်ကြီးဌာန** | **၁၈.၃၇၅** | **၁၃၉.၄၉၈** |
| | | (က)အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၀.၀၉၂ | ၀.၉၁၈ |
| | | (ခ)မီးသတ်ဦးစီးဌာန | ၁၈.၂၈၃ | ၁၃၈.၅၈၀ |
| | ၂ | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန** | **၄၂၄.၂၈၃** | **၆၇၉.၆၈၄** |
| | | (က)စိုက်ပျိုးရေးဦးစီးဌာန | ၃၆.၂၆၆ | ၁၂၅.၉၃၂ |
| | | (ခ)ငါးလုပ်ငန်းဦးစီးဌာန | ၅၁.၅၆၅ | ၆၀.၇၂၂ |
| | | (ဂ)မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၃၀၆.၆၇၅ | ၄၅၈.၅၄၀ |
| | | (ဃ)သမဝါယမဦးစီးဌာန | ၂၇.၆၅၂ | ၂၈.၄၇၂ |
| | | (င)အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၂.၁၂၅ | ၆.၀၁၈ |
| | ၃ | **သယံဇာတ၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်စည်ပင်သာယာရေးဝန်ကြီးဌာန** | ၁၃၀၄၈.၉၉၇ | ၁၄၄၉၉.၇၇၄ |
| | | (က)သစ်တောဦးစီးဌာန | ၅၇.၉၁၂ | ၁၁၉.၄၆၉ |
| | | (ခ)ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၀.၄၉၈ | ၀.၅၀၉ |
| | | (ဂ)စည်ပင်သာယာရေးအဖွဲ့များ | ၁၂၉၉၀.၅၈၇ | ၁၄၃၇၉.၇၉၆ |

ပူးတွဲ(က-၂)

(ကျပ်သန်း)

| ၁ | | ၂ | ၃ | ၄ |
|---|---|---|---|---|
| | ၄ | **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန** | **၁၈.၁၇၈** | **၅၉.၈၇၄** |
| | | (က)အားကစားနှင့်ကာယပညာဦးစီးဌာန | ၁၈.၁၇၈ | ၅၉.၈၇၄ |
| | ၅ | **ဆောက်လုပ်ရေးဝန်ကြီးဌာန** | **၁၆၀.၅၉၃** | **၂၀၄.၅၃၁** |
| | | (က)မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၈၄.၄၀၁ | ၉၇.၅၃၃ |
| | | (ခ)လမ်းဦးစီးဌာန | ၇၆.၁၉၂ | ၁၀၆.၉၉၈ |
| | ၆ | **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန** | **၇.၆၆၂** | **၅.၈၀၂** |
| | | (က)စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၁.၆၅၆ | ၂.၇၁၃ |
| | | (ခ)ဗဟိုစာရင်းအင်းဦးစီးဌာန | - | ၀.၁၃၈ |
| | | (ဂ)ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၀.၀၀၃ | ၀.၂၃၆ |
| | | (ဃ)ပဲခူးတိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီရုံး | ၀.၀၀၃ | ၀.၀၀၃ |
| | | (င)ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | ၆.၀၀၀ | ၂.၇၁၂ |
| | ၇ | **လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန** | **၂.၄၈၄** | **၅.၇၈၀** |
| | | (က)လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၂.၄၈၄ | ၅.၇၈၀ |
| | | စုစုပေါင်း | ၁၉၄၂၀.၅၂၁ | ၂၁၇၀၁.၃၉၀ |

ပူးတွဲ(ခ-၁)

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အပြီးသတ်ခွင့်ပြုငွေနှင့်သာမန်အသုံးစရိတ်စာရင်း

(ကျပ်သန်း)

| စဉ် | | ဌာန/အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် | |
|---|---|---|---|---|
| | | | အပြီးသတ်ခွင့်ပြုငွေ | အမှန်အသုံးစရိတ် |
| ၁ | | ၂ | ၃ | ၄ |
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | **၃၆၃၉၂.၈၉၈** | **၃၆၃၉၀.၁၁၅** |
| | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၃၂၉၄၂.၀၃၄ | ၃၂၉၄၂.၀၉၆ |
| | | (က)အစိုးရအဖွဲ့ရုံး | ၂၂၈၇၃.၂၂၁ | ၂၂၈၇၃.၂၂၁ |
| | | (ခ)အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၁၀၀၆၈.၈၁၃ | ၁၀၀၆၈.၈၇၅ |
| | ၂ | တိုင်းဒေသကြီးလွှတ်တော် | ၁၀၆၇.၆၅၄ | ၁၀၆၇.၆၅၄ |
| | ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | ၆၄.၄၇၄ | ၆၄.၄၇၄ |
| | ၄ | ဥပဒေချုပ်ရုံးများ | ၇၅၃.၅၅၈ | ၇၅၁.၀၈၄ |
| | ၅ | စာရင်းစစ်ချုပ်ရုံးများ | ၁၅၆၅.၁၇၈ | ၁၅၆၄.၈၀၇ |
| ၂ | | **ဝန်ကြီးဌာနများ/ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ** | **၃၂၂၄၅.၄၄၄** | **၃၂၂၄၂.၇၈၅** |
| | ၁ | **ပြည်ထဲရေးဝန်ကြီးဌာန** | **၃၄၆၀.၃၅၉** | **၃၄၆၀.၃၅၂** |
| | | (က)အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၃၃၈.၈၄၄ | ၃၃၈.၈၄၃ |
| | | (ခ)မီးသတ်ဦးစီးဌာန | ၃၁၂၁.၅၁၅ | ၃၁၂၁.၅၀၉ |
| | ၂ | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန** | **၈၉၇၁.၆၃၃** | **၈၉၇၁.၆၁၈** |
| | | (က)စိုက်ပျိုးရေးဦးစီးဌာန | ၆၁၉၁.၄၁၁ | ၆၁၉၁.၄၁၁ |
| | | (ခ)ငါးလုပ်ငန်းဦးစီးဌာန | ၅၁၆.၃၄၉ | ၅၁၆.၃၃၅ |
| | | (ဂ)မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၈၁၇.၆၁၄ | ၈၁၇.၆၁၄ |
| | | (ဃ)သမဝါယမဦးစီးဌာန | ၁၃၀၄.၃၆၅ | ၁၃၀၄.၃၆၄ |
| | | (င)အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၁၄၁.၈၉၄ | ၁၄၁.၈၉၄ |
| | ၃ | **သယံဇာတ၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်စည်ပင်သာယာရေးဝန်ကြီးဌာန** | ၉၇၄၈.၂၇၆ | ၉၇၄၅.၆၅၂ |
| | | (က)သစ်တောဦးစီးဌာန | ၂၆၆၁.၀၉၇ | ၂၆၆၁.၀၉၇ |
| | | (ခ)ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၁၅၅.၇၂၂ | ၁၅၅.၇၂၁ |
| | | (ဂ)စည်ပင်သာယာရေးအဖွဲ့များ | ၆၉၃၁.၄၅၇ | ၆၉၂၈.၈၃၄ |

(ကျပ်သန်း)

| ၁ | | ၂ | ၃ | ၄ |
|---|---|---|---|---|
| | ၄ | **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန** | **၁၀၂၇.၅၂၃** | **၁၀၂၇.၅၂၂** |
| | | (က)အားကစားနှင့်ကာယပညာဦးစီးဌာန | ၁၀၂၇.၅၂၃ | ၁၀၂၇.၅၂၂ |
| | ၅ | **ဆောက်လုပ်ရေးဝန်ကြီးဌာန** | **၇၉၅၇.၆၀၇** | **၇၉၅၇.၆၀၅** |
| | | (က)မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၃၁၁.၄၂၈ | ၃၁၁.၄၂၆ |
| | | (ခ)လမ်းဦးစီးဌာန | ၇၆၄၆.၁၇၉ | ၇၆၄၆.၁၇၉ |
| | ၆ | **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန** | **၁၀၇၉.၁၁၆** | **၁၀၇၉.၁၀၆** |
| | | (က)စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၇၆၁.၇၇၂ | ၇၆၁.၇၆၈ |
| | | (ခ)ဗဟိုစာရင်းအင်းဦးစီးဌာန | ၁၄၀.၉၅၉ | ၁၄၀.၉၅၄ |
| | | (ဂ)ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၉၁.၀၄၈ | ၉၁.၀၄၈ |
| | | (ဃ)ပဲခူးတိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီရုံး | ၁၆.၄၇၆ | ၁၆.၄၇၆ |
| | | (င)ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | ၆၈.၈၆၁ | ၆၈.၈၆၀ |
| | ၇ | **လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန** | **၀.၉၃၀** | **၀.၉၃၀** |
| | | (က)လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၀.၉၃၀ | ၀.၉၃၀ |
| | | စုစုပေါင်း | ၆၈၆၃၈.၃၄၂ | ၆၈၆၃၂.၉၀၀ |

ပူးတွဲ(ဂ-၁)

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အပြီးသတ်ခွင့်ပြုငွေနှင့်ငွေလုံးငွေရင်းအသုံးစရိတ်စာရင်း

(ကျပ်သန်း)

| စဉ် | | ဌာန/အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် | |
|---|---|---|---|---|
| | | | အပြီးသတ်ခွင့်ပြုငွေ | ငွေလုံးငွေရင်း အသုံးစရိတ် |
| ၁ | | ၂ | ၃ | ၄ |
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | **၂၅၀၈၀.၀၈၂** | **၂၅၀၈၀.၀၈၂** |
| | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂၃၈၀၄.၃၄၂ | ၂၃၈၀၄.၃၄၂ |
| | | (က)အစိုးရအဖွဲ့ရုံး | ၂၁၃၀၉.၄၄၄ | ၂၁၃၀၉.၄၄၄ |
| | | (ခ)အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၂၄၉၄.၈၉၈ | ၂၄၉၄.၈၉၈ |
| | ၂ | တိုင်းဒေသကြီးလွှတ်တော် | ၇၃၂.၀၉၆ | ၇၃၂.၀၉၆ |
| | ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | - | - |
| | ၄ | ဥပဒေချုပ်ရုံးများ | ၃၆၃.၀၂၇ | ၃၆၃.၀၂၇ |
| | ၅ | စာရင်းစစ်ချုပ်ရုံးများ | ၁၈၀.၆၁၇ | ၁၈၀.၆၁၇ |
| ၂ | | **ဝန်ကြီးဌာနများ/ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ** | **၇၄၄၃၄.၃၆၃** | **၇၄၄၃၄.၃၆၂** |
| | ၁ | **ပြည်ထဲရေးဝန်ကြီးဌာန** | **၃၀၉၄.၅၆၄** | **၃၀၉၄.၅၆၄** |
| | | (က)အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၁၃၅.၈၄၉ | ၁၃၅.၈၄၉ |
| | | (ခ)မီးသတ်ဦးစီးဌာန | ၂၉၅၈.၇၁၅ | ၂၉၅၈.၇၁၅ |
| | ၂ | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန** | **၂၄၁၁.၆၄၄** | **၂၄၁၁.၆၄၄** |
| | | (က)စိုက်ပျိုးရေးဦးစီးဌာန | ၁၉၃၅.၁၄၉ | ၁၉၃၅.၁၄၉ |
| | | (ခ)ငါးလုပ်ငန်းဦးစီးဌာန | ၂၃၄.၇၂၇ | ၂၃၄.၇၂၇ |
| | | (ဂ)မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၁၆၂.၀၆၇ | ၁၆၂.၀၆၇ |
| | | (ဃ)သမဝါယမဦးစီးဌာန | ၂.၅၀၀ | ၂.၅၀၀ |
| | | (င)အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၇၆.၈၀၁ | ၇၆.၈၀၁ |
| | ၃ | **သယံဇာတ၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်စည်ပင်သာယာရေးဝန်ကြီးဌာန** | ၁၄၇၂၃.၄၃၃ | ၁၄၇၂၃.၄၃၃ |
| | | (က)သစ်တောဦးစီးဌာန | ၃၁၈.၇၂၈ | ၃၁၈.၇၂၈ |
| | | (ခ)ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၆၈၆.၅၆၇ | ၆၈၆.၅၆၇ |
| | | (ဂ)စည်ပင်သာယာရေးအဖွဲ့များ | ၁၃၇၁၈.၁၃၈ | ၁၃၇၁၈.၁၃၈ |

ပူးတွဲ(ဂ-၂)

(ကျပ်သန်း)

| ၁ | | ၂ | ၃ | ၄ |
|---|---|---|---|---|
| | ၄ | **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန** | **၁၄၂၈.၂၈၃** | **၁၄၂၈.၂၈၃** |
| | | (က)အားကစားနှင့်ကာယပညာဦးစီးဌာန | ၁၄၂၈.၂၈၃ | ၁၄၂၈.၂၈၃ |
| | ၅ | **ဆောက်လုပ်ရေးဝန်ကြီးဌာန** | **၄၄၄၄၆.၈၆၀** | **၄၄၄၄၆.၈၆၀** |
| | | (က)မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၅၇၉၄.၄၆၀ | ၅၇၉၄.၄၆၀ |
| | | (ခ)လမ်းဦးစီးဌာန | ၃၈၆၅၂.၄၀၀ | ၃၈၆၅၂.၄၀၀ |
| | ၆ | **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန** | **၂၇၇.၆၀၁** | **၂၇၇.၆၀၁** |
| | | (က)စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၂၃၁.၈၂၁ | ၂၃၁.၈၂၁ |
| | | (ခ)ဗဟိုစာရင်းအင်းဦးစီးဌာန | ၁၁.၆၀၄ | ၁၁.၆၀၄ |
| | | (ဂ)ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၈.၇၆၆ | ၈.၇၆၆ |
| | | (ဃ)ပဲခူးတိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီရုံး | - | - |
| | | (င)ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | ၂၅.၄၁၀ | ၂၅.၄၁၀ |
| | ၇ | **လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန** | **၈၀၅၁.၉၇၈** | **၈၀၅၁.၉၇၇** |
| | | (က)လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၈၀၅၁.၉၇၈ | ၈၀၅၁.၉၇၇ |
| | | **စုစုပေါင်း** | **၉၉၅၁၄.၄၄၅** | **၉၉၅၁၄.၄၄၄** |

ပူးတွဲ(ဃ-၁)

## ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အတွင်း ပိုလျှံငွေအပ်နှံမှုနှင့်လွှဲပြောင်းသုံးစွဲမှုအခြေအနေ

(ကျပ်သန်း)

| စဉ် | ဌာန | GRF သို့ပြန်အပ်ငွေ | | | GRF မှ လွှဲပြောင်း သုံးစွဲ | (+)ပိုသုံး/ (-)လျော့သုံး |
|---|---|---|---|---|---|---|
| | | ပထမအကြိမ် | ဒုတိယအကြိမ် | စုစုပေါင်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁၆၆၅.၂၄၀ | ၅၁၆.၃၈၁ | ၂၁၈၁.၆၂၁ | ၂၉၆၆.၇၃၃ | (+)၇၈၅.၁၁၂ |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | - | ၈၄.၅၃၂ | ၈၄.၅၃၂ | - | (-)၈၄.၅၃၂ |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | - | ၁.၈၀၅ | ၁.၈၀၅ | - | (-)၁.၈၀၅ |
| ၄ | ဥပဒေချုပ်ရုံးများ | ၄.၅၁၆ | ၃၇.၆၃၈ | ၄၂.၁၅၄ | ၈.၀၇၈ | (-)၃၄.၀၇၆ |
| ၅ | စာရင်းစစ်ချုပ်ရုံးများ | ၁၄၁.၀၀၅ | ၁၆.၆၆၉ | ၁၅၇.၆၇၄ | ၃.၀၀၀ | (-)၁၅၄.၆၇၄ |
| ၆ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၇၉.၁၅၇ | ၄၁၃.၄၂၂ | ၄၉၂.၅၇၉ | ၂၆၀.၃၀၀ | (-)၂၃၂.၂၇၉ |
| ၇ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၄.၉၈၀ | ၅၈.၂၅၂ | ၆၃.၂၃၂ | ၉.၉၆၈ | (-)၅၃.၂၆၄ |
| ၈ | မီးသတ်ဦးစီးဌာန | ၈၂.၄၆၅ | ၃၀၄.၉၅၀ | ၃၈၇.၄၁၅ | - | (-)၃၈၇.၄၁၅ |

ပူးတွဲ(ဃ-၂)

(ကျပ်သန်း)

| စဉ် | ဌာန | GRF သို့ပြန်အပ်ငွေ | | | GRF မှ လွှဲပြောင်းသုံးစွဲ | (+)ပိုသုံး/(-)လျော့သုံး |
|---|---|---|---|---|---|---|
| | | ပထမအကြိမ် | ဒုတိယအကြိမ် | စုစုပေါင်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၉ | စိုက်ပျိုးရေးဦးစီးဌာန | ၂၂၈.၉၆၇ | ၁၉၉.၂၇၄ | ၄၂၈.၂၄၁ | ၁၄.၉၄၀ | (-)၄၁၃.၃၀၁ |
| ၁၀ | ငါးလုပ်ငန်းဦးစီးဌာန | ၁၂.၄၆၇ | ၆.၅၃၁ | ၁၈.၉၉၈ | ၂.၆၀၀ | (-)၁၆.၃၉၈ |
| ၁၁ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၁၄၃.၃၀၅ | ၃၃.၂၅၃ | ၁၇၆.၅၅၈ | - | (-)၁၇၆.၅၅၈ |
| ၁၂ | သမဝါယမဦးစီးဌာန | - | ၁၉၂.၈၂၉ | ၁၉၂.၈၂၉ | - | (-)၁၉၂.၈၂၉ |
| ၁၃ | အသေးစားစက်မှုလက်မှုလုပ်ငန်း | ၀.၄၉၀ | ၂၃.၉၂၁ | ၂၄.၄၁၁ | - | (-)၂၄.၄၁၁ |
| ၁၄ | သစ်တောဦးစီးဌာန | ၁.၄၅၇ | ၄၇၀.၇၇၇ | ၄၇၂.၂၃၄ | - | (-)၄၇၂.၂၃၄ |
| ၁၅ | ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန | ၄၇.၀၇၀ | ၅၆.၉၀၃ | ၁၀၃.၉၇၃ | - | (-)၁၀၃.၉၇၃ |
| ၁၆ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၄၀၀.၀၀၀ | ၁၅.၁၈၆ | ၄၁၅.၁၈၆ | ၈၄၁.၄၈၁ | (+)၄၂၆.၂၉၅ |
| ၁၇ | အားကစားနှင့်ကာယပညာဦးစီးဌာန | ၇၂.၆၅၉ | ၄၃.၀၉၉ | ၁၁၅.၇၅၈ | - | (-)၁၁၅.၇၅၈ |
| ၁၈ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၁၆.၈၁၀ | ၉.၁၂၂ | ၂၅.၉၃၂ | - | (-)၂၅.၉၃၂ |

ပူးတွဲ(ဃ-၃)

(ကျပ်သန်း)

| စဉ် | ဌာန | GRF သို့ပြန်အပ်ငွေ | | | GRF မှ လွှဲပြောင်း သုံးစွဲ | (+)ပိုသုံး/ (-)လျော့သုံး |
|---|---|---|---|---|---|---|
| | | ပထမအကြိမ် | ဒုတိယအကြိမ် | စုစုပေါင်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁၉ | ဗဟိုစာရင်းအင်းအဖွဲ့ | - | ၂၆.၁၄၃ | ၂၆.၁၄၃ | - | (-)၂၆.၁၄၃ |
| ၂၀ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | - | ၃၂.၈၁၅ | ၃၂.၈၁၅ | - | (-)၃၂.၈၁၅ |
| ၂၁ | ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေး ကော်မတီရုံး | ၆.၉၆၀ | ၀.၆၁၃ | ၇.၅၇၃ | - | (-)၇.၅၇၃ |
| ၂၂ | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန | ၇.၅၀၀ | ၅.၂၆၉ | ၁၂.၇၆၉ | - | (-)၁၂.၇၆၉ |
| ၂၃ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၁၇၄.၅၈၅ | ၂၄.၈၁၀ | ၁၉၉.၃၉၅ | ၅၅.၁၅၀ | (-)၁၄၄.၂၄၅ |
| ၂၄ | လမ်းဦးစီးဌာန | ၈၆၃.၂၁၂ | ၆၉.၉၀၀ | ၉၃၃.၁၁၂ | ၆၈၇.၂၃၄ | (-)၂၄၅.၈၇၈ |
| ၂၅ | စည်ပင်သာယာရေးအဖွဲ့များ | ၆၁၈.၉၇၉ | ၁၈၉.၃၇၉ | ၈၀၈.၃၅၈ | ၄၁၄.၆၆၁ | (-)၃၉၃.၆၉၇ |
| | **စုစုပေါင်း** | **၄၅၇၁.၈၂၄** | **၂၈၃၃.၄၇၃** | **၇၄၀၅.၂၉၇** | **၅၂၆၄.၁၄၅** | **(-)၂၁၄၁.၁၅၂** |

ပူးတွဲ(င)

# တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်သို့ပြန်လည်ပေးသွင်းရန်စစ်ဆေးဖော်ထုတ်မှု (၁-၁၁-၂၀၁၉မှ၃၀-၉-၂၀၂၀ထိ)

(ကျပ်သန်း)

| စဉ် | ဝန်ကြီးဌာန | ရငွေ | သာမန်အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | ပြည်ထောင်စုအစိုးရအဖွဲ့ | ၀.၁၅၅ | ၃.၃၅၂ | ၈.၆၆၀ | ၁၂.၁၆၇ |
| ၂ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | - | ၀.၅၈၅ | - | ၀.၅၈၅ |
| ၃ | တိုင်းဒေသကြီး တရားလွှတ်တော်ချုပ်ရုံး | ၀.၀၀၂ | - | - | ၀.၀၀၂ |
| ၄ | ပြည်ထဲရေးဝန်ကြီးဌာန | - | ၁.၀၆၂ | - | ၁.၀၆၂ |
| ၅ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန | ၀.၂၇၂ | ၂.၄၃၃ | ၁.၃၆၉ | ၄.၀၇၄ |
| ၆ | စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန | - | ၀.၀၈၇ | ၀.၁၇၉ | ၀.၂၆၆ |
| ၇ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၀.၀၂၀ | ၀.၂၈၅ | - | ၀.၃၀၅ |
| ၈ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | - | ၀.၃၉၃ | - | ၀.၃၉၃ |
| ၉ | သယံဇာတ၊သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန | ၀.၈၉၉ | ၀.၇၀၁ | ၆.၈၈၁ | ၈.၄၈၁ |
| ၁၀ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ် ရေးဝန်ကြီးဌာန | - | ၀.၃၄၅ | - | ၀.၃၄၅ |
| ၁၁ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | - | - | ၀.၀၄၀ | ၀.၀၄၀ |
| | **စုစုပေါင်း** | **၁.၃၄၈** | **၉.၂၄၃** | **၁၇.၁၂၉** | **၂၇.၇၂၀** |

ပူးတွဲ(စ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နိုင်ငံတော်သို့ပြန်လည်ပေးသွင်းရန်စစ်ဆေးဖော်ထုတ်မှု (၁-၁၁-၂၀၁၉မှ၃၀-၉-၂၀၂၀ထိ)

(ကျပ်သန်း)

| စဉ် | ဝန်ကြီးဌာန | ရငွေ | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | - | ၀.၂၀၁ | - | ၀.၂၀၁ |
| ၂ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | - | ၀.၀၀၂ | ၀.၂၈၃ | ၀.၂၈၅ |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၀.၀၆၃ | ၂.၉၆၅ | - | ၃.၀၂၈ |
| ၄ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၂.၂၇၂ | ၁.၈၈၃ | ၅.၀၆၆ | ၉.၂၂၁ |
| ၅ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၀.၁၀၀ | - | - | ၀.၁၀၀ |
| ၆ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၀.၁၇၁ | ၃.၆၆၅ | ၁၇.၅၉၄ | ၂၁.၄၃၀ |
| ၇ | ပညာရေးဝန်ကြီးဌာန | ၀.၀၂၃ | ၁၀.၆၃၁ | ၀.၀၁၁ | ၁၀.၆၆၅ |
| ၈ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန | ၀.၀၀၂ | ၀.၁၁၀ | - | ၀.၁၁၂ |
| ၉ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၁.၇၃၇ | ၀.၈၅၀ | ၀.၇၈၂ | ၃.၃၆၉ |
| ၁၀ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | - | ၀.၀၃၆ | - | ၀.၀၃၆ |
| ၁၁ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | - | ၀.၀၆၃ | ၀.၀၃၅ | ၀.၀၉၈ |
| ၁၂ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | - | ၀.၀၂၈ | - | ၀.၀၂၈ |
| ၁၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၀.၀၀၁ | ၀.၃၉၈ | ၀.၃၀၇ | ၀.၇၀၆ |
| ၁၄ | စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန | ၁.၃၈၉ | ၀.၀၅၈ | - | ၁.၄၄၇ |
| ၁၅ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ၀.၀၂၀ | - | - | ၀.၀၂၀ |
| ၁၆ | ဆောက်လုပ်ရေးဝန်ကြီးဌာန | - | ၀.၀၅၃ | - | ၀.၀၅၃ |
| | စုစုပေါင်း | ၅.၇၇၈ | ၂၀.၉၄၃ | ၂၄.၀၇၈ | ၅၀.၇၉၉ |